# လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ
# စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

## အစီရင်ခံစာ အပိုင်း(၁)



**အောက်တိုဘာ ၂၀၁၂**

ကမ္ဘာ့ဘဏ်နှင့်မြန်မာဖွံ့ဖြိုးမှုသုတေသန

အသက်မွေးဝမ်းကြောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရံပုံငွေအဖွဲ့ကြီးမှ ပံ့ပိုးကူညီမှုဖြင့်လေ့လာပြုစုသည်။

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ
# စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

## အစီရင်ခံစာအပိုင်း(၁)

အောက်တိုဘာ ၂၀၁၂

ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ ဖြိုးရေးသုတေသန

အသက်မွေးဝမ်းကြောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ အဖွဲ့ ကြီးမှ ပံ့ပိုးကူညီမှုဖြင့်လေ့လာပြုစုသည်။

## အသိမှတ်ပြု ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ဆင်းရဲသားများနှင့် ထိခိုက်လွယ်သူများ၏ အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး အတွက် အထောက်အပံ့ပေးကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်း နိုင်ငံများကို ကျေးဇူးတင်ရှိပါသည်။

အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ရံပုံငွေအဖွဲ့ကြီး အပေါ် အဆိုပါနိုင်ငံများ၏ ပံ့ပိုးကူညီမှု အတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ငြင်းဆိုချက်

ဤစာတမ်းပါ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်း နိုင်ငံများ၏ ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ပြုစုခြင်းဖြစ်ပါသည်။ သို့သော် ဤစာတမ်းပါ သုံးသပ်ထင်မြင်ချက် အမြင်များသည် ဥရောပသမဂ္ဂ (သို့မဟုတ်) ဩစတြေးလျ၊ ဒိန်းမတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်း နိုင်ငံအစိုးရများ၏ တရားဝင် သဘောထားအမြင်များ မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

Australian AID

Danida

Government of the Netherlands

NEW ZEALAND Aid Programme

Sida

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

UKaid from the British people

LIFT သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ပိုမို ချမှတ်နိုင်ရေးအတွက်လည်းကောင်း၊ သဟဇာတဖြစ်သော ဆန်းသစ်သော၊ လေ့လာမှုကို အခြေခံသောစီမံကိန်းများ ဖြစ်ထွန်းစေရေးအတွက်လည်းကောင်း၊ ညီညွတ်ထိရောက်စွာ အဆိုပြုနိုင်စေရေး အတွက်လည်း ရည်ရွယ်ချက်ထားသည်။ LIFT အဖွဲ့သည် 2016 ခုနှစ်အထိ စီမံကိန်းများ အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။

LIFT အဖွဲ့ ၏ ယေဘုယျ ရည်မှန်းချက်မှာ- မြန်မာနိုင်ငံ၏ "ရာစုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်- ၁" ကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများ ရရှိစေရေးအတွက် ပံ့ပိုးရန်ဖြစ်သည်။ ရာစုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် - ၁ ဆိုသည်မှာ - နေ့စဉ်ဝင်ငွေ တစ်ဒေါ်လာထက် လျော့နည်းသော ဝင်ငွေအပေါ် မှီခိုနေရသူများ၏ အချိုးကို ထက်ဝက် လျော့ချရန်၊ အမျိုးသမီးနှင့် လူငယ်များအပါအဝင် နိုင်ငံသားအားလုံး ထုတ်လုပ်နိုင်စွမ်းရှိပြီး သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အပြည့်အဝ ရရှိစေရေး၊ ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံစားနေရသူ အရေအတွက်ကို ထက်ဝက် လျော့ချရန်စသည်တို့ဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူ နှစ်သန်း၏ စားနပ်ရိက္ခာ ရရှိနိုင်မှုနှင့် ဝင်ငွေ တိုးတက်မှုအတွက် ထောက်ပံ့ပေးရန် LIFT အဖွဲ့ က မျှော်မှန်းထားသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်မှ စာမူစိစစ်ရေးမူအတိုင်း စိစစ်သုံးသပ်ထားသော စာတမ်းတစ်စောင် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဤစာတမ်းပါ တွေ့ရှိချက်များသည် စာရေးသူများ၏ အမြင်နှင့်သုံးသပ်ချက်များသာဖြစ်ပြီး ကမ္ဘာ့ဘဏ်(သို့မဟုတ်)၊ ၎င်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ (သို့မဟုတ်)၊ ကမ္ဘာ့ဘဏ်၏ အမှုဆောင် ညွှန်ကြားရေးမှူးများ(သို့မဟုတ်)၊ ၎င်းတို့၏ ကိုယ်စားပြုရာ နိုင်ငံများ၏ အာဘော်နှင့် အမြင် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘာ့ဘဏ်သည် ဤစာတမ်းပါ အချက်အလက်များ၏ တိကျခိုင်လုံမှုကို အာမခံချက် မပေးနိုင်ပါ။ ဤစာတမ်းတွင် ပါရှိသော မြေပုံများ၌ ဖော်ပြထားသည့် နယ်နိမိတ်များ၊ အရောင်များ၊ အမည်ပေးသတ်မှတ်ချက်များ၊ အခြားသတင်းအချက်အလက်များသည် ၎င်းနယ်မြေ၏ တရားဝင်တည်ရှိမှုအခြေအနေပေါ် အတည်ပြုထောက်ခံခြင်း (သို့မဟုတ်) လက်သင့်ခံ သဘောမျိုး တစ်စုံတစ်ရာ မရှိပါကြောင်း။ ။

## မာတိကာ

အနှစ်ချုပ်ဖွင့်ဆိုချက်

မိတ်ဆက်

ဦးတည်လေ့လာသည့်အကြောင်းအရာများနှင့် လေ့လာမှု မူဘောင်

သုတေသန နည်းစနစ်

**အခန်း (၁) ကျေးလက်ပြည်သူများ အသက်မွေးဝမ်းကြောင်းပြုပုံ**

ဒေသခံတို့ ဘယ်လိုအသက်မွေးကြသလဲ

ကြွယ်ဝချမ်းသာမှု၊ အသက်မွေးဝမ်းကြောင်းမှုများနှင့် ရာသီအလိုက်ပြောင်းလဲလုပ်ကိုင်မှုများ

**အခန်း ( ၂ ) ကျေးလက်ပြည်သူများ၏ သက်မွေးဝမ်းကြောင်းမှုအပေါ် သက်ရောက်မှုရှိသော အကြောင်းတရားများ**

ချေးငွေ ၊ ကြွေးမြီ နှင့် စုဆောင်းမှုများ

မြေ၊ ရေနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဈေးကွက်

ပြဿနာများ၊ စိန်ခေါ်မှု(အခက်အခဲ)များနှင့် ဒေသတွင်းအခြေအနေပြောင်းလဲမှုများ

အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၏ ရလာဒ်များအပေါ် အကျိုးသက်ရောက်မှု

**အခန်း ( ၃ ) စားဝတ်နေရေးအခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်သည့် ပုံစံနည်းဗျူဟာများ**

စီးပွားရေးအကျပ်အတည်းများတွင် ရင်ဆိုင်ရုန်း ကန်ပုံများကို

လေ့လာရသည့်အကြောင်းအရင်း

ဝင်ငွေတိုးစေသည့်နည်းဗျူဟာများ

အသုံးစရိတ်လျှော့ချခြင်းပုံစံ

**အခန်း(၄) လူမှုဆက်ဆံရေး နှင့် အဖွဲ့အစည်းများ**

လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများအား မည်သည့်အတွက်ကြောင့်

ခွဲခြားစိတ်ဖြာ လေ့လာရပါသနည်း။

လူမှုဖွဲ့စည်းပုံနှင့် လူမှုဆက်ဆံရေးများသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့လွှမ်းမိုး

သက်ရောက်နေ သနည်း။

အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှုသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့

လွှမ်းမိုးသက်ရောက်မှုရှိ သနည်း။

**အခန်း (၅) ပြင်ပအထောက်အပံ့အကူအညီများ**

ထောက်ပံ့ကူညီမှုများအပေါ် တွင်သုံးသပ်ရခြင်းအကြောင်း။

ပြင်ပအထောက်အပံ့များ၏ သွင်ပြင်လက္ခဏာရပ်များ

အထောက်အပံ့ပေးအပ်သင့်သူများကို မည်ကဲ့သို့ရွေးချယ်သတ်မှတ်သနည်း။

တရားမျှတမှုရှိစေရန် မည်ကဲ့သို့ ဆောင်ရွက်သနည်း။

ထောက်ပံ့မှုများခွဲဝေမှုနှင့် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်သည် မည်သို့ဖြစ်သနည်း။

**အခန်း ( ၆ ) အဆုံးသတ်ကောက်ချက် နှင့် QSEM 2 အတွက် အကြံပြုချက်များ**

QSEM 2 အတွက်အကြံပြုချက်များ

ပုံ (၁) လေ့လာသုံးသပ်မှုပုံစံ
ပုံ(၂) အစီရင်ခံစာအပိုင်း(၁)ပြမြေပုံ
ပုံ(၃) အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက် ပျမ်းမျှအကြွေးအခြေအနေများ
ပုံ(၄) ဒေသအလိုက် ရေရှားပါးမှု
ပုံ(၅) ဒေသအလိုက်လုပ်ခကွာခြားမှုများ
ပုံ(၆) အဓိက သီးနှံများ၏ ဈေးနှုန်း
ပုံ(၇) ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအမျိုးအစားများ
ပုံ(၈) ကျေးရွာအချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ
ပုံ(၉) ကျေးရွာအဖွဲ့အစည်းများ
ပုံ(၁၀) ကျေးလက်ပြည်သူများမှ ကျေးရွာအဖွဲ့အစည်းများအပေါ် ရှုမြင်သည့်အရေးပါမှု
ပုံ(၁၁) အဓိကအရေးပါသောခေါင်းဆောင်များ၏ ဥစ္စာနေပိုင်ဆိုင်မှု
ပုံ(၁၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအကြီးအကဲများ၏ ပညာရေးအဆင့်
ပုံ(၁၃) ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်မှု
ပုံ(၁၄) ဒေသအလိုက် ပြင်ပအထောက်အပံ့ရရှိမှု
ပုံ(၁၅) နစ်အလိုက် LIFT အဖွဲ့မှ ရပုံငွေထည့်ဝင်ထားသည့် စီမံကိန်းအရေအတွက်
သာဓက ၁: စိုက်ပျိုးပုံ အလေ့အထများ
သာဓက ၂: အသက်မွေးဝမ်းကြောင်းလုပ်ငန်း အရင်းအမြစ်အမျိုးမျိုးကို လေ့လာခြင်း
သာဓက ၃: ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် အလယ်အလတ်အသင့်အတင့် ပြည့်စုံခြင်းဆိုသည်ကို မည်သို့ သတ်မှတ်ပါသနည်း။
သာဓက ၄: ချေးငွေရရှိမှု မလုံလောက်ခြင်း၏ ဆင်းရဲသောလယ်သမားများနှင့် ဆင်းရဲနွမ်းပါးသူများအပေါ် အကျိုးသက်ရောက်မှု
သာဓက ၅: ကြွယ်ဝသော တောင်သူကြီးများနှင့် အခြားပုဂ္ဂလိက မြီရှင်များထံမှ တောင်သူငယ်များနှင့် ကျပန်းလုပ်သား များအတွက် ချေးငွေ ပေးနိုင်မှု ကျဆင်းလာခြင်း။
သာဓက ၆: မြေယာသိမ်းယူမှုဆန့်ကျင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း
သာဓက ၇: မြေယာမဲ့ခြင်းနှင့်မြေယာမဲ့သွားခြင်းကြောင့် မိသားစု အသက်မွေးဝမ်းကြောင်းမှုအပေါ် ဖြစ်ပေါ်လာသောဆိုးကျိုး
သာဓက ၈: မြေယာမဲ့ခြင်းနှင့်မြေယာမဲ့သွားခြင်းကြောင့် မိသားစု အသက်မွေးဝမ်းကြောင်းမှုအပေါ် ဖြစ်ပေါ်လာသောဆိုးကျိုး
သာဓက ၉: ကုန်တင်ယာဉ်၊ ပွဲရုံ၊ ဈေးနှုန်း နှင့် ချေးငွေများ
သာဓက ၁၀: အသက်မွေးဝမ်းကြောင်းလုပ်ငန်းအကျိုးအမြတ်များအပေါ် ရာသီဥတုဖောက်ပြန်မှု ပုံစံများ၏ အသက်ရောက်မှုများ။
သာဓက ၁၁: ရေရှားပါးမှုကို ကျော်လွှားရင်ဆိုင်ရခြင်း။
သာဓက ၁၂: ကျားမကွာခြားမှုအလိုက် ပြောင်းရွှေ့လုပ်ကိုင်သည့် ပုံစံကွာခြားမှုများ
သာဓက ၁၃: ပြောင်းရွှေ့လုပ်ကိုင်မှုဖြစ်ရပ်များကိုလေ့လာခြင်း
သာဓက ၁၄: အမျိုးသားနှင့်အမျိုးသမီး စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်သည့် ပုံစံများ
သာဓက ၁၅: ချေးငွေလိုအပ်ချက်ဆောင်ရွက်ရန် လူမှုအရင်းအနှီးကို အသုံးပြုခြင်း

သာဓက ၁၆: သတ်မှတ်ထားသောကျေးရွာအုပ်ချုပ်ရေးဖွဲ့စည်းပုံ
သာဓက ၁၇: ကျေးလက်လူထုဘဝနှင့် ကျေးရွာဆုံးဖြတ်ချက်များချမှတ်မှုတွင်
အမျိုးသမီးများပါဝင်မှု
သာဓက၁၈: ပြင်ပအထောက်အပံ့ပေးသည့်ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း
သာဓက ၁၉: ပံ့ပိုးလျှာထားချက်အပေါ် ဆုံးဖြတ်ချက်ချခြင်းနှင့်လိုအပ်ချက်အပေါ်တွင်
ရွာသားများနားလည် လက်ခံထားသောပုံစံ
သာဓက ၂၀: ချေးငွေများနှင့် အသေးစားငွေချေးလုပ်ငန်းများဆိုင်ရာအကြောင်းအချက်များ
ဇယား ၁။ အစီရင်ခံစာအပိုင်း(၁) တွင် လေ့လာခဲ့သော မြို့နယ်များ
ဇယား ၂။ ငွေချေးပေးသူနှင့် ချေးယူသူအမျိုးအစားအလိုက် ပျမ်းမျှ ချေးငွေ ပမာဏ
ဇယား ၃။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက် ချေးငှားရသော အတိုးနှုန်း
ဇယား ၄။ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်မှုအလိုက်ပျမ်းမျှချေးငွေပမာဏ
ဇယား ၅။ ၂၀၁၀-၂၀၁၂ ခုနှစ်အတွင်း သီးနှံအမျိုးအစားအလိုက် ဆုံးရှုံးမှု တင်ပြချက်များ
ဇယား ၆။ လူမှုစီးပွားရေး အဆင့်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှုများ
ဇယား ၇။ လူငယ်ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများရာခိုင်နှုန်း
ဇယား ၈။ ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်မှုများ
ဇယား ၉။ ပို့ငွေအပေါ် မှီခိုခြင်းနှင့် ပို့ငွေရရှိသည့် အိမ်ထောင်စုရာခိုင်နှုန်းနှင့်အရေအတွက်
ဇယား ၁၀။ ဒေသအလိုက် ဖြစ်ပွားလေ့ရှိသော ရာဇဝတ်မှုများ
ဇယား ၁၁။ ပဋိပက္ခကိစ္စရပ်များ
ဇယား၁၂။ ကျေးရွာအဖွဲ့အစည်းများ

အကျိုးခံစားခွင့်ရှိသူများကို မည်ကဲ့သို့ ရွေးချယ်သတ်မှတ်သနည်း။ တရားမျှတမှုရှိစေရန် မည်ကဲ့သို့ ဆောင်ရွက်သနည်း။

ထောက်ပံ့ခွဲဝေပုံနှင့် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်သည် မည်သို့ဖြစ်သနည်း။

**အခန်း(၆) ခြုံသုံးသပ်ချက်များနှင့် လူမှုရေးနှင့်စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ(၂)တွက် အကြံပြုချက်များ သုံးသပ်ချက်များ**

လူမှုရေးနှင့်စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ(၂)အတွက် အကြံပြုချက်များ


ပုံ (၁) လေ့လာသုံးသပ်မှုပုံစံ

ပုံ(၂) အစီရင်ခံစာအပိုင်း(၁)ပြမြေပုံ

ပုံ(၃) အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက် တင်ရှိနေသော ပျမ်းမျှ အကြွေးပမာဏ

ပုံ(၄) ဒေသအလိုက် ရေရှားပါးမှု

ပုံ(၅)ဒေသအလိုက် လုပ်အားခ ကွာခြားမှု

ပုံ(၆)အဓိကကျသောသီးနှံများ၏ ဈေးနှုန်း

ပုံ(၇) ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအမျိုးအစား

ပုံ(၈) ကျေးရွာတွင်း အပြန်အလှန်ပူပေါင်းဆောင်ရွက်မှု

ပုံ(၉) ကျေးရွာ အဖွဲ့အစည်းများ

ပုံ(၁၀) ကျေးလက်နေပြည်သူများမှ အရေးကြီးသည်ဟု လက်ခံယုံကြည်ထားသော ကျေးရွာအဖွဲ့အစည်းများ

ပုံ(၁၁) အဓိကအရေးပါသောခေါင်းဆောင်များ၏ ဥစ္စာနေပိုင်ဆိုင်မှု

ပုံ(၁၂) ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရပ်မိရပ်ဖများ၏ ပညာရေးအဆင့်

ပုံ(၁၃) ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်မှု

ပုံ(၁၄) ဒေသအလိုက် ပြင်ပအထောက်အပံ့ရရှိမှု

ပုံ(၁၅) နှစ်အလိုက် LIFT အဖွဲ့မှပံ့ပိုးထားသည့် စီမံကိန်းအရေအတွက်

သာဓက ၁: စိုက်ပျိုးရေးလုပ်ငန်းဆောင်တာများ

သာဓက ၂: အသက်မွေးဝမ်းကြောင်းဆိုင်ရာ အရင်းအမြစ်အမျိုးမျိုးကို သိရှိနားလည်စေရန်လေ့လာခြင်း

သာဓက ၃: ဆင်းရဲ၊ချမ်းသာ၊အလယ်အလတ်ဆိုသည်မှာ....

သာဓက ၄: ချေးငွေရရှိမှု မလုံလောက်မှုကြောင့် ဆင်းရဲသောလယ်သမားများနှင့် ဆင်းရဲနွမ်းပါးသူများအပေါ် အကျိုး သက်ရောက်မှု

သာဓက ၅: လက်တွေ့ဖြစ်ရပ်အပေါ် လေ့လာမှု(ချမ်းသာသော တောင်သူလယ်သမားများနှင့် အခြား ငွေချေးပေးသူများ)

သာဓက ၆: မြေယာသိမ်းယူမှုဆန့်ကျင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း

သာဓက ၇: မြေယာမဲ့ခြင်းနှင့်မြေယာမဲ့ခြင်းကြောင့် မိသားစု အသက်မွေးဝမ်းကြောင်းမှုအပေါ်ဖြစ်ပေါ်လာသောဆိုးကျိုး

သာဓက ၈: ကျပန်းအလုပ်သမားများအနေဖြင့် သစ်တောထွက်ပစ္စည်းများကို အမှီပြု၍ ဝင်ငွေရှာဖွေပုံ

သာဓက ၉: ကုန်တင်ယဉ်၊ ပွဲခ၊ ဈေးနှုန်း နှင့် ချေးငွေများ


သာဓက ၁၀: လက်တွေ့ဖြစ်ရပ်အပေါ် လေ့လာမှု (ရာသီဥတုဖောက်ပြန်မှု)

သာဓက ၁၁: လက်တွေ့ဖြစ်ရပ်အပေါ် လေ့လာမှု (ရေရှားပါးမှုအတွက် နည်းလမ်းရှာဖွေရှင်းမှု)

ဇယား ၁၂: ကျားမကွာခြားချက်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှု မတူညီခြင်း
ဇယား ၁၃:ရွှေ့ပြောင်းလုပ်ကိုင်မှုဖြစ်ရပ်များကို လေ့လာမှု
ဇယား ၁၄: ကျားမကွာခြားမှုနှင့် အခက်အခဲများအတွက်အဖြေရှာမှုနည်းလမ်းများ
ဇယား ၁၅: ချေးငွေလိုအပ်ချက်အတွက် လူမှုရေးအရင်းအမြစ်များကို အားထားအသုံးပြုခြင်း
ဇယား ၁၆: တရားဝင် ကျေးရွာ အုပ်ချုပ်ရေးပုံစံ
ဇယား ၁၇: အများနှင့်ဆိုင်သောကိစ္စများနှင့် ကျေးရွာ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းကိစ္စများတွင် အမျိုးသမီးများ၏ ပူပေါင်း ပါဝင်မှု
ဇယား၁၈: ပြင်ပအထောက်အပံ့ပေးသည့်ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း
ဇယား ၁၉: (လက်တွေ့ဖြစ်ရပ်အပေါ် လေ့လာမှု) အကျိုးခံစားခွင့်ရှိသူလျာထားခြင်းဆိုင်ရာဆုံးဖြတ်ချက်နှင့် လိုအပ်ချက်အပေါ်ဒေသခံများ၏ရှုမြင်ပုံ
ဇယား ၂၀: အသေးစားချေးငွေနှင့် ချေးငွေကိစ္စများ
ဇယား ၁။ အစီရင်ခံစာအပိုင်း(၁) တွင်လေ့လာခဲ့သော မြို့နယ်များ
ဇယား ၂။ ငွေချေးပေးသူနှင့် ချေးယူသူအမျိုးအစားအလိုက် ပျမ်းမျှ ချေးငွေ ပမာဏ
ဇယား ၃။ အသက်မွေးဝမ်းကြောင်းအလိုက် အတိုးနှုန်း ကွာဟမှု
ဇယား ၄။ အသက်မွေးဝမ်းကြောင်းအလိုက် ချေးငွေရယူသည့်ပမာဏ
ဇယား ၅။ ၂၀၁၀ - ၂၀၁၂ ခုနှစ်အတွင်း သီးနှံအမျိုးအစားအလိုက်အတွက်ဆုံးရှုံးမှုများ
ဇယား ၆။ လူမှုစီးပွားရေး အဆင့်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှုများ
ဇယား ၇။ လူငယ်ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများရာခိုင်နှုန်း
ဇယား ၈။ ရာသီအလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှုများ
ဇယား ၉။ ရွှေ့ပြောင်းလုပ်ကိုင်သူများအပေါ် မှီခိုမှုနှင့် ပိုငွေရရှိသည့် အိမ်ထောင်စုများရာခိုင်နှုန်းနှင့်အရေအတွက်
ဇယား ၁၀။ ရာဇဝတ်မှုဖြစ်ရပ်များ
ဇယား ၁၂။ ပဋိပက္ခများ
ဇယား၁၂။ ကျေးရွာ အဖွဲ့အစည်းများ

Myanmar Information Management Unit

# QSEM 1 - မြို့နယ်မြေပုံ



# အနှစ်ချုပ်ဖွင့်ဆိုချက်

## မိတ်ဆက်နိဒါန်း

**အရည်အသွေးဦးတည်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု သုတေသန စစ်တမ်း (Qualitative Social and Economic Monitoring - QSEM) ၏ ရည်ရွယ်ချက်မှာ မြန်မာ့ကျေးလက် ဒေသများရှိ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို နားလည်သဘောပေါက်စေရန်နှင့် စောင့်ကြည့် လေ့လာနိုင်ရန်ဖြစ်ပါသည်။** အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihood and Food Security Trust Fund - LIFT)၏ စီမံကိန်းများကို ထိရောက်စွာ စောင့်ကြည့်လေ့လာ စေနိုင်ရေးအတွက် အထောက်အပံ့ ဖြစ်စေရန်လည်း ဤသုတေသနစစ်တမ်းက ရည်ရွယ်ပါသည်။ သို့ဖြစ်သောကြောင့် ဒေသတစ်ခုခြင်းစီ၏ အခြေခံ အကြောင်းအရာများကိုငှင်း၊ ဒေသအချင်းချင်းကို နှိုင်းယှဉ် သုံးသပ်နားလည်မှု ရှိစေရန်ငှင်း၊ LIFT အဖွဲ့၏ ပံ့ပိုး ကူညီမှုနှင့် ၎င်း၏ဖွံ့ဖြိုးရေးစီမံကိန်း နည်းစနစ်များ ထိရောက်မှုကို ပံ့ပိုးမှုဖြစ်စေသည့် သို့မဟုတ် ထိရောက်မှုကို အဟန့်အတား ဖြစ်စေသည့် အကြောင်းအရာများကို ပိုမိုနားလည်စေရန်ငှင်း၊ အချိန်နှင့်အမျှ ပေါ်ပေါက်လျက် ရှိသည့် အသစ်အသစ်သော စိန်ခေါ်မှုများကို နားလည်သုံးသပ်နိုင်ရန်ငှင်း ဤသုတေသနကို ရည်ရွယ် လေ့လာ ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဤသုတေသန ပြုလုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံသားများ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုတေသနများကို ပြုလုပ် ပေးနိုင်သည့် အရည်အသွေးကို မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။


**ဤစစ်တမ်းတွင်မြန်မာ့ကျေးလက်နေပြည်သူများ၏ အသက်မွေးမှုနှင့်၊ ၎င်းတို့၏ အသက်မွေးမှု စွမ်းရည်ကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးပုံဖော်နေသော ကျယ်ပြန့်သည့် အကြောင်းအရာများ၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များအပေါ် အကျိုးသက်ရောက်မှုများ ရှိနေသော ဒေသတွင်း အဖွဲ့အစည်းများ၏ သဘောသဘာဝများကို ဆန်းစစ်ဖော်ထုတ် လေ့လာထားပါသည်။** ထိုသို့ လေ့လာခြင်းဖြင့် မည်ကဲ့သို့သော ဖွံ့ဖြိုးမှုစီမံကိန်းများသည် ဒေသ၏အခြေအနေအလိုက် အောင်မြင်မှု ရှိနိုင်သည် ထိရောက်သော စီမံကိန်းများကိုမည်ကဲ့သို့ ရေးဆွဲချမှတ်နိုင်သည်၊ မည်ကဲ့သို့ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင် သည်ကို သိရှိနိုင်ပါသည်။ ဤသုတေသနသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအကြောင်းအရာများ မတူညီသော ဒေသအသီးသီး၏ လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးမှုအထောက်အပံ့များကို မည်သို့ ထိရောက်စွာ ပေးနိုင်သည်နှင့် LIFT အဖွဲ့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကာလတို ထောက်ပံ့မှုစီမံကိန်းများမှ တဆင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအားကူးပြောင်းအကောင်ထည်ဖော်နိုင်ရေးကို အထောက်အပံ့ဖြစ်စေရန်နှင့် ဒေသတွင်း ပြောင်းလဲလာသော အခြေခံလိုအပ်ချက်များနှင့်အညီ LIFT ၏ စီမံကိန်းများမှ ပံ့ပိုးကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**LIFT စီမံကိန်းရှိသောဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အဆောက်အဦများ အကြောင်းနှင့် အဆိုပါအကြောင်းအရာများနှင့်ပတ်သတ်၍ ဒေသအလိုက်ကွာဟချက်များ ရှိပါသည်။** အဆိုပါ ဒေသဆိုင်ရာ နောက်ခံ အခြေအနေများသည်ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုနှင့် ၎င်းတို့ အကျိုးစီးပွား ဖြစ်ထွန်းမှုအတွက် မည်သို့ ပုံဖော်နေသည်စသည်တို့ကို QSEM မှ နက်နက်နဲနဲ လေ့လာပုံဖော် ထားပါသည်။ ထိုသို့လေ့လာရာတွင် ကဏ္ဍငါးရပ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ကောက်ယူ ခဲ့ပါသည်။ QSEM သုတေသနသည် အဆိုပါအကြောင်းအရာတစ်ခုခြင်းစီကို ကွက်ကွက်ကွင်းကွင်း ပုံဖော်ပြနိုင်ရန် အပြင် အကြောင်းအရာတစ်ခုခြင်းစီ၏ ဆက်စက်မှုကိုပါ ပုံဖော်သုံးသပ်ပြရန် ရည်ရွယ်ပါသည်။

**QSEM ပထမအကြိမ်သုတေသနကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးဇုံသုံးခုရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးလေးခုမှ ကျေးရွာ ၃၆ ရွာတွင် ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့သည်။** ထိုဒေသများမှာ တောင်ပေါ် ဒေသဖြစ်သော ချင်းပြည်နယ်၊ အပူပိုင်းဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊

ကမ်းရိုးတန်းဒေသဖြစ်သော ရခိုင်ပြည်နယ်တို့ဖြစ်သည်။ ရွေးချယ်လေ့လာခဲ့သည့် ပြည်နယ်ဒေသ အသီးသီးတွင် LIFT အဖွဲ့၏ အထောက်အပံ့စီမံကိန်းများရှိသည့် အဆင်းရဲဆုံး မြို့နယ် ၃ မြို့ နယ်စီကို ရွေးချယ်ခဲ့သည်။ ထိုမြို့နယ်များမှတဆင့် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုပုံစံများအပေါ် အကျိုးသက်ရောက်နေမှုများနှင့် ရင်ဆိုင်နေရသော အခက်အခဲ အခြေအနေအများ မတူညီသည့် ကျေးရွာ ၃ ရွာကို ထပ်မံရွေးချယ်လေ့လာခဲ့သည်။ မေးမြန်းလေ့လာသူများသည် ကျေးရွာတရွာတွင် ၃ ညအိပ် ၄ ရက်ကြာနေထိုင်ပြီး လေ့လာ ခဲ့ကြသည်။ ကျေးရွာတစ်ဂုမ်း နေရာအနှံ့ တွေ့ဆုံမေးမြန်းခဲ့ပြီး၊ ကျေးရွာခေါင်းဆောင်၊ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာ၏ ထောက်ပံ့ရေးဆိုင်ရာ အရေးကိစ္စများတွင် ပါဝင်ဆုံးဖြတ်ကြသူများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ထိခိုက်လွယ်သူများ၊ မသန်စွမ်းသူများ သက်ကြီးရွယ်အိုများနှင့် အသက်မွေးဝမ်းကျောင်းအလိုက် တောင်သူ လယ်သမား၊ အလုပ်သမား၊ တံငါများနှင့် အခြားအလုပ်အကိုင် လုပ်သူများပါ တွေ့ဆုံမေးမြန်းခဲ့သည်။ မေးမြန်း လေ့လာခဲ့သူများသည် အကြောင်းအရာအမျိုးမျိုးကို ရှုထောင့်ပေါင်းစုံမှ နားလည်သဘောပေါက်စေရန် လေ့လာ ခဲ့သည်။ အုပ်စုအမျိုးမျိုးထံမှအမြင်များကို စုံစမ်းရယူခြင်းဖြင့် ရရှိသောသတင်းအချက်အလက်အား ခိုင်လုံ သေချာမှုရှိစေရန် ဆောင်ရွက်ခဲ့သည်။ ကျေးရွာမြို့နယ်ဒေသအသီးသီးကို နှိုင်းယှဉ်သုံးသပ်မှုပြုနိုင်ရန် သုတေသန ပညာရှင်များသည် ကျေးရွာ အဆင့်မြို့နယ်အဆင့် အချက်အလက်များကို တစ်ပြေးညီကောက်ယူခဲ့သည်။ ပထမအကြိမ် QSEM သုတေသနစစ်တမ်းတွင် ဒေသအလိုက်ကွဲလွဲမှုများအား အဓိကထားလေ့လာခဲ့သော်လည်း နောင်လာမည့် QSEM သုတေသနစစ်တမ်းများသည် အကြောင်းအရာအရာအလိုက် ကျေးရွာများကို နှိုင်းယှဉ် သုံးသပ်လေ့လာမည်ဖြစ်သည်။

### QSEM သုတေသနလုပ်ငန်းငန်းလုပ်ဆောင်မှု ကဏ္ဍနယ်ပယ်ပုံစံ




သုတေသနစစ်တမ်း၏အဓိကတွေ့ရှိချက်များ

### အသက်မွေးဂမ်းကြောင်းပုံစံများ

**မတူညီသော ရေမြေသဘာဂ ဖုံအလိုက်အသက်မွေးဂမ်းကျောင်းလုပ်ကိုင်မှုပုံစံများ ကွဲပြားခြားနားသည်။** ကျပန်း နေ့စားလုပ်ကိုင်မှုများသည် (အိမ်ထောင်စုတိုင်းလိုလို မြေယာပိုင်ဆိုင်မှု အနည်းငယ်စီရှိကြသော ချင်းပြည်နယ်မှ

လွှဲ၍) အခြားဒေသများတွင် အများဆုံးလုပ်ကိုင်ကြသည့် လုပ်ငန်းပင်ဖြစ်သည်။ အသေးစား စိုက်ပျိုးရေးလုပ်ငန်းများသည် ဒုတိယအများဆုံး အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းဖြစ်သည်။ အခြား အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ အသေးစားစီးပွားရေးလုပ်ငန်းငယ်များနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်များဖြစ်သည်။ ဒေသတိုင်းတွင် အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအပြင် အခြားတစ်ဖက်တစ်လမ်းမှ ဝင်ငွေရသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထိုလုပ်ငန်းများတွင် အသေးစားကိုယ်ပိုင်လုပ်ငန်းများ အပါအဝင် မွေးမြူရေးလုပ်ငန်းများလည်း ပါဝင်သည်။

**အသက်မွေးဝမ်းကြောင်းဆိုင်ရာ အရင်းအမြစ်ပိုင်ဆိုင်မှုမတူညီခြင်းသည် အသက်မွေးဝမ်းကျောင်း အကျိုးအမြတ်များအပေါ် သက်ရောက်မှုရှိကြသည်။** ချမ်းသာသောသူများတွင် ပိုမိုကောင်းမွန်သော အရင်းအမြစ်ပိုင်ဆိုင်မှုများကြောင့် ပိုမိုအကျိုးအမြတ်ကောင်းမွန်သော အလုပ်အကိုင်များကို ပြုလုပ်နိုင်ကြသသည်။ ၄င်းတို့သည် အတိုးနှုန်းသက်သာသောချေးငွေကိုလက်လှမ်းမီကြပြီး စီးပွားရေးလုပ်ငန်းများကို အမျိုးမျိုး ခွဲခြားလုပ်ကိုင်နိုင်ခြင်းဖြင့်လည်း ဆုံးရှုံးနိုင်ချေရှိသည့် အလားအလာများကို လျော့ချနိုင်ကြသည်။ ချမ်းသာသူများသည် ဆင်းရဲသားများထက်စာလျှင် တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေစီးဆင်းမှုရှိသည်။ ဆင်းရဲသားများဆိုသည်မှာ အများအားဖြင့် တောင်သူလယ်သမားငယ်များနှင့် မြေယာမဲ့အလုပ်သမားများပင်ဖြစ်သည်။ ၄င်းတို့၏ဝင်ငွေမှာ ရာသီအလိုက် အလုပ်အကိုင်ပြောင်းလဲမှုပေါ်မူတည်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေဆုံးရှုံးနိုင်မည့် အလားအလာများလည်း ပိုများသည်။ အရင်းအနှီးမပြည့်စုံခြင်းနှင့် ဝင်ငွေအနည်း ငယ်သာရနိုင်သောတွဲဖက်လုပ်ငန်းများကိုသာ လုပ်ကိုင်ရသောကြောင့် ဆင်းရဲသားဆိုသူတို့မှာ ဝင်ငွေနည်းပြီး ဆုံးရှုံးမည့်ဒဏ်ကို ပိုမိုခံစားရသည်။

## ကျယ်ပြန့်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦ၊ ပြဿနာများနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်ရသည့် အခက်အခဲများ

**ဒေသခံအများစု၊အထူးသဖြင့် ဆင်းရဲသားများသည် ချေးငွေရရှိမှုခက်ခဲခြင်းနှင့် မြင့်မားသောအတိုးနှုန်းဖြင့် ချေးယူရခြင်းများကို ရင်ဆိုင်နေကြရသည်။** နှစ်နှစ်တာအတွင်း အချို့နေရာဒေသများတွင် အဓိကအားဖြင့် ပြင်ပအထောက်အပံ့များကြောင့် ချေးငွေရရှိမှု တိုးတက်လာသော်လည်း ကျေးရွာသားများ တတ်နိုင်လောက်သော အတိုးနှုန်းဖြင့် ချေးငွေရရှိမှုမှာ လိုအပ်နေဆဲပင်ဖြစ်ပြီး၊ ကျေးရွာသားများသည် အတိုးနှုန်းမြင့်မားစွာပေးရသည့် တရားမဝင်ငွေတိုးပေးစားသူများထံမှ ချေးငွေများကိုသာ အားကိုးနေကြရသည်။ ငါးဖမ်းသမားများသည် တောင်သူလယ်သမားများနှင့် နှိုင်းယှဉ်လျှင် ချေးငွေရရှိနိုင်သည့် အရင်းအမြစ်များ နည်းပါးသည်။ ပုဂ္ဂလိကချေးငွေလုပ်ငန်းရှင်များ၏ ချေးငွေလည်ပတ်စီးဆင်းမှုပမာဏ အများဆုံးဖြစ်သည်ကိုတွေ့ရသည်။ အပူပိုင်းဒေသတွင်မူ သီးနှံဈေးကျခြင်းနှင့် သီးနှံအထွက်ကျခြင်းများကြောင့် ချေးငွေထုတ်ချေးပေးသည့် တောင်သူလယ်သမားကြီးများ၏ ချေးငွေလည်ပတ်စီးဆင်းမှုအပေါ်တွင် အဟန့်အတားဖြစ်စေပြီး၊ ချေးငွေထုတ်ချေးပေးသည့် ပမာဏမှာလည်း လျော့သွားခဲ့သည်။ အများတတ်နိုင်လောက်သည့် အတိုးဖြင့် ငွေချေးပေးကြသည့် ပြင်ပအထောက်အပံ့အဖွဲ့များသည် အရေးကြီးသော ချေးငွေအရင်းအမြစ် တစ်ခုဖြစ်ပြီး၊ တောင်သူလယ်သမားငယ်များနှင့် ငါးဖမ်းသမားများသည် အတိုးနှုန်းသက်သာစွာဖြင့် ထိုအဖွဲ့အစည်းများထံမှ ချေးယူကြသည်။ ချေးငွေကို ခက်ခက်ခဲခဲ ရှာဖွေပြန်ဆပ်ကြရသော်လည်း ပြန်ဆပ်သည့် ရာခိုင်နှုန်းမှာ ယေဘုယျအားဖြင့် မြင့်မားသည်ကိုတွေ့ရသည်။ (၉၀% နီးပါး ပြန်ဆပ်ကြသည်။)

**အိမ်ထောင်စု အများစုမှာ အကြွေးဝန်ပိနေကြသည်။** အကြွေးဝန်ပိသည့် အတိုင်းအတာမှာ နေရာဒေသအလိုက်သော်လည်းကောင်း၊ အလုပ်အကိုင်လိုက်သော်လည်းကောင်း ကွဲပြားခြားနားသည်။ ထိုသို့ အကြွေးနွံနစ်ခြင်းသည် အသက်မွေးဝမ်းကြောင်းများတွင် ရင်းနှီးမြှုပ်နှံနိုင်စွမ်းကို အဟန့်အတားဖြစ်စေပြီး အချို့သောပြည်သူ

များကို မြေယာဆုံးရှုံးမှုများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြောင်းလဲမှုများကို ဖြစ်စေသည်။ မြေယာဆုံးရှုံးမှုများနှင့် အကြွေးနွံနစ်ကြောင့် မြေယာဆုံးရှုံးမှုနှင့်ပိုင်ဆိုင်မှု၊ ဆုံးရှုံးမှုအများဆုံးဖြစ်သော အိမ်ထောင်စုများမှာ သဘာဝဂကပ်ဘေးများနှင့် ရုတ်တရက်ကျရောက်လာသော အခက်အခဲ ပြဿနာများကို ကြုံတွေ့ရသူများ ဖြစ်သည်။

**အကြွေးဝန်ပိခြင်း၊ သီးနှံဆုံးရှုံးခြင်းနှင့် ငါးဖမ်းမိနိုင်မှု ကျဆင်းလာခြင်းသည် ပြည်သူများ၏ စုဆောင်းနိုင်စွမ်းကို အဟန့်အတားဖြစ်စေပါသည်။** အကြွေးသည် ဝင်ငွေနှင့် စုဆောင်းနိုင်စွမ်းများကို ကျဆင်းစေကြောင်း လေ့လာခဲ့သောဒေသတိုင်းရှိ ပြည်သူများကတင်ပြပြောဆိုခဲ့ကြသည်။ ငါးဖမ်းရရှိမှု နည်းသွားခြင်းနှင့် တင်ပို့ ရောင်းချနိုင်မှု ကျဆင်းခြင်းကြောင့် စုဆောင်းနိုင်စွမ်းကျဆင်းသွားရသည်ဟု ငါးဖမ်းသမားများမှ တင်ပြ ပြောဆိုသွားကြသည်။

**မြေယာပိုင်ဆိုင်ခြင်းကို လက်လှမ်းမီမှုသည် ချမ်းသာကြွယ်ဝမှုအလိုက် ကွာခြားကြသည်။** ရွာသားများသည် မျော်လင့်ထားသည်ထက် မိမိတို့၏ မြေယာအပေါ် ပိုင်ဆိုင်မှုရှိသည်ဟု လက်ခံယုံကြည်ထားကြောင်း တွေ့ရသည်။ တရားလွန် မညီမျှသောမြေယာပိုင်ဆိုင်မှု ဖြစ်ရပ်များမရှိသော်လည်း ရခိုင်ပြည်နယ်နှင့် အပူပိုင်းဒေသများတွင် ထက်ဝက်နီးပါးခန့်သော ပြည်သူများမှာ မြေယာမဲ့များဖြစ်ကြသည်။ တောင်သူလယ်သမားငယ်များနှင့် မြေယာမဲ့များကဲ့သို့သော ဆင်းရဲသားများအတွက် မြေယာမဲ့မှုသည် ချေးငွေရရှိမှုအပေါ် အဟန့်အတားဖြစ်စေပြီး အသက်မွေးဝမ်းကြောင်း အကျိုးအမြတ်ကို ယုတ်လျော့စေပါသည်။ ကျပန်းလုပ်သားအများစုမှာ သီးနှံရိတ်သိမ်းချိန်မတိုင်မီ ငွေကြေးလိုအပ်ချက်ကြောင့် ရသင့်သည်ထက် ထက်ဝက်ခန့်သော လုပ်အားခဖြင့်လက်ခံကာ လုပ်ကိုင်နေကြရသည်။ တောင်သူလယ်သမားငယ်များသည် မြေယာပိုင်ဆိုင်မှုနည်းသောကြောင့် သီးနှံအမျိုးအစားအနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး၊ တစ်နှစ်ပတ်လည်လုံးဝင်ငွေရရှိ နိုင်မှုမှာမသေချာပေ။ မြေယာကို ထိထိရောက်ရောက်အသုံးချနိုင်မှု အားနည်းသောကြောင့် ဝင်ငွေရရှိမှု လည်းနည်းသည်။

**မြေယာအသုံးချမှုမှာဒေသအလိုက် ကွဲပြားပြီး၊ အသက်မွေးဝမ်းကြောင်းမှုအပေါ်တွင် အကျိုးသက်ရောက်မှုများရှိသည်။** အပူပိုင်းဒေသရှိ တောင်သူများမှာ မြေယာပိုင်ဆိုင်မှုပမာဏပိုများပြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင်မူ မြေယာပိုင်ဆိုင်မှု ပမာဏနည်းသည့်အလျောက် မြေအရည်အသွေးလည်းနိမ့်သည်။ ဈေးကွက် လက်လှမ်းမီမှုမှာလည်းပို၍ ခက်ခဲသည်။ တောင်သူလယ်သမားများမှာလည်း သီးနှံအမျိုးအစား ပိုမိုအနည်းငယ်ကိုသာ စိုက်ပျိုးနိုင်ပြီး၊ အထွက်မှာလည်းပိုနည်းသည်။

**အပူပိုင်းဒေသတွင် တောင်သူလယ်သမားများသည် စိုက်ပျိုးရေမလုံလောက်မှုကို ရင်ဆိုင်နေကြရသည်။** မိုးရေကို အဓိကအားထားနေကြရပြီး၊ မိုးမမှန်ခြင်းကြောင့်ဖြစ်သော ရေမလုံလောက်မှုသည် သီးနှံဆုံးရှုံးမှုကို ဖြစ်စေပါသည်။ ထိုအတူ သီးနှံဈေးကျဆင်းမှုကပါ နိပ်စက်သောကြောင့် ဝင်ငွေပါကျဆင်းမှုဖြစ်စေပါသည်။

**ငါးဖမ်းလုပ်ငန်း၏ အကျိုးအမြတ်ဖြစ်ထွန်းမှုမှာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိနိုင်မှုအခြေအနေ အပြောင်းအလဲများနှင့် လုပ်ကိုင်ခွင့်လိုင်စင်အပေါ် ကုန်ကျစရိတ်များနှင့် ငါးအမိအရနည်းမှုကြောင့် ထိခိုက်လျက်ရှိသည်။** နေရာဒေသအလိုက် ငါးဖမ်းသည့်အကွက် အကွင်းများပေါ်တွင် ငါးဖမ်းခွင့်လိုင်စင် ကုန်ကျစရိတ်မှာ ကွာခြားသည် ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်၏ ငါးဖမ်းလိုင်စင်ချပေးမှု လုပ်ငန်းစဉ်မှာ နားလည်ရခက်သည်။ စီးပွားဖြစ် လုပ်ဆောင်ကြသည့် ရေလုပ်ငန်းရှင်များမှာ ငါးဖမ်းပိုင်ခွင့် လိုင်စင်ကို အမျိုးမျိုးသော ဌာနဆိုင်ရာများသို့ လျှောက်ထားရပြီး၊ ထိုသို့လျှောက်ထားရသည်မှာလည်း သတ်မှတ်ထားသည့် စံပုံစံများမရှိပါ။ ငါးဖမ်းပိုင်ခွင့် အငှားချခြင်းတွင် ကိစ္စတွင် ပွင့်လင်းမြင်သာမှုရှိသလို ငွေရပြေစာလည်း မရရှိကြပါ။ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်နှင့် ကောက်ခံသည့် လိုင်စင်ခသတ်မှတ်ချက်မှာလည်း တစ်ရွာနှင့်တစ်ရွာမတူညီကြပါ။ ယခုနှစ် နှစ်အတွင်း သိသာထင်ရှားစွာ ငါးအရအမိနည်းသွားခဲ့ပြီး၊ ငါးဈေးမှာ မြင့်တတ်လာခဲ့သောကြောင့်သာ တစ်စိတ်တစ်ပိုင်းအားဖြင့်

ခံသာသွားသည်ဟု ငါးဖမ်းသမားများက တင်ပြခဲ့ကြသည်။

**နေရာဒေသအလိုက် ဈေးကွက်လက်လှမ်းမှီမှု မတူညီခြင်းသည် လူအများ၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများနှင့် အကျိုးအမြတ်များကို သိသာထင်ရှားစွာ အကျိုးသက်ရောက်မှုရှိသည်။** ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ အချို့ဒေသများသည် အပူပိုင်းဒေသထက် ဈေးကွက်လက်လှမ်းမှီမှု အားနည်းသည်။ ထိုအချက်သည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အဟန့်အတား ဖြစ်စေသည်။ ရလဒ်အားဖြင့် ငွေရလွယ်သီးနှံများကို စိုက်ပျိုးရန် အတားအဆီးဖြစ်စေခြင်း၊ ရောင်းချရန်ပမာဏကို အကန့်အသတ်ဖြစ်စေခြင်း၊ ထုတ်လုပ်မှုစရိတ်ကို တိုးမြင့်စေခြင်းနှင့် စိုက်ပျိုးသီးနှံများအပေါ် ဈေးနှုန်းခေါ်ယူနိုင်ရန်အတွက်လည်း အကန့်အသတ် ဖြစ်စေပါသည်။ ရေထွက်ပစ္စည်းများအတွက်လည်း ဈေးကွက်လက်လှမ်းမှီမှုမှာ ကွာခြားသည်။ မြို့နယ်တစ်ခုတွင် ချမ်းသာသော ငါးဖမ်းသမားများသည် ဈေးကွက်ကောင်းကို လက်လှမ်းမှီမှုကြောင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်း အကျိုးအမြတ်များကို တိုးတက်စေခဲ့သည်။ ထိုငါးဖမ်းသမားများသည် သူတို့၏ထွက်ကုန်များကို ရန်ကုန် လက်ကားဈေးကွက်သို့ အဂယ်ဒိုင်များမှ တဆင့်ခံမဟုတ်ပဲ တိုက်ရိုက်ရောင်းချနိုင်ခဲ့သည်။ ဆင်းရဲသားငါးဖမ်းသမားများသည် အဆိုပါ ငါးဖမ်းသမားများနှင့် နှိုင်းယှဉ်ပါက ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက်သွားရောက် ရောင်းချနိုင်ရန် လမ်းစရိတ်မတတ်နိုင်သလို အခြားကုန်ကျစရိတ်များကိုလည်း မတတ်နိုင်ကြပါ။ ထို့ကြောင့်ပင် အဂယ်ဒိုင်များကို အားထားမှီခိုနေရခြင်းဖြစ်သည်။

ဒေသခံတို့၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများအပေါ် စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ မူဘောင်များက သက်ရောက်လျက်ရှိကြောင်း ထင်ရှားစွာသိရသည်။ **အဆိုပါအချက်အလက်များသည် ဆင်းရဲ၊ ချမ်းသာမတူညီမှုအလိုက် ကွဲပြားစွာ အကျိုးသက်ရောက်မှုရှိကြသည်။** ဆင်းရဲသော အိမ်ထောင်စုများသည် မိမိတို့၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ရွေးချယ်နိုင်ပြီး ပို၍ထိခိုက်လွယ်ကြသည်။ ၎င်းတို့၏ စားဝတ်နေမှုမှာ ရာသီအပေါ် မှီတည်လျက်ရှိပြီး အကျပ်အတည်းများကို ဖြေရှင်းရန်အတွက် မြေယာပိုင်ဆိုင်မှု မရှိခြင်း (သို့မဟုတ်) အနည်းငယ်သာ ပိုင်ဆိုင်ခြင်းကြောင့် ဝင်ငွေရရှိရန် ခက်ခဲစေသလို၊ မြေယာကို ထိရောက်စွာ အသုံးချနိုင်စွမ်းမှာလည်း အကန့်အသတ်ဖြင့်ရှိသည်။ မြေယာမဲ့ခြင်း (သို့မဟုတ်) အနည်းငယ်သာ ပိုင်ဆိုင်ခြင်းကြောင့် မြင့်မားသည့်အတိုးနှုန်းများဖြင့် ငွေချေးယူရသည်။ အတိုးနှုန်းမြင့်မားခြင်းနှင့် ချေးငွေ ရရှိမှုနည်းခြင်းသည် ၎င်းတို့၏ ငွေစုဆောင်းနိုင်စွမ်းအား၊ ထုတ်ကုန်များအတွက် ဈေးခေါ်နိုင်မှုစွမ်းအားနှင့် အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်နိုင်မှုစွမ်းအားကိုပါ လျော့နည်းစေသည်။ ထိုအချက်အလက်များကြောင့်ပင် ၎င်းတို့သည် စီးပွားရေးအကျပ်အတည်းကို ပို၍ရင်ဆိုင်ရန်းကန်ရသည်။

ဆင်းရဲသားအိမ်ထောင်စုများသည် စွန့်စားရပြီး အကျိုးအမြတ်နည်းသော ရွှေ့ပြောင်းအလုပ်အကိုင်များကို လုပ်ကိုင်ကြရသည်။ အကျိုးအမြတ်နည်းသောကြောင့် ၎င်းတို့သည် အစားအစာကိုလျော့စားခြင်း၊ ကလေးများကိုကျောင်းထုတ်ခြင်း စသဖြင့် ရေရှည်အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများကို ထိခိုက်စေမည့် နည်းလမ်းများဖြင့် အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းကြရသည်။

**အခြား ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦ (အထူးသဖြင့် ချေးငွေရရှိမှုရှားပါးခြင်းနှင့် ဈေးကွက်လက်လှမ်းမှီမှု နည်းပါးခြင်း) တို့သည် ဆင်းရဲချမ်းသာမရွေး အကျိုးသက်ရောက်မှုများရှိနေသည်ကို တွေ့ရသည်။** ဤအချက်မှာ ဒေသအလိုက် ကွဲလွဲမှုများရှိသည်။ အိမ်ထောင်စုအားလုံးသည် ချေးငွေရရှိမှု ခက်ခဲလွန်းခြင်းနှင့် အကြွေးဝန်ပိမှုများပြားခြင်းတို့ကို ရင်ဆိုင်နေကြသည်။ ဒေသတစ်ချို့ရှိရွာများသည် (အထူးသဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၏ ဒေသအချို့ ) ဈေးကွက်နှင့် လက်လှမ်းမှီရန်ခက်ခဲခြင်းကြောင့် အသက်မွေးဝမ်းကြောင်း

ရွေးချယ်မှုများနှင့် အကျိုးအမြတ်များကို အဟန့်အတားဖြစ်စေသည်။

**ရာသီဥတုပြောင်းလဲခြင်း၊ သီးနှံဈေးနှုန်းကျခြင်း၊ ပိုးကျခြင်း၊ ရေရှားခြင်းနှင့် သဘာဝဘေးကပ်ဘေးများဆိုက်ခြင်း စသော အကြောင်းအရင်းများအားလုံးသည် လူအများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း အကျိုးအမြတ်များအပေါ် ထိခိုက်မှုရှိသည်။** သို့သော် နေရာဒေသအလိုက် ကွာခြားချက်ရှိသည်။ အပူပိုင်းဒေသတွင် ၂၀၁၀ ခုနှစ်မှစ၍ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပိုးမွှားကျရောက်ခြင်းကြောင့် သီးနှံအထွက်နှုန်း ကျဆင်းသွားခဲ့သည်။ သီးနှံဈေးနှုန်း ကျဆင်းမှုပါ တွဲဖက်လာသောအခါ တောင်သူလယ်သမားများ၏ ဝင်ငွေကိုပါ ကျဆင်းစေခဲ့သည်။ ထိုအချက်သည် ချေးငွေရရှိနိုင်မှုကို ကြီးမားစွာ အကျိုးသက်ရောက်မှုရှိစေခဲ့သည်။ ချမ်းသာသော တောင်သူကြီးများ၏ ဝင်ငွေ ကျဆင်းလာခဲ့ခြင်းနှင့်အတူ အကြွေးဆုံးသည့်နှုန်း မြင့်မားလာခြင်းကြောင့် ၎င်းတို့၏ ချေးငွေထုတ်ပေးနိုင်သည့် ပမာဏလျော့ကျလာခဲ့သည်။ အချို့သော ရခိုင်ပြည်နယ်ရှိ ကျေးရွာများတွင် သဘာဝဘေးကပ်ဘေးများကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင် နေရဆဲဖြစ်သည်။

**အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့်နည်းဗျူဟာများ**

**အိမ်ထောင်စုများသည် ထိုကဲ့သို့သော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နည်းဗျူဟာအမျိုးမျိုးကို အသုံးချကြသည်။** ထိုသို့လတ်လောဖြေရှင်းမှုနည်းလမ်းများသည် လက်ရှိ အသက်မွေးဝမ်းကြောင်း အကျိုးအမြတ်များကို သာမက ရေရှည်အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများကိုပါ အကျိုးသက်ရောက်မှုရှိသည်။ ထိုသို့ရှုန်းကန် လုပ်ဆောင်မှုများတွင် ဝင်ငွေတိုးအောင်ပြုလုပ်ခြင်း နည်းလမ်းများ၊ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ခြင်း များ၊ ထိုသို့သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကို အားကိုးတကြီးမှီခိုခြင်းများ၊ အထူးသဖြင့် အရေးပေါ် ငွေကြေး လိုအပ်သည့် ကိစ္စများတွင် ပိုင်ဆိုင်မှုများကို ရောင်းချခြင်း သို့မဟုတ် ပေါင်နှံခြင်းတို့အပြင် အသုံးစရိတ် လျှော့ချသည့် နည်းလမ်းများ အထူးသဖြင့် ပညာရေးနှင့် စားစရိတ်လျှော့ခြင်းတို့ကိုလည်း ပါဝင်သည်။ ၎င်းနည်းဗျူဟာ များသည် လတ်တလော စားဝတ်နေရေးကျပ်တည်းမှုကို ဖြေရှင်းပေးသော်လည်း ကလေးများကို ကျောင်းထုတ် ခြင်းနှင့် အခြားဒေသများသို့ အလုပ်လုပ်ရန် ပို့လွှတ်ခြင်းတို့သည် ရေရှည်တွင် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်း အခွင့်အလမ်းများကို အတားအဆီးဖြစ်စေသည်။

**အိမ်ထောင်စုများသည် အဝေးရောက်လုပ်သားများထံမှ ပို့ငွေကို အားထားကြသည် အထူးသဖြင့် အရေးပေါ် ငွေလိုအပ်ချက်များအတွက် မျှော်ကိုးကြသည်။ အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်ခြင်းသည် အရေးပါသော ရုန်းကန်ဖြေရှင်းမှု နည်းစနစ်တစ်ခုဖြစ်သည်။** ကျေးရွာ အားလုံးနီးပါးရှိ အိမ်ထောင်စုများ တင်ပြပြောဆိုသည်မှာ ၎င်းတို့၏ မိသားစုဝင်တစ်ယောက်သည် တစ်ရပ် တစ်ကျေးသို့ သွားရောက်လုပ်ကိုင်နေကြပြီး လက်ရှိအချိန်တွင် စုစုပေါင်းလူဦးရေ၏ ငါးပုံတစ်ပုံခန့်သည် အခြား ဒေသများသို့ သွားရောက်လုပ်ကိုင်နေကြသည်။

ထိုရွှေ့ပြောင်းလုပ်သားများအတွက် အခြားဒေသရှိ လုပ်ငန်းများမှာ ၎င်းတို့မကျွမ်းကျင်သည့် (သို့မဟုတ်) ကျွမ်းကျင်ရန် လိုအပ်သေးသည့် အလုပ်များပင်ဖြစ်ကြသည်။ ထိုအလုပ်အကိုင်များမှ ရရှိသော ဝင်ငွေများသည် ၎င်းတို့၏ မိသားစုစားဝတ်နေရေးနှင့် မိသားစုအသက်မွေးဝမ်းကြောင်းလုပ်ငန်းကို အဆင်ပြေချောမွေ့စေသည့် အပြင် အချို့ကျေးရွာများ၌ ကျေးရွာ၏ အခြေခံအဆောက်အဦများ တည်ဆောက်ရန်ကိုပင် ငွေကြေးထည့်ဝင် ဆောင်ရွက်နိုင်ကြသည်။ သို့သော်လည်းတစ်ဖက်တွင် ၎င်းတို့သည် အလုပ်အကိုင်ရှာဖွေရေး ကိုယ်စလှယ်များ ထံတွင် ဝန်ဆောင်ခအကြွေးတင်ခြင်း၊ အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာမှုများကိုလည်း ကြုံကြရ သည်။ ပြောင်းရွှေ့လုပ်ကိုင်မှုသည် လူဦးရေ၊ ခနဥစ္စာ ပိုင်ဆိုင်မှုနှင့် နေရာဒေသအလိုက် ပုံစံအမျိုးမျိုး ကွဲပြားသည်။ စွန့်စားလုပ်ကိုင်ရမှုနှင့် အကျိုးအမြတ် ရရှိမှုမှာလည်း ထိုအချက်များအပေါ် မူတည်၍ကွဲပြားသည်။ ရွှေ့ပြောင်း လုပ်ကိုင်သူများမှာ ဆင်းရဲသားနှင့် အလယ်အလတ်ဝင်ငွေရှိ မိသားစုများမှ ဖြစ်ကြပြီး အများစုမှာ အသက် ၂၀ မှ

၄၀ ပတ်ဝန်းကျင်ရှိ ငယ်ရွယ်သူ အမျိုးသားများဖြစ်ကြသည်။ အပူပိုင်းဒေသများ၌ ကျေးရွာများ၏ တစ်ဝက်နီးပါး ခန့်တွင် အိမ်ထောင်စုများသည် ၎င်းတို့၏ ကလေးငယ်များကို ကျောင်းထုတ်ပြီး မြို့ကြီးများသို့ အလုပ်အကိုင် ရှာဖွေရန် ပို့လွှတ်လေ့ရှိကြသည်။ ချမ်းသာသောမိသားစုများသည် မိမိတို့မိသားစုဝင်များကို ကျွမ်းကျင် လုပ်သားများ လိုအပ်သော စင်္ကာပူကဲ့သို့သော နိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန် စေလွှတ်ကြသည်။ ထိုသို့ သွားရောက် လုပ်ကိုင်ကြသူများမှာမူ ဝင်ငွေကောင်းကောင်းရရှိကြသည်။

**အိမ်ထောင်စုများသည် များသောအားဖြင့် မြေဝယ်ရန် အိမ်ပြင်ရန်နှင့် ကျောင်းစရိတ်ပေးသွင်းရန်ကဲ့သို့သော ငွေပမာဏများများသုံးရမည့်ကိစ္စများ၊ အရေးပေါ်လိုအပ်ချက်များအတွက် အဝေးရောက်လုပ်သားများထံမှ ပို့ငွေ ပေါ်တွင် မှီခိုနေကြရသည်။** အလယ်အလတ်တန်းစားဝင်ငွေရှိသော အိမ်ထောင်စုများသည် မိမိတို့မိသားစု စားဝတ်နေရေးအတွက် လိုအပ်သည်များကို ဝယ်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပို့ငွေများပေါ်တွင် မှီခိုနေရသည်။

**ကျေးရွာသားများသည် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ၎င်းတို့၏ လက်ငုတ်လက်ရင်း အသက် မွေးဝမ်းကြောင်းလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ရန် မလိုလားကြပါ။** ပိုင်ဆိုင်မှုများကို ရောင်းချခြင်း ပေါင်နှံခြင်းများသည် အများအားဖြင့် လုပ်ဆောင်ကြလေ့ရှိသော အခက်အခဲများကို ရုန်းကန်ဖြေရှင်းသည့် နည်းလမ်းများဖြစ်သည်။

**အသုံးစရိတ်လျှော့ချခြင်း နည်းလမ်းသည် နေ့စဉ်နှင့်အမျှ အများဆုံးအသုံးပြုလေ့ရှိသော အကြပ်အတည်း ဖြေရှင်းနည်းတစ်ခုဖြစ်ပြီး၊ ရာသီအလိုက်အခက်အခဲများကိုလည်း ဤနည်းဖြင့်ပင်ဖြေရှင်းကြသည်။** ကျေးရွာ တိုင်းတွင် ဆင်းရဲသောအိမ်ထောင်စုများနှင့် အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုများသည် စီးပွားရေး အခက်အခဲများကို ဖြေရှင်းရန်အတွက် နေ့စဉ်စားသောက်မှု၌ လျှော့၍စားခြင်း (သို့မဟုတ်) ပိုပြီးဈေးသက်သာသော အစားအစာများကိုသာ ဝယ်ယူစားခြင်းတို့ကို ပြုလုပ်ကြသည်။ အထူးသဖြင့် ချင်းပြည်နယ်တွင် အစားအသောက် လျှော့စားမှုမှာ ပိုမိုဆိုးဝါးပြီး ဒေသခံများ၏အဆိုအရ တစ်နှစ်တွင် ၄ လ မှ ၆ လ အထိ အစားအစာ ပမာဏလျှော့ စားသောက်ကြကြောင်းသိရှိရသည်။ ဒေသအားလုံးတွင် ရှိသောအမျိုးသမီးများသည် မိသားစုစားသောက်ရေး အဆင်ပြေ ချောမွေ့စေရန်ဆောင်ရွက်ရာ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ အမျိုးသမီးများသည် မိသားစု နေ့စဉ်စားသောက်ရေးအတွက် ဆွေမျိုးသားချင်း၊ ခင်မင်ရာမိတ်ဆွေအများထံတွင် အနည်းငယ်မျှ ချေးယူ ကြရသည်။ အမျိုးသမီးများသည် အစားအစာနှင့် အသုံးစရိတ်ကို မည်ကဲ့သို့လျှော့ချမည်ကို အဓိကဆုံးဖြတ် ကြသည်။ အပူပိုင်းဒေသရှိ အိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးရေးအသုံးစရိတ် သွင်းအားစုများကို လျှော့ချ ခဲ့ရကြောင်း တင်ပြပြောဆိုခဲ့ကြသည်။

**အိမ်ထောင်စုများ၏ အခက်အခဲရင်ဆိုင် ဖြေရှင်းရေးနည်းများအပေါ် လူမှုရေးအဆောက်အဦနှင့် ဆက်ဆံရေး များက သက်ရောက်မှုများ ရှိသည်။** ကျေးရွာများ၏ လူမှုရေး အရင်းအမြစ်များသည် ခိုင်မာတောင့်တင်းသည်။ ဤကဲ့သို့ အချင်းအချင်းအပြန်အလှန် ယုံကြည်ခြင်းနှင့် ရိုင်းပင်းကူညီမှုများသည် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲ ပြဿနာများကို ဖြေရှင်းရန် အထောက်အပံ့လည်းဖြစ်စေသည်။ ဥပမာအားဖြင့် မိမိ၌ စားရေးခက်ခဲချိန်တွင် အစားအစာကို အခြားသူများထံမှ ချေးယူနိုင်ကြသည်။ အခက်အခဲများကိုဖြေရှင်းမှုသည် ကျား၊မ အလိုက် ကွဲပြားမှု ရှိသည်။ အမျိုးသမီးများသည် အခက်အခဲကြုံတွေ့စဉ် ကာလအတွင်း မည်သည့် အသုံးစရိတ်လျှော့ချမည်ကို ဆုံးဖြတ်ချက်ရန် တာဝန်ယူလေ့ရှိသောကြောင့် အိမ်ထောင်စု၏ အဆင်ပြေမှုအတွက် အမျိုးသမီးများသည် အဓိက ကျလျက်ရှိသည်။ ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံသည် အမျိုးသမီးနှင့်အမျိုးသားအတွက် မတူညီပါ။

**ပြင်ပအထောက်အပံ့များသည် အခက်အခဲဖြေရှင်းရေး နည်းဗျူဟာများအပေါ် သက်ရောက်မှုရှိသည်။** နေရာများစွာရှိ ရွာသားများတင်ပြကြသည်မှာ ဂင်ငွေရအလုပ်အကိုင်ဖန်တီးပေးမှု စီမံကိန်းများသည် ပုံမှန်အားဖြင့် ဆင်းရဲသားများအတွက် (အထူးသဖြင့် မြေယာမဲ့ အိမ်ထောင်စုများအတွက်) အစားအသောက်ဖူလုံမှုဖြစ်စေပြီး၊ စီးပွားရေးကြပ်တည်းချိန်တွင် အစားအသောက်လျော့ချစားသောက်နေရမှုကို လျော့နည်းစေပါသည်။

## လူမှုရေးအဆောက်အဦနှင့် အဖွဲ့အစည်းများ

**အချို့သော လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများသည် ကျေးရွာအရေးကိစ္စများတွင် ပါဂင်မှုနည်းပါးကြသည်။** ပိုပြီး ဆင်းရဲသော အိမ်ထောင်စုများသည် အခြားသူများထက် ၎င်းတို့၏အချိန်အများစုကို အသက်မွေးဂမ်းကြောင်း လုပ်ငန်းများအတွက် အချိန်ပေးကြရသည်။ ထို့ကြောင့် ကျေးရွာလူမှုရေးလုပ်ငန်းများတွင် အချိန်အနည်းငယ်သာ ပါဂင်လုပ်ဆောင်နိုင်ကြသည်။ သို့သော်လည်း ရွာသားများ၏အဆိုအရ ယေဘုယျအားဖြင့် လူမှုရေး အသိုင်းအပိုင်းမှ ဖယ်ကျဥ်ခံရမှု (သို့မဟုတ်) ပစ်ပယ်ထားမှု အနည်းငယ်မျှသာ ရှိသည်။

**လူမှုရေးအဆောက်အဦနှင့် ဆက်ဆံရေးအခြေအနေများသည် ကျယ်ပြန့်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး အဆောက်အဦပေါ်တွင် အကျိုးသက်ရောက်မှုရှိပြီး၊ အသက်မွေးဂမ်းကြောင်း ရွေးချယ်မှုများတွင် အကျိုး သက်ရောက်မှုရှိသည်။** ယုံကြည်မှုနှင့်လူမှုရေးဆက်ဆံရေးသည် အားကောင်းကြောင်း ကျေးရွာအများစုတွင် တွေ့ရသည်။ ယုံကြည်မှုနှင့် လူမှုရေးဆက်ဆံရေးသည် အားကောင်းကြောင်း ကျေးရွာအများစုတွင် တွေ့ရသည်။ ကျေးရွာခေါင်းဆောင်များသည် ပေါင်းစုလုပ်ဆောင်မှုများနှင့် ရွာသားအချင်းချင်း ၎င်းတို့အကျိုးစီးပွားအတွက် စုစည်းလုပ်ဆောင်နိုင်ရန်ဦးဆောင်မှုပေးသည်။ အချင်းချင်းငွေကြေးချေးငှားထောက်ပံ့ခြင်း ရေတွင်းရေကန်များကို ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် ဈေးကွက်နှင့်ချိတ်ဆက်နိုင်ရန် ကျေးရွာလမ်းများ ပြုပြင်ဖောက်လုပ်ခြင်းတို့ ဖြစ်သည်။ သို့သော် မကြာသေးမီက ဖြစ်ရပ်တစ်ခုမှာ ကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသူများကို ဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းကို အသုံးပြုခွင့်ကို တားမြစ်ခြင်းခံရမှုရှိသည်။ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်း လုပ်ကိုင်သူများ၏ ရေရှည်အသက်မွေးဂမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများမှာ အကန့်အသတ်ဖြင့် ရှိသည့် သဘောဖြစ်သည်။

**ပဋိပက္ခများ၏ သဘောသဘာဂမှာ ကွာခြားချက်ရှိသည်။** ပုံမှန်ဖြစ်နေကြ ပဋိပက္ခငယ်များမှာ ကျေးရွာအဆင့် တွင်ပင် အလွယ်တကူ ဖြေရှင်းနိုင်ကြသည်။ ပဋိပက္ခကြီးများဖြစ်သည့် အသက်မွေးဂမ်းကြောင်းလုပ်ငန်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် ပြည်သူ့ရေးရာကိစ္စများနှင့် ကျေးရွာနှင့်ဆိုင်သော ကိစ္စရပ်များတွင်မူ ဖြေရှင်းနိုင်မှုနည်းပါး ကြသည်။ ထိုသို့ကိစ္စများတွင် အစိုးရအဖွဲ့အစည်းများ၊ ကျေးရွာအုပ်စုသို့မဟုတ် မြို့နယ်အဆင့် အာဏာပိုင်များကို ပါဂင်ဖြေရှင်းပေးစေလိုကြသည်။ ရွာသားများသည် ၎င်းတို့ပြဿနာများကို ကူညီဖြေရှင်းပေးရန် နိုင်ငံရေးပါတီများ ကိုပင် တစ်ခါတစ်ရံအားကိုးရာကြသည်။

**ကျေးရွာအများစုရှိ ရွာသားများ ပြောပြကြသည်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကျေးရွာလုပ်ငန်းကိစ္စများနှင့် ပဋိပက္ခ**အငြင်းပွားမှုများကို စီမံခန့်ခွဲရာတွင် အဓိကကျသည်။ ကျေးရွာရပ်မိရပ်ဖများ၊ လူငယ်အဖွဲ့များ၊ ဘာသာရေး အဖွဲ့များစသည့် ရိုးရာအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များသည် လူမှုရေးနှင့် ဘာသာရေးရာများတွင်သာ အဓိက ပါဂင်ကြသည်။၎င်းတို့သည်ပဋိပက္ခဖြေရှင်းရေး၌ ပါဂင်သော်လည်း အကြံဉာဏ်ပေးရုံမျှသာဖြစ်သည်။ သူတို့သည် တစ်ခါတစ်ရံ ကျေးရွာအငြင်းပွားမှုများကို ဖြေရှင်းကြရာတွင် ပါဂင်ဆောင်ရွက်နိုင်ကြသော်လည်း အကြံဉာဏ်သာ ပေးနိုင်ကြသည်။ ထောက်ပံ့သည့် အဖွဲ့အစည်းများသည် အသက်မွေးဂမ်းကြောင်းလုပ်ငန်းများ၌သာ လုပ်ဆောင် ကြခြင်းဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် အကြီးအကဲများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသည် ပွင့်လင်းထင်သာမှု နည်းသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် သဘောတူညီချက်ရရှိရန် အချင်းချင်းတိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ကာ ထိုဆုံးဖြတ်ချက်များကို အများပြည်သူကို တင်ပြကြေညာကြသည်။ အမျိုးသမီးများသည် ကျေးရွာရေးရာ လုပ်ငန်း ကိစ္စများနှင့် ပတ်သတ်၍ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ပါဝင်ပတ်သတ်မှု အနည်းငယ်သာရှိသည်။ ထိုကိစ္စနှင့် ပတ်သတ်ပြီး မကျေနပ်မှု အနည်းငယ်ရှိသော်လည်း ကျေးရွာအကြီးအကဲများနှင့် သာမာန်ကျေးရွာသူ ကျေးရွာသားများသည် စိတ်သဘောထားကွဲပြားမှုမရှိကြပါ။ အချို့သောကိစ္စများတွင် ကျေးရွာခေါင်းဆောင်များ သည် ပြင်ပမှသူများနှင့် ဆက်ဆံရေးအတွက် ကျေးရွာသားများစိတ်ဝင်စားမှုအရ ကိုယ်စားပြုပေးနိုင်ရန် ကူညီ စုစည်းဆောင်ရွက်ပေးကြသည်။

## ပြင်ပအကူအညီအထောက်အပံ့များ

ပြင်ပအထောက်အပံ့များသည် ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းအကျိုးအမြတ်များနှင့် ကျယ်ပြန့်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦကို အကျိုးသက်ရောက်မှုရှိစေသည်။ ဝင်ငွေရရှိစေရန်အတွက် အလုပ်ပေးငွေကြေးထောက်ပံ့မှု ပုံစံဖြင့် အကောင်အထည်ဖော်သော စီမံကိန်းများသည် ဆင်းရဲသော ကျေးရွာ သားများ အထူးသဖြင့်မြေယာမဲ့များအတွက် အစားအစာဖူလုံမှု တိုးတက်စေသည်။ အန်ဂျီအိုများနှင့် အစိုးရ အဖွဲ့အစည်းများကြောင့် ချေးငွေလက်လှမ်းမီမှု တိုးတက်လာကြောင်းကို အချို့သောလေ့လာခဲ့သည့် ကျေးရွာ များတွင် တွေ့ရှိရပါသည်။ ထိုကဲ့သို့သော ချေးငွေပေးမှုများ၏ အကျိုးသက်ရောက်မှုသည် ပြန်လည်ပေးချေရာတွင် အခက်အခဲများကြုံတွေ့ခြင်းကြောင့် အခန့်မသင့်ဖြစ်ကြသည်။ အချို့သော ချေးငွေရယူသူများသည် ထိုအဖွဲ့အစည်း များထံမှ ချေးငွေကိုပြန်ဆပ်ရန် မတတ်နိုင်သောကြောင့် ပျက်ကွက်မှုများ ရှိလာကြသည်။ ထို့ကြောင့် ထိုချေးငွေ များကို ပြန်ဆပ်ရန်အတွက် တရားဝင်မဟုတ်သော အဖွဲ့အစည်းများထံတွင် အတိုးနှုန်းမြင့်မားစွာဖြင့် တဆင့် ချေးယူကြပြီး ပြန်ဆပ်ကြရသည်။ အသက်မွေးဝမ်းကြောင်း အထောက်အပံ့များသည် တောင်သူလယ်သမားများ အတွက် အကျိုးကျေးဇူးရှိသော်လည်း အခြေခံအဆောက်အဦအခြေအနေများပေါ်တွင် မူတည်ပြီး ဈေးကွက် လက်လှမ်းမီမှု အခြေအနေများအရ ထုတ်လုပ်နိုင်စွမ်းအကျိုးအမြတ်များတွင် အကန့်အသတ် ရှိနေကြသည်။

**ပြင်ပအထောက်အပံ့များသည် လူမှုရေးဖွဲ့စည်းပုံများနှင့်ခေါင်းဆောင်မှုအပေါ်တွင် မည်သို့မည်ပုံ အခြေခံကျကျ သက်ရောက်နေသည်ဆိုသည်ကိုမူ မရှင်းလင်းပါ။** ထောက်ပံ့ရေးကော်မတီများတွင် ပါဝင်ဆောက်ရွက်ခြင်းသည် တည်ရှိပြီးဖြစ်သော လူမှုရေးစံသတ်မှတ်ချက်များကို မပြောင်းလဲနိုင်ပါ။ သို့သော်လည်း အချို့သောကျေးရွာများတွင် မေးမြန်းလေ့လာခဲ့သူများတွေ့ရှိရသည်မှာ အထောက်အပံ့များနှင့်ပတ်သတ်သော ဆုံးဖြတ်ချက်များချရာတွင် အများပါဝင်ခွင့်ရခြင်းသည် (အနည်းဆုံးကာလတိုအတွင်း)လူမှုရေး အပြောင်းအလဲများကို ဖြစ်စေသည်။ ဥပမာ အားဖြင့် အမျိုးသမီးများသည် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ကိုယ်တိုင်စုစည်း လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

**ကွင်းဆင်းလေ့လာခဲ့သော ၂ နှစ်တာအတွင်းတွင် ပြင်ပကူညီထောက်ပံ့သူ အဖွဲ့အစည်းများပိုမိုများပြားလာ သည်ကို သိသာထင်ရှားစွာ တွေ့ရှိရသည်။** အထောက်အပံ့အဖွဲ့ အစည်းအများစုမှာ အန်ဂျီအိုအဖွဲ့အစည်းများ ဖြစ်သည်။ အထောက်အပံ့အကူအညီအများစုသည် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ထောက်ပံ့ကြပြီး၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ဦးတည်ထောက်ပံ့သည်။ စိုက်ပျိုးရေးကဏ္ဍ ပြီးလျှင် အခြေခံအဆောက်အဦများအတွက် ဦးတည်သည်။ အမှန်တကယ်အားဖြင့် ရွာသူရွာသားများသည် အခြေခံအဆောက်အဦများနှင့် (ချေးငွေများအပါအဝင်) အသက်မွေးဝမ်းကြောင်းဆိုင်ရာ သွင်းအားစုများအတွက် ရေရရှိမှုနှင့်ပညာရေး ကဏ္ဍတွင် လိုအပ်ကြောင်းတင်ပြပြောဆိုခဲ့ကြသည်။ ကျေးရွာများသည် ဈေးကွက်များ

ကျောင်းများသို့ချိတ်ဆက် လက်လှမ်းမီနိုင်ရေးအတွက် အခြေခံအဆောက်အဦများသည် ကျေးရွာအဆင့်တွင် အထူးလိုအပ်နေဆဲပင်ဖြစ်သည်။ ချင်းပြည်နယ်တွင် ထိုသို့လိုအပ်ချက်အများဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ဒုတိယ ဖြစ်သည်။

**အကျိုးခံစားခွင့်ရှိသူ လျာထားမှုမူဘောင်သည် အလှူရှင် အဖွဲ့အစည်းများ၏ အဓိကဦးစားပေးလိုသည်များကိုသာ အဓိကထင်ဟပ်သည်။** ၎င်းလျာထားမှု မူဘောင်တွင် ကျေးလတ်နေပြည်သူများ၏ အကြံပေးချက်များပါဝင်မှု နည်းပါးသည်။ ရွာသူရွာသားများသည် ထောက်ပံ့မှုပေးသောအဖွဲ့များမှ လျာထားသော အစီအစဉ်များကို ကျေနပ်မှု ရှိကြောင်း အများအားဖြင့် ပြောဆိုကြသော်လည်း ရံဖန်ရံခါတွင် ထိုလျာထားမှုအစီအစဉ်များမှာ ကျေးလတ်နေ ပြည်သူတို့နားလည်လက်ခံထားသော ထိခိုက်လွယ်နွမ်းပါးမှုဆိုသည်နှင့် ကိုက်ညီခြင်းမရှိသည်ကို တွေ့ရသည်။ ကျေးရွာသားများနှင့် ၎င်းတို့၏ခေါင်းဆောင်များသည် ပံ့ပိုးမှုပေးသောအဖွဲ့များမှ အဆိုပြုလာသော လျာထားမှု အစီအစဉ်များသည် ရပ်ရွာ၏ လူမှုသဟဇာတဖြစ်မှုအား ထိခိုက်စေသည်ဟုဆိုကြသည်။

**အများအားဖြင့် ပြင်ပအထောက်အပံ့များအား ကူညီထောက်ပံ့မှုပေးသော အဖွဲ့များ၏ ကမကထပြုမှုဖြင့် ဖွဲ့စည်း ထားသော ကျေးရွာကော်မတီများမှတဆင့် ဖြန့်ဝေသည်ကို တွေ့ရှိရသည်။** ၎င်းကျေးရွာကော်မတီများ၏ ကူညီ ထောက်ပံ့မှုနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှုများသည် ကျေးရွာ၏ရှိရင်းစွဲ လူမှုစံနှုန်းများ ပွင့်လင်းမြင်သာမှု အတိုင်းအတာများအရသာ ဆောင်ရွက်လေ့ရှိသည်။ ထောက်ပံ့မှုနှင့်ဆိုင်သော မကျေနပ်မှုများကို ဖြေရှင်းရသည့် ကိစ္စရပ်များကိုလည်းတွေ့ရှိရသည်။ လေ့လာခဲ့သော ကျေးရွာများ၏ ထက်ဝက်ခန့်တွင် မကျေနပ်ချက် တိုင်ကြား မှုများပေါ်ပေါက်သည်ကို တွေ့ရှိရသော်လည်း ၎င်းတို့အနက်မှ ကိစ္စရပ် ၂ ခုကိုသာ ကျေးရွာသားများ ကျေနပ် လက်ခံသည့်ပုံစံဖြင့် ဖြေရှင်းနိုင်ခဲ့သည်ကို တွေ့ရသည်။

အချို့သောထောက်ပံ့မှုများ ပေးအပ်သည့်အခါတွင် အခက်အခဲများရှိသည်ကိုတွေ့ရသည်။ အထူးအားဖြင့်ချေးငွေ ပံ့ပိုးပေးသော ကိစ္စရပ်များတွင်ပင်ဖြစ်သည်။ အသေးစားချေးငွေစီမံချက်များသည် ကျေးရွာ၏လိုအပ်ချက်များကို တစ်နည်းတစ်လမ်းဖြင့် ဖြည့်ဆည်းပေးနေသည်ကို တွေ့ရသော်လည်း ချေးငွေပံ့ပိုးမှုပုံစံ လိုအပ်ချက်များနှင့် အတိုးနှုန်းနည်းပါးခြင်း စသည်တို့မှ ပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရသည်။ ကျေးရွာသားအများစုမှာ ၎င်းတို့ပြန်ဆပ်ရမည့်ချေးငွေများကို ပြန်ဆပ်နိုင်ခြင်းမရှိဘဲ အတိုးနှုန်းကြီးကြီးဖြင့် ငွေတိုးပေးစားသူများထံမှ ထပ်မံ ချေးယူ၍ ပြန်ဆပ်ရန်ကြိုးပမ်းလေ့ရှိကြကြောင်း ကျေးရွာခေါင်းဆောင်များမှ ထုတ်ဖော်ပြောကြသည်။

# မိတ်ဆက်

**လူမှုရေးနှင့်စီးပွားရေးစောင့်ကြည့်လေ့လာမှု (Qualitative Social & Economic Monitoring -QSEM) သည် မြန်မာနိုင်ငံကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းဖြင့် နားလည်သိရှိစေရန် ရည်ရွယ်ပါသည်။** ဤသုတေသနစစ်တမ်းသည် မြန်မာ့ကျေးလက်ဒေသရှိ ပြည်သူများ၏ လုပ်ကိုင်စားသောက်နေထိုင်နေမှု အခြေအနေများ၊ ထိုသို့လုပ်ကိုင်စားသောက် နေထိုင်နေကြသော အခြေအနေများပေါ်တွင်လွှမ်းမိုးသက်ရောက်မှုရှိနေသော လူမှုရေးနှင့်ဒေသဆိုင်ရာမူဝါဒများ၊ အဖွဲ့အစည်းများ စသည်တို့သည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများနှင့် အကျိုးအမြတ်များအပေါ် မည်သို့အကျိုးသက်ရောက်သည် ကိုရှာဖွေဆန်းစစ်ခြင်းဖြစ်သည်။ အသက်မွေးဝမ်းကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ ထောက်ပံ့ရေးအတွက်လည်းကောင်း၊ ကြိုတင်စီမံကိန်းရေးဆွဲရာတွင် မှန်ကန်သောရွေးချယ်မှုများကို ဒေသလိုအပ်ချက်နှင့်အညီ ပြုလုပ်နိုင်ရန်၊ မှန်ကန်ထိရောက်သောပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ် လေ့လာခြင်းဖြစ်ပါသည်။

**ဤလေ့လာမှုစစ်တမ်းသည် (အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ - Livelihood & Food Security Trust Fund) ၏ ဒေသဖွံ့ဖြိုးမှု အခြေအနေများအပေါ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာအစီအစဉ်များကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပုံဖော်ထားသည်။** LIFT အဖွဲ့သည် မြန်မာ့ကျေးလက်ဒေသများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ၅ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ကို ထောက်ပံ့လှူဒါန်းသွားနိုင်ရန် မျှော်မှန်းထားသည်။ ၎င်းရံပုံငွေသည် မြန်မာ့ကျေးလက်နေပြည်သူနှစ်သန်း၏ စားနပ်ရိက္ခာ ဖူလုံမှုတိုးတက်လာစေရေးနှင့် ဝင်ငွေတိုးလာစေရေးအတွက် ရည်ရွယ်သည့်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မိတ်ဖက်အဖွဲ့အစည်းများအား ရံပုံငွေ ထောက်ပံ့နေခြင်းဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးမှုအထောက်အပံ့များ ထိရောက်စွာပေးနိုင်ရန်အတွက် စိန်ခေါ်မှု အခက်အခဲများစွာကိုရင်ဆိုင်ရသည်။ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရသော်လည်း ပိုမိုအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးကိုရည်ရွယ်သည်။ စိန်ခေါ်မှုများအနက် တစ်ခုမှာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအကြောင်းအရာများ မတူညီသောဒေသအသီးသီး၏ လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးမှုအထောက်အပံ့များအား ထိရောက်စွာ ပေးနိုင်ရေးဖြစ်သည်။ ဒုတိယအချက်မှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ကာလတို ဖြည့်ဆည်းထောက်ပံ့ခြင်းမှတစ်ဆင့် ရေရှည်စဉ် ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းများအား မည်သို့ကူးပြောင်းလုပ်ဆောင်ရမည် ဆိုသည့်အချက်ဖြစ်ပြီး တတိယစိန်ခေါ်မှုမှာ LIFT သည်ဒေသတွင်းပြောင်း လဲလာသောအခြေခံလိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးနိုင်စေရန်သာမကထပ်မံ ထွက်ပေါ်လာမည့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန်ဖြစ်သည်။

**ထိုစိန်ခေါ်မှုများမှာ LIFT အဖွဲ့မှ အထောက်အပံ့ပေးရန် ရွေးချယ်ထားသောနေရာများရှိ အသက်မွေးဝမ်းကြောင်းဆိုင်ရာလိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ပတ်သက်သောသတင်း အချက်အလက် လိုအပ်မှုပင်ဖြစ်သည်။** ထို့အပြင် အဆိုပါအချက်များသည် ပထဝီအနေအထား၊ အထောက်အပံ့ပေးရန် လျာထားမှုနှင့် အချိန်ကာလပြောင်းလဲစေသည့်အချက်သည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ LIFT အဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် နက်နက်နဲနဲ သဘောပေါက်နားလည်စေရန် သုတေသနပြုလေ့လာခြင်းဖြင့်လည်းကောင်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများပြု၍လည်းကောင်း၊ လေ့လာသင်ယူမှုကို အရှိန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။ ဤသုသေသနစစ်တမ်းမှာ ဒေသဆိုင်ရာအချက်အလက်များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ စိန်ခေါ်မှုများကိုပိုမိုကောင်းမွန်စွာနားလည်သဘော ပေါက်စေရန်လေ့လာတင်ပြခြင်းဖြင့် LIFT ဘုတ်အဖွဲ့အားဗျူဟာမြောက်ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက်ပေးရန် ရည်ရွယ်သည်။

**ထိုစိန်ခေါ်မှုများ ဆိုသည်မှာ LIFT အဖွဲ့မှ အထောက်အပံ့ပေးရန် ရွေးချယ်ထားသောနေရာများရှိ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက်လိုအပ်မှုပင်ဖြစ်သည်။** ထို့အပြင် အဆိုပါအချက်များသည် ပထဝီအနေအထား၊ အထောက်အပံ့ပေးရန် လျာထားမှုနှင့် အချိန်ကာလ ပြောင်းလဲစေသည့်အချက်သည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ LIFT အဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် နက်နက်နဲနဲ သဘောပေါက်နားလည်စေရန် သုတေသနပြုလေ့လာခြင်းဖြင့်လည်းကောင်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများပြု၍လည်းကောင်း၊ လေ့လာသင်ယူမှုကို အရှိန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။ ဤသုတေသနစစ်တမ်းမှာ ဒေသဆိုင်ရာအချက်အလက်များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက် စေရန်လေ့လာတင်ပြခြင်းဖြင့် LIFT ဘုတ်အဖွဲ့အား ဗျူဟာမြောက်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် သတင်းအချက်အလက်ပေးရန် ရည်ရွယ်သည်။

**လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုသုတေသနစစ်တမ်းသည် တစ်ခုနှင့်တစ်ခု အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းစဉ် ၂ ရပ်ကို တွဲဖက်ပြုလုပ်ပါသည်။** ပထမလုပ်ငန်းစဉ်မှာ အကြမ်းဖြင်းအားဖြင့် ပုံမှန် ၆ လ တစ်ကြိမ် စီမံကိန်းရှိသော ကျေးရွာများထဲမှ ဒေသကိုယ်စားပြု ကျေးရွာပေါင်း ၅၄ ရွာရွေးချယ်ကာ သုတေသနစစ်တမ်းကောက်ယူခြင်းနှင့် ဒုတိယလုပ်ငန်းစဉ်မှာ ကျေးရွာအဆင့်ကွင်းဆင်းလေ့လာရာမှ တွေ့ရှိလာသော ပြဿနာအကြောင်းအရာများအပေါ်တွင် အခြေခံကာ အကြောင်းအရာအခြေပြုလေ့လာခြင်း ဖြစ်သည်။ ယင်းမှာ နေရာဒေသအလိုက် (ဥပမာမြို့နယ်များအလိုက်) ပိုမိုကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ ရည်ရွယ်လေ့လာခြင်း ဖြစ်သည်။ ဤအစီအရင်ခံစာတွင် ပထမအကြိမ်မြောက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုစစ်တမ်းမှ တွေ့ရှိချက်များကို အခြေခံတင်ပြထားပါသည်။

**ယခင်ကပြုလုပ်ခဲ့သည့် မြန်မာကျေးလက်ဘဝနှင့် ဆက်နွယ်သော စစ်တမ်းများအပေါ်တွင် အခြေတည်၍ ပိုမိုပြည့်စုံစေရန်လည်းကောင်း ဤသုတေသနစစ်တမ်းကို ပြုစုထားပါသည်။** ဤသုတေသနစစ်တမ်းတွင် ဆိုင်ကလုန်းနာဂစ်အပြီး မြစ်ဝကျွန်းပေါ် ဒေသတွင်ဆန်းစစ်လေ့လာခဲ့သော လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းစစ်တမ်း (Post Nargis Social Impact Monitoring-SIM)၊ မြို့နယ်အဆင့် ချေးငွေဈေးကွက်လေ့လာမှု၊ UNDP မှ ပြုလုပ်သော အိမ်ထောင်စုများ၏ ရှင်သန်နေထိုင်မှု စစ်တမ်း (Household living Condition Survey)၊ မြန်မာ့ကျေးလက်ဒေသ အဖွဲ့အစည်းများသုံးသပ်လေ့လာမှု (What lies Beneath) နှင့် ၎င်း၏နောက်ဆက်တွဲ လေ့လာမှုအဖြစ် UNDP နှင့် မြန်မာ့ဖွံ့ဖြိုးရေးသုတေသနတို့ ပြုလုပ်သောကျေးရွာအဖွဲ့ အစည်းများဆိုင်ရာသုတေသန၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လေ့လာမှု ရေ့ပြေးအစီရင်ခံစာနှင့် LIFT အခြေအနေပြ စစ်တမ်း (LIFT Baseline Survey)၊ နှင့်အခြားစောင့်ကြည့် လေ့လာခြင်းဆိုင်ရာ သုတေသနစစ်တမ်းများစွာပါဝင်ပါသည်။

## ဦးတည်လေ့လာသည့် အကြောင်းအရာများနှင့် လေ့လာမှု မူဘောင်


**QSEM သည် အောက်ပါအချက်သုံးချက်ကို ခြေခြေမြစ်မြစ်နားလည်နိုင်စေရန် ရည်ရွယ်၍ လေ့လာပါသည်။**

(က) LIFT စီမံကိန်းပြုလုပ်ရာဒေသများ၏ ရုပ်ပိုင်းဆိုင်ရာအခြေအနေများ၊ စီးပွားရေး၊ လူမှုရေးနှင့် အဖွဲ့အစည်းပိုင်း ဆိုင်ရာအခြေအနေများနှင့်ယင်းအခြေအနေသည် ဒေသအလိုက် မည်သို့ကွဲလွဲမှုရှိသည်၊

(ခ) ထိုကဲ့သို့သော ဒေသဆိုင်ရာအကြောင်းအရာများသည် ကျေးလက်နေပြည်သူများ ရွေးချယ်ပြုလုပ်လျက်ရှိသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ပြည်သူများ အကျိုးစီးပွားကို မည်ကဲ့သို့ ပုံဖော်ပေးနေသည်၊

(ဂ) LIFT အဖွဲ့မှ အကူအညီများအပါအဝင် ပြင်ပအထောက်အပံ့များသည် အသက် မွေးဝမ်းကြောင်းမှု များကို မည်သို့မည်မျှအထောက်အပံ့ဖြစ်စေသည် (သို့မဟုတ်) ဒေသဆိုင်ရာအခြေအနေများကို မည်သို့ဖန်တီးပေးနေသည်၊

အထက်ဖော်ပြပါ အချက်များကို ကဏ္ဍကြီး ၅ ရပ်ခွဲ၍ လေ့လာသည်။ ၎င်းတို့ကို အောက်ဖော်ပြပါပုံတွင် လေ့လာနိုင်သည်။




**QSEM ၏ ပထမရည်ရွယ်ချက်မှာ အထက်ပါ လေးထောင့်ကွက်အသီးသီးထဲမှ အကြောင်းအရာများကို သိရှိနားလည်သဘောပေါက်ပြီး ရှင်းလင်းပုံဖော်နိုင်စေရန်ဖြစ်သည်။** မြန်မာ့ကျေးလက်ဒေသရှိ ပြည်သူများသည် မည်သို့သော အသက်မွေးဝမ်းကြောင်းပုံစံများဖြင့် ရပ်တည်နေထိုင်ကြသနည်း။ ပြင်ပအဖွဲ့အစည်းများမှ မည့်သည့် အထောက်အပံများ ထောက်ပံ့နေပါသနည်း။ ကျေးရွာအသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများတွင် မည်သည့် အဖွဲ့အစည်းများသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားနေကြပါသနည်း။ ရွာသားများသည် ကြုံတွေ့လာရသည့် အခက်အခဲများအား မည်ကဲ့သို့အချိန်မီ ရင်ဆိုင်ဖြေရှင်းနိုင်ကြသနည်း။

**ဒုတိယရည်ရွယ်ချက်မှာ အထက်ပါ ကဏ္ဍကြီး ငါးရပ် (လေးထောင့်ကွက်ငါးခု) ၏ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စက်နေမှုအခြေအနေများကို လေ့လာခြင်းဖြစ်သည်။** ဥပမာအားဖြင့် ပြင်ပအထောက်အပံ့များသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်များ၊ အခက်အခဲရင်ဆိုင်ဖြေရှင်းမှုများနှင့် လူမှုရေးအဆောက်အဦများအပေါ်တွင်မည်သို့ အကျိုးသက်ရောက်မှုရှိစေပါသနည်း။ အပြန်အလှန်အားဖြင့် လူမှုရေးအဆောက်အဦများသည် ဒေသတွင်းစီးပွားရေး ပတ်ဝန်းကျင်ကို မည်သို့ပြောင်းလဲပုံဖော်ပေးနိုင်ပါသနည်း။ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းရန်နည်းလမ်းများသည် အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများနှင့် အကျိုးအမြတ်များကို မည်သို့ ပြောင်းလဲအကျိုးသက်ရောက်စေပါသနည်း။ ပုံတွင် မြှားများဖြင့် ကဏ္ဍကြီးငါးရပ်အကြား အချင်းချင်းဆက်စပ်လျက်ရှိရသည့် အခြေအနေကိုဖော်ပြထားပြီး၊ ကဏ္ဍအသီးသီး၏ တစ်ခုနှင့်တစ်ခုအပေါ် သက်ရောက်မှုအကျိုးကိုပါ ထည့်သွင်းသုံးသပ်ထားခြင်းဖြစ်သည်။ မတူညီသောအခန်းကဏ္ဍ အသီးသီးကို ချိတ်ဆက်လေ့လာမှုသည် ကျေးလက်နေပြည်သူများအနေဖြင့် အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများကို မည်သို့ပြုလုပ်ကြောင်းနှင့် မည်သို့သောမတူညီသည့် အကျိုးအမြတ်များရရှိနေကြောင်းကိုနက်နက်နဲနဲ နားလည်သဘော ပေါက်စေသည်။

## သုတေသန နည်းစနစ်

**အဆိုပါမေးခွန်းများကို ဖြေဆိုနိုင်ရေးအတွက်နက်နဲသည့် ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန် လိုအပ်သည်။** မြန်မာနိုင်ငံ၏ အကျယ်အဝန်းနှင့် နိုင်ငံအတွင်း ဒေသအလိုက်အမျိုးမျိုးကွဲပြားမှုများအပြင် LIFT အဖွဲ့၏ စီမံကိန်း နယ်ပယ်ကျယ်ပြန့်မှုကြောင့် ဒေသအားလုံးကိုကိုယ်စားပြုနိုင်သည့် ကျေးရွာများကို ရွေးချယ်နိုင်ရန်မှာမဖြစ်နိုင်ပေ။ ဒေသစုံ၊ အခြေအနေစုံကို ခြုံငုံမိစေရန်မှာ ယခုထက်များစွာပိုသောကျေးရွာများကို လေ့လာရမည်ဖြစ်ပြီး၊ အရေအတွက်များသောကြောင့် အခြေအနေတစ်ရပ်ကို အသေးစိတ်နက်နက်နဲနဲလေ့လာသည့် Qualitative သုတေသနနည်းဖြင့် လေ့လာရန်မှာမူ မဖြစ်နိုင်တော့ချေ။ [၁]တစ်နိုင်ငံလုံးကို ခြုံငုံမိသောအချက်အလက်ရရှိရန်မှာမူ Quantitative သုတေသနပြုနည်းနာ (အိမ်ထောင်စုစစ်တမ်း) သုံးမှသာသင့်လျော်သည်။ ထို့ကြောင့် QSEM သည် ဒေသခံများ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများနှင့် အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများအပေါ် အကျိုး သက်ရောက်စေသည့် အမျိုးမျိုးသော အခြေခံအကြောင်းအရာများကိုသာ အလေးပေးလေ့လာခဲ့သည်။ LIFT အဖွဲ့ စီမံကိန်းဝင်သော ဒေသများ၏ အခြေအနေနှင့် ကိုက်ညီသော ကိုယ်စားပြုရွာများရွေး ချယ်လေ့လာနိုင်ရန်လည်း စီမံရွေးချယ်ခဲ့သည်။

**QSEM သည် ပထဝီအနေအထားအမျိုးမျိုးရှိ ကျေးရွာများကို " ရည်ရွယ်ချက်ဖြင့်အလွှာခွဲရွေးချယ်နည်း " (Purpose Stratified Sampling) ကိုသုံး၍ ကိုယ်စားပြုရွာများအဖြစ် ရွေးချယ်ခဲ့သည်။** ရွေးချယ်ထားသော ဒေသများမှာ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံသောစီးပွားရေးဇုန် ၃ ခု (မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် ကမ်းရိုး တန်းဒေသ၊ တောင်ပေါ်ဒေသ နှင့် အပူပိုင်းဒေသ)မှ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှစ်ခုစီဖြင့် စုစုပေါင်း ခြောက်ခုဖြစ်သည်။ အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီမှ ပထဝီဂင်အနေအထားအရ သီးခြား တည်ရှိသောမြို့နယ် သုံးခုကို ရွေးချယ်သည်။ ထိုမြို့နယ် တစ်ခုစီသည် LIFT စီမံကိန်းရှိရာဒေသ၏ ဆင်းရဲချို့တဲ့မှု အမြင့်ဆုံးခရိုင်သုံး ခုတွင်တည်ရှိပြီး စုစုပေါင်း ၁၈ မြို့နယ်ရွေးချယ်ခဲ့သည်။ တစ်မြို့နယ်လျှင် ၃ ရွာကျစီဖြင့် စုစုပေါင်း ၅၄ ရွာတွင် ရေအရင်းအမြစ်လက်လှမ်းမှီမှုနှင့် ကုန်သွယ်မှုဈေးကွက် လက်လှမ်းမှီမှုအခြေအနေ ကွာခြားချက်ကို လိုက်၍ စံနမူနာထားကာ ထပ်မံရွေးချယ်ခဲ့သည်။

**QSEM ၏ ကွင်းဆင်းလေ့လာမှုကိုရာသီအလိုက်၊ နှစ်ကာလအလိုက် ပြောင်းလဲမှုများကို ခြုံငုံမိစေရန် စီမံထား သည်။** သုံးနှစ်တာကာလအတွင်း တစ်နှစ်နှစ်ကြိမ် ကွင်းဆင်းလေ့လာမှု ပြုလုပ်မည်ဖြစ်သည်။ အသက် မွေးဝမ်းကြောင်းဆိုင်ရာ အကြောင်းအချက်များသည် နှစ်ကာလအလိုက် သိသိသာသာပြောင်းလဲနေခြင်းကြောင့် မိုးရာသီနှင့်ပွင့်လင်းရာသီ နှစ်မျိုးစလုံးတွင် ရွေးချယ်ထားသော ကျေးရွာများ၌ စံနမူနာထား လေ့လာသော ဒေသများသို့ သွားရောက်ကွင်းဆင်း လေ့လာမည် ဖြစ်သည်။ ဤနည်းဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး၌ မိုးရာသီတွင် ၂ ကြိမ်၊ ပွင့်လင်းရာသီတွင် ၂ ကြိမ် လေ့လာနိုင်ရန် စီမံထားသည်။ ကွင်းဆင်းလေ့လာမှု တစ်ခုစီတွင် ပြည်နယ်နှင့်တိုင်းဒေကြီး ၄ ခု၊ မြို့နယ် ၁၂ ခု နှင့် ကျေးရွာ ၃၆ ရွာတွင် သွားရောက်လေ့လာမည်ဖြစ်သည်။

**ပထမအကြိမ် QSEM လေ့လာမှုစစ်တမ်းအတွက်ရွေးချယ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ** မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး(အပူပိုင်းဒေသ)၊ ချင်းပြည်နယ်(တောင်ပေါ်ဒေသ)နှင့် ရခိုင်ပြည်နယ် (ကမ်းရိုးတန်းဒေသ)တို့ဖြစ်သည်။ ဒုတိယအကြိမ် QSEM လေ့လာမှုစစ်တမ်း (QSEM-2) အတွက် ဧရာဝတီတိုင်း ဒေသကြီး (ကမ်းရိုးတန်းဒေသ/ မြစ်ဝကျွန်းပေါ်ဒေသ) နှင့် ရှမ်းပြည်နယ်(တောင်ပေါ်ဒေသ) တို့တွင် သွားရောက် လေ့လာမည်ဖြစ်သည်။ QSEM-1 လေ့လာမှုစစ်တမ်းအတွက်ရွေးချယ်ထားသောမြို့နယ်များမှာ ဇယား (၁) တွင်

---

[၁] တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်ပြောနိုင်သော ကိန်းဂဏန်းအချက်အလက်များအတွက် ဆိုလျှင်မူ အခြားသောLIFT ၏ M&E မူဘောင်အရ လေ့လာထားသော qualitative House Hold Survey ကဲ့သို့သော လေ့လာမှုများမှ ပို၍ သိနိုင်မည်ဖြစ်သည်။

ဖော်ပြထားသည်။ ကျေးရွာတိုင်း၏ ပင်ကိုယ်လက္ခဏာရပ်များမှာ မတူညီကြပါ။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်တွင် လေ့လာခဲ့သောကျေးရွာ ၉ ရွာအနက် ၅ ရွာမှာ ဆိုင်ကလုန်း ဂီရိ ဘေးဒဏ်သင့်ခဲ့သည်။ QSEM-1 လေ့လာမှုစစ်တမ်းသည် ကျေးရွာတစ်ရွာချင်း၏ ပင်ကိုယ်လက္ခဏာရပ်များအား တစ်စိတ်တစ်ဒေသအားဖြင့် ပုံဖော်ပေးထားခြင်းဖြစ်သည်။

**ဇယား(၁) ။ လေ့လာခဲ့သော မြို့နယ်များ**

| တိုင်း (သို့)ပြည်နယ် | မြို့နယ် |
|---|---|
| မန္တလေးတိုင်း | နွားထိုးကြီး၊ တောင်သာ၊ သာစည် |
| မကွေးတိုင်း | မင်းဘူး၊ မြိုင်၊ အောင်လံ။ |
| ချင်းပြည်နယ် | ထန်တလန်၊ တွင်းဇံ၊ ဖလမ်း |
| ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ဂွ၊ မြေပုံ။ |

၂၀၁၂ ခုနှစ် မတ်လမှမေလအတွင်း QSEM လေ့လာရေးအဖွဲ့သည် ၄ ယောက်တစ်ဖွဲ့ကျ၊ ကျေးရွာတစ်ရွာတွင်း ၃ ညအိပ် ၄ ရက်ကြာလေ့လာမှုပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူများတွင် ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသာရေးနာရေးကိစ္စများတွင် ဦးဆောင်ဦးရွက်ပြု ဆုံးဖြတ်လုပ်ဆောင်ရသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ တောင်သူလယ်သမားများ၊ ငါးဖမ်းသမားများ၊ အခြားမတူညီသော အလုပ်အကိုင်များအလိုက် အလုပ်သမားများနှင့်အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၊ မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများ၊ လူငယ်များ၊ အမျိုးသမီးများစသည့် ထိခိုက်လွယ်နွမ်းပါးသူများ ပါဝင်ပါသည်။ ကွင်းဆင်းလေ့လာသူများသည် ဖြစ်နိုင်သမျှ ရှုထောင့် အမျိုးမျိုးမှအမြင်ပေါင်းစုံရရှိရန် ကြိုးပမ်းခဲ့သည်။ ရရှိသောသတင်းအချက်အလက်များအားခိုင်လုံစေရန် အုပ်စုအသီးသီး၏ အမြင်များကို ရယူလေ့လာခဲ့သည်။ ကျေးရွာ၊ မြို့နယ်၊ ဒေသအသီးသီးကို နှိုင်းယှဉ်သုံးသပ်မှု ပြုနိုင်ရန်ကျေးရွာအသီးသီး၌ သုတေသနပညာရှင်များသည် ကျေးရွာအဆင့်၊ မြို့နယ်အဆင့် အချက်အလက်များကို တပြေးညီကောက်ယူခဲ့သည်။ ဖြစ်ပေါ်နေသောအကြောင်းအရာအားလုံးကို နက်နက်နဲနဲ ရှာဖွေဖော်ထုတ်နိုင်စေရန် လက်တွေ့ဖြစ်ရပ်များကိုလည်း စုစည်းလေ့လာခဲ့သည်။ QSEM-1 လေ့လာမှုစစ်တမ်းသည် ဒေသအလိုက် ကွဲလွဲမှုများအား အဓိကထား လေ့လာခဲ့သော်လည်း နောက်လာမည့် QSEM သုတေသနစစ်တမ်းများသည် အကြောင်းအရာအလိုက် ကျေးရွာများကို နက်နက်နဲနဲ နှိုင်းယှဉ်လေ့လာမည်ဖြစ်သည်။

QSEM သုတေသနစစ်တမ်းသည် Qualitative သုတေသန၏ သတင်းအချက်အလက်ကောက်ယူသည့်နည်းလမ်းအမျိုးမျိုးကိုသုံး၍ လေ့လာခဲ့သည်။ အသုံးပြုခဲ့သောနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- တစ်ဦးချင်းနက်နက်နဲနဲလေ့လာမေးမြန်းခြင်း (ပုံစံချထားသော၊ တစ်စိတ်တစ်ပိုင်းပုံစံချထားသော၊ ပုံစံမချ ထားသော မေးခွန်းများသုံးသည်။)
- ဦးတည်အုပ်စုအလိုက်ဆွေးနွေးမှုနှင့်သမရိုးကျ မဟုတ်သော အုပ်စုများနှင့် အလွတ်သဘော ဆွေးနွေးခြင်း။
- တစ်ဦးချင်းအလွတ်သဘောတွေ့ဆုံမေးမြန်းမှုနှင့် အမြင်အားဖြင့် စူးစမ်းလေ့လာမှု။

စံနမူနာလေ့လာမှုနှင့် ပတ်သက်သောထပ်မံရရှိသည့် သတင်းအချက်အလက်များနှင့် အသုံးပြုထားသော အချက်အလက် စုစည်းမှုနည်းလမ်းကို ပူးတွဲပါ QSEM ကွင်းဆင်းလေ့လာမှုလမ်းညွှန်တွင်တွေ့ရှိနိုင်ပါသည်။

## အစီရင်ခံစာ ဖွဲ့စည်းပုံ

ဤသုသေသနအစီရင်ခံစာတွင် (အပိုင်း၆) ပိုင်းဖြင့်ဖွဲ့စည်းထားပြီး မတူညီသောအကြောင်းအရာကဏ္ဍများအလိုက် လိုက်လျောညီထွေစွာ သုံးသပ်လေ့လာတင်ပြထားပါသည်။

### အခန်း (၁) ကျေးလက်ပြည်သူများ၏ အသက်မွေးမှု

ဤအခန်းတွင်ရေမြေ ဒေသအသီးသီး၏ အဓိကအသက်မွေးဝမ်းကြောင်းနှင့် ၎င်းတို့၏ အသက်မွေးမှုဆိုင်ရာ လုပ်ငန်းများ အကြောင်းကို အတိုချုပ်၍ ဖွင့်ဆို တင်ပြထားသည်။ အသေးစိတ် ဖွင့်ဆိုထားခြင်းမဟုတ်သော်လည်း သုံးသပ်လေ့လာမှု၏ ပထမအဆင့်အနေဖြင့်လည်းကောင်း၊ အသက်မွေးဝမ်းကြောင်းမှုအမျိုးမျိုးကို စာဖတ်သူများ မြင်နိုင်စေရန်လည်းကောင်း ရည်ရွယ်တင်ပြထားပါသည်။ ထို့အပြင် ရွာသားများအမြင်ကိုလည်း လေ့လာဆန်းစစ် ထားပါသည်။ ရွာသားများခံယူနားလည်ထားသောဆင်းရဲမှု၊ ချမ်းသာမှုဆိုသည်ကိုလည်း ဆန်းစစ်လေ့လာထား သည်။

### အခန်း(၂) ကျေးလက်ပြည်သူများ၏ အသက်မွေးမှုအပေါ် အကျိုးသက်ရောက်မှုများ

ဤအခန်းတွင် ဒေသခံကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများနှင့် အကျိုးအမြတ် စသည့် အခြေအနေများပေါ်တွင်ဒေသ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဂန်းကျင်၊ ဒေသပြဿနာများ၊ ရင်ဆိုင်နေရ သောစိန်ခေါ်မှုများသည် မည်ကဲ့သို့အကျိုးသက်ရောက်မှုများရှိနေသည်ကို ရှာဖွေဖော်ထုတ် တင်ပြထားပါသည်။ ထို့အပြင် ကျေးလက်နေပြည်သူများ၏ ငွေကြေးဆိုင်ရာအခြေအနေများကို အကျိုးသက်ရောက်မှုရှိနေသော အကြောင်းအရာများ (ချေးငွေဈေးကွက်၊ ကြွေးမြီနှင့်စုဆောင်းငွေများ)၊ ဒေသခံများ၏ သဘာဝနှင့်ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များပေါ်သက်ရောက်မှုရှိသော အကြောင်းအရာများ (မြေယာ၊ ရေအရင်းအမြစ်၊ သဘာဝသယံဇာတ စသည်တို့ တည်ရှိနေပုံနှင့်ရရှိနိုင်မှုအခြေအနေ)၊ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များအပေါ် ပုံဖော်နေသောအချက်အလက်များ (သွင်းအားစု၊ကုန်ထုတ်လုပ်မှုနှင့် အလုပ်သမားဈေးကွက်) စသည့်တို့နှင့် ဒေသခံများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများနှင့် ပြဿနာများကို ဆန်းစစ်လေ့လာတင်ပြထားပါသည်။ အထက်ပါ အကြောင်းအရာများတစ်ခုနှင့်တစ်ခု မည်သို့အပြန်အလှန်သက်ရောက်ပြီး ကျေးလက်နေပြည်သူတို့၏ အသက် မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များကိုပုံဖော် လျက်ရှိနေသည်ကို သုံးသပ်တင်ပြထားပါသည်။

### အခန်း(၃) အခက်အခဲများအတွက်အဖြေရှာမှုနည်းလမ်းများ

ဤအခန်းတွင် ဒေသတွင်းကျေးလက်နေပြည်သူများ ကြုံတွေ့နေရသော၊ ရုတ်တရက် ကြုံတွေ့လိုက်ရသော ပြဿနာများ၊ အခက်အခဲများကိုမည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းနေသည်ကို ဆန်းစစ်လေ့လာသုံးသပ် တင်ပြထားခြင်း ဖြစ်သည်။ ထို့သို့ဆန်းစစ် လေ့လာရာတွင်ပြင်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ်လုပ်ကိုင်ခြင်း၊ ရွှေ့ပြောင်း လုပ်သားများထံမှ ထောက်ပံ့ငွေလွှဲပို့ခြင်း၊ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်ခြင်းစသည့် ဝင်ငွေကိုပိုမိုတိုးစေခြင်း နည်းလမ်းနှင့် စားသုံးမှုလျှော့ချခြင်း၊ စားသုံးမှုပုံစံ ပြောင်းလဲခြင်းစသည့် အသုံးစရိတ်လျှော့ချသည့်နည်းလမ်းကို ဆန်းစစ်လေ့လာတင်ပြထားပြီး မတူညီသောလူမှုစီးပွားရေး အခြေအနေရှိသောအုပ်စုများ အလိုက်မည်သို့ ရုန်းကန်လှုပ်ရှားနေရသည်ကို လေ့လာတင်ပြထားသည်။

### အခန်း(၄) လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများ

အခန်း ၄ တွင် ကျေးရွာလူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားပုံ အခြေအနေများသည် ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများနှင့် အကျိုးအမြတ်များပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုရှိနေကြောင်း အခြေအနေကို ဆန်းစစ်လေ့လာတင်ပြထားသည်။ လူမှုအဖွဲ့အစည်းများနှင့်

၄င်းတို့၏ဆက်ဆံရေးသည် ကျေးလက်နေပြည်သူတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ဆိုသောအချက်နှင့် ခေါင်းဆောင်မှု၊ ကျေးရွာအဖွဲ့အစည်းများသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များကို မည်ကဲ့သို့ ပုံဖော်သည်ဆိုသော အချက်များကို လေ့လာဆန်းစစ်ခဲ့ပါသည်။

**အခန်း (၅) ပြင်ပအထောက်အပံ့များ**


ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များကို ပြင်ပအဖွဲ့အစည်းများမှ အထောက်အပံ့များသည် မည်မျှထိရောက်အကျိုးရှိနေကြောင်း လေ့လာတင်ပြထားသည်။ လိုအပ်ချက်ပမာဏနှင့် ဖြည့်ဆည်းပေးနိုင်မှုအတိုင်းအတာပမာဏ၊ အထောက်အပံ့များ၏ ထိရောက်မှု၊ အထောက်အပံ့များနှင့် ပတ်သက်သောဆုံးဖြတ်ချက်ချမှုပုံစံနှင့် အထောက်အပံ့ပေးနိုင်မှု အတိုင်းအတာစသည်တို့ကို သုံးသပ်လေ့လာဖော်ပြထားပါသည်။

**အပိုင်း(၆) နိဂုံးချုပ် သုံးသပ်ချက်နှင့် QSEM-2 အတွက် အကြံပြုချက်များ**

ဤအစီရင်ခံစာ၏ အခန်း(၆)သည် သုတေသန၏ အဓိကတွေ့ရှိချက်များကို မီးမောင်းထိုးပြထားသည်။ ထို့အပြင် သုတေသနပြုစဉ်ကာလအတွင်းကြုံတွေ့ခဲ့ရသော ပြဿနာ၊ အခက်အခဲများနှင့် ရှေ့ဆက်၍ နက်နက်နဲနဲ လေ့လာရန် လိုအပ်သောအကြောင်းအရာများကို ဖော်ထုတ်တင်ပြထားသည်။

Myanmar Information Management Unit

## QSEM 1 - မြို့နယ်မြေပုံ



# အခန်း (၁) ကျေးလက်ပြည်သူများ အသက်မွေးဝမ်းကြောင်းပြုပုံ

## အနှစ်ချုပ်

QSEM သုတေသနစစ်တမ်းက အသက်မွေးဝမ်းကြောင်းလုပ်ကိုင်မှုပုံစံများသည် မတူညီသော ရေမြေသဘာဝ ရှိသည့် စိုက်ပျိုးရေးဇုံအလိုက် သိသာထင်ရှားစွာ ကွဲပြားခြားနားကြောင်း တွေ့ရှိခဲ့ပါသည်။ ချင်းပြည်နယ်မှအပ လေ့လာခဲ့သော ကျန်ဒေသများအားလုံးတွင် အများဆုံးလုပ်ကိုင်ကြသော အခြေခံအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ လက်လုပ်လက်စား ကျပန်းအလုပ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စု အများစုမှာစိုက်ပျိုးမြေ အနည်းငယ်ကို ပိုင်ဆိုင်ကြပါသည်။ ဒုတိယအများဆုံးလုပ်ကိုင်ကြသောအခြေခံ အသက် မွေးဝမ်းကြောင်းလုပ်ငန်းမှာ အသေးစားစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိကအားဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင် ကြသောသူများသည် ငါးဖမ်းလုပ်ငန်းကို အခြေခံအသက်မွေး ဝမ်းကြောင်းလုပ်ငန်းအနေဖြင့် လုပ်ကိုင်ကြပြီး၊ အခြား သူများမှာမူ အသေးစားစီးပွားရေးလုပ်ငန်းများ၊ ကိုယ်ပိုင်လုပ်ငန်းငယ်များဖြင့် အခြေခံအသက်မွေးဝမ်းကြောင်း မှုကို လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ လေ့လာခဲ့သောဒေသအားလုံးတွင် အိမ်ထောင်စုများသည် အသက် မွေးဝမ်းကြောင်းနိုင်သည့် ရင်းမြစ်များစွာရှိသည်ကို တွေ့ရပါသည်။ မွေးမြူရေးနှင့်ကျေးရွာတွင်း ကိုယ်ပိုင်လုပ်ငန်း ငယ်များအပါအဝင် အခြားသောရင်းမြစ်များမှ ဝင်ငွေများကိုယင်းတို့၏ အခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်း၏ ဝင်ငွေတွင်ဖြည့်စွက်နိုင်ရန် လုပ်ဆောင်ကြသည်ကို လေ့လာတွေ့ရှိခဲ့သည်။ ပိုမိုကြွယ်ဝချမ်းသာသူများသည် ပိုမို ကောင်းမွန်သော အသက်မွေးမှုဆိုင်ရာ ရင်းမြစ်များကို ပိုင်ဆိုင်ကြပြီး၊ ထိုအချက်ကြောင့်ပင် အကျိုးအမြတ် ပိုများသောအသက်မွေးမှု လုပ်ငန်းများကိုလုပ်ကိုင်နိုင်သည်။ ထို့ပြင်လိုအပ်သော အရင်းအနှီးအတွက် အတိုးနှုန်း သက်သာသော ချေးငွေကို လက်လှမ်းမီရရှိနိုင်ကြပြီး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အမျိုးမျိုးခွဲခြား လုပ်ကိုင်နိုင်ခြင်းဖြင့်လည်း၊ ဆုံးရှုံးနိုင်မည့် အလားအလာများ လျော့ချနိုင်ကြသည်ကို တွေ့ရပါသည်။ ဆင်းရဲသူများ ထက်စာလျှင်ပိုမိုချမ်းသာသူများသည် တစ်နှစ်တာပတ်လုံးပုံမှန်ဝင်ငွေ စီးဆင်းမှုလည်းပိုများသည်ကို လေ့လာ တွေ့ရှိရပါသည်။ ဆင်းရဲသားဆိုသူအများစုမှာ ဖြစ်လေ့ရှိသည့်အတိုင်း တောင်သူလယ်သမားငယ်လေးများနှင့် လယ်ယာမဲ့ လက်လုပ်လက်စားများဖြစ်ကြသည်။ လူချမ်းသာများနှင့်စာလျှင် သူတို့၏ဝင်ငွေမှာ ရာသီအလိုက် ပြောင်းလဲလုပ်ကိုင်ရမှု ပိုမိုသကဲ့သို့၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေဆုံးရှုံးနိုင်မည့် အလားအလာလည်း ပိုမို များပြားသည်။ အကြောင်းမှာ အရင်းအနှီးမပြည့်စုံခြင်းနှင့်ဝင်ငွေအနည်းငယ် သာရနိုင်သော အခြားတွဲဖက်လုပ်ငန်း များကိုသာ လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။

## ဒေသခံများဘယ်လို အသက်မွေးကြသလဲ။

### အဓိက ဝင်ငွေရ အရင်းအမြစ်များ

**အိမ်ထောင်စုများ အများဆုံးလုပ်ကိုင်သည့် အခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ နေ့စား ကျပန်းလုပ်ငန်းနှင့် ငါးဖမ်းခြင်းတို့ ဖြစ်ကြသည်။** အဆိုပါ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများသည် စိုက်ပျိုးရေး ဆိုင်ရာရေမြေသဘာဝနယ်ပယ်တစ်ခုချင်းစီတွင် ကွာဟချက်အနည်းငယ်သာရှိသော်လည်း ယင်းတို့ကို ရောနှော ပေါင်းစပ်လေ့လာသောအခါ စိုက်ပျိုးရေးဆိုင်ရာ ရေမြေသဘာဝဇုန်ဝန်းကျင်အလိုက် ကွာခြားမှုရှိသည်။ အပူပိုင်း ဇုန်၏ (မကွေးတိုင်းနှင့် မန္တလေးတိုင်းဒေသကြီး) အခြေခံအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ လယ်ယာ စိုက်ပျိုးရေးနှင့် နေ့စားကျပန်း လုပ်ငန်းဖြစ်သည်။ ကမ်းရိုးတန်းဒေသဖြစ်သော ရခိုင်ပြည်နယ်တွင်လည်း အခြေခံ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးနှင့် နေ့စားကျပန်းလုပ်ငန်းပင် ဖြစ်သော်လည်း၊ လက်တစ်ဆုပ်စာမျှရှိသော လူနည်းစုမှာမူ ငါးဖမ်းလုပ်ငန်းကို အခြေခံ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင် ကြသည်။ တောင်တန်းဒေသဖြစ်သော ချင်းပြည်နယ်တွင်မူ အိမ်ထောင်စုအများစုမှာ လယ်ယာစိုက်ပျိုး

ဧကအနည်းငယ်စီကို ပိုင်ဆိုင်ကြပြီး၊ အများစု၏ အခြေခံသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာလည်း ဧကအနည်းငယ်သာ လုပ်ကိုင်သည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးသာဖြစ်သည်။

**အပူပိုင်းဇုံနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် လူအများစုလုပ်ကိုင်ကြသည့် အခြေခံအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ နေ့စားကျပန်း လုပ်ငန်းပင်ဖြစ်သည်။** နမူနာရွေးချယ်လေ့လာခဲ့သော ကျေးရွာများတွင် (၄၂ ရာခိုင်နှုန်း) သောအိမ်ထောင်စုများမှာ နေ့စားကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ (နမူနာရွေးချယ်လေ့လာခဲ့သော ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသ ကျေးရွာများရှိ အိမ်ထောင်စု ၅၀% ကျော်သည်လည်း အလားတူအသက်မွေးမှုကို လုပ်ကိုင်ကြသည်။) အဆိုပါ လက်လုပ်လက်စားအများစုမှာ မြေယာမဲ့များဖြစ်ကြပါသည်။ အချို့သော လယ်မြေပိုင်ဆိုင်သူတို့မှာမိမိတို့၏ မြေယာများကိုငှားရမ်းကြပြီး၊ အပိုဝင်ငွေရရှိရန်အတွက် ကျပန်းနေ့စားလုပ်ငန်းများ ရှာဖွေလုပ်ကိုင်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် ချင်းပြည်နယ်တွင်မူ ပထဝီအနေအထားအရ စိုက်ပျိုးသည့် အလေ့အထနှင့်လူမှုဖွဲ့စည်းပုံများ[၂] မတူညီကြသောကြောင့် နေ့စားကျပန်း လက်လုပ်လက်စားများ ရှားပါးသည်။ ချင်းပြည်နယ်တွင် အလုပ်သမားငှားရမ်း ခေါ်ယူရလောက်အောင် စိုက်ပျိုးမြေများစွာကို ပိုင်ဆိုင်ကြသူများမှာ မရှိသလောက်နည်းပြီး၊ အိမ်ထောင်စုအများစုမှာ တပိုင်တနိုင် စိုက်ပျိုးမြေ အနည်းငယ်ကိုသာ ပိုင်ဆိုင်ကြသည်။

ဒုတိယ အများဆုံးတွေ့ရှိရသော အခြေခံအသက်မွေးဝမ်းကြောင်း အရင်းမြစ်မှာ တပိုင်တနိုင် စိုက်ပျိုးရေး ဖြစ်သည်။ (ဤစစ်တမ်းလေ့လာမှုတွင် ၁၀ ဧကနှင့် ၁၀ ဧကအောက် ပိုင်ဆိုင်လျှင် တပိုင်တနိုင် စိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူငယ် အိမ်ထောင်စုများအဖြစ် သတ်မှတ်ထားပါသည်။) နမူနာ ရွေးချယ်လေ့လာခဲ့သော ကျေးရွာများ အားလုံး၏ ၃၇% မှာ တပိုင်တနိုင် စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူငယ် အိမ်ထောင်စုများ ဖြစ်ကြသည်။

မြေယာပိုင်ဆိုင်မှုများမှာလည်း ဒေသအလိုက် ကွဲပြားမှု ရှိပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အိမ်ထောင်စုတိုင်း နီးပါးလိုလိုသည် ၁၀ ဧက အောက် မြေယာပိုင်ဆိုင်သူများဖြစ်ကြသည်။ ချင်းပြည်နယ်တွင် ၁၀ ဧက အထက် မြေယာပိုင်ဆိုင်သူများမှာ အိမ်ထောင်စု ၈၅၈ စုတွင်အိမ်ထောင်စု ၂ စုသာရှိသည်။ ရခိုင်ပြည်နယ်တွင်လည်းအိမ်ထောင်စု ၃၉၀ တွင် ၁၀ ဧကအထက် ပိုင်ဆိုင်သူ အိမ်ထောင်စုတစ်စုမျှမရှိပါ။ အပူပိုင်းဇုန်တွင်မူ မြေယာပိုင်ဆိုင်မှုပုံစံများမတူညီပေ။ မန္တလေးတိုင်းဒေသကြီးတွင် မြေယာပိုင်ဆိုင်သည့် ၆၂ ရာခိုင်နှုန်းသော တောင်သူလယ်သမားများမှာ တောင်သူငယ်များဖြစ်သည်။ ယင်းတို့၏ ၂၇ ရာခိုင်နှုန်းမှာ ၁၀ ဧကမှ ၂၀ ဧက အတွင်း ပိုင်ဆိုင်သောတောင်သူလတ်များဖြစ်ပြီး၊ ၁၁ ရာခိုင်နှုန်းမှာ ၂၀ ဧက အထက် ပိုင်ဆိုင်သော တောင်သူကြီးများ ဖြစ်သည်။ မကွေးတိုင်းဒေသကြီးတွင်မူ ၇၁ ရာခိုင်နှုန်းမှာ တောင်သူကြီး၊ ၂၁ ရာခိုင်နှုန်းမှာ တောင်သူလတ်၊ ၈ ရာခိုင်နှုန်းမှာ တောင်သူကြီးများဖြစ်ကြသည်။

အဘယ့်ကြောင့် မြေယာပိုင်ဆိုင်မှုများ ဤကဲ့သို့ ကွဲပြားနေသည်ကို ရှင်းရှင်းလင်းလင်း မသိရသော်လည်း ဒေသတစ်ခုချင်းအတွက် ကွင်းဆင်းလေ့လာခဲ့သူ သုတေသီများအနေဖြင့် ကောက်ချက်ချ သုံးသပ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ အပူပိုင်းဇုန်သည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ထက်စာလျှင် ဈေးကွက်ကို ပိုမိုကောင်းစွာ လက်လှမ်းမီကြောင်းကို လေ့လာတွေ့ရှိခဲ့သည်။ ထို့ပြင် ချင်းပြည်နယ်သည် ပထဝီဝင်အနေအထား၊ မြေယာအသုံးချမှု၊ ဓလေ့ထုံးစံနှင့် လူမှုရေးအဆောက်အအုံဖွဲ့စည်းပုံတို့မှာ တခြားလေ့လာခဲ့သော ဒေသများနှင့် မတူညီကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ထိုအချက်သည်း ယင်းဒေသရှိ ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်သည့် ပုံစံအပေါ် သက်ရောက်မှု ရှိနေသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ ချင်းပြည်နယ်တွင် တောင်ပေါ်မြေဖြစ်နေသောကြောင့် ပမာဏကြီးမားသော လယ်မြေကို ထွန်ယက်စိုက်ပျိုးရန် ခက်ခဲသည်။ ထိုနည်းတူစွာ ချင်းပြည်နယ်တွင် အိမ်ထောင်စုအများစုသည် မြေယာအနည်းငယ်ကိုသာ ပိုင်ဆိုင်ကြသောကြောင့် ရွှေ့ပြောင်းတောင်ယာ ပုံစံဖြင့်

[၂] ဤအကြောင်းအရာကို ရှေ့လာမည့်အခန်းများတွင် ဆက်လက်ဖော်ပြထားပါသည်။TTT

လယ်ယာမြေကိုအဓိက စိုက်ပျိုးပြီး၊ ကျေးရွာခေါင်းဆောင်မှ မြေယာများကို ခွဲဝေပေးသည်ကို လေ့လာတွေ့ရှိရပါသည်။

## သာဓက ၁း စိုက်ပျိုးပုံ အလေ့အထများ

**တောင်သူလယ်သမားများသည် ပုံမှန် မရွှေ့ပြောင်းရသော လယ်ယာစိုက်ပျိုးရေးသာမက (ရခိုင်ပြည်နယ်နှင့် အပူပိုင်းဇုံ) ရွှေ့ပြောင်းတောင်ယာ (ချင်းပြည်နယ်) ကိုပါ လုပ်ဆောင်သည့် အလေ့အထပါရှိသည်ကို တွေ့ရသည်။** လယ်ယာမြေအများစုသည် ဆည်ရေသွင်းခြင်း မရှိသည့်အတွက်၊ စိုက်ပျိုးရေရရှိရန် မြစ်နှင့် ပင်လယ်များမှရသောဒီရေနှင့် မိုးရေကိုသာ မှီခိုအားကိုး စိုက်ပျိုးကြသည်။ [၃] ထို့ပြင်လေ့လာခဲ့သော ကျေးရွာများ၏ သုံးပုံတစ်ပုံမှာ ၃၆ ရွာတွင် ၁၀ ရွာ (ချင်းပြည်နယ်တွင် ၇ ရွာနှင့်မန္တလေး တိုင်းဒေသကြီးတွင် ၃ ရွာ) စိုက်ပျိုးရေးအတွက် တစ်စိတ်တစ်ပိုင်းဆည်ရေသွင်း စိုက်ပျိုးသည်ကို ထူးခြားစွာတွေ့ရပါသည်။ ထိုဆည်ရေသွင်း စီမံကိန်းများမှ ရှစ်ခုမှာပြင်ပမှထောက်ပံ့ထားခြင်းဖြစ်သည်။

**အဓိကစိုက်ပျိုးသီးနှံမှာ နေရာဒေသအလိုက် ကွဲပြားခြားနားသည်။ တောင်သူများသည် ကျေးရွာအတွင်းရှိ အခြားတောင်သူများစိုက်သည့် တူညီသောသီးနှံအမျိုးအစားကိုသာ စိုက်ပျိုးလေ့ရှိကြသည်။** လယ်ယာစိုက်ပျိုးသည့် ကျေးရွာအမျိုးအစားသုံးမျိုးရှိသည်။ စပါးတစ်မျိုးတည်းကိုသာ အဓိက စိုက်ပျိုးသောကျေးရွာများ၊ စပါးနှင့်အခြားသီးနှံများကို တွဲဖက်စိုက်ပျိုးသော ကျေးရွာများနှင့် အခြားသီးနှံများကိုသာ စိုက်ပျိုးသော ကျေးရွာများဖြစ်ကြသည်။ လေးပုံတစ်ပုံခန့်ရှိသောကျေးရွာ (၃၆ ရွာထဲမှ ၈ ရွာ)သည် စပါးတစ်မျိုးတည်းကိုသာ အဓိကစိုက်ပျိုးသည်။ လေးပုံတစ်ပုံထက် အနည်းငယ်များသော (၃၆ ရွာထဲမှ ၁၁ ရွာ) သည် စပါးနှင့်အတူ အခြားသီးနှံများကိုပါ စိုက်ပျိုးသည်။ ထိုရွာများတွင်စပါးသည် အဓိကစိုက်ပျိုးသောသီးနှံမဟုတ်ပါ။ ကျန်သောကျေးရွာများမှာအခြား သီးနှံများကိုသာလျှင် စိုက်ပျိုးကြသည်။

**တောင်သူအများစုစိုက်ပျိုးမှု အများဆုံးဖြစ်သော သီးနှံများမှာ စပါး၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် မြေပဲကဲ့သို့သော ဆီထွက်သီးနှံများ ဖြစ်ကြသည်။** တောင်သူလယ်သမားများသည် မတူညီသော နေရာများအလိုက် မတူညီသော သီးနှံများကို စိုက်ပျိုးကြသည်။ ရခိုင်ပြည်နယ်တွင် တောင်သူလယ်သမားများသည် စပါးကို အများဆုံးစိုက်ပျိုးကြပြီး၊ မိမိ၏ မိသားစု စားသောက်ရန်အတွက်သာ အဓိက စိုက်ပျိုးခြင်းဖြစ်သည်။ ချင်းပြည်နယ်တွင်လည်း တောင်သူလယ်သမားအများစုသည် ပြောင်း၊ စပါး နှင့် ဟင်းသီးဟင်းရွက်များကို မိမိ၏မိသားစုစားသောက်ရန်အတွက်သာ တပိုင်တနိုင် စိုက်ပျိုးကြသည်။ အပူပိုင်းဇုံတွင်မူ တောင်သူလယ်သမားအများစုသည် အမျိုးအစားပိုမိုစုံလင်သော သီးနှံအမျိုးမျိုးကို မိသားစုစားသောက် ရန်အတွက်သာမက ဝင်ငွေအတွက်ပါ အဓိကထားစိုက်ပျိုးကြသည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် များသောအားဖြင့် ဈေးကွက်တင်ပို့ရန်အတွက် ဆီထွက်သီးနှံများနှင့်ပဲအမျိုးမျိုးကို စိုက်ပျိုးကြသည်။ မန္တလေးတိုင်းဒေသကြီးတွင်မူ စပါးကို မိသားစုစားသောက်ရန်အတွက် အဓိကထား စိုက်ပျိုးကြသည်။

**တတိယ အများဆုံးလုပ်ကိုင်ကြသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ငါးဖမ်းခြင်းပင်ဖြစ်သည်။ ရခိုင်ပြည်နယ်သည် ငါးဖမ်းတံငါသည်များ စုစည်းတည်ရှိရာနေရာဖြစ်သည်။** ရွာတစ်ရွာတွင် ငါးဖမ်းလုပ်ငန်းဖြင့် အခြေခံအသက်မွေးမှုကို ပြုလုပ်နေပြီး၊ ပိုပြီးဝေးသောရွာ ၆ ရွာ (ရေလမ်းနှင့် နီးသော ရွာများအားလုံး) တွင် ငါးဖမ်းလုပ်ငန်းနှင့်အတူ လယ်ယာလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ လေ့လာရန်ရွေးချယ်ထားသော တံငါရွာအားလုံးမှာ (တစ်ရွာမှအပ) ရခိုင်ပြည်နယ်တွင်ရှိသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုအများစုမှာ အရင်းအနှီးနှင့် လိုင်စင်အတွက် သိန်းသုံးဆယ်ကျော် ရင်းနှီးမြှုပ်နှံထားသော စီးပွားဖြစ်လုပ်ကိုင်

[၃] ထို့ကြောင့် မိုးဦးနောက်ကျခြင်း၊ မိုးခေါင်ခြင်းများသည် တောင်သူလယ်သမားများကို ပို၍ ထိခိုက်လွယ်စေပါသည်။ အသေးစိတ်ကို အခန်း ၂ တွင် ဆက်လက်ဆွေးနွေးထားပါသည်။

ကြသည့် ငါးဖမ်းသမားကြီး များဖြစ်ကြသည်။ အခြားကျန်သော အိမ်ထောင်စုများမှာ စားဝတ်နေရေးဖြေရှင်းရန် အတွက်သာ တပိုင်တနိုင်လုပ်ကိုင်နေကြသော တံငါသည်များ ဖြစ်ကြသည်။

အိမ်ထောင်စုအနည်းသာ အခြားသောနည်းလမ်းများဖြင့် အဓိကအသက်မွေးမှုပြုကြသည်။ ဝင်ငွေရစေသော အဆိုပါ လုပ်ငန်းအများစုမှာ ကျေးရွာတွင်း ကိုယ်ပိုင်လုပ်ငန်းငယ်လေးများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ ထိုကဲ့သို့သော စီးပွားရေးလုပ်ငန်းများအား အပူပိုင်းဇုန်တွင်သာ အဓိကအားဖြင့် တွေ့ခဲ့ရသည်။ ထိုဒေသများ တွင်အိမ်တွင်း စီးပွားရေးအဖြစ်အစားအစာပြုလုပ်ရောင်းချခြင်း၊ အိမ်သုံးပစ္စည်းများထုတ်လုပ်ခြင်းနှင့် ရိုးရာဆေးလိပ်ခုံလုပ်ငန်းကဲ့ သို့သော လုပ်ငန်းငယ်လေးများရှိကြသည်။ အချို့သော ဆေးလိပ်ပြုလုပ်ခြင်းနှင့် အိုးဖုတ် လုပ်ငန်းများသည် မိသားစုပိုင် အိမ်တွင်းလုပ်ငန်းလေးများဖြစ်ကြပြီး အလုပ်အကိုင်နေရာ၂၇ ခန့် ဖန်တီးပေး နိုင်ကြောင်းတွေ့ရသည်

## ဒုတိယ ဝင်ငွေရအရင်းအမြစ်

လေ့လာခဲ့သော စိုက်ပျိုးရေးအဓိကဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် ဇုန်ဒေသများအားလုံးရှိ ပြည်သူများ အားလုံးတွင် အခြားအပိုဝင်ငွေရစေသော အရင်းအမြစ်(လုပ်ငန်း)များရှိသည်ကို တွေ့ရပါသည်။ ထိုရင်းမြစ်လုပ်ငန်း အများစုတွင် မွေးမြူရေးလုပ်ငန်း၊ ကျေးရွာတွင်းကိုယ်ပိုင်လုပ်ငန်းငယ်များ အသေးစားစက်မှု လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းငယ်များ သာမက ငွေချေးလုပ်ငန်း၊ ကျပန်းနေ့စားလုပ်ငန်းနှင့် အခြားလုပ်ငန်းငယ်များပါဝင် သည်။ အိမ်ထောင်စုအများစုသည် အပိုဝင်ငွေ အထောက်အပံ့ ရစေရန်အတွက် အနည်းဆုံးမိသားစုဝင်တစ်ဦးဦးကို အခြားနေရာဒေသများသို့ သွားရောက်ပြီး အလုပ်ရှာ ဖွေလုပ်ကိုင်စေသည်ကိုလေ့လာတွေ့ရှိရပါသည်။

### သာဓက ၂။ အသက်မွေးဝမ်းကြောင်းလုပ်ငန်း အရင်းအမြစ်အမျိုးမျိုးကို လေ့လာခြင်း

ဤသုသေသနစစ်တမ်းသည် အိမ်ထောင်စုအလိုက် လေ့လာခြင်း (household level studying) မဟုတ် သောကြောင့် ကျေးရွာတစ်ရွာစီရှိ ရွာသားများ၏ အခြေခံအသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အဓိပ္ပာယ် ဖွင့်ဆိုရန်မှာ အခက်အခဲရှိပါသည်။ ကျေးလက်နေအိမ်ထောင်စုများသည် ဝင်ငွေရသောလုပ်ငန်း အရင်းအမြစ် အမျိုးမျိုးရှိကြပြီး ထိုဝင်ငွေရလုပ် ငန်းများကို အဓိကဝင်ငွေရလုပ်ငန်းနှင့် မည်သို့တွဲဖက်လုပ်ကိုင်သည်မှာ ရာသီအလိုက်လည်းကောင်း၊ အချိန်အခါအ လိုက်လည်းကောင်းကွဲပြားကြသည်။ ထိုသို့အမျိုးမျိုးသော ဝင်ငွေရ အရင်းအမြစ်အလိုက် လုပ်ကိုင်နေကြမှုကို နားလည်လေ့လာနိုင်ရန်မှာ ကျေးရွာတွင်းအိမ်ထောင်စုအဆင့် စစ်တမ်း ကောက်ယူလေ့လာမှုများပြုလုပ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ကျေးရွာအားလုံးကို စုပေါင်း၍သော် လည်းကောင်း၊ တစ်ရွာချင်းစီ ရွာတိုင်းအနံ့သော်လည်းကောင်း ဒေသတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာခြင်း ဖြင့်သော်လည်းကောင်း ပြုလုပ်လေ့လာနိုင်ရန်မှာ ယခုပြုလုပ်နေသော QSEM စစ်တမ်းအပြင် အခြားအရေ အတွက်ကို အခြေခံဦးတည်သော (Quantitative Survey) စစ်တမ်းကိုပါ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် လိုအပ်ပါသည်။ QSEM ၏ရည်ရွယ်ချက်မှာ ကျေးရွာနှင့်ဒေသအသီးသီးရှိ အသက်မွေးဝမ်းကြောင်းရွေးချယ်မှု နှင့်နည်းလမ်းများကို အပေါ်စီးမှ ရှုမြင်သုံးသပ်နားလည်စေရန်ဖြစ်သောကြောင့် အိမ်ထောင်စုများကို ၄င်းတို့ အဓိကဝင်ငွေရရှိရာ အသက် မွေးမှုအလိုက်အုပ်စုခွဲ၍ လေ့လာခဲ့သည်။ အမျိုးအစား ဆန်းစစ်လေ့လာရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ မတူညီသော အိမ်ထောင်စုများ၏ အမျိုးမျိုးသောနစ်ပါတ်လည် အသက် မွေးဝမ်းကြောင်း လုပ်ငန်းရင်းမြစ်ဆိုင်ရာ အချက်အလက်များအား တက်နိုင်သလောက် သိရှိစေရန်အလို့ငှာ QSEM စစ်တမ်းတွင်ဒေသခံတို့၏ အဓိကအသက်မွေးလုပ်ငန်းများကိုသာမက အခြားအပိုဝင်ငွေရလုပ်ငန်းများ ဆိုင်ရာ အချက်အလက်များကိုပါ အရယူကာစုဆောင်းတင်ပြထားပါသည်။ ကျေးရွာအဆင့် အစီရင်ခံစာတွင် ရာသီအလိုက်စိုက်ပျိုးလုပ်ကိုင်မှုများနှင့် အရင်းအမြစ်များကို ဖော်ပြသော ရာသီချိန်ပြက္ခဒိန် (seasonal Calen-

dar) ကို သုံး၍ တင်ပြထားပါသည်။ ထို့ပြင်ကျေးရွာတွင်းရှိ အိမ်ထောင်စုများ၏ တစ်ခုထက်ပိုသော အသက်မွေးဝမ်း ကြောင်းအရင်းအမြစ်များကို တွဲဖက်လုပ်ဆောင်မှု အခြေအနေများကို ရုပ်လုံးပေါ်နားလည် စေနိုင်သော လက်တွေ့ဖြစ်ရပ် (case study) များဖြင့် ရှင်းလင်းတင်ပြနိုင်ရန်အတွက် ကျေးရွာအတွင်းရှိ မိသားစုတစ်ခုစီ၏ အသက်မွေးမှုဆိုင်ရာ အချက်အလက်အသေးစိတ်ကို ဖော်ပြထားသည်။

**တိရိစ္ဆာန်များဂယ်ယူခြင်းနှင့် ပြန်လည်ရောင်းချရန်အတွက် မွေးမြူခြင်းသည် အများဆုံးတွေ့ရသော အရံတွဲဖက် အသက်မွေး ဝမ်းကြောင်းလုပ်ငန်းဖြစ်သည်။** စီးပွားဖြစ် တိရိစ္ဆာန်မွေးမြူရေး (ဥပမာ- မန္တလေးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် ဆိတ်၊ သိုးမွေးမြူခြင်း၊ ချင်းပြည်နယ်တွင်နွားမွေးမြူခြင်း) လုပ်ကိုင်သောအချို့သော အိမ်ထောင် စုများရှိကြသော်လည်း ရွာတစ် ရွာစီတွင်အိမ်ထောင်စု ငါးစုထက်မပိုပေ။ များသောအားဖြင့် မွေးမြူရေး (အများဆုံးမှာ ဂက်နှင့်နွားများ)ကို မိသားစုကုန်ကျ စရိတ်ကာမိစေရန်အတွက် မွေးမြူခြင်းဖြစ်သည်။ တစ်ခါတစ်ရံ တွင်တိရိစ္ဆာန်မွေးမြူရေးကို စပ်တူလုပ်ကိုင်ခြင်း လည်းရှိသည်။ တွေ့ရလေ့ရှိသည့် စပ်တူလုပ်ကိုင်ပုံမှာ တောင်သူက အရင်းအနှီးစိုက်ထုတ်ကာ၊ အလုပ်သမားက ကျွဲနွားစာ ကျွေးသည့်တာဝန်ယူ၍ အတူတကွပိုင်ဆိုင်မှုထားရှိသည့် ပုံစံဖြစ်သည်။

တောင်သူငယ်များနှင့် ကျပန်းအလုပ်သမားများသည် အပိုဝင်ငွေရရှိစေရန် အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုပါ ပိုမိုတွဲဖက်လုပ်ဆောင်တတ်ကြသည်။ (အောက်တွင်ဖော်ပြထားသကဲ့သို့ ပိုမိုချမ်းသာ ကြွယ်ဝ သူများသည်လည်း အခြားသော အပိုဝင်ငွေရလုပ်ငန်းများမှ ပိုများသောဝင်ငွေများ ရှာဖွေနိုင်သည်။ တောင်သူ ငယ်များသည် နေ့စားလုပ်ငန်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ဂက်၊ သိုး၊ ဆိတ်၊ ကျွဲနွားများ မွေးမြူခြင်း လုပ်ငန်းများ စသည့် အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှ အပိုဝင်ငွေရှာဖွေတတ်ကြသည်။ ကျပန်းအလုပ်သမား များသည် လည်းမွေးမြူရေးလုပ်ကိုင်ခြင်း၊ ဒေသတွင်း၊ ပြည်တွင်းနှင့် ပြည်ပတိုင်းပြည်များသို့ သွားရောက် အလုပ်လုပ်ကိုင်ခြင်း၊ သစ်ခုတ်ခြင်း၊ ထင်းနှင့်မျှစ်စို့များကဲ့သို့သော သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်း စသည့်နည်းလမ်းများဖြင့် အပိုဝင်ငွေရှာဖွေတက်ကြသည်ကို တွေ့ရသည်။ တိရိစ္ဆာန်မွေးမြူရေးအပြင် ဒေသအနှံ့ အပြား ရှိပြည်သူများသည် အိမ်သားများ စားသုံးရန်နှင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန်အတွက် ကြက်မွေးမြူ ရေးကိုလည်း ပြုလုပ်ကြသည်။ အချို့သောအိမ် ထောင်စုများသည် မိမိတို့အဓိကလုပ်ငန်းအပြင် အသေးစားကုန် စည်ထုတ်လုပ်မှုလုပ်ငန်းများမျတစ်ဆင့် အပိုဝင်ငွေ ရရှိရန်အတွက် လုပ်ဆောင်ကြသည်။ ထိုကဲ့သို့သော လုပ်ငန်း အများစုမှာ ထန်းလျက်လုပ်ငန်းနှင့် အမျိုးသမီးများ အဓိကလုပ်ကိုင်သော ရိုးရာလက်ယက်ကန်းလုပ်ငန်းများ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးရှိ ရွာလေးရွာတွင် ထန်းလျက် ထုပ်လုပ်ကြပြီး၊ မကွေးတိုင်းဒေသကြီးရှိရွာ ၂ ရွာ နှင့်မန္တလေးတိုင်းဒေသကြီးရှိရွာ ၂ ရွာတွင်ရိုးရာယက်ကန်းအထည်များ ထုတ်လုပ်ကြသည်ကို တွေ့ရှိရပါသည်။

**ကြွယ်ဝချမ်းသာမှု၊ အသက်မွေးဝမ်းကြောင်းမှုများနှင့် ရာသီအလိုက်ပြောင်းလဲလုပ်ကိုင်မှုများ**

ကျေးရွာသူရွာသားများသည် ယင်းတို့လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းအတွင်း ချမ်းသာကြွယ်ဝမှုဟူသည်ကိုလူမှုအ ဆင့်အတန်းများနှင့် မိသားစုအခြေအနေများထက် ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်းနှင့် ငွေသုံးစွဲနိုင်ခြင်းစသည့် အခြေအနေ များဖြင့် သိရှိတိုင်းတာလက်ခံထားကြပါသည်။

**သာဓက(၃) ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် အလယ်အလတ်အသင့်အတင့် ပြည့်စုံခြင်းဆိုသည်ကို မည်သို့ သတ်မှတ်ပါသနည်း။**

| |
|---|
| ပိုမိုချမ်းသာကြွယ်ဝသူများသည် ပိုမိုကောင်းမွန်သော အကျိုးအမြတ်များရရှိနိုင်သည့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ပိုမိုကောင်းသော အခွင့်အလမ်းများရရှိသလို သက်သာသော အတိုးနှုန်း များဖြင့် ချေးငွေကို ငွေချေးသူများထံမှ ပိုမိုရရှိနိုင်ကြသည်။ ၎င်းတို့၏လုပ်ငန်းများတွင် ဆုံးရှုံးနိုင်သော |

အလားအလာ များကို လျှော့ချနိုင်စေရန်အတွက် လုပ်ငန်းများကို ခွဲခြားဖြန့်ကျက်လုပ်ကိုင်နိုင်ကြသည်။ ထိုသို့ ပိုမိုချမ်းသာ ကြွယ်ဝသူများသည် ဆင်းရဲသူများထက် တစ်နှစ်တာပတ်လုံးအတွင်း ပိုမိုကောင်းမွန်သော ပုံမှန် ဝင်ငွေစီးဆင်းမှု ရှိကြသည်။

ရွာသားတို့က အစီရင်ခံတင်ပြသည်မှာ ချမ်းသာ သောသူများသည်အရည်အသွေးကောင်း မွန်သောစိုက်ပျိုး မြေများကို ပမာဏများစွာပိုင်ဆိုင်ကြသောကြောင့် အရည်အသွေးပိုမိုကောင်းမွန်သောသီးနှံများကို ထုတ်လုပ် နိုင်ကြသည်။ ထို့ပြင်ချမ်းသာသူများသည် ဆေးဂါး၊ အဂတ်အထည်၊ ဆပ်ပြာစသည့် ကျေးရွာအတွင်း အများသုံး လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များရောင်းချရန် အိမ်ရှေ့ဈေးဆိုင်နှင့် စတိုးဆိုင်လေးများလည်း ပိုင်ဆိုင်နိုင်ခြင်းတို့ကြောင့် အကျိုး အမြတ်များကို ပို၍ရရှိနိုင်သည့် အနေအထားတွင်ရှိသည်။ ထို့ပြင် ဆန်စက် ဆီကြိတ်စက်နှင့် ပဲခွဲစက်စသည်တို့ကိုလည်း ပိုင်ဆိုင်ကြသည်။ ချင်းပြည်နယ်တွင်မူ တောင်သူလယ်သမား အများစုမှာ ပိုင်ဆိုင်ရသည့်မြေယာပမာဏများမှာ သေးငယ်ပြီး အပိုင်းပိုင်းကွဲထွက် ပျံ့နှံ့နေသောကြောင့်ယင်း တို့အနေဖြင့် လူချမ်းသာဟူသည်မှာ သစ်သီးခြံများကိုပိုင်ဆိုင်ကြပြီး၊ လိမ္မော်သီးကဲ့သို့သော သစ်သီးများကို စိုက်ပျိုးနိုင်ကြသူများဟု ကျေးရွာသူရွာသား များကလက်ခံယူဆထားကြသည်။ ချမ်းသာကြွယ်ဝသူများသည် ဆန်စပါးစိုက်ပျိုးခြင်းအပြင် ဉယျာဉ်ခြံများအတွင်း (အလှကုန်အဖြစ်အသုံးပြုသည့်) သနပ်ခါး ကဲ့သို့သော နှစ်ရှည်သီးနှံများကို စိုက်ပျိုးကြပြီး တစ်ချိန်တည်းမှာပင် အရင်းအနှီးကြီးမားပြီး ဆုံးရှုံးနိုင်ခြေမြင့်မားသော ပဲကဲ့သို့သော သီးနှံများကိုလည်း စိုက်ပျိုးကြသည်။ ပိုမိုကောင်းမွန်သော အရင်းအမြစ်များ ပိုင်ဆိုင်ကြသောကြောင့် ချမ်းသာကြွယ်ဝသူ တောင်သူကြီးများသည် စိုက်ပျိုးရေးအတွက် ပိုမို၍အရည်အသွေးကောင်းမွန်သော လယ်ယာသွင်း အားစုများကို ပိုင်ဆိုင်ကြသလို သီးနှံဆုံးရှုံးမှုဒဏ်ကို ခံနိုင်စွမ်းလည်း ပိုမိုကြသည်။

ကျေးရွာသားများကတင်ပြကြသည်မှာ ချမ်းသာကြွယ်ဝသူများသည် ငွေတိုးချေးသူများကဲ့သို့ ငွေတိုးချေးခြင်း လုပ်ငန်းကို လည်းလုပ်ကိုင်နိုင်ကြပြီး၊ တစ်ချိန်တည်းမှာပင် ၎င်းတို့တွင်အပေါင်ထားစရာ ပိုင်ဆိုင်မှုများရှိ နေကြသောကြောင့်အခြားငွေ ချေးပေးသူများထံမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ကြသည်။ အများစုမှာ အလွယ်တကူပေါင်နှံနိုင် သည့်ရွှေထည်ပစ္စည်း ပိုင်ဆိုင်ကြပြီးတစ်ခါတစ်ရံတွင် ကုန်တင်ကားများကဲ့သို့သော ယာဉ်များကိုပိုင်ပြီး ကျေးရွာ၏ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုလုပ်ကိုင်နိုင်ကြသည်။

ကျေးရွာသားများတင်ပြကြသည်မှာ ချမ်းသာကြွယ်ဝသော တောင်သူကြီးများသည် များသောအားဖြင့် အရည်အသွေးကောင်းမွန်သော မျိုးစေ့၊ တိရိစ္ဆာန်အစာ၊ ဓာတ်မြေသြဇာများကို ကောင်းစွာဝယ်ယူသုံးစွဲနိုင် သောကြောင့် ၎င်းတို့၏လယ်ယာစိုက် ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးရလာဒ်ကောင်းများရရှိနိုင်ပြီး၊ သီးနှံဆုံးရှုံးနိုင်မည့် အလားအလာများကို လည်းလျှော့ချနိုင်ကြသည်။ အသက်မွေးမှုပုံစံအမျိုးမျိုး၊ ဝင်ငွေရ အရင်းအမြစ်များနှင့် အပိုဝင်ငွေရ အခြားစီးပွားရေးလုပ်ငန်းများသည်ချမ်းသာကြွယ်ဝသူ တောင်သူလယ်သမား ကြီးများအတွက် ခိုင်မာသေချာမှု ရှိသောဝင်ငွေ ပုံမှန်စီးဆင်းမှုကိုဖြစ် ပေါ်စေသည်။

အလယ်အလတ်အဆင့်ပြည့်စုံမှုရှိသည်ဆိုခြင်းကို လူအများသဘောတူလက်ခံနိုင်သော အဓိပ္ပာယ် တစ်ရပ် ဖွင့်ဆိုရန်ခဲယဉ်းသည်။ ကျေးရွာသူကျေးရွာသားများက တင်ပြကြသည်မှာ ဝင်ငွေအလယ်အလတ် အဆင့် ရှိသည့်သူများသည် ပုံမှန်အားဖြင့် လယ်ယာမြေပိုင်ဆိုင်မှုရှိကြပြီး ကိုယ်ပိုင်မွေးမြူရေးလုပ်ငန်း အချို့ကို ပိုင်ဆိုင်ကြသည်။ များသောအားဖြင့် တိရိစ္ဆာန် နှစ်ကောင် (သို့မဟုတ်) နှစ်ကောင်နှင့်အထက် ပိုင်ဆိုင်ကြပြီး၊ သစ်သီးခြံများတွင်လည်း ယင်းတို့တတ်စွမ်း သလောက်သီးနှံသုံးမျိုးခန့်ကို စိုက်ပျိုးကြသလို၊ တစ်ခါတစ်ရံ တွင်လည်း အိမ်ရှေ့စတိုးဆိုင်ငယ်လေးများ ဖွင့်ထားနိုင်ကြသည်။ ထိုသူတို့တွင် အရင်းအနှီး အနည်းငယ် ရှိကြသောကြောင့် ယင်းတို့၏အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ကြသည်။

ဆင်းရဲသူများသည် ပုံမှန်အားဖြင့်မြေယာမဲ့လယ်လုပ်သားများနှင့် တောင်သူငယ်များဖြစ်ကြသည်။ ၎င်းတို့၏ ဝင်ငွေမှာရာသီအလိုက် မတူညီနိုင်သလို၊ ကိုယ်ပိုင်အရင်းအနှီးမရှိကြသောကြောင့် ချမ်းသာကြွယ်ဝသူများထက် ထိခိုက်ဆုံးရှုံးရန် အလားအလာများ ပိုများသည်။ အကျိုးအမြတ်နည်းပါးသော အခြားဝင်ငွေရလုပ်ငန်းများကိုသာ လိုက်လံရှာဖွေလုပ်ကိုင် နိုင်ကြရသည်။

အပူပိုင်းဇုံဒေသတွင် ဒေသခံကျေးရွာသူကျေးရွာသားများ၏ တင်ပြချက်အရ ဆင်းရဲသားများမှာ အများအားဖြင့် တောင်သူငယ်များနှင့် မြေယာမဲ့များဖြစ်ကြသည်။ ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ ဆန်စပါး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအချို့ပင်ဖြစ်သည်။ [၄] ရာသီအလိုက် အခြားသောဝင်ငွေရ လုပ်ငန်းများကိုလည်း ပြောင်းလဲ လုပ်ကိုင်ကြသည်။ ထိုသို့လုပ်ကိုင်ရသည့် အကြောင်းရင်းမှာ ယင်းတို့တွင် အကျိုးအမြတ် ဝင်ငွေများသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သော အရင်းအနှီး ပိုမိုနည်းပါးသောကြောင့် ဖြစ်သည်။ ဝင်ငွေနည်းပြီး အချိန်များများ ပေးရသည့် ကျပန်းလုပ်ငန်းများ၊ ယက်ကန်းလုပ်ငန်း၊ ထန်းတက်ခြင်း၊ မျှစ်ချိုးခြင်း၊ ထင်းခွေခြင်း၊ အိုးဖုတ်လုပ်ငန်းများ၊ အုတ်ဖုတ်ခြင်း စသည်တို့ကို လုပ်ကိုင်ကြပြီး များသောအားဖြင့် ယင်းထုတ်ကုန်များကို မိမိတို့ရွာအနည်းတပိုက်တွင် ရောင်းချကြသည်။ ချမ်းသာကြွယ်ဝသူများနှင့် မတူစွာပင် ဆင်းရဲသည့် ကျေးရွာသူ၊ ကျေးရွာသားများသည် ဆန်စက်၊ ဆီစက်များ ဈေးဆိုင်ငယ် ဖွင့်ခြင်းနှင့် ကုန်တင်ယာဉ်များ ပြေးဆွဲခြင်း စသည်တို့ကို ပိုင်ဆိုင်လာစရာ နည်းလမ်းမရှိပါ။ ဆင်းရဲသားတို့၏ဘဝမှာ ချင်းပြည်နယ်တွင်လည်း အလားတူပင်ဖြစ်ပြီး၊ ရွှေ့ပြောင်းတောင်ယာမှာ စပါးစိုက်ပျိုးခြင်း (လယ်လုပ်ငန်း)ထက် စာလျှင် အများစု လုပ်ကိုင်ကြကြောင်း တွေ့ရသည်။ ဆင်းရဲသားများသည် မဏိပူရမှတဆင့် အိန္ဒိယမြောက်ပိုင်းပြည်နယ် များသို့ကြက်၊ ဝက်များကိုပြန်လည်ရောင်းချကြသည်။ ရခိုင်ပြည်နယ်တွင်မူအချို့သော ဆင်းရဲသားများသည် ဝမ်းစာ အတွက်တပိုင်တနိုင်ငါးဖမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

အနိမ့်ဆုံးအဆင့် ဝင်ငွေရရှိသောဆင်းရဲသည့် ကျေးလက်ပြည်သူများ၏ ဝင်ငွေမှာရာသီအလိုက် ပြောင်းလဲ လုပ်ကိုင်ရမှုများအပေါ်တွင်သာ ပို၍မှီခိုနေရပါသည်။ တောင်သူငယ်များနှင့် မြေယာမဲ့များမှာ ၎င်းတို့အတွက် ပုံမှန်ဝင်ငွေရသည့် လုပ်ငန်းမျိုးမရှိကြောင်းတင်ပြကြသည်။ တောင်သူငယ်များ (များသောအားဖြင့် စပါးစိုက်သည့်တောင်သူများ) အဖို့ စပါးစိုက်ခြင်းမှရသောဝင်ငွေသည် ရာသီပေါ်ဝင်ငွေဖြစ်သောကြောင့် လယ်စိုက်ခြင်း တစ်ခုတည်းအပေါ်တွင် ဘဝရပ် တည်ရန်မဖြစ်နိုင်သလို၊ ဝင်ငွေပိုမိုရရှိရန်အတွက်လည်းအခြားသီးနှံများကို ခွဲခြားစိုက်ပျိုးလုပ်ကိုင်ရန်လည်း မတတ်နိုင်ကြသောကြောင့် ရရှိလာသောဝင်ငွေမှာ ပုံမှန်မဟုတ်ဘဲ တစ်နှစ်တာအတွင်း ကာလအလျောက် ပြောင်းလဲနေပေသည်။

အစီရင်ခံစာ၏ အပိုင်း ၂ အခန်း ၅ တွင် အလုပ်အကိုင်နှင့် ချမ်းသာကြွယ်ဝမှုမတူညီသော အုပ်စုများအလိုက် လက်လှမ်း မမီသော ဈေးကွက်များ၊ ကြွေးမြီ၊ ချေးငွေ၊ မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသဘာဝအရင်းအမြစ်များအကြောင်း၊ ထိုအုပ်စုများအပေါ် ကျရောက်နေသော ပြဿနာများနှင့် မမျှော်လင့်ဘဲ ကြုံတွေ့လာရသော အခက်အခဲများ အကြောင်း၊ ထိုကြုံတွေ့နေရသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းပုံစံများ အကြောင်းကို လေ့လာဖော်ပြထားပါသည်။ လူမှုရေး အဆောက်အဦနှင့် ဆက်ဆံရေးအခြေအနေများသည် ကျေးလက်နေ ပြည်သူများကို မည်သို့အကျိုး သက်ရောက်မှုရှိသည်နှင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရာတွင် မည်သို့အထောက် အပံ့ဖြစ်သည်၊ ကျေးလက်ခေါင်းဆောင်များနှင့် ဒေသခံများသည် စုစုစည်းစည်းဖြင့် မိမိတို့၏ မြေယာနှင့် အခြားအရင်း အမြစ်ပိုင်ဆိုင်မှုများကို မည်သို့ထိမ်းသိမ်းကာကွယ်ကြသည် ကို

[၄] တိရိစ္ဆာန်မွေးမြူသည့် ပုံစံ ၃မျိုးရှိပါသည်။ တစ်ဦးတည်းကိုယ်ပိုင်မွေးမြူခြင်း၊ နှစ်ဦးစပ်တူအကျိုးမျှပယူ မွေးဘက်ပေးခြင်းနှင့် လခဖြင့် တိရိစ္ဆာန် အငှားချခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြထားပါသည်။ ထို့အပြင် ပြင်ပမှ အထောက်အပံ့များသည် မတူညီသော အသက်မွေးဂမ်းကြောင်း အုပ်စုများနှင့် ဆင်းရဲချမ်းသာ အုပ်စုများအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို ရှာဖွေ ဖော်ထုတ်ထားပါသည်။

# အခန်း ( ၂ ) ကျေးလက်ပြည်သူများ၏ သက်မွေးဝမ်းကြောင်းမှုအပေါ် သက်ရောက်မှုရှိသော အကြောင်းတရားများ

## အနှစ်ချုပ်

လယ်သမား၊ ငါဖမ်းသမား၊ လက်လုပ်လက်စားသမားနှင့် ဆင်းရဲသော အိမ်ထောင်စုများ၊ ချမ်းသာသော အိမ်ထောင်စုများတို့တွင် ငွေကြေးဆိုင်ရာ၊ သဘာဝအရင်းအမြစ်နှင့် ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်စသည့်တို့ကို ရယူနိုင်သည့် အခွင့်အလမ်း မတူညီကြောင်းကို QSEM သုတေသနစစ်တမ်းမှ လေ့လာတွေ့ရှိရသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် ချေးငွေရရန် ခက်ခဲခြင်း၊ အတိုးနှုန်းမြင့်မားမှုကိုရင်ဆိုင်ရခြင်း၊ စုဆောင်းနိုင်စွမ်းနည်းခြင်းနှင့် မြေယာပိုင်ဆိုင်မှု နည်းခြင်းတို့ကြောင့် ကုန်ထုတ်စွမ်းအားနှင့် ထုတ်ကုန်ပမာဏတို့မှာ အကန့်အသတ်ဖြင့်သာ ရှိသည်။ အဆိုပါအကြောင်းအချက်များသည် ရုတ်တရက်ကြုံတွေ့ရသော အခက်အခဲပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လျော့ပါးစေသည်။ အဆိုးဆုံးမှာ မြေယာမဲ့အိမ်ထောင်စုများ ဖြစ်ကြသည်။

အိမ်ထောင်စုအသီးသီး၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် [အခြေခံအဆောက်အဦ] ဖွံ့စည်း တည်ဆောက်ပုံအရ အကန့်အသတ်များကို ရင်ဆိုင်နေရသည်။ အရေးအကြီးဆုံးသော ကန့်သတ်ချက်များမှာ တတ်နိုင်လောက်သော အတိုးနှုန်းထားဖြင့် ချေးငွေရရှိရန်ခက်ခဲခြင်းနှင့် မတည်ငြိမ်သော စျေးကွက်အခွင့်အလမ်း ပင်ဖြစ်သည်။ ဤသုတေသနမပြုလုပ်မီ နှစ်အနည်းငယ်အတွင်း ချင်းပြည်နယ်၌ ချေးငွေရရှိနိုင်သော အခွင့်အလမ်း တိုးတက်လာသော်လည်း ရွာသားများအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေရရှိနိုင်ရန် ခက်ခဲနေဆဲပင် ဖြစ်သည်။ သီးနှံဆုံးရှုံးမှုများကြောင့် ကျေးရွာအတွင်း ငွေထုတ်ချေးပေးသူ တောင်သူကြီးများ၏ ချေးငွေထုတ်ချေး ပေးနိုင်စွမ်းလျော့ကျလာခြင်းက ထိုအခြေအနေကို ပိုဆိုးစေပါသည်။ အိမ်ထောင်စုအများစုမှာ အကြွေးနွံနစ်မွန်း နေကြသောကြောင့် စုဆောင်းနိုင်စွမ်း (သို့မဟုတ်) ရင်းနှီးမြုပ်နှံနိုင်စွမ်းကို အဟန့်အတားဖြစ်စေပြီး၊ နောက်ဆက်တွဲ အနေဖြင့် လယ်ယာမြေများ ဆုံးရှုံးခြင်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြောင်းလဲလာစေ ခြင်းများ ဖြစ်ပေါ်စေပါသည်။ စျေးကွက် လက်လှမ်းမီမှုနှင့်ပတ်သက်လျှင်လည်း အချို့ဒေသများသည် တချို့ ဒေသများထက် စျေးကွက်ကို လက်လှမ်းမီကြသည်။ အထူးသဖြင့်ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စျေးကွက်လက်လှမ်းမီမှု အားနည်းသောကြောင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းရွေးချယ်မှုနှင့် ရွေးချယ်ရန်နည်းလမ်းများအပေါ် အကျိုးသက်ရောက်မှုဖြစ်စေသည်။ အိမ်ထောင်စုများ၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေပြီး ကုန်စည်များအတွက် စျေးနှုန်းသတ်မှတ်နိုင်မှုအားကိုလည်း လျော့နည်းစေပါသည်။ နောက်ဆုံး အနေဖြင့် ရွာသားများ ခံစားနေရသည့်အချက်မှာ သဘာဝပတ်ဝန်းကျင်ပြဿနာ များပင်ဖြစ်သည်။ အထူးသဖြင့် အပူပိုင်းဒေသတွင် ရာသီဥတုဖောက်ပြန်မှု၊ စိုက်ပျိုးရေလုံလောက်စွာမရရှိမှုနှင့် သီးနှံ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း ရွာသားများမှ တင်ပြကြသည်။ လုပ်အားခ၊ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်း၊ ပြင်ပ အထောက်အပံ့များနှင့် လူမှုရေးအဆောက်အဦးများအပေါ်တွင် အကျိုးသက်ရောက်မှုစသည့်အကြောင်းအရာ များမှလွဲ ၍ QSEM-1 တွင် ကျား/မ ကွာခြားမှုအလိုက်ဖော်ပြသောသတင်းအချက်အလက်များ မပါဝင်ပါ။ QSEM-2 တွင်မူ ကျား/မ ကွာဟမှုအလိုက် အသက်မွေးဝမ်းကြောင်း အခြေအနေများကို နက်နက်နဲနဲဖော်ထုတ်လေ့လာ တင်ပြမည်ဖြစ်ပါသည်။

## ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာများ၊ ပြဿနာများနှင့် မထင်မှတ်ဘဲ ကြုံတွေ့ ခဲ့ရသည့် အခက်အခဲများ အကြောင်းကို လေ့လာသုံးသပ်ရသည့် အကြောင်းအရင်း ။

ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများ၊ ရွေးချယ်မှုနည်းလမ်းနှင့် အကျိုးအမြတ် ရလဒ်များသည် ကျိုးကြောင်းဆက်စပ်မှုကင်းမဲ့စွာဖြစ်ပေါ်နေသည် မဟုတ်ပါ။ ပြည်သူများသည် မိမိတို့ဘဝ ရပ်တည်ရေးအတွက် ရွေးချယ်မှုများကို ပြုလုပ်သည့်အခါတွင် ၎င်းတို့ကြုံတွေ့နေသော အခက်အခဲများ၊

ရရှိလာသော အခွင့်အလမ်းများဖြင့် မိမိတို့ မိသားစုအတွက် စားနပ်ရိက္ခာထောက်ပံ့နိုင်ရန်နှင့် ဝင်ငွေရရှိစေရန် ၎င်းတို့၏ အစွမ်းအစ၊ လူမှုရေး၊ နဂိုဗီဇ၊ ဘဏ္ဍာရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုတို့ကိုအသုံးပြုပြီး အကောင်းဆုံး နည်းလမ်းကို ရွေးချယ် ဆုံးဖြတ်ကြသည်။ ကျယ်ပြန့်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအခြေအနေများသည် အသက်မွေးမှု အရင်းအမြစ်များ ပိုင်ဆိုင်မှုနှင့် ၎င်းအရင်းအမြစ်များကို သုံးစွဲ၍ အကျိုးဖြစ်စေမှုအပေါ် လွှမ်းမိုး သက်ရောက်လျှက်ရှိသည်။ ၎င်းအရင်းအမြစ်များတွင် ပထဝီဝင်အနေအထား၊ ဈေးကွက်ရရှိနိုင်မှု၊ အကြွေးနှင့် ချေးငွေအခြေအနေ၊ မြေယာ၊ ရေအရင်း အမြစ်၊ သဘာဝအရင်းအမြစ်နှင့် သတင်းအချက် အလက်များ လက်လှမ်းမှီမှု စသည့်အခြေအနေများပါဝင်သည်။ ထို့ကြောင့် QSEM သုတေသနစစ်တမ်းတွင် သွင်းအားစုများ ရရှိနိုင်မှုနှင့်အသုံးပြုနိုင်မှု၊ အကျိုးအမြတ်များနှင့် အလုပ်သမား ဈေးကွက်၊ ကြွေးမြီနှင့် ချေးငွေအခြေအနေများ၊ စုဆောင်းမှုများနှင့် မြေ၊ ရေ၊ အခြားသဘာဝ အရင်းအမြစ်များ၊ သတင်းအချက်အလက်များ ရရှိနိုင်မှု အခြေအနေများကို ဆန်းစစ်လေ့လာဖော်ထုတ်ထားပါသည်။

**ဒေသတွင် ပေါ်ပေါက်လျှက်ရှိသောပြဿနာများနှင့် အပြောင်းအလဲများသည် အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုနှင့် အကျိုးအမြတ်များအပေါ် အကျိုးသက်ရောက်မှုရှိသည်။**

ဥပမာအားဖြင့် ဘဏ္ဍာရေး အကြပ်အတည်း (သို့မဟုတ်) ကုန်ဈေးနှုန်း ရုတ်တရက် မြင့်တက်ခြင်းစသည့်ထင်မှတ် မထားသော ပြဿနာများနှင့် ရေရှည်ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ဖြစ်သည်။ ဆန်စပါးမူဝါဒကဲ့သို့သော အရေးပါ သောမူဝါဒ ပိုင်းဆိုင်ရာ အပြောင်းအလဲများက သက်ရောက်မှု ရှိနိုင်သည်။ ထိုပြောင်းလဲမှုများသည် ဒေသခံတို့၏ ပိုင်ဆိုင်မှုများအပေါ်၊ အသက်မွေးဝမ်းကြောင်း အကျိုးအမြတ်များအပေါ်တိုက်ရိုက် အကျိုးသက်ရောက်မှုများ ရှိကောင်းရှိ နိုင်သလို၊ ရုပ်ပိုင်းဆိုင်ရာ စီးပွားရေးအဆောက်အဦကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲကောင်း ပြောင်းလဲစေနိုင်သည်။ ဥပမာအားဖြင့် - တစ်နိုင်ငံလုံးဆိုင်ရာ ဘဏ္ဍာရေး အကြပ်အတည်းပြဿနာသည် အတိုးနှုန်း သက်သာသော ချေးငွေရရှိနိုင်မှုကို လျော့ကျကောင်း လျော့ကျစေနိုင်ပါသည်။ သဘာဝဘေးအန္တရာယ် ကြောင့်လည်း လူများ၏ မွေးမြူရေး လုပ်ငန်းများ၊ မြေယာများနှင့် အနီးဆုံးဈေးကွက်ကို ဆက်သွယ်နေသည့် အဓိကလမ်းများကိုလည်း ပျက်စီးစေနိုင်ပါသည်။ မိုးခေါင်မှု၊ ပိုးမွှားနှင့် ရောဂါများသည်လည်း သီးနှံအထွက်များနှင့် မွေးမြူရေးလုပ်ငန်းများကိုပါ ဆိုးကျိုးသက်ရောက်စေ ပါသည်။ မိသားစုအတွင်း ကျန်းမာရေးပြဿနာများကလည်း မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်နိုင်စွမ်းကို ထိခိုက်စေပြီး၊ ကြွေးမြီ ပိုမိုတင်ရှိနိုင်မည့် အလားအလာ များကို ဖြစ်စေနိုင်ပါသည်။

QSEM သုသေသနစစ်တမ်းတွင်

ဒေသတွင်း ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦ

- ချေးငွေ၊ ကြွေးမြီတင်ရှိမှုများနှင့် စုဆောင်းမှုများ
- မြေယာနှင့် သဘာဝအရင်းအမြစ်များ
- ဈေးကွက် (သွင်းအားစုများနှင့်ထုတ်ကုန်ဈေးကွက်များ၊အလုပ်သမားဈေးကွက်များ)

မမျှော်လင့်ထားသော ပြဿနာများနှင့် စိန်ခေါ်မှုများအပေါ် ခုခံနိုင်စွမ်းနည်းခြင်း

- ရာသီဥတုနှင့် ကပ်ဘေးအန္တရာယ်များ
- ငွေကြေးပြဿနာနှင့် ဈေးနှုန်းပြောင်းလဲမှုများ
- အရေးပါသော ပေါ်လစီ (မူဝါဒ)ပြောင်းလဲမှုများ
- ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ

## ချေးငွေ ၊ ကြွေးမြီ နှင့် စုဆောင်းမှုများ

ချေးငွေ၊ ကြွေးမြီနှင့် စုဆောင်းမှုများနှင့် ပါတ်သက်သော လေ့လာတွေ့ရှိချက်များမှာ အားလုံးသိထားပြီးဖြစ်သော အခြေအနေများနှင့် တူညီမှုရှိကြောင်း တွေ့ရသည်။ QSEM စစ်တမ်းကောက်ယူခဲ့သည့် အချို့ရွာများတွင် (များသောအားဖြင့် ချင်းပြည်နယ်ရှိ ရွာများတွင်) ချေးငွေရရှိမှုမှာ တိုးပွားလာပါသည်။ သိုသော်လည်း ချေးငွရရှိနိုင်သည့် ပမာဏမှာ တကယ်လိုအပ်သည့် ပမာဏ၏ တဝက်မျှလောက်သာဖြစ်သည်ဟု ကျေးရွာသားများတင်ပြကြသည်။ ဒေသအားလုံးတွင် ကျေးရွာသားများမှာ အခြားငွေတိုးပေးစားသူများထံမှ အတိုးနှုန်းများများဖြင့် ချေးယူနေကြရသည်။[၅]

**QSEM စစ်တမ်းအရတွင် ဆင်းရဲချမ်းသာမှုအဆင့်အတန်းကွာခြားမှုအလိုက် ချေးငွေရရှိနိုင်မှု အခြေအနေကွာခြားသည်ကို တွေ့ရှိရပါသည်။** အပေါင်ပစ္စည်းမပါ- မြင့်မားသည့်အတိုးနှုန်းကြောင့် ကျေးလက်နေပြည်သူများအဖို့ အကြွေးထူလာပြီး အများစုမှာ အကြွေးဂန်ပိလာသည်။ ဆင်းရဲသားများ အကြွေးဂန်ပိနေချိန်တွင် ၎င်းတို့ကို ငွေချေးပေးလေ့ရှိသော တောင်သူ ကြီးများမှာလည်း သီးနှံဆုံးရှုံးမှုများကြောင့် ချေးငွေပေးနိုင်သောပမာဏ လျော့နည်းသွားပါသည်။ အကြွေးထူလွန်းခြင်းနှင့်အတူ လက်တလောသီးနှံဆုံးရှုံးမှုများကြောင့် လူအများ၏ စုဆောင်းနိုင်စွမ်းကို အဟန့်အတားဖြစ်စေပြီး အခက်အခဲများကို အလွယ်တကူ ရင်ဆိုင်နိုင်စွမ်း ကျဆင်းလျှက်ရှိပါသည်။

### ချေးငွေ

အချို့သောကျေးရွာများ အထူးသဖြင့် ချင်းပြည်နယ်တွင် ချေးငွေရနိုင်သော အရင်းအမြစ်များမှာ တိုးပွားလာသည်။ ၂၀၀၅ ခုနှစ်မှ စတင်၍ အန်ဂျီအိုများမှ အသေးစားချေးငွေအစီအစဉ်များ စတင်လာခဲ့ပြီး အထူးသဖြင့် (၂၀၁၀-၂၀၁၂ ခုနှစ်) ကွင်းဆင်းလေ့လာမှုမပြုလုပ်မီ ၂ နှစ်အတွင်း အဆိုပါ ချေးငွေစီမံကိန်း များပြားလာခဲ့သည်ဟု ရွာသားများက တင်ပြကြသည်။ ကွင်းဆင်းလေ့လာမှုမပြုလုပ်မီ နှစ်အနည်းငယ်တွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပမာဏကို ကျပ် ၂၀၀၀၀ မှ ၄၀၀၀၀ အထိ နှစ်ဆ တိုးပေးပြီးဖြစ်သောကြောင့် ပြီးခဲ့သည့် နှစ်များတွင် ချေးငွေပမာဏ တိုးပွားခဲ့သည်။ သို့သော်လည်း ယခင်နှစ်က ချေးငွေကို ပြန်မဆပ်နိုင်ခဲ့သောကြောင့် ချေးငွေရရှိနိုင်မှုမှာ လျော့နည်းသွားကြောင်း မကွေးတိုင်းဒေသကြီးမှ တောင်သူလယ်သမားများက တင်ပြကြသည်။ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးများမှာမူ ချေးငွေရရှိမှုမှာ မပြောင်းလဲသေးဘဲ ယခင်အတိုင်းပင်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူ လေ့လာခဲ့သည့် ဒေသတိုင်းနှင့် လူမှုစီးပွားရေးဆိုင်ရာအုပ်စုတိုင်းမှ ဖြေကြားသူများသည် ချေးငွေပမာဏနှင့်ပတ်သက်၍ လိုအပ်သလောက်မရရှိနိုင်သေးကြောင်းနှင့် သူတို့၏ အသက်မွေးဂမ်းကြောင်း လုပ်ငန်းများအတွက် ချေးငွေကို လက်ရှိရနိုင်သည်ထက် နှစ်ဆခန့်ကို လိုအပ်နေသေးကြောင်းတင်ပြခဲ့ကြသည်။

---

[၅] မြန်မာ့ကျေးလက်ဒေသရှိ ချေးငွေနှင့်ပတ်သက်သော တွေ့ရှိချက်များမှာ ယခင်တွေ့ရှိချက်များနှင့် ကိုက်ညီသည်ကို တွေ့ ရသည်။ မြန်မာနိုင်ငံသို့ ငွေကြေးဆိုင်ရာ ဂန်ဆောင်မှုများ စီးဆင်းမှု အတိုင်းအတာမှာ ကမ္ဘာတွင် အနိမ့်ဆုံးအဆင့်တွင် ပါဝင်သည်။ GDP ၏ ၄.၇ ရာခိုင်နှုန်းသာ ပြည်တွင်းချေးငွေဖြစ်ပြီး ၂၀၁၀ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသော ကမ္ဘာ့ဖွံ့ဖြိုးရေးဆိုင်ရာ ညွှန်းကိန်းများအရ ၁၅၉ နိုင်ငံတွင် အနိမ့်ဆုံးနိုင်ငံဖြစ်ပါသည်။ တရားဝင် ငွေကြေးဆိုင်ရာ ဂန်ဆောင်မှုများရရှိနိုင်မှုမှာ အကန့်အသတ်များစွာ ရှိနေပါသည်။ မြန်မာနိုင်ငံတွင် GDP ၏ ၂၇ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ အကြီးမားဆုံးသော လုပ်ငန်းဖြစ်သော်လည်း ချေးငွေအားလုံး၏ ၂.၅ ရာခိုင်နှုန်းသာ ထိုကဏ္ဍအတွက်စီးဆင်းသောကြောင့် ကျေးလက်ဒေသများ၏ ချေးငွေနှင့် စိုက်ပျိုးရေးကဏ္ဍသည် အထူးသဖြင့် ခက်ခဲကျပ်တည်းနေပါသည်။ မှီခိုအားထားနိုင်လောက်သော တရားဝင် ငွေကြေးဆိုင်ရာဂန်ဆောင်မှုများကို မရရှိနိုင်ခြင်းကြောင့် ကျေးလက်တွင်သာမက မြို့ပြဒေသရှိလူများပါငွေတိုးပေးစားသူများထံမှ ၁ လ အတိုးနှုန်း ၂၀ ရာခိုင်နှုန်းဖြင့် ချေးယူရပါသည်။ (ကမ္ဘာဘဏ်၏ ၂၀၁၂ မြန်မာနိုင်ငံ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးရေး မှ ကောက်နုတ်ဖော်ပြချက်)

ချင်းပြည်နယ်မှလွဲ၍ ကျန်ဒေသအားလုံးတွင် တရားဝင်မဟုတ်သော ပုဂ္ဂလိက ငွေတိုးပေးစားသူများသည် အရေးကြီးဆုံး ချေးငွေအရင်းအမြစ်များ ဖြစ်ခဲ့ကြပါသည်။ ပုဂ္ဂလိကငွေချေးသူများ၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်နှင့် အန်ဂျီအိုများသည် တောင်သူလယ်သမားများအတွက် အရေးကြီးသော ချေးငွေအရင်းအမြစ်များ ဖြစ်ကြပါသည်။ (သို့သော် မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်သည် ချင်းပြည်နယ်အတွက်မူ အားထားရသော ချေးငွေရင်းမြစ်မဟုတ်ပါ ရခိုင်ပြည်နယ်တွင်လည်း အန်ဂျီအိုများသည် ချေးငွေအရင်းအမြစ် တစ်ခုအနေနှင့် မရှိကြပါ။) အန်ဂျီအိုများမှ ချေးငွေသည် အထူးသဖြင့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့တွင် အရေးပါသော ချေးငွေအရင်းအမြစ်များဖြစ်လာကြပါသည်။

## သာဓက ၄ : ချေးငွေရရှိမှု မလုံလောက်ခြင်း၏ ဆင်းရဲသောလယ်သမားများနှင့် ဆင်းရဲနွမ်းပါးသူများအပေါ် အကျိုးသက်ရောက်မှု

ချေးငွေလုံလောက်စွာ မရရှိခြင်းကြောင့် ဆင်းရဲနွမ်းပါးလယ်သမားများသည် ထုတ်ကုန်များကို အလောတကြီး ဖြင့်ရောင်းချရသည်။ ငွေကြေးလိုအပ်မှုကြောင့် ထုတ်ကုန်များကို ရသင့်ရထိုက်သော ဈေးနှုန်းမရနိုင်မီ အချိန်တွင် ကြိုတင်ရောင်းချရခြင်းမျိုး ဖြစ်စေပါသည်။ ဥပမာအားဖြင့် တိရစ္ဆာန်မွေးမြူရေးတွင် ရင်းနှီး မြုပ်နှံထားသော တောင်သူလယ်သမားများသည် မွေးမြူထားသည့် တိရစ္ဆာန်များ အရွယ်ရောက်သည့် တိုင်အောင် မစောင့်နိုင်ဘဲ ရောင်းချရသည့်အတွက်ကြောင့် ရသင့်သောဝင်ငွေကို မရရှိနိုင်ကြပါဟု တင်ပြကြပါ သည်။ အရေးပေါ်ကိစ္စများနှင့် လတ်တလောငွေလိုအပ်ချက်များ ရှိလာပါက တိရစ္ဆာန်များကို ရသည့်ဈေးဖြင့်သာ ရောင်းချကြရပါသည်။ အလားတူအဖြစ်အပျက်တစ်ခုမှာ ဆင်းရဲသောကျေးရွာသူ ကျေးရွာသားများသည် သနပ်ခါးကဲ့သို့သော နှစ်ရှည်ပင်များကို အချိန်မတိုင်မီ ကြိုတင်ရောင်းချနေကြရသည်။ သနပ်ခါး၊ကျွန်းသစ်၊ ရာဘာကဲ့သို့သော နှစ်ရှည်ပင်များသည် အကောင်းဆုံးဈေးကို ရရှိရန် နှစ်ပေါင်းများစွာ စိုက်ပျိုးရသော်လည်း ထိုသို့ဈေးကောင်းရနိုင်သည့်အရွယ်ထိ မစိုက်ပျိုးနိုင်ဘဲ ကြိုရောင်းကြရသည်ဟု တင်ပြခဲ့ကြပါသည်။ ဤအစီရင် ခံစာတွင်ပါရှိသော အခြားနေရာများတွင်လည်း တောင်သူလယ်သမားများသည် အများအားဖြင့် ငွေလိုအပ် မှုကြောင့် စပါးများကို ရိတ်သိမ်းချိန်မတိုင်ခင် ကြိုရောင်းရကြောင်းသိရပါသည်။

**ငါးဖမ်းသမားမိသားစုများသည် တောင်သူလယ်သမားများထက် ချေးငွေအရင်းအမြစ်နည်းပါးသည်။** ထိုသို့ ဖြစ်စေသောအကြောင်းတစ်ခုမှာ QSEM ကလေ့လာရာဒေသများအနက် တံငါလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုများအများဆုံး နေထိုင်ကြသည့် ရခိုင်ပြည်နယ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေး စီမံကိန်းများ လုပ်ဆောင်မှုနည်းပါးသောကြောင့်ဖြစ်သည်။ မိသားစုဝင်များနှင့် ဆွေမျိုးနီးစပ်များပြီးလျှင် တရားဝင် မဟုတ်သော ငွေတိုးပေးစားသူများနှင့် ချေးငွေအတွက် ကြားခံဆောင်ရွက်ပေးသူပွဲစားများသည် အဓိက ချေးငွေ အရင်းအမြစ်များဖြစ် ကြပါသည်။ ခြွင်းချက်အနေဖြင့် ကျေးရွာတစ်ရွာတွင်မူ မိရိုးဖလာ လူမှုရေးအဖွဲ့အစည်း ၁ ခုမှ အများဆုံး ၃ သိန်းကျပ်အထိ ကျေးရွာရှိ သင့်တော်သူတိုင်းကို ချေးပေးသည်ကိုတွေ့ရပါသည်။

**ပုဂ္ဂလိက ငွေချေးပေးသူများသည် ပမာဏအများဆုံးထုတ်ချေးပေးသူများဖြစ်ကြပြီး၊ ချမ်းသာသောတောင်သူ လယ်သမားများသည် ဒုတိယအများဆုံးငွေချေးပေးသူများဖြစ်ကြသည်။**

QSEM စစ်တမ်းလေ့လာသော ဒေသများတွင် ပုဂ္ဂလိက ငွေချေးပေးသူများ၊တောင်သူကြီးများ၊ လှည့်ပတ်ရန်ပုံငွေ အဖွဲ့အစည်းများ၊ အသေးစားချေးငွေအဖွဲ့အစည်းများနှင့် သီးနှံ(သို့)ထုတ်ကုန်များကို ချေးငွေဖြင့် ကြိုတင်ဝယ်ယူ သူများနှင့် ချေးငွေအတွက် ကြားခံဆောင်ရွက်ပေးသူပွဲစားများ အားလုံးရှိကြပါသည်။ ငွေထုတ်ချေးပေး သူများသည် မိမိတို့ကိုယ်တိုင်လည်း တစ်ခြားသူများ အားထုတ်ချေးပေးနိုင်ရန်အတွက် ချေးယူထားရသည့် အကြွေးများ ရှိနေကြပါသည်။ တရားဝင်မဟုတ်သော အဓိကချေးငွေ ထုတ်ချေးပေးသူများ (တောင်သူကြီးများ၊

ချေးငွေကြိုတင်ထုတ်ပေး၍ သီးနှံများကိုစုဆောင်းဝယ်ယူသူများ) တွင် များသောအားဖြင့် ကိုယ်ပိုင် အရင်းအနှီး ရှိကြပါသည်။ ပုဂ္ဂလိကငွေတိုးပေးစားသူများမှာ အခြားသူများကို ပြန်လည်ချေးပေးနိုင်ရန်အတွက် မြို့ပေါ်ရှိ ငွေချေးပေးသူများထံမှ ချေးငွေကို မှီခိုနေရသည်။ ချေးငွေကြိုတင် ထုတ်ပေး၍ ထုတ်ကုန်များကို စုဆောင်း ဝယ်ယူသူများသည် များသော အားဖြင့်ကြားခံပွဲစားများကဲ့သို့ လုပ်ဆောင်ကြပြီး ၎င်းတို့၏ လိုအပ်သော အရင်း အနှီးအတွက် မြို့ပေါ်မှ ဝယ်လက်များကို မှီခိုရပါသည်။

**ဇယား ၂။ ။ ငွေချေးပေးသူနှင့် ချေးယူသူအမျိုးအစားအလိုက် ပျမ်းမျှ ချေးငွေ ပမာဏ**

| ငွေချေးပေးသူအမျိုးအစား | ပျမ်းမျှ အများဆုံး ချေးငွေ ပမာဏ (ကျပ်) | ပျမ်းမျှ အနည်းဆုံး ချေးငွေ ပမာဏ (ကျပ်) | ပျမ်းမျှ ချေးငွေ ပမာဏ (ကျပ်) |
|---|---|---|---|
| ချမ်းသာသောတောင်သူကြီးများ | ၃၀၈, ၁၂၅ | ၃၁, ၂၅၀ | ၁၆၉, ၆၈၈ |
| အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ | ၁၈၂, ၈၆၃ | ၄၁, ၅၁၉ | ၁၁၂, ၁၉၁ |
| ပုဂ္ဂလိက ငွေချေးပေးသူများ | ၆၁၇, ၂၂၂ | ၂၆, ၁၆၇ | ၃၂၁, ၆၉၅ |
| တဆင့်ခံကြားပွဲစားများ | ၃၆၉, ၃၃၃ | ၉၀, ၃၃၃ | ၂၂၉, ၈၃၃ |

ချမ်းသာသော တောင်သူကြီးများသည် တောင်သူလယ်သမားငယ်များနှင့် အလုပ်သမားများအတွက် အဓိက ကျသော ချေးငွေအရင်းအမြစ်တစ်ခုဖြစ်သည်။ ထိုတောင်သူလယ်သမားကြီးများသည် ကုန်စုံဆိုင်ဖွင့်ခြင်း၊ သီးနှံ များကို ကြိုတင်ချေးငွေပေးပြီး ဝယ်ယူခြင်း၊ ကုန်သွယ်ခြင်းစသည့် ဝင်ငွေရအရင်းအမြစ်များကိုလည်း လုပ်ကိုင် လာကြသည်။ သို့သော်လည်း တောင်သူကြီးများကိုယ်တိုင် သီးနှံဆုံးရှုံးမှုများနှင့် သီးနှံဈေးနှုန်းကျဆင်းမှု များကြောင့် အခက်ခဲများ ကြုံတွေ့နေကြရပြီး၊ အလားတူကြုံတွေ့ရသော အခြားတောင်သူလယ်သမားများ၏ ကြွေးမြီပြန်မဆပ်နိုင်သောကြောင့် ၎င်းတို့၏ ချေးငွေ ထုတ်ချေးပေးသည့် ပမာဏမှာလည်း ကျဆင်းလာပါသည်။ တောင်သူငယ်များနှင့် အလုပ်သမားများအတွက် ကြွယ်ဝသော တောင်သူကြီးများထုတ်ချေးပေးနိုင်သည့် ချေးငွေ ပမာဏနှင့် အကြိမ်အရေအတွက်ပါ လျော့နည်းသွားကြောင်း တွေ့ရသည်။

**သာဓက ၅: ကြွယ်ဝသော တောင်သူကြီးများနှင့် အခြားပုဂ္ဂလိက မြီရှင်များထံမှ တောင်သူငယ်များနှင့် ကျပန်းလုပ်သား များအတွက် ချေးငွေ ပေးနိုင်မှု ကျဆင်းလာခြင်း။**

မကွေးတိုင်းဒေသကြီးရှိ ချမ်းသာသောတောင်သူကြီးတစ်ဦးသည် ကျေးရွာတွင်းရှိ တောင်သူလယ်သမား ငယ်များ နှင့် အလုပ်သမားများကို ငွေထုတ်ချေးလေ့ရှိပါသည်။ သူသည် ကြားခံပွဲစားလုပ်သကဲ့သို့ ထန်းလျက်နှင့် ပဲကုန်သည်အဖြစ်လည်း လုပ်ကိုင်ပါသည်။ ၎င်းထံတွင် ငွေချေးသူ ၁၀၀ ဦးခန့်ရှိပြီး၊ အပေါင်ပစ္စည်းပါလျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်း၊ မပါလျှင် ၆ ရာခိုင်နှုန်း သို့မဟုတ် ၇ ရာခိုင်နှုန်းဖြင့် ငွေချေးပေးလေ့ရှိသည်။ ပုံမှန်အားဖြင့် အနည်းဆုံး ၁သောင်းကျပ်မှ အများဆုံး ငါးသိန်းကျပ်အထိ ချေးငွေကို ထုတ်ချေးပေးလေ့ရှိသည်။ ယခုနှစ်တွင် ထိုလယ်သမား ကြီးသည် ကျပ်ငွေနှစ်ဆယ့်ခြောက်သိန်းကျော်ကို ကုန်သွယ်ရာတွင် ဆုံးရှုံးသွားခဲ့ရာ ချေးငွေထုတ်ချေး ပေးနိုင်စွမ်းမှာ ထက်ဝက်ခန့် လျော့ကျသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် အချို့ငွေချေးယူသူများမှာ စီးပွားရေးလုပ်ငန်း အခက်အခဲများကြောင့် ချေးငွေကို ပြန်ဆပ် ရာတွင်ပြဿနာများကို ရင်ဆိုင်နေရသည်။ ထိုအတွက်ကြောင့် တောင်သူကြီး၏ ချေးငွေကို ပြန်လည် ချေးပေး နိုင်မှုမှာ ပိုပြီးလျော့နည်းသွားခဲ့သည်။

ရခိုင်ပြည်နယ်ရှိ တောင်သူကြီးများမှာမူ ယခင်ကဲသို့ပင် ပုံမှန်လုပ်ကိုင်ဆောင်ရွက်နေကြသည်ဟု ပြောကြား ခဲ့ကြသည်။ ၎င်းတို့၏ ချေးငွေထုတ်ပေးမှုမှာ စပါးတန်ဖိုးကို သတ်မှတ်ပြီးနောက် ထွက်လာမည့် စပါးအထွက် အလားအလာကို မှန်းပြီး ထုတ်ပေးခြင်းဖြစ်သည်။ ရိတ်သိမ်းချိန်မရောက်မီ ထွက်လာမည့်စပါးကို ကြိုတင် ရောင်းချရာတွင် အမှန်တကယ် ရိတ်သိမ်းချိန်၌ ရနိုင်သည့်ဈေးထက် ထက်ဝက်ခန့်သာပေးဝယ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ရိတ်သိမ်းပြီးချိန်တွင် စပါးတစ်တင်းလျှင် ၄၀၀၀ ကျပ်ရနိုင်သော်လည်း ကြိုတင်ရောင်းချပါက ၂၀၀၀ ကျပ်ဖြင့်သာ ပေးဝယ်ခြင်းဖြစ်သည်။ ဤနည်းဖြင့် ရခိုင်ပြည်နယ်ရှိ ချေးငွေထုတ်ပေးသူ တောင်သူကြီး များသည် ချေးငွေထုတ်ပေးရာတွင် ဆုံးရှုံးနိုင်မည့် အလားအလာ အခြေအနေများကို တစ်နည်းတစ်ဖုံ လျှော့ချ ကြသည်။

ဒေသအားလုံးတွင် အဓိကအားဖြင့် နေ့စားအလုပ်သမားများအတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ငါးဖမ်း သမားငယ်များနှင့် ရေလုပ်သားများအတွက်လည်းကောင်း ကုန်စုံဆိုင်များသည် အရေးကြီးသော ချေးငွေ အရင်းအမြစ်များ ဖြစ်ကြသည်။ အပူပိုင်းဒေသရှိ ကုန်စုံဆိုင်ပိုင်ရှင်များသည် အကြွေးဝယ်ယူမှုများကို လက်ခံ နေရခြင်းကြောင့် လုပ်ငန်းလည်ပတ်နိုင်ရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ပြောကြားခဲ့သည်။ သီးနှံ ဆုံးရှုံးမှုများနှင့် ဈေးနှုန်းကျဆင်းခြင်းသည် ၎င်းတို့၏ဖောက်သည်များ အကြွေးမဆပ်နိုင်သည့် အဓိက အကြောင်း ဖြစ်သည်ဟု ဆိုသည်။ ငါးဖမ်းသမားငယ်များနှင့် ရေလုပ်သားငယ်များအား စားသောက်ကုန်များကို အကြွေး ရောင်းချပေးသော ရခိုင်ပြည်နယ်ရှိ ကုန်စုံဆိုင်များမှာလည်း အခက်အခဲများကို ရင်ဆိုင်နေရပါသည်။ ပြဿနာမှာ လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း ငါးဖမ်းရရှိနိုင်မှုမှာ လျော့နည်းသွားခြင်းကြောင့်ဖြစ်သည်။ လေ့လာခဲ့သော ဒေသတစ်ခုမှ ကုန်စုံဆိုင်များသည် ရွှေ့ပြောင်းလုပ်သားများထံမှ အကြွေးရရန် ကျန်ရှိနေခြင်းကြောင့် ဆိုင်၏ စီးပွားရေးလည်ပတ်ရန် အကျပ်အတည်း တွေ့ကြရကြောင်း တင်ပြပြောကြားခဲ့ကြသည်။ ထိုရွှေ့ပြောင်း လုပ်သားများမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ငါးဖမ်းလုပ်ငန်းခွင်၌ အလုပ်ရှာရန် အလို့ငှာ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။

**ရခိုင်ပြည်နယ်မှလွဲ၍ ကျန်လေ့လာခဲ့သောဒေသတိုင်းတွင် ထောက်ပံ့သည့်အဖွဲ့အစည်းများ (အန်ဂျီအိုများ)ထံမှ တတ်နိုင်သလောက်သောအတိုးနှုန်းဖြင့် ချေးငွေများသည် အရေးပါသော ချေးငွေအရင်းအမြစ်တစ်ခုပင်ဖြစ်သည်။** အထောက်အပံ့အဖွဲ့အစည်းများမှ ချေးပေးသော ချေးငွေများသည် အတိုးနှုန်းသက်သာပြီး၊ မြေယာမဲ့ လုပ်သား များနှင့် ကုန်စုံဆိုင်ငယ်ကလေးများကဲ့သို့သော အသေးစားလုပ်ငန်းများကို ဦးတည်ရည်ရွယ်ချေးပေးသည်။ ထိုချေးငွေများမှာ အသေးစား ချေးငွေစီမံကိန်းများနှင့် လှည့်ပတ်ရန်ပုံငွေများဖြစ်သည်။ လှည့်ပတ်ရန်ပုံငွေကို နည်းလမ်း ၂ မျိုးဖြင့် ထောက်ပံ့ပေးသည်။ ငွေကြေး သို့မဟုတ် စပါးဘဏ်မှ စပါးထုတ်ချေးပေးခြင်းဖြစ်သည်။ စပါးထုတ်ချေးရာတွင် ပြင်ပဈေးကွက်ပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

**အထောက်အပံ့အဖွဲ့အစည်းများ၏ချေးငွေကို ပြန်ဆပ်သည့်နှုန်းကောင်းမွန်သည်ကိုတွေ့ရှိရသည်။ အများအားဖြင့် ၉၀ ရာခိုင်နှုန်း နီးပါးပြန်ဆပ်ကြသည်။** သို့သော်လည်း ငွေချေးသူများသည် အထောက်အပံ့အဖွဲ့အစည်းများမှ ယူထားသော ချေးငွေကို ပြန်ဆပ်ရန်အတွက် အခြားချေးငွေအရင်းအမြစ်များမှ တစ်ခါတစ်ရံ ငွေပြန်ချေးယူကြ သည်။ ထောက်ပံ့သည့် အဖွဲ့များမှ ချေးပေးသော ချေးငွေသည် ပြင်ပငွေကြေးဈေးကွက်ရှိ ငွေတိုးပေးစား သူများ ထံမှ ချေးသောအတိုးနှုန်းထက်များစွာ သက်သာသည်ဖြစ်ရာ ပြန်မဆပ်ပါက နောင်အနာဂတ်တွင် ဤကဲ့သို့ ချေးငွေရရှိနိုင်သည့် အခွင့်အလမ်းမရမည်ကို စိုးရိမ်ခြင်း၊ လူမှုရေးတာဝန်ယူမှုရှိလိုခြင်း (ဥပမာ-ထိုကဲ့သို့သော အထောက်အပံ့အဖွဲ့အစည်းများ၏ အစီအစဉ်များသည် အကျိုးရှိပြီး ကျေးရွာ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အတွက်ဖြစ်သည်ဟု ခံယူသောကြောင့် ထိုအစီအစဉ်များ ကျေးရွာတွင် ဆက်လက်ရှိနိုင်စေရန် တာဝန်ရှိသည်ဟု

ရွာသားများ နားလည်ခြင်းကြောင့်လည်း ဖြစ်သည်။)၊ ငွေချေးသူအချင်းချင်းဖိအားပေးမှုရှိခြင်း ( ဥပမာ - ချေးငွေအစီအစဉ်အများစုတွင် ချေးငွေယူသူတစ်ဦး တစ်ယောက်ချင်းစီက ပြန်လည် ပေးဆပ်ရန်ပျက်ကွက်ခြင်းသည် အခြားငွေချေးသူ ရွာသားများပါ ပျက်ကွက်ခြင်းဟု အဓိပ္ပါယ်သက်ရောက်သောကြောင့်ဖြစ်သည်။) စသည့် အကြောင်းများကြောင့် အတိုးနှုန်းသက်သာသော ချေးငွေကို ပြန်ဆပ်ရန်အတွက် ပုဂ္ဂလိက ငွေတိုးပေးစားသူများ ထံမှ အတိုးနှုန်းမြင့်သော ချေးငွေကို ပြန်လည်ချေးငှားပေးဆပ်ရသည်။ အကျိုးဆက်မှာ အကြွေးနွံနစ်လာသည့် ကိစ္စများအများအပြားပင်ရှိလာသည်။ သို့သော်လည်း ချင်းပြည်နယ်ကဲ့သို့သော ဒေသများတွင် အထောက်အပံ့ အဖွဲ့အစည်းများ၏ အတိုးနှုန်းသက်သာသော ချေးငွေကြောင့် အတိုးနှုန်း မြင့်မားသည့် တရားမဝင် ငွေတိုးပေးစား မှုများ များစွာလျော့နည်းသွားခဲ့သည်။ ချင်းပြည်နယ်တွင် တရားဝင်မဟုတ်သော ပုဂ္ဂလိကငွေတိုးပေးသူများထံမှ အတိုး ၁၀၀ ရာခိုင်နှုန်း ဖြင့် စပါးတစ်တင်းချေး ယူလျှင် တစ်ရာသီအတွင်းမှာပင် စပါး၂ တင်းပြန်ဆပ်ရသည်။

**မတူညီသော အသက်မွေးဝမ်းကြောင်းနှင့် လူမှုစီးပွါးရေး အခြေအနေအလိုက် မြင့်မားသောအတိုးကို နှုန်းအမျိုး မျိုးဖြင့်ပေးကြရသည်။**

တောင်သူကြီးများအတွက် အပေါင်ပါ အတိုးနှုန်းမှာ ၄ ရာခိုင်နှုန်းမှ မြေယာမဲ့လုပ်သားများအတွက် အပေါင်မပါ ပျမ်းမျှတစ်လလျှင် ၉ ရာခိုင်နှုန်း အတိုးနှုန်းအထိ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ သို့ရာတွင် တောင်သူကြီး များအတွက် ပျမ်းမျှအတိုးနှုန်း ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ မြေယာမဲ့အလုပ်သမားများအတွက် အတိုးနှုန်း ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း မြင့်မားသွားနိုင်ဖွယ်ရှိနေပါသည်။ အလုပ်သမားများသည် တစ်ခါတစ်ရံ ငွေကြေးအရေးပေါ် လိုအပ်ချိန်တွင် ၅၀ ရာခိုင်နှုန်း "နေ့ပြန်တိုး"ဖြင့် ချေးယူနေကြရသည်။ အထူးသဖြင့် အသေးစား ချေးငွေအစီအစဉ်များ ပြန်ဆပ်ရသည် အခါမျိုးတွင်ဖြစ်သည်။ အခြားနေရာဒေသများနှင့်နှိုင်းယှဉ်လျှင် ရခိုင်ပြည် နယ်တွင် အတိုးနှုန်းများ အနည်းငယ်မြင့်မား နေသော်လည်းလွန်ခဲ့သော ၂ နှစ်မှစ၍ အတိုးနှုန်းများ တည်ငြိမ်လျက် ရှိသည်ကို တွေ့ရသည်။

**စိုက်ပျိုးစရိတ်ချေးငွေများသည် ရာသီအလိုက် စိုက်ပျိုးချိန်တွင်ပေးလေ့ရှိပြီး သီးနှံရိတ်သိမ်းချိန်တွင် ပြန်လည် ပေးဆပ်ကြရသည်။** အပူပိုင်းဒေသတွင် တောင်သူလယ်သမားများသည် ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲစသည့် အဓိကဖင်ငွေရ သီးနှံများအတွက် စိုက်ပျိုးစရိတ်ကို သီးနှံပေါ်ချိန်ကိုလိုက်၍ အကြွေးပြန်ဆပ်ခဲ့ကြရသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ရခိုင်ပြည်နယ်၏ အဓိကသီးနှံဖြစ်သည့် စပါးပေါ်ချိန်နှင့် ချင်းပြည်နယ်၏ အဓိကသီးနှံဖြစ်သည့် စပါးနှင့် ပြောင်းဖူးရိတ်သိမ်းချိန်များတွင် ချေးငွေကို ပြန်ဆပ်ကြရသည်။ ပြန်ဆပ်ရသည့် ကာလသည် ပုံမှန်အားဖြင့် ချေးငွေထုတ်ပေးပြီး ၅ လ မှ ၆ လ အတွင်း ပြန်ဆပ်ရပြီး၊ ရေလုပ်ငန်းမှာ လစဉ် ပြန်ဆပ် ရသည်။

ဒေသမရွေး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုမရွေး တွေ့ဆုံမေးမြန်းခြင်းခံရသူအားလုံးသည် လွန်ခဲ့သည့်နှစ် များထက်ပို၍ အကြွေးပမာဏများလာကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အကြောင်းအရင်းနှစ်ရပ်ရှိပါသည်။ ပထမ အကြောင်းအရင်းမှာ သီးနှံအထွက်ဆုံးရှုံးမှုနှင့် ငါးအမိအရ နည်းလာသောကြောင့် လယ်သမားများနှင့် ငါးဖမ်း သမားများ၏ အကြွေးပြန်ဆပ်နိုင်စွမ်း ကျဆင်းသွားခြင်းကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ အချို့သောနယ်မြေ ဒေသများတွင် အထောက်အပံ့အဖွဲ့အစည်း များထံမှချေးငွေရရှိမှု များလာသောကြောင့်ဖြစ်သည်။ ပုဂ္ဂလိက ငွေတိုး ပေးစားသူများထက် အထောက်အပံ့အဖွဲ့အစည်းများထံမှ ငွေချေးယူခြင်းသည် ပို၍အတိုးနှုန်းသက်သာသောကြောင့် ချေးငွေကို ပိုမိုအသုံးပြုကြ သဖြင့်ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးများရှိ လယ်သမားငယ်များနှင့် အလုပ် သမားများသည်အကြွေးဝန်ထုပ်ဝန်ပိုး တိုးလာကြသည်။

**ဇယား ၃။ ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် ချေးငှားရသော အတိုးနှုန်း**

| သက်မွေးဝမ်းကြောင်း အုပ်စုများ | အပေါင်ပစ္စည်းပါ ပျမ်းမျှအတိုးနှုန်း (လစဉ်) | အပေါင်ပစ္စည်းမပါ ပျမ်းမျှအတိုးနှုန်း (လစဉ်) | အနည်းဆုံး အတိုးနှုန်း (လစဉ်) | အများဆုံး အတိုးနှုန်း (လစဉ်) |
|---|---|---|---|---|
| တောင်သူကြီးများ | ၄% | ၇% | ၃% | ၁၀% |
| အလယ်အလတ် တောင်သူလယ်သမားများ | ၄.၅% | ၈% | ၃% | ၂၀% |
| တောင်သူလယ်သမားငယ်များ | ၅% | ၈% | ၃% | ၂၀% |
| ငါးဖမ်းသမားများ | ၅% | ၇% | ၃% | ၂၀% |
| မြေယာမဲ့လုပ်သားများ | ၅% | ၉% | ၃% | ၅၀% |

ချေးငွေပမာဏကွာခြားလျက်ရှိရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအမျိုးအစားများအလိုက် ၎င်းတို့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ချေးယူရသည်ဖြစ်သောကြောင့် ချေးငွေကြေးပမာဏမှာ မတူညီကြပါ။ ကျပန်းအလုပ်သမားများသည် ငွေကြေးပမာဏအနည်းငယ်ကိုသာ ချေးယူပြီးအများအားဖြင့် ခန့်မှန်းခြေ ၇၅၀၀၀ ကျပ်ခန့် ချေးယူကြသည်။ ချင်းပြည်နယ်တွင်မူ အထောက်အပံ့အဖွဲ့အစည်းများသည် ငွေထုတ်ချေးသူများဖြစ်ကြ ပြီး ပျမ်းမျှ တစ်သိန်းငါးသောင်းကျပ်ခန့် ချေးယူနိုင်ကြသည်။ အပူပိုင်းဒေသရှိ တောင်သူကြီးများနှင့် ရခိုင်ပြည်နယ်ရှိ ရေလုပ်ငန်းရှင်များသည် ပျမ်းမျှအားဖြင့် အများဆုံးချေးငွေပမာဏကို ချေးယူပြီး ခန့်မှန်းခြေအားဖြင့် ခုနစ်သိန်းကျပ်ဝန်းကျင်ရှိသည်။

**ဇယား(၄) အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုအလိုက်ပျမ်းမျှချေးငွေပမာဏ**


| ပြည်နယ်/ တိုင်းဒေသကြီး | တောင်သူ ကြီးများ | အလယ်အလတ် တောင်သူလယ် သမားများ | တောင်သူလယ် သမားငယ်များ | ရေလုပ်ငန်းရှင်များ | ကျပန်းလုပ်သားများ |
|---|---|---|---|---|---|
| မန္တလေး | ၇၁၇,၈၅၇ | ၃၄၄,၄၄၄ | ၁၇၂,၂၂၂ | - | ၇၆၁,၅၄ |
| မကွေး | ၇၁၈,၇၅၀ | ၄၇၇,၃၇၃ | ၂၈၃,၃၃၃ | ၁၀၀,၀၀၀ | ၈၃၅,၂၉ |
| ရခိုင် | - | - | ၁၁၁,၄၂၉ | ၇၃၇,၅၀၀ | ၇၃၉,၁၃ |
| ချင်း | - | - | ၂၃၃,၃၃၃ | - | - |

## ကြွေးမြီ

**အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက်၊ နေရာဒေသအလိုက် အိမ်ထောင်စုများစွာသည် အကြွေးဝန်ပိခြင်းကို ရင်ဆိုင်နေကြရပါသည်။** အဆင်းရဲဆုံးသူများ၏အကြွေးပြန်ဆပ်ရန် အကျပ်အတည်းဖြစ်မှုကြောင့် တောင်သူကြီးများနှင့်ရေလုပ်ငန်းရှင်ကြီးများမှာ ကြွေးမြီတင်ရှိမှုပမာဏ အများဆုံးရှိသူများ ဖြစ်လာကြသည်။ အကြွေးဝန်ထုပ်ဝန်ပိုးများလာသည်နှင့်အမျှ ၎င်းတို့၏ အကျပ်အတည်းများသည်လည်း ပိုမိုလာသည်။ သီးနှံဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရသော အပူပိုင်း ဒေသထက်စာလျှင် ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများသည် ငါးအဝယ်ဒိုင်များထံမှ ငွေချေးယူနိုင်ကြပြီး ပြန်လည်ပေးဆပ်နိုင်ရန် ခက်ခဲစွာ ရုန်းကန်ကြိုးစားရမှု နည်းကြသည်။ ရခိုင်ပြည်နယ်ရှိ ဂီရိမုန်တိုင်းဒဏ်ခံရသော ဒေသများမှာ ခြွင်းချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေသရှိ တောင်သူလယ်သမားများ၏ မြေယာများသည် မုန်တိုင်းကြောင့် ပျက်စီးသွားပြီး ပြန်လည်ပြုပြင်ရန် မတတ်နိုင်သောကြောင့်

ဖြစ်သည်။ ထို့ပြင် ဝင်ငွေပိုမိုရှိနိုင်ပြီး အကြွေး များကို ပြန်လည်ပေးဆပ်နိုင်မည်ဟူသော မျှော်လင့်ချက်များဖြင့် ၎င်းတို့၏မြေယာများကို စိုက်ပျိုးမြေအဖြစ်မှ ပုဇွန်မွေးမြူရေးကန်များအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။ ထိုသို့ ပြောင်းလဲခြင်း၏ အကျိုးဆက်များကြောင့် ဆန်စပါးနှင့် သီးနှံဈေးနှုန်းများစွာမြင့် တက်ခဲ့ရာလွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နှစ်ဆခန့်မြင့် တက်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆန်ကို ကျေးရွာအုပ်စု ဈေးကွက်အထိသွားရောက် ဝယ်ယူရသောကြောင့် ပို၍ဈေးနှုန်းမြင့်ခြင်းဖြစ်သည်။ ယခင်က မိမိတို့၏ ကျေးရွာ တွင်ပင် ဝယ်ယူရရှိနိုင်သောကြောင့် ဈေးနှုန်းသက်သာသော်လည်း ယခုလယ်ယာလုပ်ငန်းများမှ ပုဇွန်မွေး မြူရေး လုပ်ငန်းများသို့ ပြောင်းလဲလိုက်စဉ်ကတည်းက ဆန်စပါးစိုက်ပျိုးမှုလျော့ကျလာခြင်းဖြစ်သည်။

### ပုံ(၃) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် ပျမ်းမျှအကြွေးအခြေအနေများ




**ငါးဖမ်းသမားများ၏ အကြွေးပြန်ဆပ်နိုင်စွမ်းမှာလည်း ပြောင်းလည်းလာခဲ့ပြီး ဆင်းရဲချို့တဲ့သော ရေလုပ်သား များအပေါ် ဆိုးကျိုးအများဆုံးသက်ရောက်ခဲ့သည်။** ရေလုပ်သားငယ်များသည် ရေလုပ်ငန်းရှင်များထံတွင် အလုပ် လုပ်ကြပြီး စားသောက်ကုန်များကို အကြွေးဝယ်ယူခြင်းနှင့် ငွေကြိုတင်ထုတ်ယူခြင်းတို့ကြောင့် အကြွေးနွံနစ်နေကြ သည်။ ရေလုပ်သားငယ်များသည် မိမိတို့ဖမ်းမိလာခဲ့သော ငါးများကို အလုပ်ရှင်နှင့် တဂက်ဆီခွဲဝေယူပြီး မိမိ ရသောဝေစုထဲမှ အကြွေးကို ခုနှိမ်ပြီး ပြန်ဆပ်ကြရသည်။ မကြာသေးခင်မှပင် ငါးဖမ်းရရှိမှုသည် သိသိသာသာ လျော့နည်းသွားခဲ့သောကြောင့် ဝင်ငွေအကျိုးအမြတ်ရရှိသော်လည်း တင်ရှိနေသော အကြွေးများကို ပြန်ဆပ်ရန် မလုံလောက်ပါ။ ဆိုင်ကလုန်းဂီရီ မုန်တိုင်းဒဏ်ခံရ ပြီးချိန်မှစ၍ အသေးစားရေလုပ်ငန်းရှင်များသည်လည်း အကြွေးဖြင့် ရုန်းကန်လုပ်ရှားနေကြရသည်။ ငါးဖမ်းပစ္စည်းများမှာ ပျက်စီးသွားသောကြောင့် ပွဲစားများထံမှ အကြွေး ယူပြီး ပြန်လည်ဝယ်ယူကြရသည်။ မြို့နယ်တစ်ခုရှိ ရေလုပ်သားများသည် မကြာခဏပင် ၎င်းတို့၏ ပိုက်ကွန် အခိုးခံရကြောင်းတင်ပြပြီး တစ်ချိန်တည်းမှာပင် အခြားမြို့နယ်တွင် ရေလုပ်သားအချို့၏ ငါးဖမ်းပိုက်များသည် သင်္ဘောကြီးများကြောင့် ပျက်စီးသွားခဲ့သည်။ ယင်းအခြေအနေသည် ပိုက်ကွန် အသစ်ထပ်ဝယ်ရန်အတွက် ငွေချေးရမည် ဆိုသည့် သဘောပင်ဖြစ်သည်။

ချင်းပြည်နယ်ရှိ ကျေးလက်နေပြည်သူများသည် အခြားလေ့လာခဲ့သောဒေသများထက်စာလျှင် ကြီးမားသည့် အကြွေးနွံနစ် မှုကို ရင်ဆိုင်ရမှု ပိုပြီးနည်းသည်။ လူအများစု၏အဓိက ချေးငွေအရင်းအမြစ်မှာ အထောက်အပံ့အဖွဲ့ အစည်းများမှ စတင်ထူထောင်ပေးခဲ့သော လှည့်ပတ်ရန်ပုံငွေဖြစ်ပြီး ရရှိသောချေးငွေဖြင့် ကြက်၊ ဝက်မွေးမြူရေး လုပ်ငန်းများကို လုပ်ဆောင်ကြသည်။ မွေးမြူထားသောတိရိစ္ဆာန်များကို ပြန်လည်ရောင်းချပြီးရသော ဝင်ငွေဖြင့် အကြွေးကိုပြန်လည် ဆပ်ကြသည်။ အကြွေးတင်မှုပိုများလာသော်ငြားလည်း ချင်းပြည်နယ်ရှိ လူများသည် အခြား နေရာများကဲ့သို့သော အကြွေး ပြဿနာများမရှိပါ။ တစ်နည်းဆိုရသော် နိုင်ငံတကာအထောက်အပံ့ အဖွဲ့အစည်း များမှ အထောက်အပံ့များသည် ချင်းပြည်နယ်ရှိ ပြည်သူများကို ချေးငွေရရှိစေသော်ငြားလည်း ထိုချေးငွေကြောင့်

အကြွေးဂန်ထုပ်ဂန်ပိုး သို့မဟုတ် အခက်အခဲမဖြစ်စေခြင်းမရှိပါ။ သို့သော်လည်း သီးနှံဆုံးရှုံးမှုများဖြစ်ပွားပါက အကြွေးပြန်ဆပ်ရန် အခက်အခဲ အကျပ်အတည်းရှိပါသည်။

အကြွေးနွံနစ်ခြင်းသည် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ရင်းနှီးမြုပ်နှံနိုင်စွမ်းကို အဟန့်အတား ဖြစ်စေပြီး အချို့ ပြည်သူများကို မြေယာဆုံးရှုံးမှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြောင်းလဲစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ပြီးခဲ့သည့်နှစ်တွင် တင်ရှိသော အကြွေးများကို ပြန်မဆပ်နိုင်သောကြောင့် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးရှိ တောင်သူလယ်သမားအများစုမှာ (အထူးသဖြင့် တောင်သူအလတ်နှင့်အငယ်များ) အကြွေးနွံနစ်နေကြရသည်ဟု တင်ပြ ပြောဆိုကြသည်။ ထိုတောင်သူလယ်သမားအများစု၏ မြေယာကဲ့သို့သော ပိုင်ဆိုင်မှုများကို ဆုံးရှုံးနေကြောင်းသိရသည်။ စိုက်ပျိုးရေး လုပ်ငန်းအတွက်လိုအပ်သော သွင်းအားစုများ ရင်းနှီး မြုပ်နှံရန်နှင့် အကြွေးများပြန်ဆပ်ရန်အတွက် ကနဦးတွင် မြေယာများကို ပေါင်နှံပြီးအဆုံးတွင် ပြန်မဆပ်နိုင်သော အခါ မြေယာများ ဆုံးရှုံးကြရသည်။ အပူပိုင်းဒေသရှိ ကျေးရွာပေါင်း ၁၄ ရွာတွင် အကြွေးနွံနစ်မှုနှင့် ဆက်စပ်၍ မြေယာများကို ပေါင်နှံရခြင်း၊ ရောင်းချရခြင်းများရှိပါသည်။ တောင်သူလယ်သမား အများစုသည် ၎င်းတို့၏ လယ်ယာမြေများကို တောင်သူကြီးများထံတွင် ပေါင်နှံကြပြီး ပြန်ဆပ်ရန်သဘောတူ သတ်မှတ်ထားသော အချိန်တွင် ပြန်မဆပ်နိုင်ပါက ထိုလယ်ယာမြေများကို ဈေးနှိမ်ပြီး ရောင်းချခဲ့ရသည်။ ထိုသို့သော ဖြစ်ရပ်များသည် မလေးရှားနိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်နေရသော ရွှေ့ပြောင်း လုပ်သားများစွာရှိသည့် ရွာများ သို့မဟုတ် သီးနှံဆုံးရှုံးမှု ကြီးမားစွာခံစားရသော ကျေးရွာများတွင် ပိုမိုဖြစ်ပွား သည်ကို တွေ့ရှိရပါသည်။ ပဲတီစိမ်း၊ ကြက်သွန်၊ ဝါ နှင့် ကြံစသည့် ဂင်ငွေအားပြသီးနှံအမျိုးမျိုးကို စိုက်ပျိုးကြသော ရွာများသည် မကြာသေးမီ နှစ်များက သီးနှံဈေးတက်ခြင်းကြောင့် ထိုသို့ မြေယာပေါင်နှံ ရောင်းချခြင်းကိစ္စများ လျော့နည်းသွားသည်ကို တွေ့ရသည်။

လယ်ယာမြေများနှင့် ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများကို ဆုံးရှုံးရသည်အထိ အကြွေးနွံနစ်ရခြင်းမှာ သဘာဝဘေး အန္တရာယ်များ၊ မမျှော်လင့်ထားသော ရုတ်တရက်ကြုံတွေ့လိုက်ရသည့် ပြဿနာများ သို့မဟုတ် ကျန်းမာရေး ပြဿနာ ကဲ့သို့သော အရေးပေါ်ကိစ္စများကြောင့်ဖြစ်သည်။ ထိုအခြေအနေများတွင် မိမိတို့၏လယ်ယာမြေများနှင့် ပိုင်ဆိုင်မှုဥစ္စာများ အထူးသဖြင့် မွေးမြူထားသော တိရိစ္ဆာန်များကိုပါ စွန့်လွှတ်လိုက်ရသည်။

**စုဆောင်းမှုများ**

**အကြွေးပမာဏများပြားခြင်း၊ သီးနှံဆုံးရှုံးရခြင်းနှင့် ငါးအရနည်းခြင်းကြောင့် စုဆောင်းနိုင်စွမ်း လျော့ကျလျက်ရှိ သည်။** မြန်မာနိုင်ငံတွင် ရွှေကိုရင်းနှီးမြုပ်နှံမှုတစ်ခုနေဖြင့် ရှုမြင်ပြီး "မရှိဂမ်းစာ ရှိတန်ဆာ" ဟူ၍ သဘောထားကြ သည်။ ဤသုသေသနလေ့လာမှုတွင် ဖြေကြားခဲ့သူအများစုသည် မည်သည့်အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်သည်ဖြစ်စေ ငွေကြေး သို့မဟုတ် ရွှေကို မစုဆောင်းနိုင်ခဲ့ကြသည်မှာ လွန်ခဲ့သည့် ၅ နှစ်ခန့် ကတည်း ကပင်ဖြစ်သည်။ ပုံမှန် စုဆောင်းနိုင်ကြသူများမှာလည်း တဖြေးဖြေး စုဆောင်းနိုင်မှုမှာ နည်းသထက်နည်းလာ ကြသည်ဟု ဖြေကြားကြသည်။ ထိုနည်းတူစွာပင် မစုဆောင်းနိုင်ခဲ့ကြသည်မှာ ကြာပြီဖြစ်သော ဖြေကြားသူများသည် ဆက်လက်၍ စုဆောင်းနိုင်မည်မဟုတ်ဟု ဖြေကြားခဲ့ကြသည်။ သို့သော်လည်း လေ့လာခဲ့သောနေရာများတွင် မွေးမြူရေးကို စုဆောင်းမှုတစ်ခုကဲ့သို့ မွေးမြူခြင်းလည်းရှိကြသည်။

**လေ့လာခဲ့သောဒေသများအားလုံးတွင် ကြွေးမြီသည် ၎င်းတို့၏ ဂင်ငွေကို လျော့နည်းစေသလို စုဆောင်းမှုကိုလည်း အတားအဆီးဖြစ်စေသည်ဟု တောင်သူလယ်သမားများအများစုက ပြောကြားခဲ့ကြသည်။** လိုအပ်သောသွင်းအား စုများနှင့် အရေးပေါ်ကိစ္စများအတွက် တစ်ခါတစ်ရံနေစဉ် လိုအပ်ချက်များအတွက်ပင် အပိုဂင်ငွေမရှိကြပါဟု တောင်သူလယ်သမား ငယ်လေးများနှင့် မြေယာမဲ့များက ပြောကြားခဲ့ကြသည်။ ထိုကြောင့်စုဆောင်းနိုင်သည့်

အနေအထား မရှိဘဲ၊ အတိုးနှုန်း မြင့်မားစွာဖြင့် အရေးပေါ်ကြုံတွေ့လာရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် ချေးယူခြင်း သို့မဟုတ် အနည်းငယ်မျှ သာပိုင်ဆိုင်သည့် မြေယာကိုပင် ပေါင်နှံခြင်းများပြုလုပ်ရပါသည်။ အကယ်၍ ထိုအကြွေးများကို မပေးဆပ်နိုင်ပါက ထိုအနည်းငယ်မျှသော ပိုင်ဆိုင်မှုများကိုပင် ဆုံးရှုံးရပါသည်။

**မကွေးတိုင်းဒေသကြီးရှိ တောင်သူလယ်သမားများတွင် စုဆောင်းမှုနည်းကြသည်။** များသောအားဖြင့် တောင်သူလယ်သမားငယ်များနှင့် အလယ်အလတ် တောင်သူလယ်သမားများမှာ လုံးဝမစုဆောင်းနိုင်ကြပါ။ အဓိက အကြောင်းအရင်းမှာ သီးနှံများပျက်စီးဆုံးရှုံးမှုကြောင့်ပင်ဖြစ်သည်။

**ငါးဖမ်းမိမှု နည်းသွားခြင်းနှင့် နိုင်ငံခြားတင်ပို့မှု နည်းသွားခြင်းသည် ရေလုပ်သားတို့၏ စုဆောင်းနိုင်မှုကို လျော့ကျသွားစေသည်ဟု ရေလုပ်သားများက တင်ပြခဲ့ကြသည်။** အရင်းအနှီးများသည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံထားသော ရေလုပ်ငန်းရှင်ကြီးများ (ငါးဖမ်းသမားကြီးများ) သည်စုဆောင်းနိုင်ကြသည်။ အလယ်အလတ် အဆင့် ရေလုပ်ငန်းများမှာ (ရေလုပ်သားလတ်) များမှာ ဈေးဆိုင်များမှယူထားသော အကြွေးများကို ပြန်ဆပ်ရန် လုပ်ရှားရုန်းကန်နေရသောကြောင့် မစုဆောင်းနိုင်ကြပါ။

**စုဆောင်းနိုင်သူအများစုသည် စားသုံးရန်အတွက် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန်အတွက် စုဆောင်းကြသည်။** တောင်သူလယ်သမားငယ်များနှင့် အလုပ်သမားများသည် စားနပ်ရိက္ခာအတွက် စုဆောင်းကြပြီး၊ တောင်သူကြီး များသည် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် စုဆောင်းကြသည်။ ရေလုပ်သားများမှာမူ နောက် တစ်ရာသီ အရင်းအနှီးအတွက်နှင့် လှေပြုပြင်ထိမ်းသိမ်းရန်အတွက် စုဆောင်းကြသည်။ အနည်းစုကသာ ပညာရေးနှင့် ကျမ်းမာရေးအတွက် စုဆောင်းကြသည်။

**အများဆုံးစုဆောင်းကြသည့်ပုံစံမှာ ရွှေ (သို့မဟုတ်) မွေးမြူရေးတိရိစ္ဆာန်များပင် ဖြစ်သည်။** လေ့လာခဲ့သော နေရာဒေသတိုင်းတွင် ငွေသားဖြင့်မဟုတ်ဘဲ ပစ္စည်းဖြင့် အများဆုံးစုဆောင်းကြသော်လည်း၊ တောင်သူ လယ်သမားများနှင့် ရေလုပ်ငန်းရှင်များမှာမူ ရွှေနှင့် ငွေသားအပြင် တိရိစ္ဆာန်မွေးမြူခြင်းပုံစံဖြင့်လည်း စုဆောင်း ကြသည်ကို တွေ့ရှိရသည်။ မြေယာမဲ့ လုပ်သားများမှာမူ အဓိကအားဖြင့် မွေးမြူရေးတိရိစ္ဆာန်ဖြင့် စုဆောင်းကြ သည်။ အခြားစုဆောင်မှုပုံစံများမှာ ကုန်ထုတ် ပစ္စည်းကိရိယာများ၊မော်တော်ယဥ်များနှင့် မြေယာများဖြစ်ကြသည်။

## မြေ၊ ရေနှင့် အခြားသဘာဝ အရင်းအမြစ်များ

အဓိက ရှာဖွေတွေ့ရှိမှု အချက် ၄ ချက်ရှိပါသည်။ ပထမတစ်ချက်မှာ မြေယာများလွတ်လပ်စွာ ရောင်းဝယ်ကြ သော်လည်း မြေယာကို လက်လှမ်းမှီရရှိနိုင်မှုမှာ ကွာခြားသည်။ တစ်ဖက်တွင် တောင်သူများသည် ၎င်းတို့ မြေယာသုံးစွဲခွင့်သည် ထင်သည်ထက်ပို၍ အာမခံချက်ရှိသည်ဟု ယူဆထားကြသည်။ ထို့ပြင်မြေယာပိုင်ဆိုင် သူများအကြား လွန်ကဲသော မြေယာပိုင်ဆိုင်မှုများကိုလည်း မတွေ့ရသည့်တိုင် လေ့လာမှုအရ လူဦးရေ၏ ထက်ဝက်ခန့်သည် မြေယာမဲ့များဖြစ်လျက်ရှိသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှုမရှိခြင်းသည် အသက် မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် များစွာ ဆိုးကျိုးသက်ရောက်စေပါသည်။ ဒုတိယအချက်မှာ မြေယာပိုင်ဆိုင်မှု ပမာဏနှင့် ပိုင်ဆိုင်သောမြေယာများ၏ အရည်အသွေး မတူညီကြခြင်းပင်ဖြစ်သည်။ ယင်းအချက်သည် မတူ ညီသော ချမ်းသာကြွယ်ဝမှုအနေအထားအမျိုးမျိုးနှင့် ပေါင်းစပ်လိုက်သောအခါတွင် ယင်းမြေယာများကို ထိရောက်စွာ အသုံးချနိုင်မှုနှင့်မြေယာအသုံးပြုခြင်းမှ ပြန်ရလာသော အကျိုးအမြတ်များ မတူညီကြတော့ပါ။ အပူပိုင်းဒေသ မြေများမှာ ပိုမိုကောင်းမွန်သောကြောင့် ထိုမြေယာများတွင် စိုက်ပျိုး ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်များ ပိုမိုရရှိနိုင်ပြီး ဆုံးရှုံးနိုင်သော အလားအလာများမှ ကာကွယ်နိုင်မှုမှာလည်း အခြားဒေသများမှ တောင်သူများထက် သာလွန် ကြောင်းကို အပူပိုင်းဒေသရှိ တောင်သူကြီးများမှ ကောင်းစွာသဘောပေါက်ကြသည်။ တတိယအချက်မှာ စိုက်ပျိုး

ရေရှားပါးမှုပင်ဖြစ်သည်။ စိုက်ပျိုးရေရှားပါးမှုနှင့်အတူ ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်းတို့ ပေါင်းဆုံမိပါက သီးနှံဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး ငါးဖမ်းရရှိနိုင်မှုကိုလည်း လျော့နည်းစေသည်ဟု ငါးဖမ်းသမားများမှ တင်ပြပြောဆိုခဲ့ကြသည်။ စတုတ္ထအချက်မှာ ငါးဖမ်းပိုင်ခွင့် ချထားပေးရေးတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းသည် အသက်မွေးဝမ်းကြောင်းရလာဒ်များ မတူကွဲပြားစေပါသည်။ နောက်ဆုံးတွေ့ရှိချက်မှာ အမှန်တကယ်ဝမ်းရေးအတွက် အသုံးပြုလိုပါက အခြားသဘာဝအရင်းအမြစ်များနှင့် သစ်တောမြေများ ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

## လယ်ယာမြေ

ကျေးရွာသူကျေးရွာသားများသည် မြေယာများကို တရားဝင်မပိုင်ဆိုင်ကြသော်လည်း ပိုင်ဆိုင်သကဲ့သို့ မှတ်ယူကာ လုပ်ဆောင်နေကြသည်။ မျော်လင့်ထားသည်ထက် ပို၍ကြီးမားစွာ မြေယာပိုင်ဆိုင်ခွင့်အာမခံချက်ရှိသည်ဟု နားလည်သဘောပေါက်ထားကြသည်။ မြေယာများမှာ နိုင်ငံတော်မှသာ တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချခြင်းနှင့် လက်လွှဲပေးခြင်းတို့ကို ပြုလုပ်ခွင့်မရှိသော်လည်း အများအားဖြင့် ရွာသားများမှာကိုယ်ပိုင်မြေကဲ့သို့ မှတ်ယူထား ကြသည်။ မြေယာများ အသုံးပြုပိုင်ခွင့် အပေါ် ရိုးရာထုံးတမ်းအစဉ်အလာများအရ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း ပိုင်ဆိုင်ကြရသည်ဟု နားလည်လက်ခံထားကြောင်း ရွာသားများက တင်ပြပြောဆိုကြသည်။ အပူပိုင်းဒေသများတွင် မြေယာများသည် ရွာသားများပိုင်ဆိုင်ကြသည်ဟု ပြောဆိုကြပြီး ချင်းပြည်နယ်တွင်လည်း ထိုကဲ့သို့ပင် ပြောကြားကြသည်။ သို့သော် ချင်းပြည်နယ်တွင် ရွေ့ပြောင်းတောင်ယာဖြစ်သောကြောင့် ကွဲပြားခြားနားမှုရှိသည်။ မြေယာများအား ထပ်မံစိုက်ပျိုးထွန်ယက်ရန် တောင်ယာခုတ်ထွင်ရှင်းလင်းမှုမပြုလုပ်ခင် ၉ နှစ်တာပလုပ်ထားရပြီး မည်သည့်အချိန်တွင် မြေယာများကို မည်ကဲ့သို့အသုံးပြုကြရန် ညွှန်ကြားစီမံချက်များအား အစိုးရမှချမှတ်ပေးသည်။ ထိုသို့ ချမှတ်ထားသော်လည်း တောင်သူများသည် တောင်းစောင်းမြေယာများကို ၎င်းတို့စိတ်တိုင်းကျ ဆောင်ရွက်စီမံခွင့်ရှိသော ကိုယ်ပိုင် မြေယာများသဖွယ် မှတ်ယူကြောင်း လေ့လာသိရှိရသည်။ [၆]

**သို့ဖြစ်ရာ ဒေသခံများသည် မြေယာရောင်းချခြင်း နှင့် ဂယ်ယူခြင်းများကိုလွတ်လပ်စွာ ပြုလုပ်ကြသည်။** ထိုသို့သော မြေယာဂယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ငွေပေးချေမှုများကို နှစ်ဦးနှစ်ဖက်ကြား စာချုပ်သက်ဝင်စေရန် ကျေးရွာခေါင်းဆောင်၏ ထောက်ခံရေးသားချက်ဖြင့်သာ တရားဝင်မဟုတ်သော်လည်း ရောင်းဂယ်ကြသည်။ မြေယာများသည် မိမိတို့ပိုင်သည်၊ မိမိတို့တွင် ပိုင်ဆိုင်နိုင်ခွင့်ရှိသည်ဟူသော ရွာသားများ၏ယူဆချက်သည် ခိုင်မာအားကောင်းကာ မြေယာသိမ်းယူခြင်းကိစ္စကို ဆန့်ကျင်ရန် အိမ်နီးခြင်းကျေးရွာများကိုပါ စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ထိုကိစ္စတွင် အခြားဒေသမှ မြေယာများသိမ်းယူခံရခြင်းအား ကန့်ကွက်အောင်မြင်ခဲ့သည့်သတင်းကို သတင်းစာများနှင့် ဂျာနယ်များတွင် ဖတ်လိုက်ရကြောင်းနှင့် မိမိတို့ကျေးရွာတွင်လည်း မြေယာသိမ်းယူမှုကို တိုသို့ဆန့်ကျင်ရန် ဆုံးဖြတ်ထားကြကြောင်း တင်ပြပြောဆို ကြသည်။

**လေ့လာခဲ့သောကျေးရွာသုံးရွာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန်အတွက် တရုတ်ကုမ္ပဏီမှ မြေယာသိမ်းယူခြင်းကိစ္စကို တွေ့ရှိရပါသည်။** ထိုကိစ္စတွင်ကုမ္ပဏီသည် တောင်သူလယ်သမားများနှင့် ဆွေးနွေးညှိနှိုင်းထားသောနှုန်းဖြင့် သိမ်းယူထားသော မြေများအတွက် သတ်မှတ်ကာလအတွင်း လျော်ကြေးပေးရန် ဆောင်ရွက်ခဲ့ရာ တောင်သူလယ်သမားများ စိတ်ကျေနပ်ခဲ့သည်။ အဆိုပါကိစ္စကို ကြည့်ခြင်းဖြင့် ရွာသားများ ဆန္ဒကိုဆန့်ကျင်၍ မြေယာသိမ်းယူသည့်ကိစ္စထက် သတ်မှတ်ကာလအတွင်း မြေငှားသည့်ကိစ္စသည်

[၆] တောင်သူလယ်သမားများသည် မိမိတို့စိုက်ပျိုးချင်သော သီးနှံများကိုသာ စိုက်ပျိုးကြသည်။ မည်သည့် သီးနှံများစိုက်ပျိုးရန်ဟု သီးခြားသတ်မှတ်ထားသော မူဝါဒအနေဖြင့် ယခုအချိန်တွင်မရှိသော်လည်း အပူပိုင်းဒေသရှိမြို့နယ်အများစုတွင် ဒေသအာဏာပိုင်များသည် ကျေးရွာရှိတောင်သူလယ်သမားများကို စိုက်ပျိုးရမည့်သီးနှံများနှင့် ပတ်သတ်ပြီး ညွှန်ကြားချက်များ ပေးလျှက်ရှိသေးသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် မကွေးတိုင်းဒေသနှင့် မန္တလေးတိုင်းဒေသကြီးများတွင် ဝါ၊ စပါးနှင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် သီးနှံများကို စိုက်ပျိုးရန် ညွှန်ကြားခဲ့ကြသည်။ တောင်သူလယ်သမားများသည် ထိုညွှန်ကြားချက်များကို အလေးမထားကြပါ။

ပိုမိုကောင်းမွန်ကြောင်း ပေါ်လွင်ပါသည်။ ရခိုင်ပြည်နယ် စီးပွားရေးအထူးဇုံရှိ တောင်သူလယ်သမားများသည် တရုတ်ကုမ္ပဏီကဲ့ သို့သော ပြင်ပကုမ္ပဏီများမှ အသိမ်းခံလယ်မြေများအတွက် လယ်သမားများကို လျော်ကြေးကောင်း စွာပေးသည်ကို ကြားရကြောင်း ပြောပြကြသည်။ ၎င်းတို့အနေဖြင့် ထိုကဲ့သို့သော အခြေအနေမျိုးရရှိ၍ အကျိုးရှိလိုကြောင်း ပြောပြကြသည်။

## သာဓက ၆:မြေယာသိမ်းယူမှုဆန့်ကျင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၁၁ ခုနှစ်တွင် ရေတပ်အရာရှိ ဇနီးများပါဝင်သောအဖွဲ့သည် ရခိုင်ပြည်နယ်ရှိ ကျေးရွာပိုင်သစ်တောမြေများကို မြေစာရင်းဦးစီးဌာနနှင့်ပူးပေါင်းဖိအားပေးပြီး တရားဝင် အမည်ပေါက်စေရန်ပြုလုပ်ကာ မြေများကို သိမ်းပိုက်ရန် ကြိုးစားခဲ့ကြသည်။ ရွာသားများ၏ ပိုင်ရှင်အမည်ပေါက် ရှိပြီးဖြစ်သော်လည်း မြေစာရင်းဦးစီးဌာနသည် ရေတပ်အရာရှိ ဇနီးများနှင့် ပူးပေါင်းကြံစည်ကာ ပိုင်ရှင်အသစ်အနေဖြင့် အမည်ပေါက်သတ်မှတ် ပြုလုပ်ပေးခဲ့ကြသည်။ မြေစာရင်းဦးစီးဌာနသည် ရွာသားများအား တရားဝင်မြေပိုင်ကြောင်းစာရွက်စာတမ်း အထောက်အထားများ ရှိရမည် သို့မဟုတ်ပါက တရားရုံးသို့သွား၍ ရေတပ်အရာရှိဇနီးများ၏ အမည်ပေါက်လျက်ရှိသော မြေယာများအတွက် တရားရင်ဆိုင်ရမည်ဟုဆိုခဲ့သည်။ ထိုကြောင့် ကျေးရွာသားများ ဆန္ဒပြကြသောအခါ မြေစာရင်းဦးစီးဌာနသည် နစ်ဖက် မျှမျှတတဖြစ်စေရန် အပေးအယူ ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

သို့သော်လည်း ရွာသားများသည် မကျေနပ်ဘဲ စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ကာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အပါအဝင် ကျေးရွာအသီးသီးမှ ရွာသား၂၇ ဦးတို့သည် ဒေသတွင်းနှင့် နိုင်ငံအဆင့် တက်ကြွစွာ လုပ်ရှားဆောင်ရွက်နေသည့် အမျိုးသားနိုင်ငံရေးပါတီတစ်ခုသို့ တိုင်တမ်းစာတင်ခဲ့သည်။ ပြဿနာမှာ ပိုပြီးကြီးမားသွားသလို လူအများ၏ အာရုံစိုက်မှုရရှိလာခဲ့သည်။ အဆုံးတွင် မြေစာရင်းဦးစီးဌာနသည် လက်လျော့လိုက်ပြီး အားလုံးကို တောင်းပန်ခဲ့သည်။

တောင်သူများ၏ အဆိုအရ ရေတပ်အရာရှိဇနီးများ၏အကြံအစည်မှာ မြေယာများကို တရုတ်ကုမ္ပဏီများထံ ပြန်လည် ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရယူရန်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးပါတီမှ ဤဖြစ်စဉ်နှင့် ပတ်သက်၍ ကျေးလက်ပြည်သူများ၏ လူနေမှုဘဝကို နိုင်ငံရေးအရ ဖြေရှင်းပေးနိုင်မှုကို မီးမောင်းထိုးပြသခဲ့သည်။ ထို့အပြင် မြေယာများနှင့် သဘာဝအရင်းအမြစ်များကို ရှာဖွေနေသော ပြည်ပရင်းနှီးမြုပ်နှံသူများအတွက် တံခါးဖွင့်ထားသည့် မြန်မာနိုင်ငံအခြေအနေ ကိုလည်း သိသာထင်ရှားစေပါသည်။

နစ်ဖက်နားလည်မှုသဘောဖြင့် ဖြေရှင်းခဲ့ခြင်း မဟုတ်ပဲ၊ တရားဝင်နည်းလမ်းသုံး ဖြေရှင်းခဲ့သော ရွာသားများ၏ ကြိုးပမ်းမှုကိုလည်း မှတ်တမ်းတင်သင့်သည်။ ထိုကဲ့သို့ ဖြေရှင်းခဲ့ခြင်းသည် မတရားမှုများနှင့်ပတ်သက်လျှင် နိုင်ငံရေးအရ ဖြေရှင်းသည့် သာဓကတစ်ခုဖြစ်စေပြီး မြေယာနှင့် အခြားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံရန်လာကြသည့် ပြည်ပမှ ရင်းနှီးမြုပ်နှံသူများနှင့် ဆက်ဆံရေးတွင်လည်း သာဓကသဖွယ်ဖြစ်သည်။

**မြေယာလက်လှမ်းမီမှု အခြေအနေများမှာ မတူညီကြပေ။** မြေယာပိုင်ဆိုင်သူများအတွင်း လွန်ကဲစွာ မြေယာပိုင်ဆိုင်မှုများကို မတွေ့ရသော်လည်း အပူပိုင်းဒေသတွင် တောင်သူကြီးများသည် အခြားမြေယာပိုင်ဆိုင်သူများထက် မြေယာများစွာ ပိုင်ဆိုင်ကြလေ့ရှိသည်။ သို့သော်ထိုသို့ ပိုင်ဆိုင်သော တောင်သူကြီးအရေအတွက်မှာ အနည်းငယ်သာရှိသည်။ ၎င်းတို့၏ ပျမ်းမျှမြေယာပိုင်ဆိုင်မှုမှာ ၂၀ ဧကခန့်ရှိပြီး တောင်သူငယ်များထက် ၁၀ ဆ ပိုမိုပိုင်ဆိုင်ကြပါသည်။ ချင်းပြည်နယ်တွင် တောင်သူ လယ်သမားများသည် ရွှေ့ပြောင်းတောင်ယာ စိုက်လေ့ရှိသောကြောင့် မြေယာအသုံးပြုပုံ မတူညီကြပါ။ မြေယာများကို ငှားရမ်းခြင်း၊ ဂယ်ယူခြင်းအစား ထွန်ယက်စိုက်ပျိုးသော တောင်သူလယ်သမားများကို ကျေးရွာခေါင်းဆောင်၊ အုပ်ချုပ်ရေးမှူး[၇]၊ သင်းအုပ်ဆရာ စသည့် ကျေးရွာတွင်း ဩဇာလွှမ်းမိုးသူများမှ မည့်သည့်နေရာများတွင် ဆက်လက် ထွန်ယက်စိုက်ပျိုးရန် ဆုံဖြတ်ပေးပြီး ၎င်းတို့အတွက် မြေယာများကို ဦးစွာ ရွေးချယ်ယူလေ့ရှိကြသည်။ ပြီးမှ ကျန်ရှိသော အိမ်ထောင်စုများအတွက် မဲစနစ်ဖြင့်ထပ်မံရွေးချယ်ပေးသည်။(တချို့သော ကိစ္စများတွင် မုဆိုးမ မိသားစုများနှင့် မသန်စွမ်း သူမိသားစုများကို ဦးစားပေးရွေးချယ်ကြလေ့ရှိသည်ကို တွေ့ရသည်။)

**မြေယာမဲ့ခြင်းနှင့် ၎င်းနှင့်အတူတွဲလျက်ပါလာသော ဆင်းရဲမွဲတေမှုသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဂမ်းကြောင်းလုပ်ငန်းများအပေါ် များစွာ အကျပ်အတည်းဖြစ်စေပါသည်။** မြေယာမဲ့များနှင့် မြေယာရှိသူများအကြား မြေယာလက်လှမ်းမီမှုကွာခြားချက်မှာသိသာထင်ရှားလွန်းလှသည်။ အပူပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် စုစုပေါင်းအိမ်ထောင်စုများ၏ ထက်ဂက်နီးပါးမှာ မြေယာမဲ့လုပ်သားများဖြစ်ကြသည်။ အရေးကြီးသည့်အချက်မှာ မဆိုစလောက်မျှသော မြေယာပိုင်ဆိုင်ခြင်းသည် ဆင်းရဲမှုလျှော့ချနိုင်ရန် အာမခံချက်မရှိပါ။ ဤသုတေသနစစ်တမ်းတွင်ဆင်းရဲ သားများအဖြစ်အများဆုံးတွေ့ရသည်မှာ လယ်သမားငယ်များနှင့် မြေယာမဲ့လုပ်သားအုပ်စုပင်ဖြစ်သည်။ တောင်သူလယ်သမားငယ်လေးများနှင့် မြေယာမဲ့လုပ်သားများသည် ဂင်ငွေဆုံရှုံးနိုင်သော အလားအလာများကို ကာကွယ်နိုင်မှု (သို့မဟုတ်) ဆင်းရဲတွင်းမှရုန်းထွက်နိုင်ရန် လိုအပ်သောသွင်းအားစုများကို မသုံးစွဲနိုင်မှုနှင့် အကြွေးဂန်ပိနေမှုများကြောင့် အသက်မွေးဂမ်းကြောင်းလုပ်ငန်းများတွင် အဟန့်အတားများစွာကို ရင်ဆိုင်ရလျက်ရှိသည်။ မြေယာမဲ့လုပ်သားများအတွက် လုပ်ကိုင်စား သောက်စရာမြေမရှိခြင်းနှင့် မြေအပေါင်မထားနိုင်ခြင်းတို့ကြောင့် မြင့်မားသောအတိုးနှုန်းများကိုရင်ဆိုင် ရခြင်းနှင့် ဈေးငွေ့ရရှိမှုအပေါ် လက်လှမ်းမီမှုနည်းပါးခြင်း စသည့်ပြဿနာများသည် ၎င်းတို့အတွက်အထူးတလည်ရင်ဆိုင် ကြုံ တွေ့နေရသောပြဿနာများဖြစ်သည်ဟုတင်ပြခဲ့ကြသည်။

**မြေယာမဲ့ခြင်း၏ ဈေးငွေလက်လှမ်းမီမှုအပေါ် သက်ရောက်မှုသည် ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းရလာဒ်များတွင် သိသာစွာထိခိုက်လျက်ရှိသည်။** သီးနှံများရိတ်သိမ်းချိန်အထိ မစောင့်နိုင်သော အလုပ်သမားများသည် လုပ်အားခ ကြိုတင်ထုတ်ယူသောစနစ်ကို ဒေသများစွာတွင် ကျင့်သုံးလျှက်ရှိသည်။ ၄င်းတို့ငွေကြေးလိုအပ်သည့် အချိန်တွင်ငွေချေးနိုင်ရန် ချေးငွေအရင်းအမြစ်ရှားပါးသောကြောင့် ငွေကြိုထုတ်ခြင်းဖြင့် ရသင့်သောလုပ်ခဈေးနှုန်း၏ ထက်ဝက်ကိုသာ ရယူကြရသည်။ အပူပိုင်းဒေသရှိ တစ်ဧကအတွက် သီးနှံရိတ်သိမ်းခမှာ သီးနှံရိတ်သိမ်းချိန်တွင် ၁၂,၀၀၀ ကျပ်ဖြစ်ပြီး ရိတ်သိမ်းချိန် မတိုင်မီ ကြိုတင်ထုတ်ယူပါက ၇၀၀၀ ကျပ်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင်လည်း ထိုကဲ့သို့ ကြိုတင်ထုတ်ယူသော လုပ်အားခကွာခြားချက်မှာ ထက်ဂက်ခန့်ပင်ဖြစ်သည်။ ချင်းပြည်နယ်တွင် ထိုကဲ့သို့လုပ်အားခ ကြိုတင်ပေးခြင်းမရှိပါ။ အကြောင်းမှာ အလုပ်သမား ပိုလျှံမှုမရှိသောကြောင့်ဖြစ်သည်။

---

[၇] ဤလေ့လာမှုစစ်တမ်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးဆိုသည်မှာ ကျေးရွာအုပ်စုကျေးရွာများတွင် အုပ်စုအုပ်ချုပ်ရေးမှူးကို ရည်ညွှန်းပြီး ကျေးရွာ အုပ်စုမဟုတ်သောကျေးရွာများတွင် ရာအိမ်မှူးများကို ဆိုလိုသည်။ ရာအိမ်မှူးများသည် တရားဝင်အစိုးရဖွဲ့စည်းပုံတွင် မပါဝင်သော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများကဲ့သို့သော အခန်းကဏ္ဍရှိသူများ ဖြစ်သည်။

## သာဓက ၇: မြေယာမဲ့ခြင်းနှင့်မြေယာမဲ့သွားခြင်းကြောင့် မိသားစု အသက်မွေးဝမ်းကြောင်းမှုအပေါ် ဖြစ်ပေါ် လာသောဆိုးကျိုး

မြေယာမဲ့များ၏ အခြေအနေကို အကြမ်းအားဖြင့်သုံးသပ်ကြည့်ပါက ၎င်းတို့၏ လက်ရှိရင်ဆိုင်နေရသော အခြေအနေသည် ၎င်းတို့၏ အသက်မွေးမှု ရွေးချယ်မှုကိုသာမက ၎င်းတို့သားသမီးများ၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုများကိုပါ အဟန့်အတားဖြစ်လျှက်ရှိသည်။ မြေယာမဲ့များမှာ ယေဘုယျအားဖြင့် သေချာသည့်ဝင်ငွေရ အလုပ်အကိုင်မရှိပါ။ အလုပ်သမားလိုအပ်သူများ၏ လိုအပ်သောအချိန်တွင်သာ အလုပ်လုပ်ကိုင်နိုင်ပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် သီးနှံဈေးကွက် မတည်ငြိမ်ခြင်းကဲ့သို့သော ခက်ခဲသည့်အခြေအနေများတွင် မြေယာမဲ့များအတွက် စားဝတ်နေရေး အကြပ်အတည်းဖြစ်စေသော အခြေအနေများကို ကြုံတွေ့ရပါသည်။ မြေယာမဲ့များသည် တစ်ခါတရံ ငွေကြေးစုစောင်းနိုင်သည့် အနေအထားမရှိခဲ့ကြသလို တစ်ခါတစ်ရံတွင် ၎င်းတို့၏ကလေးများကို ကျောင်းမှထုတ်ပြီး အလုပ်လုပ်ရန်အတွက် ခိုင်းစေခြင်း (သို့) ဘုန်းကြီးကျောင်းသို့ ပို့လိုက်ရခြင်းများပြုလုပ်ရလေ့ရှိသည်။ ဤသို့အားဖြင့် ကလေးများ၏ ဘဝရှေ့ရေး အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် အဟန့်အတားများ ဖြစ်စေတော့သည်။

အပူပိုင်းဒေသရှိ ရွာတစ်ရွာတွင် မိသားစု ၈ဦးကို ရှာဖွေကျွေးမွေးလျှက်ရှိသော အသက် ၄၈ နှစ်အရွယ် အမျိုးသမီး တစ်ဦးရှိပါသည်။ ထိုမိသားစုသည် မြေယာမဲ့ဖြစ်ပြီး ခင်ပွန်းဖြစ်သူမှာ ကျန်းမာရေးမကောင်းသဖြင့် အလုပ်မလုပ်နိုင်သည်မှာ လေးနှစ်ကြာပြီဖြစ်သည်။ ထို့ကြောင့် မိသားစုတွင် ပုံမှန်ထက်ပို၍ စားဝတ်နေရေး ကျပ်တည်းကြသည်။ ထိုအမျိုးသမီးမှာ ဝင်ငွေရနိုင်သော အလုပ်ရှိသော်လည်း ရရှိသည့်ဝင်ငွေမှာ မိသားစုအတွက် အမြဲလောက်ငှခြင်းမရှိပါ။ သားသမီးများကို ကျောင်းမထားနိုင်သောကြောင့် သားလေးယောက်ကို မန္တလေးနှင့် မော်လမြိုင်မြို့ရှိ ဘုန်းကြီးကျောင်းများသို့ ကိုရင်အဖြစ် ပို့ထားပြီး ဘုန်းတော်ကြီးသင် ပညာရေးကိုသင်ကြားစေသည်။ ယခုအချိန်တွင် ထိုကလေးများသည် ပညာရေးတွင် အလယ်တန်းလောက် ရောက်လောက်ပြီဟု ပြောပြခဲ့ပါသည်။ သမီးဖြစ်သူကိုလည်း ကျောင်းမထားနိုင်သောကြောင့် ရွာမှာပင်အလုပ်လုပ်ကိုင်စေပါသည်။ ထိုမိန်းကလေးမှာကျေးရွာရှိရိတ်သိမ်းပြီးလယ်ကွင်းများတွင် ကောက်သင်းကောက်ခြင်းဖြင့် တစ်နေ့ဝင်ငွေ ၅၀၀ မှ ၇၀၀ အတွင်းရရှိပါသည်။

**တောင်သူကြီးများနှင့် အလယ်အလတ်တောင်သူများသည် တောင်သူငယ်များထက် မြေယာကိုပိုမိုပြီး ထိထိရောက်ရောက် အသုံးပြုနိုင်ကြသည်။** ထို့ပြင် မြေသြဇာကိုလည်း ပိုမိုသုံးစွဲနိုင်ပြီး အရည်အသွေး ပိုမိုကောင်းမွန်သောမြေယာများကို ပိုင်ဆိုင်သောကြောင့် ပို၍မြင့်မားသောအထွက်နှုန်းနှင့် တစ်နှစ်လျှင်နှစ်သီးအထွက် ရရှိနိုင်ပြီးတောင်သူလယ်သမားငယ်များမှာ တစ်ကြိမ်ရိတ်သိမ်းရရှိရန်ပင် အနိုင်နိုင်ကြိုးစားကြရသည်။

**နေရာဒေသအလိုက် မတူညီသော မြေယာပိုင်ဆိုင်မှု အရွယ်အစား၊ အရည်အသွေးနှင့် ဈေးကွက်ရရှိနိုင်မှုများသည်လည်း တူညီသောအကျိုးသက်ရောက်မှုရှိကြသည်။** အပူပိုင်းဒေသတွင်ရှိသော တောင်သူလယ်သမားများသည် " ရင်းနှီးနိုင်လေ အကျိုးအမြတ်ရလေ" ပုံစံမျိုးဖြင့် ကျယ်ပြန့်စွာလုပ်ကိုင်နိုင်ကြပြီး သီးနှံအမျိုးမျိုးကို စိုက်ပျိုးနိုင်ကြသည်။ ထို့ပြင် ပို၍ခိုင်မာသောဝင်ငွေစီးဆင်းမှုရှိပြီး ဝင်ငွေဆုံးရှုံးနိုင်မှု အလားအလာများကို လျော့နည်းသွားစေရန် ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည်။ ကြီးမားသော မြေယာများစွာပိုင်ဆိုင်မှုသည်တောင်သူလယ်သမားများအတွက် စီးပွားတွင်ကျယ်လာစေရန်အတွက် အထောက်အပံ့ဖြစ်စေပြီး ထိုသို့ပိုင်ဆိုင်မှုသည် တောင်သူ လယ်သမားများကို သီးနှံအမျိုးမျိုးခွဲခြားစိုက်ပျိုး နိုင်စေသည်။ တဖန်သီးနှံအမျိုးမျိုးခွဲခြား စိုက်ပျိုးနိုင်ခြင်းသည် သီးနှံဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်သည်။ စွန့်စားစမ်းသပ် စိုက်ပျိုးလာနိုင်သည့်ပြင် အကျိုးအမြတ်များသော သီးနှံများကိုလည်းစွန့်စားစမ်းသပ် စိုက်ပျိုးလာနိုင်သည်။

**အပူပိုင်းဒေသတွင် ဒေသတွင်းပျမ်းမျှ မြေယာပိုင်ဆိုင်မှုမှာ (မန္တလေးတိုင်းဒေသကြီးတွင် ပျမ်းမျှ ၈.၄၄ ဧကနှင့် မကွေးတိုင်းဒေသကြီးတွင် ပျမ်းမျှ ၈.၄၇ ဧက)၊ ရခိုင်ပြည်နယ်(ပျမ်းမျှ ၄.၈၇ ဧက)နှင့် ချင်းပြည်နယ် (ပျမ်းမျှ ၂.၈၂ ဧက) တို့ထက် နှစ်ဆမှလေးဆခန့် ပိုများသည်။** ထို့အတူ ဈေးကွက်ရရှိနိုင်မှု အခြေအနေကောင်းသော ကြောင့်လည်း **(ဤအပိုင်း၏နောက်ပိုင်းတွင် ဆက်လက်တင်ပြဦးမည်ဖြစ်သည်။)** အပူပိုင်းဒေသများတွင် အမျိုးမျိုး သောသီးနှံများကို စိုက်ပျိုးနိုင်ကြသည်။ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် တောင်သူလယ်သမား အများစုသည် သီးနှံပေါင်း လေးမျိုးမှ ခုနစ်မျိုးအထိ စိုက်ပျိုးကြသည်ကိုတွေ့ရသည်။ နှမ်းနှင့်မြေပဲကဲ့သို့သော သီးနှံများကို တစ်နှစ်တွင် နှစ်ကြိမ်ခန့် စိုက်ပျိုးကြသည်။ သို့ဖြစ်သောကြောင့် သီးနှံတစ်ခုခုသည် ဈေးကျသွားခဲ့ လျှင်လည်း အခြားသီးနှံများမှဝင်ငွေ ရရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သီးနှံများပေါ်ချိန်သည် တစ်ခုနှင့်တစ်ခု မတူညီသောကြောင့် ဖြစ်သည်။ ထိုနည်းဖြင့် ဝင်ငွေစီးဆင်းမှုကို သေချာစေပါသည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် မြေဆီမြေနှစ်များမှာညံ့ဖျင်းသည့်ပြင် ဈေးကွက်ရရှိနိုင်မှု ခက်ခဲသောကြောင့် တောင်သူများသည် သီးနှံအမျိုးအစားအနည်းငယ်သာ စိုက်ပျိုးနိုင်ကြပြီး၊ အထွက်နှုန်းမှာလည်း နည်းပါးသည်။ ရခိုင်ပြည်နယ်တွင် တောင်သူလယ်သမားများသည် စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြပြီးအရည်အသွေးနိမ့် မြေယာကိုသာ ပိုင်ဆိုင်ကြသောကြောင့် စပါးအထွက်မှာလည်းနည်းပြီး အရည်အသွေးနိမ့်သည်ဟု ပြောဆိုကြ သည်။ ဒီရေတက်ခြင်းနှင့် မိုးများသောကြောင့် လည်းသီးနှံအမျိုးမျိုးကိုမစိုက်ပျိုးနိုင်ကြပါ။ သို့သော် မိသားစု စားသုံး ရန်နှင့် ရောင်းချရန်အတွက် ပြောင်းဖူး၊ ပလောပီနံ၊ မြေပဲ၊ ပဲနှင့် ဟင်းသီးဟင်းရွက်၊ စပါး စသည်တို့ကို အနည်း အကျဉ်း စိုက်ပျိုးကြသည်။


**ရေ**

အပူပိုင်းဒေသများတွင် တောင်သူလယ်သမားများသည် စိုက်ပျိုးရေးအတွက်သာမက မိသားစုအသုံးပြုရန်တွက်ပါ ရေမလုံလောက်၍ သီးနှံဆုံးရှုံးမှုများကို ကြုံတွေ့လျက်ရှိသည်။ မိုးရေကို အဓိကအားထား မှီခိုနေရသော်လည်း မိုးပုံမှန်မရွာ၍ ရေရှားပါးခြင်းကို ကြုံတွေ့နေရသည်။ ကျေးရွာအားလုံး၏ ထက်ဝက်ခန့်မှာ သောက်သုံးရေ ရှားပါးသည်ဟု တင်ပြခဲ့ကြသည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် အားကိုးအားထားပြုနေရသော မိုးရေရရှိမှုကို မမှန်းဆနိုင်သည့် အချက်သည် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ကျေးရွာသား များက ယူဆထားကြသည်။ ရေရှားပါးမှုကြောင့် သီးနှံဆုံးရှုံးမှုနှင့်အတူ တောင်သူလယ်သမားများ၏ ဝင်ငွေ လျော့ကျလာပါသည်။ ထို့ပြင် အရံတွဲဖက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုပါ အဟန့်အတားဖြစ်စေပါ သည်။ အပူပိုင်းဒေသတွင် ထန်းပင်များပေါများသော်လည်း ထန်းလျက်ထုတ်လုပ်ရန်အတွက် လိုအပ်သော ကျိုချက်ရန်ရေနှင့် သန့်စင်ရန်ရေမှာ မလုံလောက်သောကြောင့် ကောင်းစွာမထုတ်လုပ်နိုင်ပါ။

ချင်းပြည်နယ်တွင်မူ မတူညီသော အခြေအနေကို တွေ့ရှိရသည်။ တောင်သူလယ်သမားများသည် မိုးရေကို အားထားစိုက်ပျိုးကြသော်လည်း အပူပိုင်းဒေသထက်စာလျှင် ပို၍စိုစွတ်သောကြောင့် စိုက်ပျိုးရေကိုသိုလှောင်ရန်မ လိုအပ်ပါ။ သို့သော်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် မကြာမကြာဖြစ်တတ်သော မုန်တိုင်းများကြောင့် အလွန် မိုးများပြီး သီးနှံများအတွက် ဆိုးကျိုးကို ဖြစ်စေပါသည်။

ငါးဖမ်းခွင့်လိုင်စင် ရရှိစေနိုင်မှုအခြေအနေအမျိုးမျိုးသည် ငါးဖမ်းလုပ်ငန်းများမှ ရရှိသောအကျိုးအမြတ်များ ပေါ်တွင် သက်ရောက်မှုရှိနေပါသည်။ နေရာဒေသပေါ်မူတည်၍ ငါးများစွာရနိုင်သည့် နေရာများကို ဖမ်းပိုင်ခွင့်ရရှိ နိုင်သော လိုင်စင်ကုန် ကျစရိတ်မှာမတူညီပါ။ မိသားစုစားသောက်ရန်အတွက်သာ တနိုင်တပိုင် ငါးဖမ်းသည့် တံငါငယ်လေးများနှင့် အလုပ်သမားများသည် လိုင်စင်မလိုပဲ လွတ်လပ်လွယ်ကူစွာ ငါးဖမ်းနိုင်သော်လည်း စီးပွားဖြစ် ငါးဖမ်းသမားငယ်များနှင့် ငါးဖမ်းသမားကြီး (ရေလုပ်ငန်းရှင်ကြီးများ) သည် ငါးဖမ်းခွင့်လိုင်စင်ကြေး

ပုံ ၄။ ဒေသအလိုက် ရေရှားပါးမှု




| | မန္တလေး | မကွေး | ချင်း | ရခိုင် |
|---|---|---|---|---|
| သုံးရေ | ၅ | ၁ | ၆ | ၅ |
| သောက်ရေ | ၆ | ၃ | ၆ | ၆ |

ပေးဆောင်ရန်လိုအပ်သည်။ ရခိုင်ပြည်နယ်တွင် ငါးဖမ်းခွင့်လိုင်စင် ချထားပေးမှုမှာ ရှုပ်ထွေးပြီး၊ ငါးဖမ်းခွင့် အငှားချထားပေးရန်အတွက် အခွင့်အလမ်းများ ပေါ်ထွက်လာပါသည်။ ငါးဖမ်းသမားများသည် ငါး၊ ပုဇွန် ကဲ့သို့သော ရေထွက်ပစ္စည်းများအတွက် ဌာနဆိုင်ရာအမျိုးမျိုးကို အခကြေးငွေပေးပြီး လိုင်စင်ကို လျှောက်ထားရသည်။ စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းကြီးများကို လုပ်ဆောင်ကြသူများသည် ငါးဖမ်းလိုင်စင်အမျိုးမျိုးကို လျှောက်ထားကြရပြီး ငါးဖမ်းသမားငယ်များမှာ ငါးဖမ်းပိုက်ချခွင့်ရရှိရန် ပြန်လည်ငှားရသည်။ ပုံမှန်အားဖြင့် ကျေးရွာခေါင်းဆောင်များမှ ငါးဖမ်းခွင့်လိုင်စင်ကြေးကို ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအရ လိုက်လံကောက်ခံကြသော်လည်း ထိုလိုင်စင်ကြေး ပေးဆောင်မှုများတွင် မည်သည့်အခါမှ ငွေလက်ခံပြေစာ ရရှိခြင်းမရှိပါဟု ရွာသားများမှ တင်ပြပြောဆိုကြသည်။ ထိုလိုက်စင်ကြေး ကောက်ခံမှုများအတွက် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများတွင် စံသတ်မှတ်ချက်များ မရှိသကဲ့သို့ အခွန်ကောက်ခံမှုမှာလည်း ကျေးရွာတစ်ခုနှင့်တစ်ခု မတူညီကြပါဟု ပြောကြားကြပါသည်။ ထိုသို့ကောက်ခံရရှိမှုပမာဏနှင့် ပတ်သက်၍လည်း ပွင့်လင်းမြင်သာမှု မရှိကြောင်း ထင်ဟပ်နေပါသည်။

ငါးနှင့်ပုဇွန်ဖမ်းရမှုသည် ဤသုသေသနစစ်တမ်း ကောက်ယူသည့်ကာလမတိုင်မီ ၂ နှစ်တာအတွင်း ၄၈% ခန့် ကျဆင်းသွားသည်ဟု ငါးဖမ်းသမားများက တင်ပြပြောဆိုခဲ့ကြသည်။ သို့သော်လည်း ဤသုသေသနစစ်တမ်း ကောက်ယူသည့်ကာလ မတိုင်မီနှစ်အတွင်း ငါးဈေးနှုန်းများ တက်လာသောကြောင့် တစ်နည်းတစ်ဖုံဖြင့် ငါးဖမ်းသမားများအတွက် သက်သာစေပါသည်။

## အခြား သဘာဝအရင်းအမြစ်များ

ဒေသခံပြည်သူများ နေထိုင်ရာဖွေစားသောက်နိုင်ရန်အတွက် လိုအပ်သော သဘာဝအရင်းအမြစ်များသည် အလွယ်တကူ ရရှိနိုင်ပြီး အလုပ်သမားများအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေကို ရရှိစေပါသည်။ သေချာသည့်အချက်မှာ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုအပေါ်တွင် ၎င်းတို့ရရှိနိုင်သာ သဘာဝအရင်းအမြစ်များမှ ကြီးမားစွာ လွှမ်းမိုးသက်ရောက်နေခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ပြည်သူများသည်

ပင်လယ်နှင့် သစ်တောမြေများကို ကောင်းစွာ ရရှိနိုင်ကြပြီး ချင်းပြည်နယ်ရှိ ကျေးရွာအားလုံး၊ ရခိုင်ပြည်နယ်ရှိ ကျေးရွာများနှင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာအနည်းငယ်တို့သည် အနီးအနားရှိ သစ်တောများမှ အကျိုးကျေးဇူးများကို ရနိုင်ကြသည်။ ကျေးလက်နေပြည်သူများသည် ထင်း၊ မီးသွေးနှင့် မျှစ်၊ မှို စသည့် သစ်တောထွက် ဟင်းသီးဟင်းရွက်များကို ရရှိနိုင်ကြသည်။ အချို့သော ရွာသားများ (အထူးသဖြင့် အလုပ်သမားများ) သည် သစ်ခွ၊ ပျားရည်၊ မျှစ် စသည့်တို့ကို ရှာဖွေခြင်းဖြင့် ငွေရှာကြသည်။ ဒေသအလိုက် သစ်တောများသည် လောင်စာအဖြစ် ထင်းရရှိစေသည်သာမက အိမ်ဆောက်လုပ်ရန် သစ်များ သို့မဟုတ် တိရိစ္ဆာန် စားကျက်မြေများကိုလည်း ရရှိစေပါသည်။ ထိုသဘာဝသယံဇာတများသည် အရံအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် အရင်းအမြစ်များလည်း ဖြစ်ကြသည်။

### သာဓက ၈ : မြေယာမဲ့ခြင်းနှင့်မြေယာမဲ့သွားခြင်းကြောင့် မိသားစု အသက်မွေးဝမ်းကြောင်းမှုအပေါ် ဖြစ်ပေါ်လာသောဆိုးကျိုး

ရှမ်းရိုးမတော အနီးတွင်ရှိသော အပူပိုင်းဒေသရှိ လက်လုပ်လက်စား အလုပ်သမားများသည် မိုးရာသီတွင် မျှစ်ချိုးရောင်းခြင်းဖြင့် အသက်မွေးကြသည်။ ဇွန်၊ ဇူလိုင် နှင့် ဩဂုတ်လများတွင် ၁ ပတ်လျှင် ၃ ကြိမ်ခန့်မျှစ်ချိုးထွက်ကြသည်။ ဤနည်းဖြင့် ၁ ရက်တွင် ၅ ပိသာခန့်ရရှိပြီး ကျေးရွာအုပ်စုဈေးတွင် ၁ ပိသာ ၅၀၀ ကျပ် ဈေးဖြင့် ရောင်းချ ကြရာ ၁လအတွက် ဝင်ငွေ ၃၅၀၀၀ ကျပ် ရရှိကြသည်။

ရခိုင်ပြည်နယ်သည်လည်း သစ်တောများနှင့် နီးစပ်ပြီး လမုပင်များ သို့မဟုတ် ပင်လယ်အနီးတွင်တည်ရှိသည်။ လမုပင်များနှင့် သစ်တောများမှဟင်းသီးဟင်းရွက်များနှင့် ခရုစသော ရေထွက်ပစ္စည်းများကို ရှာဖွေကောက်ယူကြသည်။ အချို့ ရွာသားများမှာ ထင်းခွေပြီး၊ မီးသွေးဖုတ်ရောင်းကြသည်။

## ဈေးကွက်

**ဒေသအသီးသီးတွင် မတူညီသောဈေးကွက် ရရှိနိုင်မှုအခြေအနေသည် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည် နှင့် သီးနှံထွက်ကုန်များ၏ ဈေးနှုန်းခေါ်ဆိုမှုအပေါ်တွင် သိသာထင်ရှားစွာ အကျိုးသက်ရောက်နေကြောင်းကို ဤလေ့လာမှုစစ်တမ်းမှ လေ့လာဖော်ထုတ်ထားပါသည်။** [၅] အပူပိုင်းဒေသသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ထက် ဈေးကွက်ကို ပိုမို ရရှိချိတ်ဆက်နိုင်ကြသည်။ [၆] ထိုအချက်သည် သွယ်ဝိုက်သောနည်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု ရှိနေသည်။ ပုံမှန်ပြေးဆွဲနေသော ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်သည့် လမ်းများသည် အပူပိုင်းဒေသရှိတောင်သူ လယ်သမားများကို သမားရိုးကျမိသားစုစားသုံးရန်အတွက် စပါးသို့မဟုတ် အခြားသီးနှံများကို စိုက်ပျိုးခြင်းထက် ဈေးကွက်ဝင် ဝင်ငွေရ သီးနှံများကို စိုက်ပျိုးလာနိုင်စေပါသည်။ ဈေးကွက်အလှမ်းကွာဝေးခြင်းသည် တောင်သူလယ်သမားများနှင့် ငါးဖမ်းသမားများကို မိမိတို့၏ သီးနှံနှင့် ထွက်ကုန်များအား ရောင်းချရန် ဈေးနှုန်းညှိနှိုင်းနိုင်စွမ်းကို အဟန့်အတား ဖြစ်စေပါသည်။

အပူပိုင်းဒေသသည် မြို့နယ်ဈေးကွက်များတွင်သာမက အလားတူ လေ့လာခဲ့သော နေရာများအားလုံးထက်ပါ

---

[၅] ကျေးရွာအများစုမှာ သွင်းအားစုများရော ထုန်ကုန်များကိုပါ တူညီသော ဈေးကွက်တစ်ခုတည်းကိုပင် အားထားနေကြသည်။ ၂၅% သောကျေးရွာများသာ မတူညီသည့် ဈေးကွက်များကို မှီခိုကြသည်။ ရွာအများစုသည် သွင်းအားစုများ ဝယ်ယူသော ဈေးကွက်များထက် ထုတ်ကုန်များကို ရောင်းချသည့် ဈေးကွက်များမှာ ဝေးကွာကြသည်။ ထိုသို့သွင်းအားစုများ ဝယ်ယူရသော ဈေးကွက်များသည် ကျေးရွာတွင်းပင်ဖြစ်စေ အနီးအနားရှိရွာများတွင်ဖြစ်စေ ယေဘုယျအားဖြင့်တည်ရှိကြသည်။

[၆] ရခိုင်ပြည်နယ် (သို့) ချင်းပြည်နယ်ရှိ ကျေးရွာများတွင် သတိပြုလေ့လာသင့်သော်လည်း ထိုဒေသများသည် လူဦးရေသိပ်သည်းမှုနည်းသောဒေသများဖြစ်ကြသောကြောင့် ဈေးကွက်သို့တင်ပို့ရန် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်မှု အလားအလာ နည်းပါးကြသည်။

အခြေခံအဆောက်အဦးများနှင့် လမ်းပန်းဆက်သွယ်ရေး အချိတ်အဆက်များပါ ပိုမိုကောင်းမွန်ကြသည်။ အပူပိုင်းဒေသရှိ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးရှိရွာများသည် ဈေးကွက်လက်လှမ်းမှီမှု အကောင်းဆုံးဖြစ်ပြီး၊ ချင်းပြည်နယ်ရှိ ကျေးရွာများသည် အဆိုးဆုံးဖြစ်သည်။ အပူပိုင်းဒေသတွင် တောင်သူများသည် ထုတ်ကုန်များကို မြို့နယ်ပွဲစားများထံ တိုက်ရိုက်ရောင်းချကြပြီး ပွဲစားများသည် ကြီးမားသော ကုန်သွယ်မှုကွန်ယက်၏ အစိတ်အပိုင်းများဖြစ်ကြသည်။ အထူးသဖြင့် သီးနှံ ရိတ်သိမ်းချိန်များတွင် ပွဲစားများထံသို့သွားသည့် သယ်ယူပို့ဆောင်ဆက်သွယ်ရေးမှာ ကောင်းမွန်ပြီး ပုံမှန်ပို့ဆောင်ပြေးဆွဲလေ့ရှိကြသည်။ များသောအားဖြင့် ထော်လာဂျီဖြင့် သီးနှံများကို ကျေးရွာနှင့် ပွဲစားအိမ်များဆီသို့ ပုံမှန်ပို့ဆောင်ပြေးဆွဲလေ့ရှိကြသည်။ ပွဲစားများမှတဆင့် လက်ကားဈေးဖြင့် လက်လီရောင်းချသူများ၊ ဗဟိုဈေးကြီးများ၊ ဈေးဆိုင်များနှင့် ပြည်ပမှ ဝယ်ယူသူများအထိ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

### သာဓက ၉: ကုန်တင်ယာဉ်၊ ပွဲရုံ၊ ဈေးနှုန်း နှင့် ချေးငွေများ

ကျေးရွာများနှင့် မြို့နယ်များအကြား ထော်လာဂျီများဖြင့် ကူးသန်းရောင်းဝယ်ခြင်းသည် အရေးပါသော ဝန်ဆောင်မှုကဏ္ဍတစ်ခုအဖြစ် ပါဝင်လာကြသည်။ မြို့နယ်များတွင် ပွဲရုံများအကြား ပြိုင်ဆိုင်မှုအားကောင်းလာပြီး ထော်လာဂျီမောင်းသူများကို ကော်မရှင်ခပေးခြင်း၊ မိမိထံသို့ သီးနှံလာရောက်ရောင်းချသော လယ်သမားများကိုလည်း အခြားသူများထံ မရောင်းဘဲမိမိတို့ထံတတွင်သာ လာရောက်ရောင်းချစေရန် တစ်ခါတစ်ရံ လက်ဆောင်များပေးခြင်းဖြင့် ဆွဲဆောင်ကြသည်။ ပွဲစားများ၏ ပွဲရုံများသည် ကုန်ကားမောင်းသူများကို ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ငွေချေးပေးသူအဖြစ်သော်လည်းကောင်း အသုံးပြုကြသည်။ အဘယ်ကြောင့်ဆိုသော် ကုန်တင်ကားမောင်းသူများသည် မည်သည့် တောင်သူလယ်သမားများသည် မိမိတို့၏ ချေးငွေများကို ကောင်းကောင်း ချေးယူ အသုံးပြုနိုင်မည်ကို သိရှိသောကြောင့်ဖြစ်သည်။ ပွဲစားများသည် ကုန်တင်ကားမောင်းသူများကို လယ်သမားများအတွက် ချေးငွေများကိုတစ်ဆင့် ဖြန့်ဝေပေးသူများအဖြစ်သော်လည်းကောင်း၊ ထုတ်ကုန်များကို လိုက်လံစုဆောင်းဝယ်ယူရန် ငွေကြေးသယ်ဆောင်လာသူများ အဖြစ်လည်းကောင်း အသုံးပြုကြသည်။

**ရခိုင်ပြည်နယ်တွင် ဈေးကွက် ချိတ်ဆက် ရရှိနိုင်မှု မတူညီကြပါ။ ရန်ကုန်၊ ဧရာဝတီကဲ့သို့သော ဒေသများနှင့် ရောင်းဝယ်ဖောက်ကားရန်အတွက် မြို့နယ် ၁ ခုသာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စွာ ချိတ်ဆက်ထားသည်ကို တွေ့ရသည်။** သို့သော်လည်း ထိုလမ်းပန်းဆက်သွယ်ရေးသည် လယ်သမားများကို များစွာအထောက်အပံ့မဖြစ်နိုင်ပါ။ အကြောင်းမှာ အကျိုးအမြတ်ရရှိနိုင်သော သီးနှံများနှင့် အရည်အသွေးကောင်းမွန်သော ဆန်စပါးများကို ထုတ်လုပ်ရန် မြေယာများ၏ အရည်အသွေးနှင့် ရာသီဥတုအခြေအနေများမှာ ဆိုးရွားလွန်းသောကြောင့်ဖြစ်သည်။

**ချင်းပြည်နယ်တွင်မူ ဈေးကွက်ရရှိနိုင်မှုသည် အမျိုးမျိုးသော ကန့်သတ်ချက်များရှိနေကြောင်း နှိုင်းယှဉ် သိရှိရပါသည်။** ချင်းပြည်နယ်ရှိ ကျေးလက်နေပြည်သူများသည် မြို့များသို့ ခြေလျင်သွားခြင်းဖြင့် သော်လည်းကောင်း၊ မြင်းဖြင့်သော်လည်းကောင်း၊ မော်တော်ဆိုင်ကယ်ဖြင့်လည်းကောင်း ဆက်သွယ်သွားလာကြရသည်။ အပူပိုင်းဒေသတွင် တောင်သူလယ်သမားများသည် ၄င်းတို့၏ ထုတ်ကုန်သီးနှံများကို ဈေးကွက်သို့ သွားရောက်ရောင်းချရန်အတွက် ပျမ်းမျှ ၁နာရီခွဲမှ ၂နာရီ နီးပါးခန့် အချိန်ယူကြရသည်။ ချင်းပြည်နယ်တွင်မူ ထိုသို့သွားရောက်ရန်ပျမ်းမျှကြာချိန် ၈နာရီမှ ၈နာရီခွဲအထိ ကြာမြင့်သောကြောင့် နေ့ချင်းပြန် သွားရောက်ရန်မလွယ်ကူပါ။ အပူပိုင်းဒေသထက်စာလျှင် ၄ဆမှ ၅ဆခန့်ပိုမိုကြာမြင့်ပါသည်။

**ဈေးကွက်လက်လှမ်းမီမှုအခြေအနေအမျိုးမျိုးသည် ဒေသခံများ၏အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုနှင့် အကျိုး**

**အမြတ်များတွင် မတူညီမှုများဖြစ်ပေါ်စေသည်။** ထို့ပြင် စိုက်ပျိုးမည့်သီးနှံအမျိုးအစား၊ သယ်ယူပို့ဆောင်စရိတ်၊ ရောင်းချနိုင်မည့် ပမာဏနှင့် တောင်သူလယ်သမားများ ရည်ရွယ်ထားသော ဈေးနှုန်းများအပေါ်ကိုပါ အကျိုးသက်ရောက်မှုရှိစေပါသည်။ အပူပိုင်းဒေသများသည် အခြားဒေသများထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ဈေးကွက်တင်ပို့ရန် ကုန်ကျစရိတ် လျှော့ချနိုင်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်။ အဘယ့်ကြောင့်ဆိုသော် လယ်သမားများကိုယ်တိုင် ဈေးကွက်သို့ သွားရောက်ကုန်သွယ်နိုင်ပြီး ပွဲရုံများကိုလည်း ရွေးချယ်နိုင်စွမ်း ရှိကြသည်။ အခြားဒေသများရှိ တောင်သူလယ်သမားများထက်ပိုပြီး သီးနှံရောင်းချရာတွင် ဈေးနှုန်းပိုမို ညှိနှိုင်းရောင်းချနိုင်စွမ်း ရှိကြသည်။ ရခိုင်ပြည်နယ်တွင်မူ လယ်သမားများသည် မိမိတို့သီးနှံများကို လာရောက်ဝယ်ယူမည့် စပါးပွဲစားကိုသာ အားထားမှီခိုနေကြရသည်။ ချင်းပြည်နယ်တွင်မူ တောင်သူလယ်သမားများသည် ထွက်ကုန်များကို ခြေလျင်သော်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း အနီးဆုံး ကုန်တင်ကား လမ်းကြောင်းများပေါ်သို့ သယ်ယူသွားကြပြီး ထိုမှတစ်ဆင့် ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ ထို့အကြောင်းများကြောင့် ချင်းပြည်နယ်ရှိ တောင်သူလယ်သမားများသည် တင်ပို့ရောင်းချရသည့် ကုန်ကျစရိတ်များ၊ အချိန်ကုန်မှုများကြောင့် အကျိုးအမြတ်ရရှိနိုင်မှုတွင် သိသိသာသာအတားအဆီးများဖြစ်နေကြပါသည်။

**ရေထွက်ပစ္စည်းများအတွက် ဈေးကွက် လက်လှမ်းမီမှုများ မတူညီကြပါ။** ချမ်းသာသော ရေလုပ်ငန်းရှင်ကြီးများသည် ပိုမိုကောင်းမွန်သော ဈေးကွက်၏ ကောင်းကျိုးများကို ရရှိနိုင်ခြင်းဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် အကျိုးအမြတ်များ ပိုမိုရရှိကြသော်လည်းရေလုပ်သားငယ်များ (တံငါသည်များ) အတွက်မူ အကျိုးအမြတ်များရရှိရန် အခက်အခဲ ရှိနေကြသည်။ ရေလုပ်သားအများစု စိတ်ဝင်စားမှုရှိသော ရခိုင်ပြည်နယ်၏ ဈေးကွက်ရရှိနိုင်ရန် အခြေအနေသည် မြို့နယ်အလိုက် မတူညီကြပါ။ ဂွမြို့နယ်တွင် ရောဂတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်မြို့ရှိ ဈေးကွက်များသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည်။ ၎င်းဒေသရှိ ငါးဖမ်းသမားအများစုသည် ၎င်းတို့ဖမ်းယူရရှိသော ငါးများနှင့် ငါးခြောက်များကို ရန်ကုန်နှင့် ရောဂတီဒေသရှိ ဈေးများသို့ သင်္ဘောဖြင့် တင်ပို့ရောင်းချကြပြီး ငါးဖမ်းသမားငယ်လေးများထက်စာလျှင် ကြားပွဲစား အဝယ်ဒိုင်များကို မှီခိုပြီးရောင်းချရမှုမှာ နည်းပါးသည်။ ကြားပွဲစား အဝယ်ဒိုင်များကို မှီခိုအားထားပြီးရောင်းချရသူများမှာ သယ်ယူပို့ဆောင်စရိတ်နှင့် အခြား ကုန်ကျစရိတ်အမျိုးမျိုးကို မတတ်နိုင်ကြသော ငါးဖမ်းသမား ငယ်လေးများဖြစ်ကြသည်။ တရုတ်နိုင်ငံမှ ဝယ်ယူသူများသည် ထွက်ကုန်များကို ဝယ်ယူရန် ဂွမြို့နယ်ရှိ ကျေးရွာများကို လာရောက်သကဲ့သို့ ဒေသခံ ကိုယ်စားလှယ် အဝယ်ဒိုင်များကိုလည်း ထားရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ အချို့သော ဒေသခံပွဲစားများသည် ရန်ကုန်တွင်ရှိသော ပို့ကုန်တင်ပို့သော ကုမ္ပဏီများမှ ကိုယ်စားလှယ်များအဖြစ် လုပ်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်မှုများသည် လွန်ခဲ့သော ၆ လခန့်ကသာ ဖြစ်ခဲ့ပြီး၊ ယခုအခါတွင် ငါးဖမ်းရရှိမှု ကျဆင်းလာပြီး ပြည်ပသို့ တင်ပို့ရောင်းချမှုလည်း ကျဆင်းလာခဲ့သည်။ အခြားမြို့နယ် ၂ ခုတွင် ဈေးကွက်နှင့် အလှမ်းမမီသောကြောင့် ဈေးကွက်သို့တင်ပို့ရောင်းချမည့် ကုန်စည်များကို ကြားခံပွဲစားများသို့သာ ရောင်းချကြရသည်။ ထိုပွဲစားရွာသားများကိုယ်တိုင် မြို့နယ်ဈေးကွက်သို့မဟုတ် အခြားရွာကြီးများသို့ သွားရောက်ရောင်းချကြရသည်။ ငါးဖမ်းသမားအနည်းငယ်သာ ၎င်းတို့၏ကုန်စည်များရောင်းချခဲ့သည့်ဈေးကွက်ကို သိရှိကြောင်း တွေ့ရှိရသည်။

## ဈေးနှုန်း


သတင်းအချက်အလက် မရရှိခြင်းကြောင့် ကုန်စည်များဈေးကောင်းရရှိရန် အခက်အခဲများစွာမတွေ့ရှိရ သော်လည်း ချေးငွေမရရှိခြင်းနှင့် ကုန်စည်သိုလှောင်ရန် ခက်ခဲခြင်းတို့ကြောင့် ထုတ်လုပ်သူများ၏ ကုန်ထုတ်စွမ်းရည် အပေါ်တွင် အဟန့်အတား ဖြစ်ရခြင်းဖြစ်သည်။ ဤလေ့လာမှုစစ်တမ်းတွင် တောင်သူလယ်သမားများနှင့် ငါးဖမ်းသမားအများစုသည် ရည်မှန်းထားသည့် ဈေးရရှိရန် အဓိကမထားနိုင်ဘဲ ကုန်စည်များ ရောင်းချနေကြရသည်ကို တွေ့ရှိရသည်။ လူနည်းစုကသာ သူတို့၏ကုန်ပစ္စည်းများကို မရောင်းမီ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ကြပါ

သည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ကုန်စည်ဈေးနှုန်းနှင့် ပတ်သက်၍ သတင်းအချက်အလက် ရရှိရန် ခက်ခဲသောကြောင့် ဖြစ်သည်။ ဈေးနှုန်းနှင့်ပတ်သက်သော သတင်းအချက်အလက်ရရှိနိုင်မှုသည် အပူပိုင်း ဒေသရှိ တောင်သူလယ်သမားများအတွက်မူ များစွာခက်ခဲခြင်း မရှိကြပါ။ အကြောင်းမှာ ပြင်ပဒေသဖွံ့ဖြိုး တိုးတက်မှုများနှင့် အဆက်အသွယ်မပြတ်သော ပုံမှန် ပြေးဆွဲလျက်ရှိသည့် လိုင်းကားများ ရှိခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ကျေးရွာများတွင်လည်း ကာလပေါက်ဈေးကို လိုင်းကားများသို့မဟုတ် လူအချင်းချင်း ပြန်ပြောခြင်းမှ တစ်ဆင့်ဖြင့်သိရှိနိုင်သည်။ ဈေးကောင်းရရှိရေး ညှိနိုင်းဆောင်ရွက်နိုင်ရန် လယ်သမားအနည်း ငယ်သာ သိုလှောင်စုဆောင်းနိုင်သည့် အခြေအနေတွင် ရှိကြသည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးများတွင်ရှိသော အချို့တောင်သူကြီးများသည်၎င်းတို့၏ လယ်ယာထွက်ကုန်များကို မရောင်းမီ ဖုန်းဖြင့် လည်းကောင်း၊ အခြားဆက်သွယ်ရေး ဝန်ဆောင်မှုများမှတစ်ဆင့် ၎င်းကာလပေါက်ဈေးကို စုံစမ်းမေးမြန်းကြ သည်။ သို့သော်လည်း တောင်သူကြီးများပင်လျှင် ၎င်းတို့ကျေနပ်သော ဈေးနှုန်းများ မဟုတ်သည့်တိုင်အောင် လယ်ယာထွက်ကုန်များကို သိုလှောင်စုဆောင်းနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့ကြရသည်။

**အလုပ်သမား**

နေရာဒေသအလိုက်၊ ရာသီအလိုက်နှင့် ကျား၊ မကွာခြားမှုအလိုက် နေ့စားလုပ်သားများ၏ လုပ်အားခမှာ ကွာခြား ကြသည်။ အမျိုးသားလုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခသည် အမျိုးသမီးလုပ်သားတစ်ဦး၏ တစ်နေ့ လုပ်အားခ ထက် ၂၀%ခန့် ပိုများသည်။ (အမျိုးသားလုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခသည် ၁၈၀၀ ကျပ်နှင့် အမျိုးသမီး လုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခသည် ၁၅၀၀ ကျပ်ဖြစ်သည်။) ရွာသားများ၏ပြောဆိုချက်အရအမျိုးသား တစ်ယောက်၏အလုပ်သည် ပို၍အားစိုက်ရသောကြောင့် ပိုရခြင်းဖြစ်ကြောင်းသိရှိရသည်။ (ပုံ ၅) တွင်ဒေသ အသီးသီး၏ သီးနှံရိတ်သိမ်းချိန်လုပ်အားခနှုန်းထားများကို ဖော်ပြထားသည်။

**ပုံ၅။ ဒေသအလိုက်လုပ်ခကွာခြားမှုများ**




**ပြဿနာများ၊ စိန်ခေါ်မှု(အခက်အခဲ)များနှင့် ဒေသတွင်းအခြေအနေပြောင်းလဲမှုများ**

ကျေးလက်နေပြည်သူတို့၏ တင်ပြချက်အရ ရေရှားပါးမှုအပြင် အများဆုံးကြုံတွေ့ရသော ပြဿနာများနှင့် ဒေသတွင်း ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲမှုများမှာ ရာသီဥတုအမျိုးမျိုးပြောင်းလဲ ဖောက်ပြန်ခြင်း၊ သီးနှံ

ဆုံးရှုံးမှုများ၊ သီးနှံဈေးနှုန်း ကျဆင်းမှုများနှင့် သီးနှံဖျက်ပိုးမွှားကျရောက်မှုများ ဖြစ်ကြသည်။ ရခိုင်ပြည်နယ်ရှိ အချို့သောကျေးရွာများသည်လည်း သဘာဝကပ်ဘေးအန္တရာယ်များကြုံတွေ့ခံစားခဲ့ရသည်။ ရွာသူရွာသားတို့၏ တင်ပြချက်အရလက်တလော (သို့) ရုတ်တရက် ကြုံတွေ့လိုက်ရသော ပြဿနာအများစုမှာ-

- အပူပိုင်းဒေသရှိ ကျေးရွာအားလုံးတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊
- အပူပိုင်းဒေသရှိ ကျေးရွာအားလုံးတွင် သီးနှံဈေးနှုန်းကျဆင်းမှု၊
- ရခိုင်ပြည်နယ်ရှိ လေ့လာခဲ့သောကျေးရွာ (၉)ရွာတွင် (၅) ရွာမှာ သဘာဝကပ်ဘေး ဆိုက်ရောက်မှုနှင့် အခြားဒေသများနှင့် နေရာကွက် ဖြစ်ပေါ်သော သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ ကြုံရမှု၊
- အပူပိုင်းဒေသရှိ အချို့သော ကျေးရွာအားလုံးတွင် သီးနှံဖျက်ပိုးမွှားများကျရောက်မှု၊
- အပူပိုင်းဒေသရှိ ကျေးရွာများစွာတွင် ရေရှားပါးမှု သို့မဟုတ် ရေမလုံလောက်မှု၊

**အပူပိုင်းဒေသရှိ ကျေးရွာအားလုံးက ပုံမှန်မဟုတ်သော ရာသီဥတုဖောက်ပြန်မှု ပုံစံများအကြောင်းနှင့် သီးနှံအထွက်နှုန်း ကျဆင်းမှုများအကြောင်းကို တင်ပြခဲ့ကြသည်။** အပူပိုင်းဒေသတောင်သူများသည် နှစ်နှစ်ဆက်တိုက် မိုးလေဝသနှင့်ရာသီ ဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် မိုးခေါင်မှုနှင့် လွန်ကဲစွာမိုးရွာသွန်းမှုများ ဖြစ်စေကြောင်းကို တင်ပြခဲ့ကြသည်။ မိုးရွာသွန်းမှုမှာ ပုံမှန်မဟုတ်တော့ပဲ မိုးဦးကျစောလွန်းခြင်းနှင့် နောက်ကျလွန်းခြင်းကြောင့် သီးနှံများကို ပျက်စီးစေပြီး၊ သီးနှံဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ [၁၀] ရာသီဥတု ဖောက်ပြန်ခြင်းများသည် ရေရှည်ကြုံတွေ့လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုများနှင့် တိုက်ရိုက်ဆက်စပ်နေခြင်း ရှိမရှိ ရှင်းလင်းစွာ မသိကြသော်လည်း၊ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်သုံးဆယ်အတွင်း ကြုံတွေ့ခဲ့ဖူးခြင်းမရှိသော လွန်ကဲပြင်းထန်သည့် ရာသီဥတု ဖောက်ပြန်မှုများကို တွေ့ကြုံရသည်ဟု တောင်သူလယ်သမားများမှ တင်ပြ ပြောဆိုခဲ့ကြသည်။ ထိုနည်းတူစွာ အပူပိုင်းဒေသရှိ ကျေးရွာတိုင်းက သီးနှံဈေးနှုန်းကျဆင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို တင်ပြခဲ့ကြသည်။ [၁၁] ၂၀၁၀-၂-၁၂ ခုနှစ်အတွင်း အဓိက လယ်ယာသီးနှံငါးမျိုးဖြစ်သော နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲ စသည်တို့၏ ပင်ရင်းဈေးနှုန်းများသည် ၂၅% မှ ၃၅% အတွင်း ကျဆင်းခဲ့သည်ဟု သိရှိရပါသည်။ ကြံနှင့် ဝါ ဈေးနှုန်းတိုးတက်လာခဲ့သော်လည်း ကြံစိုက်ပျိုးသည့်ကျေးရွာမှာ တစ်ရွာတည်းသာ ရှိခဲ့သည်။ ဝါဂွမ်းစိုက်ပျိုးမှုမှာလည်း မိသားစုအတွက် သုံးစွဲရန် (သို့မဟုတ်)ဒေသတွင်း ဖြန့်ဖြူးရန်အတွက်သာလျှင် ရည်ရွယ်စိုက်ပျိုးခဲ့ကြသည်။

---

[၁၀] ရာသီဥတုပြောင်းလဲခြင်းကြောင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် အကျိုးဆက်ကို ဤကဏ္ဍ၏ နောက်ပိုင်းတွင် ရှင်းလင်းတင်ပြထားပါသည်။

[၁၁] သီးနှံဈေးနှုန်းကျဆင်းခြင်းသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားများဆုံးရှုံးခြင်းနှင့် အကြွေးနွံနစ်စေခြင်းစသည့် ပြင်းထန်ကြီးမားသော အကျိုးဆက်များဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၂ အစောပိုင်းမှစပြီး ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်သန့်ဈေးနှုန်း ကျဆင်းသွားခဲ့သည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်အပြင် အခြားဆန်များကို တင်ပို့ခြင်းကို ပြုပေးခဲ့ခြင်းနှင့် ဒေသတွင်းရှိ အခြားနေရာများတွင် စပါးအထွက်လည်း ကောင်းမွန်ခဲ့သောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ဆန်ကို ကုန်ကျစရိတ် နည်းနည်းဖြင့် ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်ပြီး ဘင်္ဂလားဒေ့(ရှ်)နိုင်ငံကဲ့သို့သော မြန်မာနိုင်ငံ၏ ဖောက်သည်နိုင်ငံဈေးကွက်ကိုပင် ရယူသွားခဲ့သည်။ မြန်မာမှ ဆန်တင်ပို့ရောင်းချသူများသည် အိန္ဒိယမှ ကုန်သည်များ၏ ဆန်အမှာစာများစွာကို လက်လွှတ်ဆုံးရှုံးရသည်။ ယင်း၏ အကျိုးဆက်သည် မြန်မာ့ပြည်တွင်း ဆန်ဈေးကွက်၏ဈေးနှုန်းအပေါ် ထပ်မံသက်ရောက်စေခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၂ အကြားတွင် ဆန်နှင့် စပါးဈေးနှုန်းမှာ သိသာစွာပင် ထိုးကျသွားခဲ့သည် ဒေသတစ်ဝှမ်း ဆန်စပါး ဈေးနှုန်းကျဆင်းခြင်းသည် ပြဿနာတစ်ခု ဖြစ်ခဲ့ပြီး၊ အထူးသဖြင့် အဆင်းရဲဆုံးနိုင်ငံများတွင် ကျေးလက်ဒေသများ၏ ဝင်ငွေကို တိုက်ရိုက်ထိခိုက်စေခဲ့သည်။ ဈေးကွက်နည်းပါးခြင်းကြောင့် နှမ်း၊ ပဲမြစ်နှင့် သစ်ဥသစ်ဖုများကဲ့သို့သော အခြားသီးနှံများ၏ ဈေးနှုန်းများလည်း တည်ငြိမ်မှုမရှိ ဖြစ်ခဲ့ရပြီး၊ ရောင်းလိုအား အလွန်များခြင်းနှင့် အလွန်နည်းခြင်း ဂယက်ကို ကြုံတွေ့ ခဲ့ရသည်။


## သာဓက၁၀။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအကျိုးအမြတ်များအပေါ် ရာသီဥတုဖောက်ပြန်မှု ပုံစံများ၏ အသက်ရောက်မှုများ။

နိုင်ငံတစ်ဝှမ်းလုံးရှိ ကျေးလက်ပြည်သူများက အမျိုးမျိုးသော ရာသီဥတုပြောင်းလဲမှုများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု ရှိနေကြောင်း ညွှန်းဆိုကြသည် အချို့သော ပြဿနာများမှာ မိုးရေလုံလောက်စွာမရခြင်းဖြစ်ပြီး၊ အချို့မှာ မိုးများလွန်းသော ပြဿနာများဖြစ်သည်။ အပူပိုင်းဒေသရှိ အချို့သော ကျေးရွာများတွင် ပုံမမှန်သော မိုးလွန်ကဲမှုများကြောင့် မိသားစုအရံဝင်ငွေရလုပ်ငန်းအတွက် မွေးမြူထားသော ဆိတ်များ သေဆုံးကြရကြောင်း ရွာသားများက တင်ပြပြောဆိုကြသည်။

ရာသီဥတု ပြောင်းလဲခြင်းသည် သီးနှံများကို ဆုံးရှုံးစေသလို တစ်ချိန်တည်းမှာပင် သီးနှံများ၏ ဈေးနှုန်းကျဆင်းခြင်းကြောင့် တောင်သူလယ်သမားများ၏ ဝင်ငွေကို ထိခိုက်စေရာ တစ်နယ်တစ်ကျေးတွင် သွားရောက်နေထိုင်လုပ်ကိုင်ရန် တွန်းအားပေးသော အကြောင်းအချက်တစ်ခု ဖြစ်လာသည်။ အပူပိုင်းဇုံဒေသရှိ စိုက်ပျိုးရေးအားပြုလုပ်ကိုင်သော ကျေးရွာတစ်ရွာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် စပါးအထွက် ဆုံးရှုံးမှုများဖြစ်ခဲ့ပြီး ထိုတစ်ချိန်တည်းမှာပင် စပါးဈေးနှုန်းမှာ ကျဆင်းခဲ့သည်။ တစ်နှစ်ထက် တစ်နှစ်ရာသီဥတုပုံမမှန်မှုများကို ပိုမိုကြုံတွေ့လာရသည်ဟုရွာသူရွာသားများက ပြောကြားခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၁၂ခုနှစ်တွင် မိုးဦးကျနောက်ကျခဲ့သောကြောင့် မိုးကို အားကိုးမျှော်လင့်ပြီး စိုက်ပျိုးထားသော စပါးပင်ငယ်လေးများသည် ညှိုးနွမ်းသေဆုံးခဲ့ကြသည်။ ယခင်နှစ်ထက်စာလျှင် ထိုစပါးရာသီတွင် စပါးဈေးနှုန်းမှာ ကျဆင်းသွားခဲ့သည်။ ထို့ကြောင့် တရုတ်ပြည်နယ်စပ်ရှိ ကျောက်စိမ်းရှာဖွေရေး မိုင်းများသို့ သွား၍ ဝင်ငွေရှာခဲ့ရကြောင်းတောင်သူလယ်သမား အများစုကတင်ပြခဲ့ကြသည်။ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများနှင့် စပ်လျဉ်းသော သာဓကများတွင်လည်း မိသားစု အခြေခံစားဝတ်နေရေး စရိတ်ကို ကာမိစေရန်အတွက် မိသားစုတစ်ခုသည် ငါးတန်းနှင့် ခြောက်တန်းတက်နေသောကလေး နှစ်ဦးကို ကျောင်းထုတ်ပြီး ကျောက်စိမ်းတွင်းများသို့ခေါ်ဆောင်ကာ အလုပ်လုပ်ကိုင်စေခဲ့ရသည်။ ကျေးရွာတွင် ထိုကဲ့သို့ အထက်တန်းအရွယ်ကလေး ပြောင်းရွှေ့ လုပ်သားမှာ ၆၀% ခန့်ရှိကြသည်။

သီးနှံဆုံးရှုံးမှုနှင့် ဈေးနှုန်းအလွန်ကျဆင်းခြင်းသည် အချို့သော အိမ်ထောင်စုများကို အကြွေးနွံနစ်စေပြီး၊ အလုပ်အကိုင် ပြောင်းလဲစေရန် တွန်းအားပေးခဲ့သည်။ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းခြင်းနှင့် အိုးဖုတ်လုပ်ငန်းများကို အဓိက အသက်မွေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြသော အပူပိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် အဓိက အသီးနှံဈေးနှုန်းများလဲ နှစ်နှစ်ဆက်တိုက် ကျဆင်းလာခဲ့သည် အမျိုးသမီးတစ်ဦးတင်ပြသည်မှာ ထိုအမျိုးသမီးသည် ငွေကျေပ်နှစ်သိန်းကို အတိုးနှုန်း ၁၀% ဖြင့် လယ်ယာစိုက်ပျိုးရေးလိုအပ်ပစ္စည်းဝယ်ယူရန် မတက်နိုင်ခဲ့ပေ။ ထို့ကြောင့်သူမပိုင်သော လယ်ယာမြေဧက၏ လေးပုံသုံးပုံကိုငွေကျပ်လေးသိန်းခွဲဖြင့် ရောင်းချရန်ဆုံးဖြတ် ခဲ့ပြီးကြွေးပြန်ဆပ်ခဲ့ရသည်။ အခုအခါတွင် သူမသည် စက်ချုပ်သမားအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသည်။

### ပုံ ၆။ အဓိက သီးနှံများ၏ ဈေးနှုန်း




လေ့လာခဲ့သော ကျေးရွာများ၏ လေးပုံတစ်ပုံတွင် ကျေးရွာသူ ကျေးရွာသားများသည် ၂ နှစ်တာကာလအတွင်း သဘာဝကပ်ဘေးအန္တရာယ် သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ထိုအထဲတွင် ရခိုင်ပြည်နယ်တွင် ၂၀၁၀ ခုနှစ်က တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်း၊ ရေကြီးခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် မြေပြိုခြင်း စသည်တို့ ပါဝင်သည်။ ထိုသို့ဖြစ်ပွားခဲ့သည့် သဘာဝကပ်ဘေးအန္တရာယ် ၈ ခုတွင် ၅ ခုမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ အခြားသောပြဿနာများမှာ ကြွက်များ၊ သီးနှံဖျက်ပိုးများ၊ မွေးမြူရေး တိရိစ္ဆာန်များတွင် ကပ်ရောဂါကျရောက်ခြင်းများနှင့် ကုန်ထုတ်လုပ်ရေးတွင် ကုန်ထုတ်လုပ်စွမ်းအားစုများ ပျက်စီးဆုံးရှုံးခြင်းတို့ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာ ၄ ရွာရှိ တောင်သူ လယ်သမားများက ၎င်းတို့၏ သီးနှံများကို ကြွက်များဖျက်ဆီးခြင်းနှင့် ပိုးမွှားများကျရောက်မှု ပြဿနာများ ရှိနေကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။ အခြားသော ပြဿနာများမှာ မွေးမြူရေးတိရိစ္ဆာန်များတွင် ရောဂါကျရောက်ခြင်းများ၊ မြစ်များတွင် သောင်ထွန်းခြင်းများနှင့် သဘော်ကြီးများကြောင့် ငါးဖမ်းပိုက်များပျက်စီးခြင်းတို့ ဖြစ်သည်။

### သာဓက ၁၁။ ရေရှားပါးမှုကို ကျော်လွှားရင်ဆိုင်ရခြင်း။

နိုင်ငံတစ်ဝှမ်းလုံးမှ ကျေးလက်နေပြည်သူများက ရေနှင့်ပတ်သတ်သော ပြဿနာများအကြောင်းကိုပြောဆိုကြသည်။ ချင်းပြည်နယ်နှင့် အပူပိုင်းဒေသရှိ အချို့သောနေရာများတွင် တွေ့ရသကဲ့သို့ မိုးများလွန်းခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာများလည်းတွေ့ရသည်။ အားထားနိုင်လောက်သည့် ရေအရင်းအမြစ် မရှိခြင်းသည် ကျေးလက်ပြည်သူတို့ ပုံမှန် စိုက်ပျိုးနေကြပုံစံများအတိုင်း စိုက်ပျိုးလုပ်ကိုင်ရန် မဖြစ်နိုင်သည့် အနေအထားတွင် ရှိနေသည်။ ဥပမာအားဖြင့် တစ်နိုင်ငံလုံးတွင် အောက်ရေရရှိလေ့ဖြစ်သည့် ရခိုင်ပြည်နယ်တွင်ပင် စပါးကို နှစ်သီးစားလိုသော်လည်း စိုက်ပျိုးရန် မဖြစ်နိုင်ကြောင်း တောင်သူတို့ကဆိုသည်။ စပါးစိုက်ပျိုးမှု နည်းပါးသော ချင်းပြည်နယ်တွင်ပင် ပြည်သူများသည် ရွှေ့ပြောင်းတောင်ယာများအတွက် မိုးရေကို မှီခိုအားထားပြီး စိုက်ပျိုးကြသော်လည်း၊ ရာသီဥတုပြောင်းလဲခြင်းများကြောင့်ထိခိုက်ဆုံးရှုံးကြရသည်။ ထို့အပြင် ရေအရည်အသွေးနှင့် ပတ်သတ်သော ပြဿနာများကိုလည်း ရွာသားများကတင်ပြပြောဆိုကြသည်။

အောက်တွင်ဖော်ပြထားသော သာဓကများသည် သမရိုးကျပြင်ပ အကူအညီတချို့သည် (ရေကန်ကောင်းတစ်ကန်နှင့် လယ်ကွင်းများထဲသို့ ရေရရှိရေး ရိုးရှင်းလွယ်ကူသော နည်းပညာများဖြင့် ဖြေရှင်းမှုအချို့သည်)

ကျေးလက်နေ ပြည်သူများကြုံတွေ့နေရသော ရေရှားပါးမှု ပြဿနာကို ရင်ဆိုင်ကျော်လွှားရန်နှင့် ဝင်ငွေရ သီးနှံများ စိုက်ပျိုးနိုင်ရန် အထောက်အကူဖြစ်စေကြောင်း သက်သေသဖွယ်ဖြစ်ပါသည်။ ထိုကဲ့သို့ အောင်မြင်မှု များရှိသော်လည်း ၎င်းတို့၏အောင်မြင်မှုသည် ရေရှည်ခံရန် မလွယ်ကြောင်းကို ကျေးလက်ပြည်သူတို့ သတိပြုမိ ခြင်းမရှိကြပါ။ အပူပိုင်းဒေသရှိကျေးရွာများစွာတွင် သောက်သုံးရန်၊ မိသားစုတွင်းသုံးစွဲရန်နှင့် စိုက်ပျိုးရန် အတွက် ကာလရှည်ရေရှားပါးမှု ပြဿနာရှိနေသည်။ ရွာသားများ အနေဖြင့်လွန်ခဲ့သော ငါးနှစ်တာကာလကပင် ဝင်ငွေရသီးနှံများအပေါ် ဆိုးကျိုးများ သက်ရောက်စေသည့် ရာသီဥတုပြောင်း လဲမှုပုံစံများအား စတင်သတိ ပြုမိခဲ့ကြသည်။ ရေသွင်းတူးမြောင်းများမှ ရေရရှိသော ကျေးရွာများတွင် ဆန်စပါးကိုသာမက ငရုပ်၊ ကြက်သွန်၊ နံနံပင်များကိုပါ စိုက်ပျိုးနိုင်သည့် အနေအထားရှိခဲ့သည်။ ကျေးရွာတစ်ရွာတွင် လယ်ကွင်းများထဲသို့ ရေသွင်း နိုင်ရန် ကောင်းစွာတူးဖော်တည်ဆောက်ထားသော ရေကန်တစ်ကန် ရှိသည့်အပြင်၊ လက်နှိပ် ရေတုံကင်များ လည်းရှိသည်။ ထို့ကြောင့် ရွာသားများသည် ငရုပ်သီး၊ ကုလားပဲစသော ဝင်ငွေရသီးနှံများကိုပါ စိုက်ပျိုးနိုင်လာ ကြသည်။ ငရုပ်သည် ဝင်ငွေရသီးနှံများထဲမှ သိသိသာသာ အကျိုးအမြတ်ရသော သီးနှံဖြစ်ခြင်းကြောင့် တောင်သူလယ်သမားများသည် ကြွေးမြီများပြန်ဆပ်နိုင်ရန်၊ စားနပ်ရိက္ခာ ဝယ်ယူနိုင်ရန်နှင့် အခြားအသုံးစရိတ် များအတွက် ငရုပ်ကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးမည့်နည်းလမ်းများကို ရှာဖွေကြသည်။ လုံလောက်သော ရေပမာဏရရှိသည်ဟု ယူဆသောကြောင့် နမ်းနှင့်ပဲ အမျိုးမျိုးကဲ့သို့သော အခြားသီးနှံများကို မိုးရေအားပြုပြီး စိုက်ပျိုးတက်ကြသည်။

ချင်းပြည်နယ်ရှိကျေးရွာတစ်ရွာတွင်နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ သောက်သုံးရေနှင့်စိုက်ပျိုးရေကိုထောက်ပံ့ ကူညီခဲ့သည်။ ရွာတစ်ရွာလုံးအတွက် ရေအရင်းအမြစ်သုံးခုရှိပြီး၊ ထိုရေအရင်းအမြစ်များသည် ကျေးရွာအစွန် အဖျားတွင် တည်ရှိကြသောကြောင့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ အိမ်တိုင်းရေရရှိစေရန် ထောက်ပံ့ကူညီ ပေးခဲ့သည်။ စိုက်ပျိုးရေအတွက် စမ်းရေနှင့်ချောင်းငယ်ရေများမှ ရယူကာထောက်ပံ့ပေးခဲ့သည်။ ထိုရေ အရင်း အမြစ်များမှ ရေကိုရေစည်များဆီသို့ ဝါးရေတံလျှောက်များဖြင့်သွယ်ယူရာ လမ်းတစ်လျှောက်တွင် ရေ အမြောက်အများဆုံးရှုံးခဲ့ရသည်။ (ထို့အတွက်) နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ စီမံချက်မှစိုက်ပျိုးရေးသုံး ရေလှောင်ကန်များကို လူငါးဦးတွင် ရေလှောင်ကန်တစ်ကန်နှုန်းဖြင့် လည်းကောင်း၊ နိုင်ငံတကာအန်ဂျီအို အဖွဲ့အစည်းတစ်ခုက အိမ်ထောင်စုတိုင်းအတွက် ၄ ပေ၊ ၆ ပေ အိမ်သုံး ရေလှောင်ကန်များကို ထောက်ပံ့ ပေးခဲ့ကြသည်။ ထိုရေလှောင်ကန်များကို ရွာအစွန်အဖျားတွင်ရှိသော ရေအရင်းအမြစ်များဖြင့် သွယ်တန်းထား သည်။ ထိုသို့ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းခံရပြီးနောက်တွင် ကျေးရွာ၏ ဖွံ့ ဖြိုးတိုးတက်မှုမှာ သိသိ သာသာ မြင့်မားလာခဲ့သည်ဟု ဒေသခံရွာသူရွာသားများမှ ပြောကြားခဲ့ကြသည်။ ဥပမာအားဖြင့် ယခင် တစ်ဧကလျှင် ကြက်သွန်နီ ပိဿာ ၈၀၀ ထွက်ရှိခဲ့သောရွှေ့ပြောင်းတောင်ယာသည် ယခုရေလုံလောက်စွာ ရရှိပြီးနောက် ကြက်သွန်နီတစ်ဧကလျှင် ပိဿာ ၂၀၀၀ ထွက်ရှိလာနိုင်ခြင်းတို့ဖြစ်သည်။ တောင်သူလယ်သမား များအတွက် ရေအရင်းအမြစ် ခိုင်ခိုင်မာမာ ရရှိခြင်းသည်သူတို့၏ မြေယာများတွင် ပိုမိုအားစိုက် စိုက်ပျိုးနိုင်ရုံ သာမက စိုက်ပျိုးမြေဧရိယာကိုပါ ချဲ့ထွင်နိုင်သည့် သဘောကိုဆောင်သည်။ သို့သော်လည်း အဆိုပါအထွက်တိုး ကုန်များကို ရောင်းချရန်အတွက် လုံလောက်သောဈေးကွက် ချိတ်ဆက်မှုရှိကြောင်းကိုမူ ရွာသားများက ပြောဆို နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

**ရွာသားများကပဋိပက္ခအချို့ကို တင်ပြခဲ့ကြသော်လည်း၊ ယင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ အပေါ် ပြင်းထန်စွာ ထိခိုက်နိုင်သော ပြဿနာအဖြစ် ယူဆခြင်း မရှိခဲ့ပါ။** အချို့သော ပဋိပက္ခများသည် ပြင်ပမှ အမြင်သုံးသပ် သူတို့အနေဖြင့်ကြည့်လျှင် ကျေးလက်ပြည်သူတို့၏အသက် မွေးဝမ်းကြောင်းအပေါ် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ သက်ရောက်နိုင်စေသော အမှုကိစ္စများပါဝင်သည်ကို တွေ့ရသည်။ ဥပမာ - မြေယာ သိမ်းယူခြင်း

ကဲ့သို့သော ကိစ္စများဖြစ်သည်။ သို့သော်လည်း ရွာသားများကိုယ်တိုင်က ပဋိပက္ခများကို အဓိက အခက်အခဲများ အနေဖြင့်လည်းကောင်း၊ သို့မဟုတ် သူတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို သိသိသာသာထိခိုက်သည့် အကြောင်းတစ်ခုအဖြစ် လည်းကောင်း၊ သတ်မှတ်ခဲ့ခြင်း မရှိပေ။ [၃၂] ကောက်ယူရရှိလာသော အချက်အလက်များ အရ သိရှိရသည်မှာ မှုခင်းဖြစ်ပွားမှုများ ရှိနေသော်လည်း ဖြစ်ပွားနှုန်းမှာ သာမညအဆင့်တွင်သာ ရှိနေသည်ဟု ယူဆရသည်။ ဥပမာအားဖြင့် မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အငြင်းပွားမှု ပဋိပက္ခနှစ်ခုရှိခဲ့ရာ တစ်မှုမှာ တရားဝင်ဖြေရှင်းမှုအားဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့သည်။ လေ့လာခဲ့သော ရွာများအားလုံး ထဲတွင် လူသတ်မှုနှစ်မှု နှင့် မုဒိန်းမှုနှစ်မှု ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လူမျိုးရေး၊ လိင်ခွဲခြားမှုနှင့် ဘာသာရေးတို့ကို အကြောင်းပြုသော ချိုးနှိမ်ဘေးဖယ်ခံထားခြင်း၊ ဈေးကွက်၊ မြေယာ များကို လက်လှမ်းမှီနိုင်ရန်နှင့် သက်မွေးမှုပြုရာတွင် ခက်ခဲမှုရှိစေခြင်း စသည်များကို ရွာသားများထံမှ သိရှိရမှု မရှိ သလောက် နည်းပါးသည်။ လေ့လာမှုသည် ကျေးရွာများ၏ လက်ရှိအနေအထားများကို ပေါ်လွင်ထင်ဟပ်မှုရှိပြီး မည်သည့်ကျေးရွာမှ ပဋိပက္ခအခြေအနေနှင့် နီးစပ်သည်ကို မတွေ့ရပါ။[၃၃]

## အသက်မွေးဂမ်းကြောင်းလုပ်ငန်းများ၏ ရလာဒ်များအပေါ် အကျိုးသက်ရောက်မှု

**ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားကျရောက်မှုသည် ကောက်ရိတ်သိမ်းချိန်တွင် သီးနှံတို့၏ အရည်အသွေးကို ကျဆင်းစေသည်။** ၂၀၁၀-၂၀၁၂ စိုက်ပျိုးရာသီတွင် နမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ နှင့် စပါးစသော အဓိက သီးနှံများ၏ အထွက်နှုန်းသည် ၂၀% မှ ၄၀% အထိ ကျဆင်းသွားခဲ့သည်။ ရာသီဥတုပြဿနာများကြောင့် သီးနှံများ၏ အရည်အသွေးကိုပါ ကျဆင်းသွားစေခဲ့ပြီး၊ တောင်သူတို့ ရလိုသည့် မျှော်မှန်းဈေးနှုန်းမှာလည်း နိမ့်ကျ သွားစေခဲ့သည်ဟု တောင်သူလယ်သမားများက တင်ပြကြသည်။ မေးမြန်းလေ့လာသူများသည် တိကျသေချာသော အချက်အလက်များကို တက်နိုင်သမျှရရှိအောင် အကောင်းဆုံး ကြိုးစားခဲ့ကြသည်။ အောက်ပါဇယားတွင် ဖော်ပြ ထားသော ကိန်းဂဏန်းအချက်အလက်များသည် အတိအကျမဟုတ်သော်လည်း တောင်သူလယ်သမားများ ကိုယ်တိုင်၏ အကောင်းဆုံးခန့်မှန်းချက်များ ဖြစ်ပါသည်။

အပူပိုင်းဒေသရှိ တောင်သူလယ်သမားများက သီးနှံဈေးနှုန်းကျခြင်းနှင့် သီးနှံဆုံးရှုံးမှုများ ပေါင်းစပ်ဖြစ်ပေါ်ခဲ့ ခြင်းကြောင့် တင်ပြပြောဆိုခဲ့ကြသည်။ တောင်သူလယ်သမားများသည် ၎င်းတို့၏ ဝင်ငွေ မည်မျှကျဆင်းသွားခဲ့ ကြောင်းတင်ပြပြောဆိုခဲ့ကြသည်။ တောင်သူလယ်သမားများသည် ၎င်းတို့၏ ဝင်ငွေ မည်မျှကျဆင်းသွားကြောင်း တိကျသော ကိန်ဂဏန်းများမပေးနိုင်ကြသော်လည်း အထက်ဖော်ပြပါ အကြောင်းများကြောင့် ၎င်းတို့ သိသိသာသာ ထိခိုက်ခံစားခဲ့ရကြောင်း တင်ပြပြောဆိုခဲ့ကြသည်။ ဥပမာအားဖြင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားကြီး တစ်ဦးမှာ အခြားနှစ်များ၏ ပုံမှန်အခြေအနေနှင့် မတူဘဲ၊ သီးနှံအထွက်မှ အမြတ်ပိုလျှံမှု မရှိခဲ့သောကြောင့် မွေးမြူရေးတိရိစ္ဆာန်များလည်း ထပ်မဝယ်နိုင်သလို၊ လာမည့် စိုက်ပျိုးရာသီများအတွက်လည်း လိုအပ်သည့် ပစ္စည်း ကိရိယာများလည်း မဝယ်နိုင်ခဲ့ကြောင်း တင်ပြခဲ့သည်။ တောင်သူလတ်နှင့် တောင်သူငယ်လေးများ မှာလည်း မဝယ်နိုင်ခဲ့ကြောင်း တင်ပြခဲ့သည်။ သီးနှံဆုံးရှုံးမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် အကြွေးတင်မှုများ တိုးမြင့်ကာ၊ ငါးဖမ်းပိုက်ကဲ့သို့သော သက်မွေးမှုလုပ်ငန်းသုံး ပစ္စည်းများပျက်စီးခဲ့လျှင် အသစ်အစားထိုးဝယ်နိုင်ခြင်းမရှိဘဲ

---

[၃၂] သုတေသနစစ်တမ်းသည် ရခိုင်ပြည်နယ်တွင် ပြုလုပ်ခဲ့သော်လည်း ဗုဒ္ဓဘာသာရခိုင်နှင့် မွတ်စလင်ရိုဟင်ဂျာများအကြား ပြဿနာ များဖြစ်ခဲ့သည့် ကျေးရွာများမပါဝင်ပါ။ သတင်းစာများတွင် အကျယ်တဝင့်ပါရှိသော ထိုပြဿနာများမှာ QSEM စစ်တမ်းပြုလုပ်အပြီး ၁ ပတ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ QSEM စစ်တမ်းလေ့လာမှုတွင် ရခိုင်ဗုဒ္ဓဘာသာ ရွာသားများပါဝင်ပြီး မွတ်စလင် ရိုဟင်ဂျာရွာများ မပါဝင်ပါ။

[၃၃] အခန်း ၅ တွင် လူမှုရေးအဆောက်အဦးနှင့် လူမှုဆက်ဆံရေးများအကြောင်းတွင် ကျေးရွာသားများက စစ်တမ်းကောက်ယူသူများအား ပြောပြကြသောပဋိပက္ခများ နှင့်ထိုပဋိပက္ခများကို ဖြေရှင်းသည့်ပုံစံများကိုပါ ပိုမိုနက်နက်နဲနဲ လေ့လာတင်ပြထားပါသည်။

အဟောင်းများကိုသာ ပြုပြင်ဖာထေး၍ သုံးရကြောင်း တင်ပြကြသည်။ တောင်သူလယ်သမားများမှာလည်း အခြားသော လတ်တလော အသုံးစရိတ်များအတွက် မကြာခဏ ငွေချေးယူနေကြရကြောင်း ပြောဆိုကြသည်။

**ဇယား ၅။ ။၂၀၁၀-၂၀၁၂ ခုနှစ်အတွင်း သီးနှံအမျိုးအစားအလိုက် ဆုံးရှုံးမှု တင်ပြချက်များ**

| သီးနှံအမျိုးအစား | ၂၀၁၀ အထွက်နှုန်း | ၂၀၁၁ အထွက်နှုန်း | ပြောင်းလဲမှု ရာခိုင်နှုန်း |
|---|---|---|---|
| နှမ်း(တင်း/ဧက) | ၅ | ၃ | - ၄၀% |
| မြေပဲ (တင်း/ဧက) | ၂၅ | ၂၀ | - ၂၀% |
| ပဲစဉ်းငုံ (တင်း/ဧက) | ၅ | ၃ | - ၄၀% |
| ပဲတီစိမ်း(တင်း/ဧက) | ၈ | ၆ | - ၂၅% |
| ကုလားပဲ(တင်း/ဧက | ၁၀ | ၁၀ | ၀% |
| စပါး (တင်း/ဧက) | ၆၀ | ၄၆ | - ၂၃% |
| ကြံ (တင်း/ဧက) | ၂၅ | ၂၅ | ၀% |
| ဝါ (တင်း/ဧက) | အချက်အလက်မရ | အချက်အလက်မရ | အချက်အလက်မရ |
| ငရုပ် (တင်း/ဧက) | ၁၅၀ | ၁၅၀ | ၀% |

ဤသုတေသနစာတမ်းအစီရင်ခံစာ၏ အခန်း(၃)တွင် လူမှုရေးအရနှင့် ဓနပိုင်ဆိုင်မှုအရ ကွဲပြားသော အုပ်စု အမျိုးမျိုးသည် ၎င်းတို့၏ အခက်အခဲအကြပ်အတည်းများကို မည်သို့မည်ပုံ ရင်ဆိုင်ဖြေရှင်းသည်ကို ဆန်းစစ် လေ့လာထားသည်။ ထိုနည်းအားဖြင့် ဤလေ့လာမှု၏ အစိတ်အပိုင်းအမျိုးမျိုးတွင် အပြန်အလှန် ဆက်နွယ်မှု များကို ထဲထဲဝင်ဝင် လေ့လာသုံးသပ်ထားပါသည်။ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဖွဲ့စည်းပုံများသည် လူတို့၏ အခက်အခဲ အကြပ်အတည်းများကို ရင်ဆိုင်သည့် နည်းဗျူဟာများသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း အကျိုးအမြတ်နှင့် ရေရှည်အသက်မွေးမှု အခွင့်အလမ်းများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာ သုံးသပ်ထားသည်။ ထို့ပြင် လူတို့၏ လူမှုရေးနောက်ခံအခြေအနေများသည် အခက်အခဲ အကြပ်အတည်းများကို ရင်ဆိုင်ရန်အတွက် ရွေးချယ်ရသည့် နည်းလမ်းအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိကြောင်းကိုလည်း မီးမောင်းထိုး တင်ပြထားပါသည်။

## အခန်း (၃) စားဝတ်နေရေးအခက်အခဲအကြပ်အတည်းများကို ရင်ဆိုင်သည့်ပုံစံနည်းဗျူဟာများ

### အနှစ်ချုပ်

စားဝတ်နေရေး အခက်အခဲအကြပ်အတည်းများကို ရင်ဆိုင်သည့်ပုံစံနည်းဗျူဟာများတွင် ဝင်ငွေတိုးရန်ဆောင်ရွက်ခြင်း၊ အသုံးစာရိတ်ချိုးခြိုးချွေတာခြင်း(လျော့ချခြင်း)၊ နေရာဒေသပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ ထိုသို့ရပ်ဝေးတွင် သွားရောက်လုပ်ကိုင်နေသူများမှ ပြန်ပို့သောငွေကို အားကိုးတကြီးမှီခိုနေရခြင်း၊ ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ပေါင်နှံရောင်းချခြင်းစသည့်တို့အပြင် မိသားစုအသုံးစရိတ်များကိုလျော့ချခြင်း (အထူးသဖြင့် စားသောက်စရိတ်) တို့ပါဝင်ပါသည်။

**နေရာဒေသ ပြောင်းရွှေ့လုပ်ကိုင်မှုသည် အလွန်အရေးကြီးသော စားဝတ်နေရေး အခက်အခဲအကြပ်အတည်းများကို ရင်ဆိုင်သည့်ပုံစံနည်းဗျူဟာ တစ်ခုဖြစ်သည်။** အိမ်ထောင်စုတစ်ခုတွင်မိသားစုဝင် တစ်ဦးဦးသည် အလုပ်အကိုင်ရှာဖွေရန်အတွက် တစ်နယ်တစ်ကျေးသို့ သွားရောက်နေရသည်ဟု တင်ပြပြောဆိုကြသည်။ ကျေးရွာရှိ လူဦးရေ၏ ၅ ပုံ ၁ ပုံမှာ ရာသမျှအချိန်လေးများတွင် တစ်နယ်တစ်ကျေးသို့သွားရောက်၍ အလုပ်လုပ်နေကြရပြီး၊ မိမိတို့၏အလုပ်လုပ်နိုင်သော အသက်အရွယ် ၃ ပုံ ၁ ပုံမှာ အခြားနေရာများတွင် ကုန်ဆုံးခဲ့ရသည်ဟု ရွာသားများမှ တင်ပြပြောဆိုခဲ့ကြသည်။ ထိုကဲ့သို့ ပြောင်းရွှေ့လုပ်ကိုင်ကြသူများမှာ မိမိတို့မကျွမ်းကျင်သော အလုပ်များ (သို့မဟုတ်) အနည်းငယ်သာ ကျွမ်းကျင်သောလုပ်ငန်းများကို ရည်ရွယ်၍ သွားရောက်လုပ်ကိုင်ကြရသည်။ ထိုသို့ပြောင်းရွှေ့ လုပ်ကိုင်ကြရမှုရသောဝင်ငွေသည် သူတို့မိသားစု စားဝတ်နေရေးကို အဆင်ပြေစေပြီး၊ မိသားစုဘဝကို တိုးတက်စေရုံသာမက တစ်ခါတစ်ရံတွင် ဇာတိကျေးရွာ၏ လိုအပ်သော အခြေခံအဆောက်အဦများ တည်ဆောက်ဖို့အတွက်ပါ ထောက်ပံ့လှူဒါန်းနိုင်ကြသည်။ သို့သော်လည်း အခြားတစ်ဖက်တွင် ရွှေ့ပြောင်းလုပ်သားများသည် ထိုသို့ အလုပ်အကိုင်ရရှိရန်အတွက် ပေးဆပ်ရသော ဂန်ဆောင်ခများနှင့် အလုပ်ခွင်အတွင်း ပင်ပန်းဆင်းရဲမှု၊ထိခိုက်ဒါဏ်ရာရမှုနှင့် နာမကျန်းဖြစ်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

**လူဦးရေအခြေအနေ၊ ဥစ္စာဓနကြွယ်ဝမှုနှင့် နေရာဒေသစသည်တို့၏ ကွဲပြားခြားနားမှုကိုလိုက်၍ ပြောင်းရွှေ့လုပ်ကိုင်မှုပုံစံ၊ စွန့်စားရသော အခြေအနေနှင့်ပြန်ရသည့် အကျိုးအမြတ်များတွင် ကွဲပြားခြားနားမှုများရှိကြသည်။** ရွှေ့ပြောင်းလုပ်သားအများစုသည် အသက်၂၀ မှ ၄၀ အကြား ဆင်းရဲသားမိသာစုများနှင့် အလယ်အလတ်အဆင့် မိသာစုများမှ လူရွယ်များဖြစ်ပြီး၊ အများစုမှာ အမျိုးသားများဖြစ်ကြသည်။ အပူပိုင်းဒေသရှိ ကျေးရွာများတွင် အိမ်ထောင်စု တစ်ဝက်ခန့်နီးပါးသည် မိမိတို့၏ကလေးများကို ကျောင်းမှထုတ်ပြီး အလုပ်အကိုင်ရှာဖွေ လုပ်ကိုင်ကြရန် (များသောအားဖြင့်မြို့များသို့) အခြားဒေသများ သို့ပို့ကြသည်။ ချမ်းသာကြွယ်ဝသော မိသားစုများမှာ ၎င်းတို့၏ မိသားစုများကို ကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် စင်ကာပူကဲ့သို့သော နိုင်ငံများသို့ ဝင်ငွေကောင်းကောင်းရှာနိုင်ရန် ပို့လွှတ်နိုင်သည့် အနေအထားတွင်ရှိကြသည်။

**အိမ်ထောင်စုများသည် တစ်နယ်တစ်ကျေးတွင် သွားရောက်လုပ်ကိုင်နေကြသော မိသာစုဝင်များထံမှ ပြန်ပို့သောငွေကို မှီခိုအားကိုးကြရသည်။** အများအားဖြင့် အရေးပေါ်ငွေလိုအပ်ချက်များ၊ မြေယာဝယ်ယူခြင်း၊ အိမ်ပြုပြင်ခြင်း (သို့မဟုတ်) ကျောင်းစရိတ်ကဲ့သို့သော ငွေကြေးအမြောက်အများသုံးစွဲရမည့် ကိစ္စများအတွက်သော်လည်းကောင်း အလယ်အလတ်အဆင့် ဝင်ငွေရှိသော အိမ်ထောင်စုများသည် အိမ်အသုံးအဆောင်ပစ္စည်းများနှင့် မွေးမြူရေး တိရိစ္ဆာန်များ ဝယ်ယူရန်အတွက် ငွေပြန်ပို့မှု အပေါ်မှီခိုကြသည်။ အပူပိုင်းဒေသနှင့်ချင်းပြည်နယ်ရှိ အိမ်ထောင်စုများသည်လည်း တစ်နယ်တစ်ကြေးတွင်သွား ရောက်လုပ်ကိုင် နေသောမိသာစုဝင်များထံမှ ပြန်ပို့သောငွေကို အကြွေးဆပ်ရန်နှင့် အခြေခံစားဝတ်နေရေးအတွက် မှီခိုနေကြရသည်။

**ကျေးလက်နေပြည်သူများသည် အခက်အခဲအကြပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရသည့်အခါ မိမိတို့၏ မူလ**

**လက်ငုတ်လက်ရင်း အလုပ်အကိုင်များကို မပြောင်းလဲလိုကြပါ။ ထို့ကြောင့် များသောအားဖြင့် သူတို့၏** ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများကို ပေါင်နှံရောင်းချခြင်းဖြင့် မိမိတို့စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းကြသည်။

**အသုံးစရိတ်လျှော့ချခြင်းသည် နေ့စဉ်နှင့် အမျှလုပ်ဆောင်နေရသော သမရိုးကျ အများဆုံးဖြေရှင်းသည့် နည်းဖြစ်သည်။** အခက်အခဲများနှင့်အတူ ရာသီအလိုက် စားဝတ်နေရေးအခက်အခဲများကို ရင်ဆိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ မိသားစု စီးပွားရေး အကြပ်အတည်းဖြစ်ချိန်တွင် ပုံမှန်စားသောက်မှုပမာဏထက် လျှော့စားခြင်း (သို့မဟုတ်) ပိုညံ့သော စားသောက်ကုန်များကို ပြောင်းလဲစားသုံးခြင်းဖြင့် အသုံးအစွဲကို လျှော့ချကြသည်။ ချင်းပြည်နယ်တွင် အစားအစာကို အလွန်အကျွံ လျှော့စားကြသည်။ တစ်နှစ်တာအတွင်း ၄ လမှ ၆ လအထိ ပုံမှန်စားသုံးမှုထက်ပိုမို လျှော့စားကြသည်ဟု ရွာသားများကိုယ်တိုင် တင်ပြခဲ့ကြသည်။ လေ့လာခဲ့သည့် နေရာဒေသတိုင်းတွင် အမျိုးသမီးများသည် မိသားစု စားသောက်ရေးအဆင်ပြေစေရန်အတွက် လုပ်ဆောင်ရမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဆွေမျိုးသားချင်းများနှင့် လူမှုရေး ခင်မင်မှုများအရ မိသာစုနေ့စဉ် အစားအစာအတွက် အနည်းငယ်မျှသော ငွေချေးခြင်း၊ အစားအစားအကြွေးဝယ်ခြင်းတို့နှင့် အိမ်အသုံးစရိတ်လျှော့ချရန်၊ လျှော့ပြီးစားသောက်ရန်အတွက်ပါ စဉ်းစားစီမံကြရသည်။ အခြားမိသားစုအသုံးစရိတ်လျှော့ချသော နည်းလမ်းမှာ ကလေးများကို ကျောင်းမှထုတ်ခြင်းဖြစ်သည်။ လတ်တလောတွင် ရာသီဉတုဆိုးဝါးခြင်း၊ သီးနှံဈေးကျခြင်းနှင့် သီးနှံအထွက်ဆုံးရှုံးခြင်း စသည့် ပြဿနာများကို ကြုံတွေ့ရသော အပူပိုင်းဒေသရှိ ကျေးရွာတိုင်းမှ ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများသည် မိမိတို့၏ ကလေးများကို ကျောင်းမှထုတ်ခြင်းဖြင့် ပညာရေးအတွက် ကုန်ကျစရိတ်များကို လျှော့ချနိုင်ကြသည်ဟုပြောကြား ခဲ့ကြသည်။ အပူပိုင်းဒေသရှိ တောင်သူလယ်သမား အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးသွင်းအားစုကုန်ကျစရိတ်များ ကိုလျှော့ချခဲ့ရကြောင်းတင်ပြပြောဆိုခဲ့ကြသည်။

### စီးပွားရေးအကြပ်အတည်းများတွင် ရင်ဆိုင်ရုန်း ကန်ပုံများကို လေ့လာရသည့်အကြောင်းအရင်း

**အိမ်ထောင်စုများသည် စီးပွားရေးအကြပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ရင်ဆိုင်ရုန်းကန်ပုံများ မတူညီကြပါ။** အိမ်ထောင်စုများသည် မိမိတို့၏ ဝင်ငွေတိုးရန်နည်းလမ်းများနှင့် အသုံးအစွဲများကို လျှော့ချနိုင်ရန် နည်းလမ်းများကို ရှာဖွေလာကြသည်။ ထို့အတွက်ကြောင့် အခြားနေရာဒေသများသို့သွားရောက်၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြခြင်း၊ ထိုသို့ သွားရောက်လုပ်ကိုင်ကြသူများအပေါ် မှီခိုလွန်းခြင်း(သို့မဟုတ်) သုံးစွဲမှုများကို လျှော့ချခြင်း တို့ကို ပြုလုပ်လာကြသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် စီးပွားရေးအကျပ်အတည်းများကို ပို၍ ခက်ခက်ခဲခဲ ရုန်းကန်ရသည်ကိုတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ချေးငွေရရှိရန်ခက်ခဲခြင်းနှင့် ထိုသို့ ခက်ခဲခြင်းကြောင့် ပုံမှန်စားသောက်နေမှုကို လျှော့ချပြီးစားသောက်နေရခြင်း၊ ကလေးများကို ကျောင်းမှထုတ်ပယ်ရခြင်း၊ ပိုင်ဆိုင်မှုများကို ပေါင်နှံရောင်းချရခြင်း စသည်တို့ကို ပြုလုပ်စေရန်အတွက် တွန်းအားတစ်ရပ်ဖြစ်လာသည်။

**QSEM သုတေသနစာတမ်းတွင် စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများရှိ ပြဿနာများ၊ အခက်အခဲစိန်ခေါ်မှုများ၊ အခြေအနေအပြောင်းအလဲများနှင့် မတူညီသော လူတန်းစားအလွှာများအလိုက် စီးပွားရေးအခက်အခဲများကို ဖြေရှင်းကြသည့် နည်းဗျူဟာများကို ဖော်ထုတ်လေ့လာထားသည်။ ထိုသို့ဖော်ထုတ်လေ့လာရာတွင် အောက်ပါခေါင်းစဉ်များအတိုင်း ဖော်ထုတ်လေ့လာထားပါသည်။ ၄င်းတို့မှာ -**

- ပြောင်းရွှေ့လုပ်ကိုင်မှု
- တစ်နယ်တစ်ကျေးတွင် သွားရောက်လုပ်ကိုင်နေသူများ၏ ဝင်ငွေအပေါ်မှီခိုမှု
- အလုပ်အကိုင်ပြောင်းလဲမှု
- ပိုင်ဆိုင်မှုများကို ရောင်းချခြင်း(သို့မဟုတ်)ပေါင်နှံခြင်း
- အသုံးစရိတ်လျှော့ချခြင်းနည်းဗျူဟာများ စသည်တို့ဖြစ်သည်။

ကျေးလက်နေပြည်သူများ၏ စီးပွားရေးအကျပ်အတည်းများကို ဖြေရှင်းသည့်နည်းဗျူဟာများသည် ဝင်ငွေတိုးစေမည့် နည်းလမ်းများနှင့်အတူ အသုံးစရိတ်လျှော့ချနိုင်မည့် နည်းလမ်းများလည်း ပေါင်းစပ်ပါဝင်နေကြသည်။

## ဝင်ငွေတိုးစေသည့်နည်းဗျူဟာများ

### ပြောင်းရွှေ့လုပ်ကိုင်ခြင်း

**အများအားဖြင့် မိသားစုဝင်အမျိုးသားများသည် တစ်နယ်တစ်ကျေးသို့သွားရောက်၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြရသည်ဟု လေ့လာခဲ့သော ကျေးရွာတိုင်းနီးပါးရှိ အိမ်ထောင်စုများသည် တင်ပြပြောဆိုကြသည်။** ထိုသို့ ပြောင်းရွှေ့လုပ်ကိုင်ကြရာ ပြည်တွင်းတွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း ဟူ၍ ပုံစံနှစ်မျိုးကို တွေ့ရသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသူအများစုမှာ အလယ်အလတ်တန်းစား အိမ်ထောင်စုများဖြစ်ကြပြီး ထိုသို့သွားရောက်လုပ်ကိုင်ရန်အတွက် ခရီးသွားစရိတ်များ၊ လက်မှတ်ခများနှင့် ဂန်ဆောင်ခများအတွက် အကြွေးယူ၍ ပေးဆပ်ကြရသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာမူ အများအားဖြင့် ပြည်တွင်း၌သာ ရွှေ့ပြောင်းလုပ်ကိုင်ကြရပြီး မကြာခဏဆိုသလိုပင် မြို့ကြီးမြို့ငယ်များတွင် အလုပ်အကိုင်ရှာဖွေကြရသည်။ ထိုသို့သွားရောက်လုပ်ကိုင်ကြသော မြို့များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားတို့ဖြစ်ကြသည်။ ပြည်ပသို့သွားရောက်လုပ်ကိုင် ကြသောနိုင်ငံများမှာ ထိုင်း၊ မလေးရှား၊ စင်္ကာပူနှင့် အမေရိကန်တို့ဖြစ်ကြသည်။

**ရွာသားများကို အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်မှုအတွေ့အကြုံနှင့်ပတ်သက်၍ မေးမြန်းသောအခါ၎င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံနှင့် ၎င်းတို့ပတ်ဝန်းကျင်တွင်ရှိသူများ၏ အတွေ့အကြုံများကိုပါ ပြန်လည်ပြောပြကြသည်။** ထိုသူတို့သည် ၎င်းတို့၏စွမ်းရည်ဖြင့် လုပ်ဆောင်မှုများမှရရှိသော အကျိုးအမြတ်များဖြင့် မိသားစုအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ မွေးမြူရေးတိရစ္ဆာန်များကို ဂယ်ယူရန်နှင့် နေအိမ်ဆောက်လုပ်ရန် ကြိုးစားမှုများကို ပြန်လည်ပြောပြကြသည်။ ထို့အပြင် ဇာတိမြေတွင် အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ရန်အတွက် လှူဒါန်းနိုင်ကြသည်။ မကွေးတိုင်းဒေသကြီးတွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသူများမှ ပြန်ပို့သောငွေများကို အသေးစားငွေစုငွေချေးစီမံကိန်းများတွင် ထည့်ဝင်အသုံးပြုကြသည်။ ချင်းပြည်နယ်ရှိရွာသားများမှာမူ ရွှေ့ပြောင်းလုပ်ကိုင်သူများပေးပို့သောငွေများဖြင့် ၎င်းတို့၏ ကျေးရွာရှိ အခြေခံအဆောက် အအုံများကို တိုးတက်အောင် ဆောင်ရွက်နိုင်ကြပြီး ဘုရားကျောင်းတည်ဆောက်ခြင်း၊ ကျောင်း၊ လမ်းများပိုမိုကောင်းမွန် အောင်ပြုပြင်ခြင်း၊ မီးစက်များ၊ ဖုန်းများ စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။

**အခြားတစ်ဖက်တွင်လည်း ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကြောင့်ဖြစ်သော ဆိုးကျိုးများကိုလည်း ရွာသူရွာသားများမှ တင်ပြပြောဆိုကြသည်။** ၎င်းဆိုးကျိုးများမှာ - အလုပ်ပင်ပန်းစွာလုပ်ကိုင်ရခြင်းကြောင့် (ငှက်ဖျားမိခြင်းကဲ့သို့သော) ဖျားနာခြင်း၊ ပင်ပန်းဆင်းရဲခြင်းတို့ ဖြစ်သည်။ ပြည်ပသို့ရွှေ့ပြောင်းလုပ်ကိုင်ရန် ကုန်ကျစရိတ်များနှင့် အေးဂျင့်များသို့ပေးရမည့် ဂန်ဆောင်ခများအတွက် ၎င်းတို့ပိုင်ဆိုင်မှုပစ္စည်းများကို ရောင်းချရခြင်း(သို့မဟုတ်)အချို့မှာ အကြွေးတင်ကြရသည်။ နေရာဒေသတိုင်းတွင် တင်ပြပြောဆိုကြသည်မှာ အကြွေးဂန်များ တိုးလာခြင်းပင်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများတင်ပြ ပြောဆိုကြသည်မှာ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများရှိသော်လည်း ၎င်းတို့အတွက် အာမခံကြေး၊ လျော်ကြေးများ မရှိကြပါ။ ဥပမာအားဖြင့် တရုတ်ပြည်နယ်တွင်ရှိသော ကျောက်စိမ်းတွင်းများတွင် လုပ်ကိုင်ကြရသော အလုပ်သမားများကဲ့သို့ပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းသည် စီးပွါးရေးအရသာ လုပ်ကိုင်နေရခြင်း ဖြစ်သော်လည်း မကျွမ်း ကျင်သည့်လုပ်ငန်းများနှင့် အပြည့်အဂ မကျွမ်းကျင်သော လုပ်ငန်းများတွင် လုပ်ကိုင်ရခြင်းသာဖြစ်သည်။ အများအားဖြင့် လုပ်ကိုင်ရ သောအလုပ်အမျိုးအစားများမှာ အထည်ချုပ်စက်ရုံကဲ့သို့သော စက်ရုံများနှင့် အစား

အသောက်နှင့်ပတ်သက်၍ ဝန်ဆောင်မှု ပေးရသောလုပ်ငန်းများဖြစ်ကြသည်။ ထိုသို့ ပြောင်းရွှေ့ လုပ်ကိုင်မှုများသည် ကျား/မအလိုက်၊ အသက်အရွယ်အလိုက် ပုံစံများ မတူညီကြပါ။ အမျိုးသားများသည် အဝေးသို့ သွားရောက်သည်။ (တစ်ခါတစ်ရံနိုင်ငံခြား သို့သွားရောက်လုပ် ကိုင်ကြသည်။)အမျိုးသမီးများမှာမူ နေအိမ်တွင်သာ နေထိုင်ကြပြီး အချို့မှာ စက်ရုံအလုပ်သမား (သို့မဟုတ်)အိမ်ဖော်အဖြစ် လုပ်ကိုင်ကြသည်။ အထူးသဖြင့် အပူပိုင်းဒေသရှိ ကလေးများသည် ကျောင်းမှထုတ်ပယ်ခံရပြီး စားသောက်ဆိုင်၊ လက်ဘက်ရည်ဆိုင်များသို့ ပို့ဆောင်၍ ခိုင်းစေခြင်းကို ခံကြရသည်။

ရွှေ့ပြောင်းလုပ်သားများသည် များသောအားဖြင့် အသက် ၁၅ နှစ်မှ ၃၀ အတွင်းရှိသော လူငယ်များဖြစ်ကြပြီး ဆင်းရဲသောမိသားစုများနှင့် အလယ်အလတ်အဆင့် ဝင်ငွေရှိသော မိသားစုများမှဖြစ်ကြသည်။ ၇၀ % သော ပြောင်းရွှေ့လုပ်သားများမှာ ထိုအသက်အရွယ်များဖြစ်ကြပြီး၊ ရွှေ့ပြောင်းလုပ်သားများ၏ ၇၀%မှာ အမျိုးသားများဖြစ်ကြသည်။ ၄၅%မှာ ဆင်းရဲသောမိသားစုများမှလာသော ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပြီး ၅၂% မှာ အလယ်အလတ်အဆင့် ဝင်ငွေရှိသော မိသားစုများမှဖြစ်သည်။

**ဇယား ၆။ ။ လူမှုစီးပွားရေး အဆင့်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှုများ**

| ဒေသ | ချမ်းသာ | အလယ်အလတ် | ဆင်းရဲ |
|---|---|---|---|
| မန္တလေး | ၃% | ၂၂% | ၇၈% |
| မကွေး | ၁% | ၃၁% | ၆၆% |
| ရခိုင် | ၂% | ၇၉% | ၁၈% |
| ချင်း | ၁၃% | ၇၂% | ၁၇% |

ဒေသအလိုက် ပြောင်းရွှေ့လုပ်ကိုင်မှု အခြေအနေများသည် ကွဲပြားခြားနားကြကြောင်း ဤလေ့လာမှုတွင် တွေ့ရှိရပါသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုအားလုံးနီးပါးမှ များသောအားဖြင့်ငယ်ရွယ်ကြသူ မိသားစုဝင် အနည်းဆုံး တစ်ယောက်ခန့်သည် နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်နေကြပြီး ကျေးရွာရှိသူများမှာ အသက်အရွယ်အလိုက် အကျင့်စရိုက်နှင့်နေထိုင်မှု ပုံစံများမှာပြောင်းလဲသွားခဲ့ကြသည်။ ကျေးရွာ၏ လုပ်သားအင်းအားစု ကျဆင်းသွားကာ ကုန်ထုတ်နိုင်စွမ်းမှာလည်း ကျဆင်းသွားပါသည်။ ရခိုင်ပြည်နယ်တွင်လည်း တံငါရွာများမှ လာသောရွှေ့ပြောင်းလုပ်သားများသည် မိမိတို့ဘဝစားလောက်ရုံအဆင့် ဝင်ငွေရနိုင်သည့် ငါးဖမ်းလုပ်ငန်းများရှိရာ ရခိုင်ပြည်နယ်တွင်းရှိဒေသများသို့ ရည်ရွယ်သွားရောက်လုပ်ကိုင်ကြပါသည်။ အမှန်စစ်စစ်တွင်မူ သူတို့သည် ရန်ကုန်နှင့်နေပြည်တော်ကဲ့သို့သော မြို့နယ်များသို့ သွားရောက်လုပ်ကိုင်လိုကြသည်။ မေးမြန်းလေ့လာထားသူများ၏ လေ့လာတွေ့ရှိချက်အရ ရခိုင်ပြည်နယ်ရှိ မိသားစုများသည် ရန်ကုန်ကဲ့သို့ အခြားမြို့ကြီးများနှင့် ခိုင်ခိုင်မာမာ အဆက်အသွယ်ရှိကြသည်။

**ဇယား ၇ ။ ။ လူငယ်ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများရာခိုင်နှုန်း**

| တိုင်းဒေသကြီး (သို့)ပြည်နယ် | လူငယ် (အသက် ၁၅နှစ်မှ ၃၀အထိ) | အမျိုးသမီး |
|---|---|---|
| မန္တလေး | ၇၂% | ၃၄% |
| မကွေး | ၈၁% | ၃၂% |
| ရခိုင် | ၉၉% | ၄၀% |
| ချင်း | ၃၄% | ၁၈% |

**မေးမြန်းလေ့လာခဲ့သူများ၏ ခန့်မှန်းချက်အရ မည်သည့်အချိန်တွင်မဆို ပျမ်းမျှအားဖြင့် ကျေးရွာများတွင် စုစုပေါင်း လူဦးရေ၏ ၂၀ % အထက်မှာ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်နေကြပြီး ထိုရွာများတွင် အလုပ် လုပ်နိုင်သည့် အသက်အရွယ်ရှိ ကျေးရွာသားများမှာ ၃၀% နှင့်အထက်ရှိသည်။** သို့သော်လည်း ပြောင်းရွှေ့လုပ်ကိုင်မှုသည် အိမ်ထောင်စုများအတွက် ဝင်ငွေတိုးစေသလိုကျေးရွာ၏ လုပ်သားအင်အားစုကိုလည်း ကျဆင်းစေသောကြောင့် မိသားစုစားသောက်ရန် ပြေလည်ရုံမျှလုပ်ကိုင်သော စိုက်ပျိုးရေး လုပ်ငန်းငယ်များအတွက် ကုန်ထုတ်စွမ်းအားကို အဟန့်အတားဖြစ်စေသည်။

**ဇယား (၈)။ ။ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်မှုများ**

| ဒေသ | ကျေးရွာအရေအတွက် | အချိန်ကာလ | သွားရောက်သည့်ဒေသ | အလုပ်အမျိုးအစား |
|---|---|---|---|---|
| မန္တလေး | ၆ | ၃လ | အနီးအနားရွာများ<br>တောင်ကြီး<br>မန္တလေး၊ မကွေး | စားသောက်ဆိုင်အလုပ်သမား<br>လယ်ယာလုပ်သား<br>ပန်းစိုက်လုပ်သား |
| မကွေး | ၃ | ၃လ | အနီးအနားရွာများ | ကုန်စုံဆိုင်လုပ်သား |
| ရခိုင် | ၃ | ၄-၅လ | ဖားကန့် | မီးရထားလမ်းဖောက်ခြင်း |
| ချင်း | ၆ | ၃-၄လ | မီဇိုရမ်း-အိန္ဒိယနယ်စပ်<br>ကလေးမြို့၊စစ်ကိုင်းမြို့၊ဂန်းကျင် | ကျောက်စိမ်းတွင်း<br>လက်သမား |

**အောက်တွင်ဖော်ပြထားသလိုပင် ကျားမကွာခြားမှုအလိုက် ပြောင်းရွှေ့လုပ်ကိုင်သည့် ပုံစံကွာခြားမှုများရှိသည်။**

**သာဓက ၁၂။ ။ ကျားမကွာခြားမှုအလိုက် ပြောင်းရွှေ့လုပ်ကိုင်သည့် ပုံစံကွာခြားမှုများ**

ကျားမကွာခြားမှုအလိုက် ပြောင်းရွှေ့လုပ်ကိုင်သည့် ပုံစံကွာခြားမှုများရှိသည်။ အများအားဖြင့် ရွှေ့ပြောင်းလုပ်သားများသည် အမျိုးသားများဖြစ်ကြပြီး အထူးသဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ရာတွင် အများစုမှာ အမျိုးသားများ ဖြစ်ကြသည်။ အမျိုးသမီးများမှာ အများအားဖြင့် ပြည်တွင်း အခြားဒေသများသို့သာ သွားရောက်လုပ်ကိုင်ကြသည်။ သူတို့သည် အသက် ၂၀ မှ ၃၀ အကြားအိမ်ထောင်မရှိသူများ ဖြစ်ကြသည်။ အမျိုးသမီးများသည် ရန်ကုန်၊ မန္တလေးနှင့် ရွှေလီ (တရုတ်ပြည်နယ်စပ်) ကဲ့သို့သော ဒေသအလိုက် မြို့များသို့ သွားရောက်ပြီး အထည်ချုပ်စက်ရုံ၊ မုန့်ဖုတ်စက်ရုံ၊ ငါးခုတ်ခြင်း၊ ကျောက်စိမ်းနှင့်မြအစရှိသာ ကျောက်တွင်းများတွင် ကျောက်ကောက်ခြင်း၊ အိမ်ဖော်လုပ်ခြင်း၊ စားသောက်ဆိုင် သန့်ရှင်းရေးနှင့် စားပွဲထိုးစသဖြင့် လုပ်ကိုင်ကြရသည်။ ထိုသို့မြို့ကြီးများတွင် သွားရောက်လုပ်ကိုင်ကြသူများသည် ၁ လလျှင် ငါးသောင်းကျပ်ခန့် ရှာဖွေနိုင်ကြပြီး မိသားစုထံသို့ ၂ သောင်းကျပ်ခန့် ပြန်ပို့နိုင်ကြသည်။

အမျိုသမီးများနှင့် အမျိုးသားများသည် မည်သည့်အတွက်ကြောင့် ထိုသို့ပြောင်းရွှေ့ လုပ်ကိုင်ကြသည့် ပုံစံ မတူညီကြကြောင်းကို မတင်ပြခဲ့ကြပါ။ မေးမြန်းလေ့လာခဲ့သူများ အခိုင်အမာတင်ပြကြသည်မှာ ပြောင်းရွှေ့လုပ်ကိုင်ကြသည့်ပုံစံများနှင့် အစိုးရမူဝါဒများ ချိတ်ဆက်မှုများ၊ ပြင်ပအလုပ်သမားဈေးကွက်နှင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ သတ်မှတ်ချက်များအကြားကို အခိုင်အမာတင်ပြထားသည်။ အစိုးရ၏ပေါ်လစီများကလည်း နိုင်ငံခြားသို့သွားရောက်ကာ ကျောင်းပညာအရည်အချင်းနိမ့်သော ကျေးလက်တောရွာများမှ အမျိုးသမီးအများစု နိုင်ငံခြားသို့သွားလျှင် အဓိကလုပ်ကိုင်ရလေ့ရှိသော အိမ်ဖော်အလုပ် လုပ်ကိုင်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ ထို့ကြောင့် အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများသည် အမျိုးသမီးများကို ပို့ဆောင်ပေးရန် ဦးတည်းခြင်းမရှိတော့ပဲ အမျိုးသားများကိုသာ အဓိကထား၍ ဆောက်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်ရန်

ရှာဖွေဝန်ဆောင်မှုပေးကြသည်။ စစ်တမ်းတွင်း လေ့လာသူများ သတိထားမိသည့်အချက်မှာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ သတ်မှတ်ချက်များပင်ဖြစ်ပြီး၊ မြန်မာ့မိသာစုများသည် မိမိတို့၏ မိသားစုများတွင် အမျိုးသမီးများကို မိမိတို့၏မိသားစုနှင့် အတူနေထိုင်စေချင်ကြပြီး ထိုသို့နေထိုင်ခြင်းအားဖြင့် အမျိုးသမီး များသည် ပို၍လုံခြုံသည်ဟု ခံယူထားခြင်းဖြစ်သည်။

QSEM သုသေသနစစ်တမ်း(၁) ပထမအကြိမ်တွင် လေ့လာခဲ့သော ကျေးလက်ဒေသများရှိ လူကုန်ကူးမှု ခံရသော အမျိုးသမီးများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကောက်ယူခြင်းမရှိခဲ့သလို စွန့်လွှတ် စွန့်စားမှုများ၊ အစိုးပေါ်မူဝါဒများနှင့် တည်ရှိနေသော လူမှုရေးစံသတ်မှတ်ချက်များနှင့် လူကုန်ကူးခံရသော မြန်မာ အမျိုးသမီးများ၏ အကြောင်းအရာဖြစ်စဉ်များကို လေ့လာစမ်းစစ်ခြင်းမပြုလုပ်ခဲ့ပါ။ QSEM သုသေသန စစ်တမ်း(၂) ဒုတိယအကြိမ်တွင် ထိုအကြောင်းအရာများနှင့် ပတ်သတ်၍ အနည်းငယ်လေ့လာ ဆန်းစစ်တင်ပြ ထားပါသည်။

ပြည်တွင်းတစ်ခြားဒေသများသို့ သွားရောက်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများသည် ဇာတိဒေသနေ အမျိုးသမီးများထက်စာလျှင် ပုံမှန်အားဖြင့် အိမ်ထောင်ကျပုံ မတူညီကြသလို၊ မတူညီသော စွန့်စားမှုများနှင့် လူမှုရေး မျော်လင့်ချက်များကို သူတို့ဒေသသို့ပြန်ရောက်လာသောအခါ ရင်ဆိုင်ကြရသည်။ ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများသည် အိမ်ထောင်ရှိပြီးသား သူများနှင့် အဂေးတွင်တွေ့ဆုံပြီး လက်ထပ်ခဲ့ကြ သည်။ ထို့နောက် အိမ်ထောင်ရေးပြိုကွဲသောအခါ မိမိတို့ကျေးရွာသို့ပြန်လာကြသည်။ မိသားစုမသိဘဲ ထိုသို့ လက်ထပ်ခဲ့သောကြောင့် ပတ်ဝန်းကျင်၏ ပြစ်တင်ရှုံ့ချမှု၊ ဖိအားပေးများကို ခံစားရသည်။ အိမ်ထောင်ရေး ပြိုကွဲ ပြီးနောက် မိမိတို့ ကျေးရွာသို့ ပြန်လာကြသောအမျိုးသမီးများသည် လူမှုရေးအရ ဂုဏ်သိက္ခာထိခိုက်နစ်နာမှု များကို တွေ့ကြုံရင်ဆိုင်ကြရသည်။ ၎င်းတို့သည် ကျား/မ ခွဲခြားမှုကိုအခြေခံသော အနောက်အယှက် ပေးခံရခြင်းများကို ရင်ဆိုင်ကြုံတွေ့ရသဖြင့် ထို့ကဲ့သို့ တစ်ရပ်တစ်ကျေးမှ အိမ်ထောင်ပြိုကွဲ၍ ပြန်လာရခြင်းထက် စာလျှင် မဆိုးမဖြစ်ရခြင်းကပို၍ ကောင်းသည်ဟု တင်ပြပြောဆိုခဲ့ကြသည်။

ချင်းပြည်နယ်ရှိ ကျေးရွာများမှ နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ကြသော အမျိုးသားများသည် ၎င်းတို့၏နေရပ် ဇာတိသို့ ပြန်လာရန် အစီအစဉ်မရှိကြပေ။ ထိုကဲ့သို့သော အမျိုးသားများသည် ချင်းအမျိုးသမီးများနှင့်သာ လက်ထပ်လိုကြပြီး ၎င်းတို့ အတွက်သတို့သမီးကို ကမ်းလှမ်းပေးရန် ကျေးရွာရှိလူများကို အကူအညီတောင်း ခံကြသည်။ နိုင်ငံခြားရှိသတို့သားနှင့် တွေ့ဆုံလက်ထပ်နိုင်ရန်အတွက် လေယာဉ်လက်မှတ်နှင့် လိုအပ်သည် များကို စီစဉ်ပေးရသည်။ ထိုသို့စီစဉ်ပေးခြင်းကို "သတို့သမီးပါဆယ်ပို့" ခြင်း ဟုခေါ်ဝေါ်ကြသည်။ ထိုသို့ သွားရောက်လက်ထပ်ကြခြင်းမှာ နိုင်ငံခြားတွင် လူနေမှုအဆင့်အတန်းပိုမို ကောင်းမွန်ပြီး သတို့သမီးများ အတွက်လည်း ပို၍အဆင်ပြေကြသည်ဟု တင်ပြပြောဆိုခဲ့ ကြသည်။

**နေရာဒေသ ရွှေ့ပြောင်းလုပ်ကိုင်ကြရာတွင် နီးစပ်ရာဆွေမျိုး မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီဖြင့် သွားရောက်လုပ်ကိုင်မည့်နေရာကို ရွေးချယ်ဆုံးဖြတ်ကြသည်။** မိသားစုအသီးသီးသည် နေရာဒေသပြောင်းရွှေ့ လုပ်ကိုင်ကြရန်အတွက် စီမံကိန်းချ၍ ဆောင်ရွက်တတ်ကြသည်။ မိသားစုများသည် မိမိတို့တတ်နိုင်သော ငွေကြေး ပမာဏနှင့် သွားရောက်လုပ်ကိုင်မည့်နေရာဒေသတွင် ရရှိနိုင်သော အခွင့်အလမ်းများကိုမှန်းဆ အခြေခံ၍ ၎င်းတို့၏မိသားစု ဝင်တစ်ဦး(သို့မဟုတ်)တစ်ဦးထက်ပို၍ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်စေရန် ဆုံးဖြတ်ကြ သည်။ သို့သော်လည်း မိသားစုအရွယ်အစားပေါ်မူတည်၍သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများ၏ ကူညီနိုင်မှုအရသော်လည်း ကောင်းမိသားစုဝင်တစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပို၍ နိုင်ငံခြား သို့စေလွှတ်ရန် ဆုံးဖြတ်ကြသည်။ ရွာသားအများစု၏ သွားရောက်ရွှေ့ပြောင်း လုပ်ကိုင်ကြသည့် ယေဘုယျပုံစံတစ်ခုမှာရွာ

သားတစ်ဦးသည် ဦးစွာပထမပြည်တွင်းရှိအခြား ဒေသတစ်ခုခု (သို့မဟုတ်) ပြည်ပသို့ သွားရောက် လုပ်ကိုင်ပြီး နောက်ထိုဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည်ဟု ကြားသိရပါက ထိုနေရာသို့ အခြားရွာသား များကလည်း သွားရောက်လုပ်ကိုင်ကြသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများသည် အလုပ်အကိုင်ရှာဖွေရေး အေးဂျင့်များမှတစ်ဆင့်စီမံပေးပြီး သွားရောက်လုပ် ကိုင်ကြရခြင်းဖြစ်သည်။ ထိုသို့ အလုပ်အကိုင်ရှာဖွေရေး အေးဂျင့်များအတွက် ဝန်ဆောင်ခမှာ လေယာဉ်လက်မှတ်အပါအဝင် ကျပ်ခြောက်သိန်း၊ ခုနစ်သိန်းခန့်ကုန်ကျ သည်။ မိသားစုများသည် ထိုဝန်ဆောင်ခများပေးချေရန်အတွက် ပုံမှန်အား ဖြင့်နီးစပ်ရာဆွေမျိုး အပေါင်း အသင်းများထံမှချေးငှားကြရသည်။ ၎င်းတို့ချေးငှားထားသော အကြွေးများ ပြန်လည်ပေးဆပ်နိုင်မှု အလားအလာမှာ မတူညီကြပါ။ သို့သော်လည်း ထိုသို့သွားရောက်လုပ်ကိုင်မှု အဆင်ပြေပါက ၆ လခန့်အတွင်း ပြန်လည်ပေးဆပ် နိုင်ကြသည်ဟု သိရသည်။

**လေ့လာခဲ့သော အပူပိုင်းဒေသရှိ ကျေးရွာတစ်ဝက်ခန့်မှ ကလေးငယ်များသည် အလုပ်အကိုင်ရှာဖွေရန် မြို့ကြီး များသို့ သွားရောက်ခဲ့ကြသည်ဟု တင်ပြပြောဆိုကြသည်။** ထိုကလေးများသည် များသောအားဖြင့် ဆင်းရဲသော မိသားစုများ မှဖြစ်ကြပြီး မြို့ပေါ်ရှိလက်ဘက်ရည်ဆိုင်များတွင် စားပွဲထိုးများအဖြစ်လည်းကောင်း၊ စားသောက်ဆိုင် များတွင် မီးဖိုချောင်အကူအဖြစ်လည်းကောင်း အောက်ခြေသိမ်း အလုပ်များကို လုပ်ကိုင်ကြရသည်။ ၎င်းတို့သည် မိသားစုထံ ပုံမှန်အားဖြင့် တစ်လလျှင် ကျပ်နှစ်သောင်းခန့် ပြန်လည် ပေးပို့နိုင်ခဲ့ကြသည်။

**မိသားစုများဆင်းရဲ ချမ်းသာနှင့် အလယ်အလတ်အဆင့်ကိုလိုက်၍ နေရာဒေသ ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံစွန့်စား ရမှုအခြေအနေနှင့်အကျိုးအမြတ်တို့မှာ ခြားနားမှုရှိသည်။** ရွှေ့ပြောင်းအလုပ်အကိုင်သွားရောက်လုပ်ကိုင်နိုင်သည့် နိုင်ငံခြားတိုင်းပြည်များအပေါ် ရွာသားများရှုမြင်ပုံခြင်း မတူကြပါ။ ဗီဇာမလို လေယာဉ်ခမကုန်ပဲ နယ်စပ်မှ ဖြတ်ကျော်သွားနိုင်သော ထိုင်းနိုင်ငံနှင့်နိုင်းစာလျှင် စင်ကာပူကဲ့သို့သောနိုင်ငံများကို အဆင့်အတန်းမြင့်သော နိုင်ငံများဟု ရှုမြင်ကြသည်။ ချမ်းသာသောမိသားစုများသာ အေးဂျင့်ဝန်ဆောင်ခ၊ လေယာဉ်ခနှင့် ဗီဇာခများ အကုန်အကျခံကာ ထိုနိုင်ငံများတွင် လုပ်ကိုင်ပါက အိမ်နီးခြင်းနိုင်ငံများထက်စာလျှင် ဝင်ငွေပိုကောင်းပြီး အခြေ အနေ အဆင့်အတန်း ပိုမိုမြင့်မားသောကြောင့်လည်းဖြစ်သည်။ ဆင်းရဲသောမိသားစုများသည် ရွှေ့ပြောင်း လုပ်ကိုင်ကြသော်လည်း ချမ်းသာကြွယ်ဝသော မိသားစုကဲ့သို့ရပ်ဝေးကို သွားရောက်မလုပ်ကိုင်နိုင်ကြပါ။ ၎င်းတို့သည် ပြည်တွင်း၌သော်လည်းကောင်း၊ အန္တရာယ်များပြီး ကျွမ်းကျင်မှုစွမ်းရည်ထက် လုပ်သားအရေအတွက်များများကို ပိုမိုအသုံးပြုကြသော အိမ်နီးခြင်း တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံရှိ လုပ်ငန်းများတွင်သာသွားရောက်လုပ်ကိုင်ကြသည်။

အောက်ပါဥပမာများသည်မတူညီသော အိမ်ထောင်စုအခြေအနေ အဆင့်အတန်များအလိုက် ပြောင်းရွှေ့ လုပ်ကိုင် ကြရာတွင် ကြုံတွေ့ရသော အတွေ့အကြုံများကိုမြင်သာစေသည်။

### သာဓက ၁၃။ ။ ပြောင်းရွှေ့လုပ်ကိုင်မှုဖြစ်ရပ်များကိုလေ့လာခြင်း

ရွာသားများသည် ပြောင်းရွှေ့လုပ်ကိုင်မှုများမှ ကြုံတွေ့လာနိုင်မည့်ဆိုးကျိုးများထက် ကောင်းကျိုး (အကျိုး အမြတ်များ) ကိုသာ ပိုမိုအလေးပေး စဉ်းစားဆုံးဖြတ်ကြသည်။ လူတစ်ယောက်သည် အလုပ်လုပ်ရန် အခြား နေရာဒေသသို့သွားလျှင် သူ၏မိသားစုကို ထောက်ပံကောင်းထောက်ပံနိုင်မည်ဖြစ်သော်လည်း အခက်အခဲ စွန့်စားမှုများကိုတော့ ရင်ဆိုင်ရဦးမည်ဖြစ်ပါသည်။ ဆင်းရဲသောရွှေ့ပြောင်းလုပ်သားများသည် ပြည်ပရှိ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာ ရရှိခြင်းများနှင့် တရားမဝင်သွားရောက် နေထိုင်လုပ်ကိုင်ကြသောကြောင့် အဖမ်းအဆီးခံရခြင်းစသော ပိုမိုခက်ခဲသည့် စွန့်စားမှုများကိုရင်ဆိုင် တွေ့ကြုံခဲ့ရသည်။ ကြားခံပွဲစားများနှင့် အလုပ်အကိုင်ရှာဖွေရေး အေးဂျင့်များဖြင့် သွားရောက်ကြသော ငွေကြေးတတ်နိုင်သည့်ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်ရသောအခက်အခဲမှာ ပြည်ပတွင်အေးဂျင့်များ ကတိပေးထားသကဲ့သို့မဟုတ်ဘဲ အဆင်မပြေမှု များကြုံလာခြင်းပင်ဖြစ်သည်။

သီးနှံဆုံးရှုံးမှုများနှင့် နှစ်ပေါင်းများစွာအကန့်အသတ်ဖြင့်သာရရှိခဲ့သော အသက်မွေးဝမ်းကျောင်း ရွေးချယ်မှုများကြောင့် အပူပိုင်းဒေသရှိ ရွာသူရွာသားများသည် ပိုမိုကောင်းမွန်သော အလုပ်ကိုင်များရရှိရန် အခြားနေရာဒေသများသို့ ပြောင်းရွှေ့လာကြသည်။ ကျေးရွာတစ်ရွာတွင် အမျိုးသားများသာမက အမျိုးသမီးများ အပါအဝင် ရွာသားအများ စုသည်တရုတ်နိုင်ငံရှိ ကျေးရွာတစ်ရွာသို့ ကျောက်စိမ်းတူးဖော်ခြင်းနှင့် ဖြတ်တောက်ခြင်း လုပ်ငန်းများတွင် လုပ်သားအဖြစ်လုပ်ကိုင်ရန် ရွှေ့ပြောင်းသွားကြသည်။ ၎င်းတို့သည် တရားမဝင် သွားရောက်လုပ်ကိုင်ရခြင်းကြောင့် မတော်တဆ အလုပ်ခွင်တွင် ထိခိုက်မှုများရှိလာသောအခါ ရရှိသင့်သော နစ်နာကြေးများနှင့် အလုပ်သမား အာမခံကြေးခံစားခွင့်များကို မရကြပါ။ အမျိုးသမီးတစ်ယောက်ပြောပြသည်မှာ သူမ၏ အသက် ၁၆ နှစ် အရွယ် သမီးငယ်သည်အလုပ်ခွင်တွင် မတော်တဆထိခိုက်မှုတစ်ခုကြောင့် ၁၅ ရက်ခန့် အလုပ်မဆင်းနိုင်ပါ။ ထိုမိန်းကလေးသည် နေ့စားအလုပ်သမားအဖြစ်သာ အလုပ်လုပ်ရသောကြောင့် ထိုသို့ အလုပ်မဆင်းနိုင်သည့်အခါ လစာမပျက်ခံစားခွင့်ကို မရရှိခဲ့ပါ။ သူမအနေဖြင့် အနားယူရန်လိုအပ်သော်လည်း မိသားစုစားဝတ်နေရေးကို ထောက်ပံ့ကူညီလိုသော ဆန္ဒကြောင့်ရွာသို့မပြန်ခဲ့ဘဲ ပြန်လည်ကောင်းမွန်လာသည့် အခါ ထိုအလုပ်မှာပင်ဆက်လက်လုပ်ကိုင်လျှက်ရှိသည်။

လူငယ်များသည် မကြာခဏဆိုသလိုပင် ပြောင်းရွှေ့လုပ်ကိုင်နေကြရသောကြောင့် ကျောင်းမနေနိုင်ခဲ့ကြပါ။ အပူပိုင်းဒေသရှိ ရွာတစ်ရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးလည်းဖြစ်သော တောင်သူလယ်သမားတစ်ဦးမှ တင်ပြပြောဆိုခဲ့သည်မှာ ပြီးခဲ့သည်နှစ်တွင် ရာသီဥတုဆိုးဝါးမှုကြောင့် သီးနှံဈေးနှုန်းကျဆင်းခဲ့ရပြီး ကလေးများကို ကျောင်းဆက်လက်ထားရန် ရန်ငွေကြေးမတတ်နိုင်သောအခါ ကလေးနှစ်ယောက်ကို ကျောင်းထုတ်လိုက်ရသည်။ မိဘများသည် စားရေးနှင့်ဝတ်ရေးကို ချွေတာသည့်ကြားမှပင် ၅ တန်းနှင့် ၇ တန်း ကလေးနှစ်ယောက်ကို မတတ်နိုင်သည့် အဆုံးတွင်ကျောင်းထုတ်ခဲ့ရသည်။ ကလေးများသည် မိသားစုစားဝတ်နေရေးကိုဖူလုံစေရန် မိဘများကိုကူညီလိုသောကြောင့် အထက်တွင် ရှင်းပြထားသကဲ့သို့ပင် တရုတ်နိုင်ငံနယ်စပ်ရှိကျေးရွာများသို့ သွားရောက်လုပ်ကိုင်ချင်ကြသည်။ ကျေးရွာရှိ ၆၀ ရာခိုင်နှုန်းသော ကလေးများသည် အလုပ်အကိုင် ရှာဖွေရန် အတွက် တစ်ခြားဒေသများသို့ သွားရောက်လုပ်ကိုင် ရှာဖွေနေကြရသည်။ ထိုကလေးငယ်များသည် အိမ်သို့ တစ်လလျှင် ပျမ်းမျှ၃၀၀၀၀ မှ ၄၀၀၀၀ ကျပ်အထိ ပေးပို့နိုင်ကြသည်။

အလားတူဖြစ်ရပ်တစ်ခုကို တောင်သူတစ်ဦးမှပင်ပြောပြခဲ့သည်။ အဆိုပါတောင်သူငယ်သည် အသက် ၁၄ နှစ်နှင့် ၁၅ နှစ်အရွယ်ရှိသောသားနှစ်ယောက်ကို ၂၀၁၁ ခုနှစ်ဝန်းကျင် တရုတ်နိုင်ငံရှိ အဆိုပါရွာသို့ပင် အလုပ်လုပ်ကိုင်ရန် ပို့လွှတ်ခဲ့သည်။ အတိုးဈေးရာခိုင်နှုန်းဖြင့်ငွေကျပ်၁သိန်းကို ကလေးများသွားရာက် လုပ်ကိုင်စရိတ် အဖြစ် ချေးယူခဲ့သည်။ သို့သော်လည်းသား (၂) ဦးမှာအိမ်သို့ငွေပြန်ပို့နိုင်ခြင်းမရှိပါ။ ချေးယူထားသော အတိုးများကြောင့် အချိန်ကြာကြာ မစောင့်နိုင်ဘဲ နောက်ဆုံးတွင် မိမိပိုင်ဆိုင်သော နွားများကို နှစ်သောင်းနှစ်ထောင်ကျပ်ဖြင့် ရောင်းချလိုက်ရသည်။ လယ်ထွန်စရာ နွားမရှိသောကြောင့် ဖခင်ထံမှ နွားများကို ငှားယူပြီး ထွန်ယက်ခဲ့ရသည်ဟု တင်ပြခဲ့ရသည်ဟုတင်ပြခဲ့ကြသည်။

ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် ဆက်စပ်ပြီး ဒုက္ခရောက်ကြသည့် အဖြစ်အပျက်များစွာ အနက်မှနိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ရန်အတွက် ကုန်ကျစရိတ် အကြွေးတင်ခြင်းကို မကြာခဏကြားသိရသည်။ ဤသုသေသန စစ်တမ်းအတွင်း တွေ့ရှိချက်အရ အတိုးနှုန်းများမှာလည်းမြင့်မားကြပြီး ကြွေးနွံနစ်မည့် အလားအလာများဖြစ်သည်။ မြင့်မားသောအတိုးနှုန်း ကြောင့်ကာလတိုအတွင်း အရင်းထက် အတိုးက ပိုများသွားခြင်း များလည်းရှိကြသည်။

ပြည်ပသို့ ကျွမ်းကျင်လုပ်သားအနေဖြင့်လည်းကောင်း၊ လစာမြင့်လုပ်သား အနေဖြင့်လည်းကောင်း သွားရောက်

လုပ်ကိုင်သူများသည် အကြွေးဂန်ပိရန် အလားအလာပိုများသည်။ ရွာသားတစ်ယောက်သည် မလေးရှားသို့ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် အေးဂျင့်ဂန်ဆောင်ခများပေးရန် ၁၀ ရာခိုင်နှုန်း အတိုးဖြင့်ငွေ ၃ သိန်း ကျပ်ချေးယူခဲ့ပြီး ၆ လအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ မလေးရှားသို့ရောက်ရှိသောအခါ အေးဂျင့်များနှင့် သဘောတူ ထားသကဲ့သို့တစ်လလျှင် ၃ သိန်းခန့်နှင့်ညီမျှသော ငွေပမာဏကို မရရှိနိုင်ပါ။ နိုင်ငံကူး လက်မှတ်များ၊ ဆေးစစ်ဆေးချက်များကဲ့သို့သော စာရွက်စာတမ်းများတင်ရသည့် ကိစ္စများကြောင့် စတင် ထွက်ခွာချိန် ပိုမိုကြန့်ကြာခဲ့ပြီး၊ နေထိုင်ခွင့် ဗီဇာလျှောက်ထားရန်အတွက်လည်း ငွေကြေးသုံးစွဲရသောကြောင့် လစာကို မိသားစုကို ပြန်လည်ပေးပို့နိုင်မှု မရှိသေးပါ။ သို့သော်လည်း ငွေးချေးသူများသည် စုစုပေါင်း အတိုးနှုန်းကို တွက်ချက်ကာ အတိုးအရင်းပေါင်းကာမူလချေး ငွေအဖြစ်ပြန်လည် ပေါင်းထည့်တွက်ချက်ကြ သည်။ သုံးနှစ်ကြာသောအခါထိုချေးယူထားသောငွေသုံးသိန်းသည် ဆယ့်ငါးသိန်းခန့် ဖြစ်လာခဲ့သောကြောင့် ထိုပမာဏကို ပြန်ဆပ်နိုင်ခြင်းမရှိတော့ပါ။ ထိုအခါ၄င်းတို့စိုက်ပျိုးနေသော လယ်ယာမြေ ၂ ဧကကို အကြွေးရှင် များသို့ပေးဆပ်လိုက်ရသည်။ ထို့အတွက်ကြောင့်အကြွေး ငါးသိန်းခန့်လျော့နည်းသွားပြီး ကျန်အကြွေးများ အတွက် ၅ နှစ်ခန့်အလုပ်လုပ်ကာ ပေးဆပ်လိုက်ရသည်။ ထိုသူ၏မိသားစုများသည် လယ်ယာမြေဆုံးရှုံးခဲ့ရပြီး အခြား တောင်သူလယ်သမားများထံတွင် အလုပ်သမားအဖြစ်လုပ်ကိုင်ခဲ့ ကြရသည်။

ချင်းပြည်နယ်ရှိ ရွှေ့ပြောင်းလုပ်သားများသည် ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့် ပတ်သက်၍ ဆိုးကျိုးအနည်းငယ်ကို သာခံစားရသည်ဟု တင်ပြပြောဆိုခဲ့ကြသည်။ ကျေးရွာတစ်ရွာတွင် ဘုရားကျောင်းပြန်လည် တည်ဆောက်ရန် အတွက် ၂၀၁၁ ခုနှစ် ဘတ်ဂျတ်ကိုတွက်ချက်ရာ သိန်းတစ်ရာခန့်လိုအပ်နေသည်ကို တွေ့ရသည်။ ထိုနှစ်တွင် ရာသီဉတုဒဏ်ကြောင့် (ရိတ်သိမ်းချိန်တွင် မိုးများသောကြောင့်) သီးနှံအထွက်မှာ မျှော်မှန်းထားသည်ထက် နည်းပါးခဲ့သည်။ ပုံမှန်အားဖြင့် နှစ်ချင်းခရစ်ယာန် အစည်းအဝေးတွင် ၎င်းတို့၏ ရှာဖွေရရှိသောဂင်ငွေ၏ ၁၀% ကို ထည့်ဂင် ကြသည်။ သို့သော်လည်း ယခုနှစ်တွင် သီးနှံအထွက်နည်းပါးမှုကြောင့် ဘုရားကျောင်းအတွက် သိန်းခုနှစ်ဆယ်ခန့်သာရရှိခဲ့သည်။ အစည်းအဝေး တွင်ထိုလိုအပ်သော သိန်းသုံးဆယ်အတွက် မည်သို့ ဖြည့်တင်းကြမည်ကို ဆွေးနွေးကြရာ လူငယ်အများစုသည် အိန္ဒိယနိုင်ငံနယ်စပ်ဒေသရှိ မီဇုန်းဒေသသို့ နှစ်လခန့် သွားရောက်လုပ်ကိုင်ပြီး သူတို့၏လစာဖြင့် လိုအပ်သည့်ငွေကို ပြန်လည်ဖြည့်တင်းရန် တင်ပြကြသည်။ သူတို့စီမံထားသကဲ့သို့ သွားရောက်လုပ်ကိုင်ခဲ့ပြီး လိုအပ်သောငွေအနက် ၂၆ သိန်းခန့်ကို ရှာဖွေလှူဒါန်းနိုင်ခဲ့ သည်။

ဆိုးကျိုးထက်ကောင်းကျိုးပိုမိုရရှိသော ရွှေ့ပြောင်းအလုပ်အကိုင် ဆိုင်ရာသာဓက အနည်းအငယ်လည်းရှိသေး သည်။ ဉပမာအားဖြင့် မလေးရှားသို့သွားရောက်အလုပ်လုပ်ကိုင်ကြသူများမှ ကျေးရွာအတွင်းရှိ ထူးချွန်သော ကျောင်းသားများ အတွက်ငွေကျပ်ငါးသိန်းကိုထောက်ပံ့လှူဒါန်းခဲ့ကြပြီး မီးစက်တစ်လုံးဂယ်ရန်ဆယ့်ငါးသိန်း ကျပ်ခန့်ကို ထောက်ပံ့လှူဒါန်းခဲ့သည်။ ကျေးရွာရှိရပ်မိရပ်ဖများမှထိုမီးစက်ကိုအသုံးပြု၍ မီးပေးဂေရေးအတွက် စီမံခဲ့ကြပြီး လောင်စာဆီဖိုး ရရှိရန်အတွက်မီးတစ်ပွင့်လျှင်၁၀၀/ ကျပ်နှုန်းဖြင့် ကောက်ခံရန် စီစဉ်ခဲ့ကြသည်။

## ရွှေ့ပြောင်းလုပ်ကိုင်ကြသူများမှ ပြန်ပို့ငွေ

**ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသော ပြောင်းရွှေ့လုပ်သားများသည် ပြည်တွင်းပြောင်းရွှေ့လုပ်သားများ ထက် ငွေပမာဏများများပြန်ပို့ကြသည်။** ပြည်တွင်းရွှေ့ပြောင်းလုပ်သားများမှပြန်ပို့ငွေသည် ၂၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ် ခန့်သာဖြစ်ပြီး ပြည်ပပြောင်းရွှေ့လုပ်သားများမှတစ်လလျှင် ၅၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်အထိ ပေးပို့နိုင်ကြသည်။ သို့သော်ထိုပို့ငွေများမှာ ပေးပို့ခြင်းမျိုးမဟုတ်ဘဲတစ်လုံးတစ်ခဲတည်း စုပေါင်း၍ပေးပို့ကြသည်။ ပုံမှန်အားဖြင့် အရေးပေါ်ငွေလိုအပ်ချပ်များအတွက် ရည်ရွယ်ချက်များအတွက် ရွှေ့ပြောင်းလုပ်ကိုင်သူများထံသို့

ဖုန်းဖြင့်ဆက်သွယ်ပြီး ငွေတောင်းခံကြသည်။ အကြောင်းမှာလိုအပ်နေသော မွေးမြူရေးတိရစ္ဆာန်များ ဝယ်ယူရန်၊ မြေယာဝယ်ယူရန်၊ နေအိမ်ပြုပြင်ရန် (သို့မဟုတ်) ကျောင်းစရိတ်များပေးသွင်းရန် စသည့်အကြောင်းများကြောင့် ငွေပို့ရန်တောင်းခံကြကြောင်း တွေ့ရသည်။ ခြုံငုံသုံးသပ်ရလျှင် ရခိုင်ပြည်နယ်တွင်ရှိသောအိမ်ထောင်စုများသည် ရွှေ့ပြောင်းလုပ်သားများထံမှ ပို့ငွေများအပေါ်မှီခိုမှုနည်းပါးကြသည်။ ထိုဒေသရှိပြည်နယ်ဒေသခံအနည်းငယ်သာ နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ကြ ပြီးပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်မှုသည်လည်း သွားရောက်လုပ်ကိုင်သူများ အတွက်သာ စားဝတ်နေရေး ဖူလုံရုံသာဖြစ်ပြီး ကျန်မိသားစုဝင်များအားလုံးအတွက် လုံလောက်စွာ ထောက်ပံ့ နိုင်သည့် နည်းလမ်းမဟုတ်သောကြောင့်ဖြစ်သည်။

**ဇယား(၉) ပို့ငွေအပေါ် မှီခိုခြင်းနှင့် ပို့ငွေရရှိသည့် အိမ်ထောင်စုရာခိုင်နှုန်းနှင့်အရေအတွက်**

| နေရာဒေသ | ပို့ပေးငွေ ရရှိသည့် အိမ်ထောင်စု အရေအတွက် | ထိုသို့ အိမ်ထောင် စုများ၏ ရာခိုင်နှုန်း | ပို့ငွေအပေါ် အဓိကမှီခို နေရသည့် အိမ်ထောင်စု အရေအတွက် | ထိုအိမ်ထောင် စုများ၏ ရာခိုင်နှုန်း | ပို့ငွေအဓိကလာရာဒေသ |
|---|---|---|---|---|---|
| မန္တလေး | ၂၁၃ | ၁၇% | ၁၁၂ | ၉% | မလေးရှား၊ပြင်ဦးလွင်၊ တောင်ကြီး၊ မြစ်ကြီးနား |
| မကွေး | ၂၇၅ | ၁၅% | ၁၈၆ | ၁၀.၁% | မလေးရှား၊တနင်္သာရီ၊မုံရွာ၊ မြိတ်၊ရွှေလီ၊မကွေး |
| ရခိုင် | ၄၇ | ၂% | ၃၆ | ၁.၉% | မလေးရှား၊ထိုင်း၊ ကိုရီးယား၊ရန်ကုန် |
| ချင်း | ၂၉၄ | ၂% | ၅၇ | ၆.၂% | မလေးရှား၊အမေရိကန်၊ ရန်ကုန် |

**အပူပိုင်းဇုံနှင့် ချင်းပြည်နယ်တွင် ဆင်းရဲသောမိသားစုများသည် တစ်နယ်တစ်ကြေးတွင် သွားရောက်လုပ်ကိုင် နေကြသူများထံမှ ပို့ငွေကိုကြွေးအဖြစ် ပေးဆပ်ရန်နှင့် မိသားစုစားဝတ်နေရေးအတွက် မှီခိုအားထားနေကြရသည်။** အချို့သော မိသားစုများတွင် သူတို့အသုံးစရိတ်၏၈၀%မှာ တစ်နယ်တစ်ကြေးတွင် လုပ်ကိုင်နေရသော မိသားစု ဝင်များထံမှ ပြန်ပို့သောငွေဖြစ်သည်။ ထိုအသုံးစရိတ်များမှာ နေ့စဉ် စားသောက်နေရသော ဆန်၊ ငါးပိ၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အစားအစာနှင့် အခြားအခြေခံလိုအပ်ချက်များပင်ဖြစ်ကြသည်။ များသောအားဖြင့် ဆင်းရဲသား မိသားစုများသည် တစ်နယ်တစ်ကျေးရှိရွှေ့ပြောင်းလုပ်သား မိသားစုများမှပို့ငွေမှာ ပုံမှန်မဟုတ်သလို ပမာဏ မှာလည်းမများသောကြောင့် ကောင်းစွာအားထားနိုင်ခြင်းမရှိပါ။ ထိုသို့ တစ်နယ်တစ်ကျေးသို့သွား ရောက်လုပ် ကိုင်ရသည့် အခြေအနေသည် မျှော်မှန်းထားသလိုအလုပ်မဖြစ်ကြပါဟု လေ့လာသူသုတေသီများကို တင်ပြ ပြောဆိုခဲ့ကြသည်။ ဆင်းရဲသောမိသားစုများသည် ဆွေးမျိုးနီးစပ်များ၊ မိတ်ဆွေအပေါင်း အသင်းများ၊ ကျေးရွာ တွင်းရှိကုန်စုံဆိုင်များနှင့် တောင်သူလယ်သမားကြီးများထံမှ ကြိုတင်ငွေထုတ်ချေးယူပြီး၊ ပို့ငွေရရှိသည့်အချိန်မှ ထိုအကြွေးများကို ပြန်ဆပ်ကြရသည်။

**အလယ်အလတ်အဆင့်ဝင်ငွေရှိသော မိသားစုများသည် ရပ်ဝေးမှမိသားစုများ ပြန်ပို့သောငွေဖြင့် အိမ်ထောင်သုံး ပစ္စည်းများ၊ မြေယာများနှင့် မွေးမြူရေးတိရိစ္ဆာန်များ အထူးသဖြင့် စိုက်ပျိုးထွန်ယက်ရန် နွားများကိုဝယ်ယူရန် စသည်ဖြင့် သုံးစွဲရန်ရည်ရွယ်ကြသည်။** ထိုမိသားစုများသည် ဆင်းရဲသားမိသားစုများထက်စာလျှင် စီးပွားရေး

အဆင်ပြေသည့် အနေအထားတွင်ရှိသည်။ ထို့ကြောင့်၎င်းတို့သည် ရပ်ဝေးရှိမိသားစုဝင်များ ပြန်ပို့သောငွေကို အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရန် အတွက်အသုံးပြုရန်မလိုအပ်ပါ။ ထို့ကြောင့်ထိုသူတို့သည် မိမိတို့၏ ဝင်ငွေကို စုဆောင်းထားပြီးစီးပွားရေးအနေ အထားတည်ငြိမ်အောင် ဆောင်ရွက်နိုင်ကြသည်။

## အလုပ်အကိုင်ပြောင်းလဲမှုများ

**ရခိုင်ပြည်နယ်မှလွဲ၍ ကျန်ဒေသများတွင် ဝင်ငွေပြောင်းလဲတိုးတက်လာစေရန်အတွက် အဓိကအသက်မွေး ဝမ်းကြောင်းလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်မှုမှာ သိပ်မရှိလှပါ။** စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့သော ကျေးရွာ ၉ ရွာ အနက် ၅ ရွာမှာ ဆိုင်ကလုန်မုန်တိုင်း ဂီရိတိုက်ခတ်ခံရသောကြောင့် ငါးဖမ်းလှေများနှင့် အခြားငါးဖမ်းပစ္စည်း များလည်း ပျက်စီးသွားခဲ့သည်။ လယ်ယာမြေများမှလည်း ဆားငန်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားခဲ့သည်။ ထို့ကြောင့် တောင်သူလယ်သမားများနှင့် ငါးဖမ်းသမားများသည် မြေယာမဲ့လက်လုပ်လက်စား အလုပ်သမား ဘဝသို့လည်းကောင်း ပုဗ္ဗန်မြိုးသည် လယ်သမားများအဖြစ်လည်းကောင်း ပြောင်းလဲသွားခဲ့သည်။ အပူပိုင်းဒေသ တွင်ရှိသော လယ်သမားအချို့မှာ၎င်းတို့၏ မြေယာတစ်ချို့ တစ်ဂက်ကိုရောင်းချခဲ့ရသည်။ သို့သော် တောင်သူကြီး များသည် တောင်သူငယ်များအဖြစ်သို့လည်းကောင်း၊ တောင်သူများသည် မြေယာမဲ့အလုပ်သမားများအဖြစ် လည်းကောင်း ပြောင်းလဲသွားကြသည်အထိ မဖြစ်ခဲ့ကြပါ။ တောင်သူများ အတွက်လတ်တလော စီးပွားရေး အကျပ်အတည်းကို အများဆုံးဖြေရှင်းကြသည့်နည်းမှာ မိမိတို့တွင်ရှိသော လယ်ယာသုံး နွား ၁ ရှဉ်းကို ရောင်းချ ခြင်းပင်ဖြစ်သည်။ သန်မာသောနွားတစ်ရှည်းကိုရောင်းချကာ လယ်ယာထွန်ယက်ရန်အတွက် သိပ်မသန်သော နွားငယ်များကို ပြန်ဝယ်ယူကြသည်။ တောင်သူများသည် ဤနည်းဖြင့်ငွေရှာကာ အကျပ်အတည်းကို ဖြေရှင်း ကြသည်။ အခြားမှတ်သားဖွယ်အဖြစ်အပျက်တစ်ခုမှာ ထန်းလျက်ဈေး ၆၀% ခန့်ကျသောအခါ ရွာသားများသည် ထန်းလျက်မချက်ကြတော့ပဲ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြသည်ကို အပူပိုင်းဒေသရှိ ကျေးရွာ နှစ်ရွာတွင် တွေ့ရှိခဲ့သည်။

## ပိုင်ဆိုင်မှုများကို ရောင်းချခြင်း သို့မဟုတ် ပေါင်နှံခြင်း

**များသောအားဖြင့် နေရာဒေသတိုင်းရှိ ကျေးရွာအားလုံးနီးပါးတွင် ဝင်ငွေနိမ့်၊ လတ်၊ မြင့် အိမ်ထောင်စု အားလုံးသည် အကျပ်အတည်းများကြုံလာချိန်တွင် မိမိတို့၏ ပိုင်ဆိုင်မှုများကို ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း များကို ပြုလုပ်ကြသည်။** ရောင်းချပေါင်နှံသည့် အရာများမတူညီသော်လည်း ဤနည်းသည် ၎င်းတို့ရင်ဆိုင် ကျော်လွှားသည့် နည်းတစ်ခုပင်ဖြစ်သည်။ ဆင်းရဲသောမိသားစုများသည် ပိုင်ဆိုင်မှုအနည်းငယ်သာရှိကြပြီး၊ မကြာခဏဆိုသလိုရွှေ (သို့မဟုတ်) မြေယာများကို အပေါင်ထားပြီး အပေါင်းဆိုင်၊ ဆွေမျိုးများနှင့် ငွေတိုး ပေးစားသူများထံမှ ငွေချေးယူကြလေ့ရှိသည်။ ချမ်းသာသော အိမ်ထောင်စုများမှာမူ လယ်ယာမြေများကို အပေါင် အဖြစ်မထားကြပါ။ သို့သော်ရွှေကိုအပေါင်ထားကြပြီး ငွေကြေးလိုအပ် ချက်အရချေးယူကြသည်။ ချင်းပြည်နယ် တွင်မူ လူအနည်းငယ်သာ ရွှေကိုအပေါင်ထားပြီး ငွေတိုးပေးစားသူများထံမှ ချေးယူကြသည်။ အများစုမှာ ထိုနည်းလမ်းထက် ၎င်းတို့၏ မွေးမြူရေးတိရိစ္ဆာန်များကို ရောင်းချခြင်းဖြင့်ငွေရှာကြသည်။

## အသုံးစရိတ်လျော့ချခြင်းပုံစံ

အစားအစာ၊ ပညာရေးအသုံးစရိတ်နှင့် လယ်ယာသွင်းအားစု အသုံးစရိတ်စသည်တို့ကို လျော့ချသုံးစွဲကြသည်။ ဆင်းရဲသည့် အိမ်ထောင်စုများနှင့် အလယ်အလတ်အဆင့်ရှိသည့် အိမ်ထောင်စုများသည် ပုံမှန်စားသုံးနေကျ အစားအစာများထက် ဈေးသက်သာသည့်အစားအစာများကိုသာ စားသုံးကြသည်ဟု တင်ပြကြသည်။ ထိုသို့ စားသုံးရာတွင်ပုံမှန်စား နေသည့် ဆန်ထက်ပိုညံ့သောဆန်စားခြင်း၊ အသားအစား ဟင်းသီးဟင်းရွက်သာစားခြင်း၊ ဆီလျော့သုံးခြင်း၊ ဟင်းလျော့စားခြင်းတို့ကို ပြုလုပ်ကြပြီး ချင်းပြည်နယ်တွင် ဆန်အစား ပြောင်း၊ ဖရဲနှင့် ပဲတို့ကို

စားသောက်ကြသည်။ ချင်းပြည်နယ်ရှိ ကျေးရွာများတွင် စီးပွားရေးအကျပ်အတည်းကို ခံနိုင်ရန်တစ်နစ်တာအတွင်းတွင် လေးလမှ ခြောက်လကြာအစား အသောက်ကို လျော့စားကြရသည်ဟု ဆင်းရဲသားများနှင့် အလယ်အလတ်အဆင့် ဝင်ငွေရှိသည့် အိမ်ထောင်စုများက တင်ပြခဲ့ကြသည်။

**သာဓက ၁၄။ ။အမျိုးသားနှင့်အမျိုးသမီး စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်သည့် ပုံစံများ**

အမျိုးသားနှင့်အမျိုးသမီးများသည် မိသားစုစီးပွားရေးအကြပ်အတည်းများကို မတူညီသောပုံစံဖြင့် ရင်ဆိုင်ဖြေရှင်းကြသည်။ ပုံမှန်အားဖြင့်အမျိုးသမီးများသည်မိသားစုအသုံးစရိတ်များကိုစီမံရပြီးမိသားစုစားသောက်ရန်မည့်သည့် အစားအစာများကို ဝယ်ယူရမည့် မည်သည့်အရာအတွက် ဦးစားပေးသုံးစွဲရမည်ကို ဆုံးဖြတ်ရသူများဖြစ်သည်။ ၄င်းတို့သည်စားရေး၊ ပညာရေး၊ ကျမ်းမာရေးစသည်တို့တွင် အသုံးစရိတ်လျော့ချသည့်နည်းဖြင့်မိသားစုစီးပွားရေး အကျပ်အတည်းကို ရုန်းကန်ရသည်နည်း လမ်းများတွင် စဉ်စားစီမံဆုံးဖြတ်ကြသူများဖြစ်သည်။

ချေးငွေရရှိရန်ကြိုးပမ်းရာ၌ပင် အမျိုးသားများသည် လယ်ယာသွင်းအားစုကဲ့သို့သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံရန်အတွက် ချေးငွေရှာဖွေကြရပြီး အမျိုးသမီးများမှာ နေ့စဉ်မိသားစု စားသောက်ရေးအတွက် အကြွေးရရှိရန် ကြိုးစားကြရသည်။ မကြာခဏဆိုသလို ပင်ကုန်စုံဆိုင်များမှ ရက်ဆိုင်းအကြွေးယူခြင်းဖြင့်လည်းကောင်း၊ မိသားစု ဆွေမျိုးသားချင်းများ၊ မိဘများနှင့်အိမ်နီးချင်းများထံမှ အစားအစာအတွက်မှီခိုချေးယူကြရသည်။ ဥပမာအား ဖြင့်ဆိုသော်မိသားစုအတွက် ညနေစာစားစရာမရှိပါက အိမ်နီးနားချင်းများထံမှ ဆန်အနည်းငယ်ခန့်နှင့် ငါးပိရည်ကို ချေးယူ ပြီး ၄င်းတို့အမျိုးသားများ ငွေရှာပြီးပြန်လာသောအခါတွင်မှပြန်လည်ပေးဆပ်ကြသည်။

**အပူပိုင်းဒေသရှိ ကျေးရွာတိုင်းတွင် ငါးရာခိုင်နှုန်းနီးပါးရှိသော အိမ်ထောင်စုများသည် ပညာရေးအတွက် ကုန်ကျစရိတ်လျော့ချနိုင်ရန်အတွက် ကျောင်းထွက်လိုက်ရသည်ဟု တင်ပြပြောဆိုခဲ့ကြသည်။** ထိုကလေးအများစုသည်အလုပ်ခွင်သို့ ဝင်ရောက်ကြရပြီး လယ်လုပ်သား (သို့မဟုတ်) မြို့သို့ပို့ဆောင်ခြင်းခံရ၍ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် မိသားစုအတွက် ဝင်ငွေရရှိအောင် ရှာဖွေလုပ်ကိုင်ကြရသည်။ရခိုင်ပြည်နယ်တွင် ကလေးများသည် ငါးဖမ်းသမားများအနေဖြင့် လုပ်ဆောင်ကြရသည်။

ဒေသအားလုံးတွင် ကလေးများကို လေးတန်းထက်ပို၍ ကျောင်းမထားနိုင်ကြသောမိသားစုများကို မကြာခဏတွေ့ရသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှစတင်၍ အုပ်ဖုတ်ကြသောကလေးငယ်များကို မန္တလေးတိုင်းတွင်တွေ့ခဲ့ရသည်။ ရခိုင်ပြည် နယ်တွင်လည်းငါးဖမ်းကြရသည်။ မကွေးတိုင်းဒေသတွင်၄င်းတို့၏ ကလေးများ စာမေးပွဲအောင်ရန်အတွက် ကျူရှင်လခမ တတ်နိုင်ကြပါဟု မိဘများကတင်ပြပြောဆိုခဲ့ကြသည်။ ထိုပြင်မူလတန်းအတွက်ကုန်ကျစရိတ်ကို ပုံမှန်အားဖြင့်တတ်နိုင်သော်လည်း အလယ်တန်းအတွက် မြင့်မားသောကုန်ကျစရိတ်ကို မတတ်နိုင်ကြပါဟု တင်ပြပြောဆိုသွား ခဲ့ကြသည်။ တစ်ချို့ဒေသများတွင်မိဘများသည် သားသမီးများကို မြို့ရှိကျောင်းများသို့ပို့ရန်မတတ်နိုင်ကြပါ။ ဆိုလိုသည်မှာ မိဘများသည် မိမိကျေးရွာတွင်ရရှိနိုင်သော ပညာရေးထက် ပို၍ပံ့ပိုးရန်မတတ်နိုင်သောကြောင့်ဖြစ်သည်။

အပူပိုင်းဒေသရှိကျေးရွာအားလုံးတွင် တောင်သူလယ်သမားများသည် စိုက်ပျိုးရေးအတွက် သွင်းအားစုများကိုလျော့ချရ သည်ဟုတင်ပြပြောဆိုခဲ့ကြသည်။ ထိုသို့လျော့ချရာတွင် ဓာတ်မြေသြဇာနှင့် အလုပ်သမားသုံးစွဲမှုလျော့ချခြင်း၊ သန်မာသည့် နွားများကိုအသုံးပြုပြီး ထွန်ယက်ခြင်းမှသေးငယ်ပြီး ကြံခိုင်မှုနည်းသော နွားများကိုသာသုံးစွဲခြင်းတို့ပါဝင်သည်။

မိသားစု အသုံးစရိတ်လျော့မှု ပုံစံနှင့်ပတ်သက်၍ အခြားနည်းလမ်းများကို အောက်ပါအတိုင်းဒေသခံများက တင်ပြခဲ့ပါသည်။

- ဆရာဝန်ပင့်ဆောင်ခြင်းကိုလျှော့ချပြီးကျန်းမာရေးကိစ္စများအတွက်သာ ငွေကြေးသုံးစွဲခြင်း
- ချင်းပြည်နယ်တွင် ဆေးလိပ်နှင့်အရက်သောက်သုံးသူအများစုမှာ အဆိုပါအသုံးစရိတ်ကို ထိုသို့သုံးစွဲမှုများတွင် လျော့ချလာခဲ့သည်။
- လူမှုရေးသာရေးနာရေးများအတွက် သွားလာခြင်းနှင့် ဘုရားပွဲသို့အသွားအလာများ လျော့ချခြင်း
- အလှူအတန်းများကိုလျော့ချခြင်း
- ပြုပြင်ထိမ်းသိမ်းရမည့်ကိစ္စများကို ရွှေ့ဆိုင်းခြင်း
- အဂတ်အထည်ဂယ်ယူမှုလျော့ခြင်း
- အိမ်စရိတ်ထည့်ဂင်မှုလျှော့ချခြင်း

ဤသုသေသနအစီရင်ခံစာ (အခန်း၄) သည် လူမှုဆက်ဆံရေးနှင့် လူမှုအဆောက်အဦသည် လေ့လာသုံးသပ်ထားမှုမှာ လူမှုရေးအဆောက်အဦသည် အသက်မွေးဂမ်းကြောင်း ရွေးချယ်မှုနှင့် အကျိုးအမြတ်ရယူသုံးစွဲပုံ (မြေယာ၊ ရေ၊ ချေးငွေ) နှင့် အခြားကျယ်ပြန့်သောရုပ်ပိုင်းဆိုင်ရာနှင့်စီးပွားရေးအဆောက်အဦးတို့အပေါ် မည်သို့သက်ရောက် လူမှုရေးအဆောက်အဦ နှင့်လူမှုဆက်ဆံရေးသည် မည်သည့်အတိုင်းအတာအထိ ပေါင်းစုလုပ်ဆောင်မှုများနှင့် ကျေးရွာအသက်မွေးဂမ်းကြောင်းမှုကို အထောက်အပံ့ဖြစ်စေသည်ကိုလည်းကောင်း ရွာသားများနှင့် ၄င်းတို့၏ခေါင်းဆောင်များ ကျေးရွာနှင့် မိသားစုအသက်မွေးဂမ်းကြောင်းမှုအတွက် အပြန်အလှန် ဆက်ဆံဆောင်ရွက်ကြသည်ဆိုသည်ကို လေ့လာတင်ပြထားခြင်းဖြစ်သည်။

## အခန်း(၄) လူမှုဆက်ဆံရေး နှင့် အဖွဲ့အစည်းများ

### အနှစ်ချုပ်

အချို့သော လူမှုရေးအသင်းအဖွဲ့များသည် အခြားကိစ္စများနှင့်နှိုင်းယှဉ်လျှင် ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု နည်းပါးကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ယင်းတို့၏အချိန်အများစုကို အသက်မွေးဝမ်းကြောင်းမှု အတွက်ရှာဖွေစားသောက်ရန် အသုံးပြုနေရသောကြောင့် ရပ်ရွာကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် အချိန်ရှားပါးကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ လူမှုရေးကိစ္စများတွင် လူမှုအသိုင်းအဝိုင်းဖယ်ကျဉ်မှု (သို့မဟုတ်) နေရာမပေးမှုနှင့် ပတ်သက်၍ ရွာသူရွာသားများသည် အနည်းငယ်သာ ကြားသိရလေ့ရှိသည်။ ယေဘုယျအားဖြင့်ဆိုရသော် ကျေးရွာလူထုကြားရှိနေသော ယုံကြည်မှုနှင့် ရင်းနှီးမှုအတိုင်းအတာသည် များစွာ ခိုင်မြဲလျက်ရှိရာ ထိုကဲ့သို့သောခိုင်မြဲမှုသည် အိမ်ထောင်စုတစ်ခုချင်းအတွက် အသက်မွေးဝမ်းကြောင်းရေး (ဥပမာ- ငွေကြေးနှင့် ကောက်ပဲသီးနှံမျိုးစေ့များကို အတိုးနှုန်းမယူဘဲ(သို့မဟုတ်) သက်သာသောအတိုးနှုန်းဖြင့် အချင်းချင်း ပြန်လည်ချေးငှားခြင်း) သာမကကျေးရွာအဆင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဖွံ့ဖြိုးရေး (ဥပမာ- လမ်းများ ပြုပြင်တည်ဆောက်ခြင်း (သို့မဟုတ်) ကျေးရွာသုံးရေ ကန်များသန့်ရှင်းရေးပြုလုပ်ခြင်း) ကိစ္စရပ်များတွင် ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းရှိစေပါသည်။ သို့သော် အချို့ကျေးရွာများတွင် ခေါင်းဆောင်မှုပြဿနာများကြောင့် အချင်းချင်း ယုံကြည်မှုနှင့် ရင်းနှီးမှုအားနည်းလျက်ရှိပါသည်။ သို့သော် ကျေးရွာအတွင်း လမ်းများ၊ တံတားများတည်ဆောက်ခြင်းစသည့် ဖွံ့ ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ အထူးသဖြင့်ဘာသာရေးနှင့် လူမှုရေးကိစ္စများတွင် ကျေးရွာလူထုပူးပေါင်းဆောင်ရွက်မှုများသည် ယေဘုယျအားဖြင့် တူညီလေ့ရှိသည်။

ပဋိပက္ခများနှင့်ပတ်သက်၍ မတူညီသောသဘောသဘာဝရှိသည်ကို တွေ့ ကြရသည်။ နေ့စဉ်ဖြစ်ပေါ်လေ့ရှိသော အသေးစားပဋိပက္ခများအား ကျေးရွာအဆင့်ဖြင့်ပင် အလွယ်တကူဖြေရှင်း၍ရပါသည်။ ကျေးရွာလူနေမှုဘဝ၊ အများပြည်သူအရေး၊ စီးပွားရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် ပတ်သက်နေသော အကြီးစားပဋိပက္ခများကိုမူ အလွယ်တကူ ဖြေရှင်း၍မရပါ။ အဆိုပါကိစ္စရပ်များကို ဖြေရှင်းရန်အတွက် ရွာသားများသည် အစိုးရအဆင့်မြင့်အရာရှိများ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများကိုပင် အားကိုးရှာ၍ ဖြေရှင်းကြောင်းတွေ့ရှိရသည်။ အချို့ကိစ္စရပ်များတွင် ရွာလူထု အင်အားကိုသုံး၍ ဖိအားပေးခြင်းနှင့်နိုင်ငံရေးပါတီများထံ အကူအညီတောင်းခြင်းတို့ကိုပင် ပြုလုပ်ကြကြောင်း တွေ့ရှိရသည်။

အငြင်းပွားမှုများဖြေရှင်းရေးနှင့် ရပ်ရွာကိစ္စများ စီမံခန့်ခွဲရေးကို အထောက်အကူပြုရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ သည်အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း ကျေးရွာအများစုမှရွာသားများ ပြောကြားခဲ့ပါသည်။ ဘာသာရေး လူငယ်အဖွဲ့များနှင့် ကျေးရွာရပ်မိရပ်ဖများ အပါအဝင်ဒေသခံအဖွဲ့များနှင့် ခေါင်းဆောင်များသည် လူမှုရေးနှင့် ဘာသာရေးကိစ္စများကို အလေးပေးဆောင်ရွက်ကြသည်။ ယင်းတို့သည် ကျေးရွာအငြင်းပွားမှုဆိုင်ရာ ပြဿနာများကိုအခါ အားလျော်စွာ ဖြေရှင်းပေးလေ့ရှိသော်လည်း အကြံဉာဏ် ပေးရုံမျှသာ ဆောင်ရွက်နိုင်သည်။ အကူအညီပေးသူများ၏ အခန်းကဏ္ဍသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများတွင်သာ ပါဝင်ဆောင်ရွက်ရလေ့ရှိသည်။ ရပ်ရွာကိစ္စများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာတိုင်ပင် ညှိနှိုင်းလေ့ ရှိပြီး သဘောတူညီမှုရရှိလျှင် ဆုံးဖြတ်ချက်ကို ကျေးရွာလူထုအားအသိပေး ဆောင်ရွက်လေ့ရှိသည်။ ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများ ပါဝင်ပတ်သက်မှုနည်းပါးသည်။ သို့ရာတွင်ကျေးရွာ ခေါင်းဆောင်များ၏ အကျိုးစီးပွားနှင့် သာမန်ပြည်သူများ၏ အကျိုးစီးပွားအရေးတွင် များစွာမကွဲပြားစေရန် တိုင်ကြားချက် အနည်းငယ်ရှိတတ်သည်။ အချို့သော ကိစ္စရပ်များတွင် ကျေးရွာခေါင်းဆောင်များသည် ရွာသားများ၏ အကျိုးစီးပွားကို ကိုယ်စားပြု ကာကွယ်နိုင်ရန် ပြင်ပပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဖွဲ့စည်းဆောင်ရွက်ပါသည်။

**လူမှုဆက်ဆံရေးနှင့် အဖွဲ့အစည်းများအား မည်သည့်အတွက်ကြောင့် ခွဲခြားစိတ်ဖြာ လေ့လာရပါသနည်း။**

ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းရွေးချယ်မှုနှင့် အကျိုးအမြတ်များအားစီးပွားရေး ကိစ္စရပ်များကသာမက လူမှုရေးနှင့်အဖွဲ့အစည်းရေးရာ ကိစ္စရပ်များကပါ လွှမ်းမိုးသက်ရောက်မှုရှိသည်။ လူမှု အသိုင်းအဝိုင်း ဖယ်ကျဉ်မှု နှင့်နေရာမပေးမှုသည် အချို့သောပုဂ္ဂိုလ် အသင်းအဖွဲ့များအား ကျေးရွာတွင်း ဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စ၊ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အရောင်းအဝယ်ကိစ္စရပ်များအပါအဝင် နေ့စဉ်အသက်မွေးမှုတွင် သာတူညီမျှအခွင့်အရေးများ ဆုံးရှုံးစေပါသည်။ လူမှုအရင်းအမြစ်ဟုခေါ်သော အပြန်အလှန်ယုံကြည်မှုဖြင့် ဆက်ဆံခြင်း အလေ့အထသည် ဒေသခံတို့အား ဘုံအကျိုးစီးပွားအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေပြီး အသက်မွေးဝမ်း ကျောင်းဆိုင်ရာ အခွင့်အလမ်းများနှင့် အခက်အခဲများအတွက် အဖြေရှာမှု နည်းလမ်းများအပေါ် သိသာစွာ အကျိုးသက် ရောက်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် အလုပ်များသည့် ကောက်ပဲသီးနှံရိတ်သိမ်းချိန်တွင် ကလေးသူငယ်များကို အချင်းချင်း ကူညီရိုင်းပင်းစောင့် ရှောက်ပေးခြင်း (သို့မဟုတ်) အခက်အခဲဖြစ်နေချိန်တွင် စားသောက်ရေးအဆင်ပြေစေရန် တစ်ဦးကိုတစ်ဦး ငွေချေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ တစ်နည်းအားဖြင့်ပဋိပက္ခများ (သို့မဟုတ်) လူမှုရေးဆိုင်ရာတင်းမာမှုများသည် အသက် မွေးဝမ်းကြောင်းဆိုင်ရာ အကျိုးအမြတ်များအပေါ် ဆိုးကျိုးသက်ရောက်စေပါသည်။

ဥပမာ - မိသားစုဝင်ငွေများကို မိမိတို့နေအိမ်ပျက်စီးမှုများအတွက် သုံးစွဲရခြင်း၊ နှင့်မိမိတို့လုပ်ငန်းခွင်သို့ သွားရောက်ရန် အခက်အခဲရှိခြင်းကြောင့် အလုပ်အကိုင်ပျက်ရခြင်းစသည်ဖြင့်အ သက်မွေးဝမ်းကြောင်းမှုအပေါ် ဆိုးကျိုးများသက်ရောက် စေနိုင်ပါသည်။

ဒေသခံအဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုများသည်လည်း ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုကို လွှမ်းမိုးသက်ရောက်မှုရှိသည်။ ပေါင်းစည်းလယ်ယာဆောင်ရွက်မှုများ၊ ချေးငွေထောက်ပံ့သည့် အဖွဲ့များနှင့် ကျေးရွာကောင်စီများစသည့် ဒေသခံအဖွဲ့အစည်းများ၏ အခြေခံဆောင်ရွက်ပုံနည်းလမ်းများသည် ဒေသခံတို့၏ အကျိုးစီးပွားကို အာမခံနိုင်သောအထောက်အပံ့များ ပေးအပ်နိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အထောက်အပံ့ ဖြစ်နိုင်သောကြောင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အကျိုးအမြတ်များအပေါ် တိုက်ရိုက်အကျိုးသက်ရောက် စေပါသည်။ ဥပမာအားဖြင့် ပေါင်းစည်းလယ်ယာဆောင်ရွက်မှုများသည် လယ်သမားတစ်ဦးချင်းစီ သီးခြားလုပ်ကိုင် ခြင်းနှင့် နှိုင်းယှဉ်လျှင် ထွက်ကုန်များဈေးကောင်းရရန် ပိုမိုစိတ်ချရပါသည်။ သို့သော် ထိုပေါင်းစည်းလယ်ယာများ၌ ချမ်းသာသောလယ်သမားများသာ အသင်းဝင်အဖြစ်ပါဝင်ခွင့်ရပါက ဆင်းရဲသားလယ်သမားများအတွက် စီးပွားရေး အရသာမက လူမှုရေးအရပါ နေရာပေးမခံရသည့် သဘောသက်ရောက်ပါသည်။ ကျေးရွာလမ်းခင်းရန်နေရာ ရွေးချယ်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူများ လျာထားခြင်း စသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြည်သူများပါဝင်ဆောင်ရွက်နိုင်မှု အတိုင်းအတာသည်လည်း အသက်မွေးဝမ်းကြောင်းမှုအပေါ် လွှမ်းမိုးသက်ရောက်မှုရှိပြီး ကျေးရွာခေါင်းဆောင်များ၏ တာဝန်ခံနိုင်မှုနှင့် ကိုယ်စားပြုနိုင်မှုများကို ခိုင်မာစေပါ သည်။ ထက်မြက်မှုရှိပြီး လိုလားစွာတုံ့ပြန်ဆောင်ရွက်တတ်သော ခေါင်းဆောင်များအနေဖြင့် ၄င်းတို့ အုပ်ချုပ် ရသောကျေးရွာများအတွက် အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရအဆင့်မြင့် အာဏာပိုင်အဖွဲ့ထံမှ ရရှိရန်အကူအညီပေးနိုင်ခြင်း၊ ယင်းတို့၏အကျိုးစီးပွားအတွက် စီးပွားရေး ကော်ပိုရေးရှင်းများစသည့် ပြည်ပ အထောက်အပံ့ပေးသူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ခြင်း၊ ပဋိပက္ခများနှင့် အခြား ဖိအားပေးလာသည့် အခက်အခဲ များကို နိုင်နင်းစွာ ကိုင်တွယ်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်ဆောင်ရွက်ကြောင်းတွေ့ရသည်။

အထက်ပါအချက်များသည် မြန်မာနိုင်ငံတွင် မည်ကဲ့သို့ လွှမ်းမိုးသက်ရောက်နေသည်ကို နားလည်နိုင်ရန် QSEM မှ အောက်ပါခေါင်းစဉ်များဖြင့် လေ့လာဆန်းစစ်ခဲ့ပါသည်။

- **လူမှုဖွဲ့စည်းပုံနှင့်လူမှုဆက်ဆံရေးများသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့လွှမ်းမိုး သက်ရောက် နေသနည်း။**
    - လူမှုအသိုင်းအဝိုင်းဖယ်ကျဉ်မှု သို့မဟုတ် နေရာမပေးမှု
    - လူမှုရိုင်းပင်းမှုနှင့် စုပေါင်းဆောင်ရွက်မှု
    - ပဋိပက္ခနှင့် ရာဇဝတ်မှု
- **အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့လွှမ်းမိုး သက်ရောက်နေသနည်း။**
    - ဒေသခံအဖွဲ့အစည်း အမျိုးအစားနှင့် ဆောင်ရွက်ချက်များ
    - ကျေးလက်ခေါင်းဆောင်မှုသဘောသဘာဝ
    - ဒေသခံတို့၏ အကျိုးစီးပွားနှင့်ပတ်သက်၍ ကျေးရွာပြင်ပရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း

**လူမှုဖွဲ့စည်းပုံနှင့် လူမှုဆက်ဆံရေးများသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့လွှမ်းမိုး သက်ရောက်နေသနည်း။**

## လူမှုအသိုင်းအဝိုင်းဖယ်ကျဉ်မှုနှင့် နေရာမပေးမှု

**အမျိုးသမီး သို့မဟုတ် အမျိုးသားတစ်ဦးတည်း ဦးစီးနေရသော မိသားစုများနှင့် ဆင်းရဲနွမ်းပါးသူများ အပါအဝင် အချို့သော လူမှုရေးအသင်းအဖွဲ့များသည် ငွေကြေး ပိုမိုတောင့်တင်းသော အခြားလူမှုရေးအဖွဲ့များနှင့်နိုင်းယှဉ်လျှင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပါဝင်ပတ်သက်မှုနည်းပါးသည်။** ထိုသို့နည်းပါးရခြင်းမှာ ယင်းတို့၏ အချိန်အများစုကို စားနပ်ရိက္ခာ လုံလောက်စွာ ရရှိရေးနှင့် ဆက်လက်ရှင်သန်နေထိုင်ရန် ငွေကြေးရှာဖွေရေးတို့အတွက် အသုံးပြုနေရခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ယင်းတို့သည် ယေဘုယျအားဖြင့် လူမှုအသိုင်းအဝိုင်း ဖယ်ကျဉ်မှုနှင့် နေရာမပေးမှုအဖြစ် မခံစားရကြောင်းနှင့် ကျေးရွာဆုံးဖြတ်ချက်များသည် ယင်းတို့အပေါ် မတရားမှုရှိသည်ဟု မခံစားရကြောင်း ကြားသိရသည်။ သုတေသန စစ်တမ်းကောက်သူများသည် မိရိုးဖလာလူမှုအသိုင်းအဝိုင်း အဖယ်ကျဉ်ခံ မိသားစုများနှင့် တစ်ဦးချင်းတွေ့ ဆုံမေးမြန်းမှုအရလည်းကောင်း၊ လေ့လာမှုစစ်တမ်း ကောက်သူများမှတစ်ဆင့်လည်းကောင်း စစ်တမ်းကောက်ယူမှုတွင် ဖြေကြားသူများသည် သုတေသနပညာရှင်များ ရှေ့မှောက်တွင် သိက္ခာဆည်နိုင်ရန်အတွက် ထိုကဲ့သို့အစီရင်ခံ တင်ပြခြင်းအကြောင်းကို နားလည်သိရှိရန် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အကြောင်းရင်းအထောက်အထားကို မတွေ့ရှိခဲ့ပါ။


## လူမှုအရင်းအနှီးနှင့် ပေါင်းစုဆောင်ရွက်မှု

လူမှုအရင်းအနှီးသည် ယေဘုယျအားဖြင့် ခိုင်မာမြဲမြံမှုရှိကြောင်းတွေ့ရသည်။ သုတေသန စစ်တမ်းကောက်သူများ လေ့လာတွေ့ရှိချက်အရ ကျေးရွာအများစုတွင် အချင်းချင်းခိုင်မာမြဲမြံလျက်ရှိသော ယုံကြည်မှုနှင့်ရင်းနှီးမှုသည် ယင်းတို့၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာအကျိုးအမြတ်များ တိုးပွားအောင် စွမ်းဆောင်နိုင်သည့် သာဓကများစွာ

ရှိသည်။ [၁၅] ကျေးရွာတစ်ရွာတွင် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံရန်အတွက် အိမ်နီးနားချင်းများထံမှ အတိုးမယူဘဲ ချေးငှားမှုရှိခဲ့သည်။ အလားတူပင် အခြားကျေးရွာတစ်ရွာတွင် လယ်မြေပိုင်ရှင်မှငွေချေးပြီး မျိုးစေ့များချပေးကာ ရရှိသောအမြတ် အစွန်းကို စိုက်ပျိုးလုပ်ကိုင်သည့်လယ်သမားများနှင့် အကျိုးတူပူးပေါင်းရယူကြသည်။ အခြား တစ်ရွာ၌မူ ကျေးရွာပိုင် အသေးစားချေးငွေရံပုံငွေတစ်ရပ် ထူထောင်ထားရှိသည်။ ကျေးလက်ပြည်သူများသည် တစ်ဦးနှင့်တစ်ဦး လုပ်အားအရင်း အမြစ်များကို မျှဝေသုံးစွဲကြပြီး ငွေကြေးအရင်းအနှီးကိုလည်း အတိုးနှုန်း မယူဘဲ ချေးယူသုံးစွဲကြကာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အတူပူးပေါင်းဆောင်ရွက်ကြကြောင်းတွေ့ရသည်။

**လူမှုအရင်းအနှီးသည် ကျေးရွာအသက်မွေးဝမ်း ကြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ ဖြစ်စေသော ပေါင်းစုဆောင်ရွက်မှုများကို ဖြစ်ထွန်းစေသည်။** ကျေးရွာအားလုံးတွင် ဒေသခံမိမိတို့ ဘုံအကျိုးတူ စီးပွားအတွက် ပေါင်းစုဆောင်ရွက်ကြသည်။ ၎င်းတို့သည် တစ်ရွာလုံးအတိုင်းအတာဖြင့် ပေါင်းစုဆောင်ရွက်မှု အမျိုးမျိုးကို ဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။

**ပုံ(၇) ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအမျိုးအစားများ**




**ကျေးရွာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အစိုးရခွင့်ပြုချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် ဒေသခံ အဖွဲ့အစည်းများရှိကြောင်းကိုလည်း လေ့လာမှုစစ်တမ်း အရတွေ့ရှိရသည်။** [၁၆] အခြားဥပမာတစ်ခုမှာ ကျေးရွာ တံတားတည်ဆောက်ရန် ရံပုံငွေ ရှာဖွေရေးအဖွဲ့တစ်ခု ဖွဲ့စည်းထားရှိခြင်းဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှုမရှိသော ဒေသအတွက် ထိုဒေသရှိ နိုင်ငံရပ်ခြားရွှေ့ပြောင်းလုပ်ကိုင်သူများထံမှ ရံပုံငွေရရှိရန် ရွာသားများမှ ပူးပေါင်း ဖွဲ့စည်းဆောင် ရွက်သည်။ ရွာသားများအနေဖြင့် ဒေသအကျိုးစီးပွားအတွက် ပြည်ပအထောက်အပံ့ပေးသူများနှင့် ဆွေးနွေးညှိနိုင်းရန် ဖွဲ့စည်းဆောင်ရွက်ကြသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

**ကျေးရွာတွင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လူငယ်အဖွဲ့များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်လေ့ရှိသည်။**

---

[၁၅] ခနဉစ္စာပိုင်ဆိုင်မှု အလိုက်သတ်မှတ်ထားသောအုပ်စုတစ်ခုအတွင်း၌သာမက ခနဉစ္စာပိုင်ဆိုင်မှုမတူညီသောအုပ်စု များအားလုံးတွင် အစီရင်ခံစစ်တမ်းအရ မှန်ကန်ကြောင်းတွေ့ရှိရသည်။

[၁၆] ကျေးရွာတံတားတည်ဆောက်ရေးအတွက် ရန်ပုံငွေရှာခြင်းမှာ စာသင်ကျောင်းတည်ထောင်ခွင့်ရရေး ခွင့်ပြုချက်ရယူသည့် ပေါင်းစု ဆောင်ရွက်မှုများနှင့် နှိုင်းယှဉ်လျှင် တွေ့ရမှုနည်းပါးခြင်းမှာ ကျေးလက်ပြည်သူများအနေဖြင့် ယင်းတို့သားသမီးများ၏ အားပညာရေးကို ဦးစားပေးလိုခြင်းကြောင့်ဖြစ်သည်။

## သာဓက ၁၅ ဈေးငွေလိုအပ်ချက်ဆောင်ရွက်ရန် လူမှုအရင်းအနှီးကို အသုံးပြုခြင်း

အောက်ဖော်ပြပါ ကိစ္စရပ်များသည် ဒေသများစွာရှိ ကျေးလက်ပြည်သူများ လတ်တလော အသက်မွေးဝမ်းကြောင်းလိုအပ်ချက်ကို ရင်ဆိုင်ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်နေသည့် ဥပမာများဖြစ်သည်။

မြန်မာနိုင်ငံအပူပိုင်းဒေသတွင် မြွေကိုက်ခံရနှုန်းသည် ကမ္ဘာ့အများဆုံးမြွေကိုက်ခံရသည့် ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်ရာ ဆင်းရဲနွမ်းပါးသည့် ဒေသခံများ မြွေကိုက်ခံရခြင်း (သို့မဟုတ်) ရုတ်တရက် ထိခိုက်ဒဏ်ရာရခြင်းစသည့် အရေးပေါ်ပြဿနာများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ သုံးစွဲရန်အတွက် ရံပုံငွေတစ်ရပ်မတည်ထားရှိသည်။ အများအားဖြင့် ကျေးရွာခေါင်းဆောင် (သို့မဟုတ်) ကျေးရွာအတွင်း တက်ကြွစွာ ကူညီတတ်သည့်ရပ်မိရပ်ဖတစ်ဦးသည် အကျပ်အတည်းဖြင့် ရင်ဆိုင်နေရသောရွာသားများကို ကူညီရန် အခြားရွာသားများကို စည်းရုံးကာထည့်ဝင်စေခြင်းဖြင့်ကူ ညီပေးကြသည်။ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရင်းနှီးသည့်မိတ်ဆွေများနှင့် အသင်းအဖွဲ့များအား တရားဝင်မဟုတ်သော ချေးငွေထောက်ပံ့ရေးအတွက် သယံဇာတအရင်းအမြစ်များ စုပေါင်းပါဝင်ထည့်ဝင်းခြင်းကို မြန်မာနိုင်ငံ အပူပိုင်းဒေသတွင်သာမက ရခိုင် ပြည်နယ်တွင်လည်းတွေ့ရှိရသည်။ ဥပမာအားဖြင့် ဆွေးမျိုးများနှင့် ရင်းနှီးသောမိတ်ဆွေများအား စိုက်ပျိုးရေး လုပ်ငန်းအတွက်လိုအပ်သည်များဝယ်ယူနိုင်ရန် မိမိတို့ပိုင်ဆိုင်သောရွှေကို ချေးငှား၍ပေါင်နှံစေပြီး ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်မှသာ ရွှေပြန်လည်ရွေးပေးရန် တောင်းဆိုကြသည်။ ချင်းပြည်နယ်ရှိ ကျေးလက်ပြည်သူများသည် အခြားရွာများရှိ မိမိတို့အသိုင်းအဝိုင်းနှင့် ဆက်ဆံမှုရှိသူများကို ကွန်ယက်ချိတ်ဆက်ကာ အတိုးနှုန်းမဲ့ ချေးငွေများပင်ချေးပေးကြောင်းသိရသည်။

အချို့ဒေသများတွင် ကျေးလက်ပြည်သူများသည် ဆွေမျိုးသားချင်းများ (သို့မဟုတ်) ဆင်းရဲနွမ်းပါးသည့် ဒေသခံများအား စိုက်ပျိုးရန်မျိုးစေ့များ ချေးငှားကြောင်း ပြောကြားသည်။ ထိုကဲ့သို့ ချေးငှားခြင်းသည် ယင်းတို့တွင်မျိုးစေ့များပိုလျှံနေခြင်းကြောင့်မဟုတ်ဘဲ မိမိကျခံရမည့်ကုန်ကျစရိတ်များထဲမှပင် အများပြည်သူများ အဆင်ပြေလုပ်ကိုင် နိုင်ရေးအတွက် တတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးသည့်သဘောသာ ဖြစ်သည်။


ချေးငွေလိုအပ်ချက်ကို ပြေလည်စေရေးအတွက် ဘုန်းတော်ကြီးများဦးစီးသော အသင်းအဖွဲ့များမှတစ်ဆင့် ကျေးလက်ပြည်သူများအတူတကွ ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရသည်။ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် အသေးစားချေးငွေ လုပ်ငန်းစတင်ဆောင်ရွက်ရန် ချေးငွေထည့်ဝင်မည့် အဖွဲ့ဝင်များကို ဘုန်းတော်ကြီး တစ်ပါးမှ ဖွဲ့စည်းခဲ့သည်။ ယင်းဘုန်းတော်ကြီးသည် ဤအစီအစဉ်ကို ၂၀၀၇ ခုနှစ်တွင် ထည့်ဝင်ငွေ နှစ်သိန်းကျပ်ဖြင့် စတင်ခဲ့သည်။ အဆိုပါချေးငွေကို နှစ်စဉ် ဒီဇင်ဘာလတွင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ပြန်လည်ပေးဆပ်ရသည်။ ဤလေ့လာမှု စစ်တမ်းပြုလုပ်ချိန်တွင် လုပ်ငန်းမတည်ရင်းနှီးငွေ ကျပ်သိန်းသုံးဆယ်ရှိနေပြီဖြစ်သည်။ နှစ်စဉ်ဘုရားပွဲတော်ပြီးချိန် မတ်လတိုင်းတွင် မတည်ရင်းနှီးငွေ အသစ်ထပ်မံထည့်ဝင်လေ့ ရှိသည်။

**သို့သော်လည်း ခေါင်းဆောင်မှုပြဿနာများကြောင့် ကျေးရွာအတွင်း လူမှုရှိုင်းပင်းကူညီမှု အလေ့အထအားနည်းလာမှုများရှိသည်။** (ဥပမာ-အပူပိုင်းဒေသတွင် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးသည် ကျေးရွာရံပုံငွေ အလွဲသုံးစားပြုလုပ်နေသည်ဟု စွပ်စွဲခံရသည်။) အဆိုပါအချက်သည် ကျေးလက်လူထုကြားရှိနေသော ယုံကြည်မှုကို လျော့နည်းလာစေသည်။ အခြားကျေးရွာတစ်ရွာတွင် ဘာသာရေးခေါင်းဆောင်တစ်ဦး အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းသည် ကျေးလက်လူငယ်များကြား အရက်သေစာသောက်သုံးသည့် အလေ့အထ ဖြစ်ပေါ်

စေခဲ့သည်။ ကျေးရွာအလှူအတန်းနှင့် ပျော်ပွဲရွှင်ပွဲ များတွင်အရက်သောက်ခြင်းကြောင့် ဖြစ်ပွားသောခိုက်ရန် ဒေါသများသည် မိသားစုများကြား ချည်နှောင်ထားရှိသောလူမှု ရေးရင်းနှီးမှုကို ပျက်စီးဖွယ်ရှိလာသည်။ အပြန် အလှန်အားဖြင့် ချင်းပြည်နယ်တွင်ရှိသော ရွာလူကြီးများအား ထင်သာမြင်သာ ရှိစွာရွေးချယ်မှုနှင့် ကျေးရွာကိစ္စ ရပ်များတွင် အမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ ခရစ်ယာန်ဘာသာရေး အမှုဆောင် ကော်မတီများ ကျယ်ကျယ် ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှုတို့သည် လူမှုရှိုင်းပင်းကူညီစိတ်အား သိသိသာသာခိုင်မာ တိုးပွားစေကြောင်း သုတေသန စစ်တမ်းကောက်ယူသူများမှ မှတ်ယူကောက်ချက်ချသည်။ သုတေသနစစ်တမ်းအရ ကျေးရွာခေါင်း ဆောင်များအား ထင်သာမြင်သာရှိစွာ ရွေးချယ်မှုသည် ကျေးရွာလူထုကြား ယုံကြည်မှုနှင့် ကျေးရွာစည်းလုံး ညီညွတ်မှုကို တိုးပွားစေကြောင်းတွေ့ရှိရသည်။

**ကျေးရွာအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ယေဘုယျအားဖြင့်တူညီသော သဘောသဘာဝရှိသည်။** ကျေးရွာ အချင်းချင်း နည်းလမ်းမျိုးစုံဖြင့် အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာသည်ယေဘုယျ အားဖြင့်များစွာနီးစပ်ပြီး စီးပွားရေးအရဆက်ဆံခြင်းနှင့် ဆွေမျိုးနီးစပ်တော်စပ်မှုတို့က ကျေးရွာချင်းစည်းလုံးမှုကို တည်ဆောက်ထားသည်။ ကျေးရွာအားလုံးတွင် အပြန်အလှန်အကျိုးပြုနေမှုများသည် အများအားဖြင့် ကောက်ပဲ သီးနှံရိတ်သိမ်း ခြင်းနှင့်အရောင်းအဝယ်ပြုလုပ်ခြင်းစသည့် စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးလုပ်ငန်းများတွင် ဖြစ်သည်။ ကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာ ကူးသန်းရောင်းဝယ် ဖောက်ကားခြင်း၊ ဘာသာရေးဆိုင်ရာ ကိစ္စများနှင့် လူမှုဘဝရေး ရာများတွင်ပူးပေါင်းမျှဝေ ဆောင်ရွက်ခြင်း၊ ဘာသာရေးပွဲတော်များကျင်းပပြုလုပ်ခြင်း စသည် ကဏ္ဍများစွာတွင် တူညီမှုရှိသည်ကို တွေ့ရသည်။ သဘာဝအရင်းအမြစ်များ၊ လုပ်အား၊ ချေးငွေရယူမှုနှင့် အခြားဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများသည် တစ်ဦးအပေါ်တစ်ဦး အနည်းနှင့်အများ မှီတည်မှုရှိနေသည်။ ဒေသအားလုံးတွင် အပြန်အလှန် အကျိုးပြုမှုများနှင့် စပ်လျဉ်း၍ ကျေးရွာအမျိုးအစားအပေါ် မူတည်၍သာ ပြောင်းလဲမှုအနည်းငယ်ရှိကြသည်။

**ပုံ (၈) ကျေးရွာအချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ**




## ပဋိပက္ခနှင့်ရာဇဝတ်မှု

ဤသုတေသန စစ်တမ်းပြုလုပ်သည့် ကျေးရွာ ၃၆ ရွာတွင် ရာဇဝတ်မှု ၉ ခုသာ အစီရင်ခံ တင်ပြသည်။ ကြီးမားသော ရာဇဝတ်မှုများတွင် မုဒိမ်းမှု၊ လူသတ်မှု၊ ခိုးထိုးမှုနှင့် ပြင်းထန် သော အငြင်းပွားမှုများပါဝင်သည်။ ကျေးရွာအလိုက် စီးပွားရေးအခက်အခဲနှင့် ရင်ဆိုင်နေရသော်လည်း ခိုးမှုအနည်းငယ်သာ အစီရင်ခံတင်ပြရခြင်း အကြောင်းရင်း များမှာ ရှင်းလင်းမှုမရှိသေးသော အချက်တစ်ချက်ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ထက် မန္တလေးတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရာဇဝတ်မှုပိုများသည်ကို တွေ့ရှိရသည်။

## ဇယား (၁၀)ဒေသအလိုက် ဖြစ်ပွားလေ့ရှိသော ရာဇဝတ်မှုများ

| ရာဇဝတ်မှုအမျိုးအစား | မန္တလေး | မကွေး | ရခိုင် | ချင်း | စုစုပေါင်း |
|---|---|---|---|---|---|
| လောင်းကစားမှု | ၁ | ၀ | ၀ | ၀ | ၁ |
| ခိုက်ရန်ဖြစ်ပွားမှု | ၁ | ၀ | ၁ | ၀ | ၂ |
| ခါးထိုးမှု | ၀ | ၀ | ၁ | ၀ | ၁ |
| လူသတ်မှု | ၀ | ၀ | ၂ | ၀ | ၂ |
| မုဒိန်းမှု | ၁ | ၀ | ၁ | ၁ | ၃ |
| စုစုပေါင်း | ၃ | ၀ | ၅ | ၁ | ၉ |

**ပဋိပက္ခများမှာ မတူညီသော သဘောသဘာဝရှိသည်။** သုတေသနစစ်တမ်းကောက်သူများသည် အသေးစား ပဋိပက္ခနှင့် အကြီးစားပဋိပက္ခကို ခွဲခြားလေ့လာခဲ့သည်။ တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်မှု၊ အိမ်နီးနားချင်း အငြင်းပွားမှုသည့် နေ့စဉ်လူမှုဘဝတွင် ဖြစ်ပွားနိုင်သည့် အသေးစားပဋိပက္ခနှင့်ပတ်သက်၍ နစ်ဘက်အငြင်းပွား သူများ ကျေနပ်မှုရှိ သည်အတိုင်းအတာအထိ ကျေးရွာအဆင့်ဖြင့်ပင် ဖြေရှင်းနိုင်သော်လည်းအကြီးစား ပဋိပက္ခကို ကျေးရွာအဆင့်ထက် မြင့်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများမှသာ ဖြေရှင်းနိုင်သည်ကို တွေ့ရှိရသည်။

အကြီးစားပဋိပက္ခများသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ စီးပွားရေးကိစ္စများနှင့် အများပြည်သူရေးရာ များ (သို့မဟုတ်) ကျေးရွာလူထုဘဝများနှင့်ပတ်သက်၍ ဖြစ်ပေါ်သည်။ ယင်းတို့မှာ-

- အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် စီးပွားရေးကိစ္စများနှင့်ပတ်သက်သော ပဋိပက္ခများတွင် မန္တလေးတိုင်းဒေသကြီးရှိ သစ်တောရေးရာအငြင်းပွားမှု၊ ချင်းပြည်နယ်တွင် တိရစ္ဆာန်များကျူးကျော် ဝင်ရောက်မှု၊ ရခိုင်ပြည်နယ်တွင် လယ်ရေသွင်းမှု၊ မြေယာသိမ်းယူမှု၊ အကြီးစား ဆိပ်ခံတံတား အသစ်တည်ဆောက်ခြင်းမှ ငါးဖမ်းသမားများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ခြိမ်းခြောက်ခံရ မှုနှင့် မြို့နယ် ကိုယ်စားပြုဆောင်ရွက်နေသော ကျေးရွာဒေသအာဏာပိုင်များနှင့် ကျေးရွာလူထု ကြားဖြစ်ပွားသည့် ကျေးရွာမီးလင်း ရေးအငြင်းပွားမှုစသည်တို့ပါဝင်သည်။

- အများပြည်သူရေးရာများ သို့မဟုတ် ကျေးရွာလူထုဘဝများနှင့်ပတ်သက်သော ပဋိပက္ခများတွင် မကွေးတိုင်းဒေသကြီးရှိ အကျင့်ပျက်လာဘ်စားမှုနှင့် ရွာလူကြီးတစ်ဦး ရွေးချယ်ရေးနှင့် ပတ်သက်သော အငြင်းပွားမှု၊ ရခိုင်ပြည်နယ်တွင် ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်း နယ်မြေပိုင်ဆိုင်မှု ဆိုင်ရာအငြင်းပွားမှု၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်စုဒေသ အာဏာပိုင် များကြား အငြင်းပွားမှု၊ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာသုံးရေတွင်း ပြုပြင်ထိန်းသိမ်းမှုနှင့် သောက်သုံးရေအပေါ်ကောက်ခံသည့် စျေးနှုန်းအပေါ်အငြင်းပွားမှု၊ ချင်းပြည်နယ်ရှိ အရက်သေစာ သောက်သောဘာသာရေး ခေါင်းဆောင်အပေါ် ရွာသားများမကျေနပ်မှု စသည်တို့ပါဝင်သည်။

ထိုကဲ့သောပဋိပက္ခများ ဖြေရှင်းရန်အတွက် ရွာသားများသည် တစ်ခါတရံအစိုးရအဖွဲ့အစည်းများကို အားကိုးရာ၍ ဖြေရှင်းပြီးတစ်ခါတစ်ရံရွာလူထုအင်အားကိုသုံး၍ ဖိအားပေးခြင်းများကိုပြုလုပ်သည်။ ဒေသခေါင်းဆောင်များ အထူးသ ဖြင့်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် နေ့စဉ်လူမှုဘဝတွင် ဖြစ်ပွားလေ့ရှိသော အသေးစားပဋိပက္ခများကို ဖြေရှင်းပေးရန် မေတ္တာရပ်ခံရပြီး ရွာသားများသည်လည်း ဖြေရှင်းပေးမှုအပေါ် ကျေနပ်မှုရှိကြသည်။ အကြီးစား ပဋိပက္ခများကို ဖြေရှင်းရန်အတွက် အခက်အခဲများ ပိုမိုကြုံတွေ့ရသည်ဖြစ်ရာ ကျေးရွာအုပ်ချုပ်မှုဆိုင်ရာ (သို့မဟုတ်) မြို့နယ်အဆင့် (သို့မဟုတ်) ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ အစည်းများပင် ပါဝင်ပတ်သက် ဖြေရှင်း

ပေးရသည်။ အချို့ပဋိပက္ခများကိုရွာလူထု အင်အားသုံး၍ ဖိအားပေးခြင်းနှင့် ဖြေရှင်းပေးနိုင်မည်ဟုမျှော်လင့်သော အစိုးရအဖွဲ့အစည်းများထံ အကူအညီတောင်းခြင်းတို့ကို ပြုလုပ်ကြကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာမီးလင်းရေး အငြင်းပွားမှုတွင် ရွာသားများသည် ပြည်ထောင်စုအစိုးရသို့ တိုင်ကြားခဲ့ရာ ပြည်ထောင်စု အစိုးရမှ ယင်းပြဿနာများနှင့်ပတ်သက်၍ ကြားဝင်ဖြေရှင်းပေးနိုင်ရန် မြို့နယ်အဆင့်ဒေသ အာဏာပိုင်များကို တိုက်တွန်းနှိုးဆော်ခဲ့သည်။ အချို့ပဋိပက္ခများတွင် ရွာသားများသည် နိုင်ငံရေးပါတီတစ်ခုကို အားကိုးရာ၍ ဖြေရှင်းခြင်းနှင့် ရွာလူထုအင်အားသုံး၍ အစိုးရမှတန်ပြန်မှုရှိစေရန် တောင်းခံဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**ဇယား ၁၁။ ပဋိပက္ခကိစ္စရပ်များ**

| အငြင်းပွားမှု | ညှိနှိုင်းဖြေရှင်းပေးသော အဖွဲ့အစည်း | အငြင်းပွားမှု ဖြစ်ရာဒေသ | အငြင်းပွားမှုဖြစ်စဉ် |
|---|---|---|---|
| သစ်တောရေးရာ | မြို့နယ်တရားရုံး | မန္တလေး | |
| ဆည်ရေပေးဝေရေး ဆိုင်ရာအငြင်းပွားမှု | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့ | ရခိုင် | |
| တိရစ္ဆာန်များ ကျူးကျော်ဝင်ရောက်မှု အသေးစား | အငြင်းပွားမှုဆိုင်ရာ "ထုံးတမ်းစဉ်လာ" ဖြေရှင်းမှုနည်းလမ်း | ချင်း | အိမ်နီးချင်းတစ်ဦး၏ သီးနှံစိုက်ခင်း ဖျက်ဆီးခြင်းအတွက် မြင်းပိုင်ရှင်မှ လျော်ကြေး ပေးရန် ငြင်းဆိုမှု |
| ငါးလုပ်ငန်းရှင် တစ်ဦး၏ ငါးဖမ်းအသက် မွေးဝမ်းကြောင်း ဆိုင်ရာကိစ္စ | မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန | | ငါးအဒေးခန်းပိုင်ရှင်တစ်ဦး၏ စက်လှေ ပျက်စီးသွားခြင်းအတွက် အသေးစား ငါးလုပ်ငန်းရှင်တစ်ဦးမှ လျော်ကြေးပေးရန် ငြင်းဆိုမှု |
| မြေယာသိမ်းယူမှုကိစ္စ | မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ နိုင်ငံရေးပါတီ | ရခိုင် | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ပူးပေါင်း၍ ရေတပ်အရာရှိ ဇနီးများသည် ကျေးရွာပိုင် သစ်တောမြေကို ၄င်းတို့နာမည်ဖြင့်ထားရှိရန် ကိစ္စနှင့် ပတ်သက်၍ ရွာသားများနှင့် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးမှ နိုင်ငံရေး ပါတီတစ်ခုအား တိုင်ကြားမှုကြောင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ မပေးသင့်ကြောင့် ဝန်ခံအလျှော့ ပေးမှု |
| ကျေးရွာမီးလင်းရေး ပဋိပက္ခ | ................. | ရခိုင် | ကျေးရွာမီးလင်းရေးဖွင့်ပွဲ အခမ်း အနားကို မြို့နယ်မှ ဖွင့်လှစ်ပေးခဲ့ သော်လည်း ကျေးရွာတွင်မီးပေးခြင်း မရှိသေး၍ ရွာသားများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးကြားပဋိပက္ခဖြစ်ပွားမှု |

| အငြင်းပွားမှု | ညှိနှိုင်းဖြေရှင်းပေးသော အဖွဲ့အစည်း | အငြင်းပွားမှု ဖြစ်ရာဒေသ | အငြင်းပွားမှုဖြစ်စဉ် |
|---|---|---|---|
| အကျင့်ပျက်လာဘ်စားမှု | မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ | ချင်း | ကျေးရွာများရှိ လျှပ်စစ်ဓါတ်တိုင်များ လဲလှယ်ရေးအတွက် ရန်ပုံငွေကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ အလွဲသုံးစား ပြုမှု |
| အကျင့်ပျက်လာဘ်စားမှု | မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ | မကွေး | ကျေးရွာများရှိ လျှပ်စစ်ဓါတ်တိုင်များ လဲလှယ်ရေးအတွက် ရန်ပုံငွေကို ကျေးရွာ အုပ်ချုပ်ရေးမှူးမှ အလွဲ သုံးစားပြုမှု |
| ကျေးရွာခေါင်းဆောင် ရွေးချယ်မှု | ................ | မကွေး | ငွေကြေးပိုမိုပြည့်စုံပြီး ထောက်ခံသူများ မဲဆွယ်စည်း ရုံးရာနေရာသို့သွားလာ ရန် ငွေကြေးထောက်ပံ့နိုင်ခြင်းကြောင့် ရွာသားတစ်ဦး ကျေးရွာခေါင်းဆောင် ပြုလုပ်ရန် မဲအနိုင်ရခြင်းအပေါ် အငြင်း ပွားမှု |
| ကျေးရွာတွင်း ဘုန်းကြီးကျောင်းပိုင် မြေကျူးကျော်မှု | သာသနာရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာ နိုင်ငံရေးပါတီရုံးခွဲ | မကွေး | ကျေးရွာအုပ်ချုပ်ရေးမှူးမှ စာသင် ကျောင်းနယ်နမိတ်တိုးချဲ့ရန် ဘုန်းကြီး ကျောင်းပိုင် မြေကျူးကျော်မှု၊ ဒေသ ဆိုင်ရာနိုင်ငံရေးပါတီတစ်ခု၏ အကူ အညီဖြင့် ဘုန်းတော်ကြီးနှင့် ဂေါပက အဖွဲ့မှ သာသနာရေးဝန်ကြီး ဌာနသို့ တိုင်ကြားသဖြင့်ဖြေရှင်းမှု |
| ရေပေးဝေရေးဝန် ဆောင်မှုကုန်ကျစရိတ် | ပြည်ထောင်စုအစိုးရအဖွဲ့ | မန္တလေး | ကျေးရွာရေတွင်းမှရေသုံးစွဲမှုနှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းစရိတ် ကာမိစေရန် ကျေးရွာ ရေပေးဝေရေး ကော်မတီမှငွေတောင်းခံမှု၊ ကျေးရွာမှ နေပြည်တော် အထိတိုင်ကြားသဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြုပြင် ထိန်းသိမ်း စရိတ်အား ပေးစိုက်ကာ ဖြေရှင်းပေးခဲ့ |
| ဘာသာရေးခေါင်းဆောင် များအပေါ် | ............... | ချင်း | ဘာသာရေးခေါင်းဆောင်တစ်ဦး အရက်သေစာ သောက်သုံးမှုသည် ကျေးရွာ လူငယ်ထုကို အရက် သောက်ခြင်း ဓလေ့ဖြစ်ပေါ်စေမှုနှင့် လူမှုရေးရင်းနှီးမှုများ ပျက်စီးမှု |

**အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှုသည် အသက်မွေးဝမ်းကြောင်းမှုအပေါ် မည်ကဲ့သို့ လွှမ်းမိုးသက်ရောက်မှုရှိသနည်း။**

**ဒေသဆိုင်ရာအဖွဲ့အစည်းများ**

**အဓိကအရေးပါသော ကျေးရွာအဖွဲ့အစည်းအမျိုးအစားများ တူညီမှုရှိသည် ဒေသအသီးသီး၌ တွေ့ရှိလေ့ရှိသော ကျေးရွာအဖွဲ့အစည်းများမှာ-**

- ကျေးရွာအုပ်ချုပ်ရေး
- ဘာသာရေးအသင်းအဖွဲ့များ
- အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ (ကျေးရွာတစ်ရွာတွင် တစ်ခု (သို့မဟုတ်) နှစ်ခုရှိတတ်သည်။)
- လုပ်ငန်းရပ်တစ်ခုအတွက်ရည်ရွယ်ဖွဲ့စည်းထားသောကော်မတီများ(ကျေးရွာတစ်ရွာတွင်အနည်းဆုံး သုံးခုခန့်ရှိသည်။)
- မိရိုးဖလာရိုးရာအဖွဲ့အစည်းများ (အခြေခံအားဖြင့် ကျေးရွာအကြီးအကဲများ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ လူငယ်အဖွဲ့များနှင့်အချက်အပြုတ် (သို့မဟုတ်) အတီးအမှုတ်စသောလူမှုရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသည်။)

**အဓိကအရေးပါသော အဖွဲ့အစည်းများတွင် အစိုးရ NGO(GONGOs) များပါဝင်သော်လည်း အဆိုပါ အဖွဲ့အစည်းများတွေ့ရှိရသောကျေးရွာများမှာ သုံးပုံနှစ်ပုံခန့်ပင်မရှိပါ။** GONGOs များ၏ အခန်းကဏ္ဍသည် ပျော်ပွဲရွှင်ပွဲအခမ်းအနား များကဲ့သို့သော ကြီးမားသည့်လူစုလူဝေးများအတွက် ကျေးရွာလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ရန် ကျေးရွာလုံခြုံရေးအရ ဖွဲ့စည်းထားသော ပြည်သူ့စစ်အဖွဲ့များနှင့် ကျေးရွာမီးသတ်တပ်ဖွဲ့များအဖြစ် ဆောင်ရွက်ရခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများအနေဖြင့် ကျေးရွာအနည်းစုတွင်သာရှိသည်။ ခြွင်းချက်တစ်ခုအနေဖြင့် ကျေးရွာတစ်ရွာတွင်အုပ်ချုပ်ရေးမှူးများကိုယ်တိုင် နိုင်ငံရေးပါတီစည်းရုံးရေးမှူးများအဖြစ်တွေ့ရသည်။ ပါတီအားလုံးသည် အစိုးရပါတီများမဟုတ်ပေ။ အမျိုးသားနိုင်ငံရေးပါတီများတွင် အာဏာရပါတီ (USDP)နှင့် အတိုက်အခံပါတီ (NLD) နှစ်မျိုး စလုံးတွေ့ရပါသည်။


**သာဓက ၁၆: သတ်မှတ်ထားသောကျေးရွာအုပ်ချုပ်ရေးဖွဲ့စည်းပုံ**

၂၀၁၂ ခုနှစ်တွင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတစ်ရပ် ပြဌာန်းခဲ့ပြီး ဥပဒေအရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၏ အရည်အချင်းဆိုင်ရာထောက်ခံချက်နှင့်အညီ ကျေးရွာရပ်မိရပ်ဖများ ကြီးကြပ်မှုအောက်တွင် ဆယ်အိမ်မှူး ကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ အဆိုပါဥပဒေသည် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ဆည်မြောင်းများနှင့် ငါးမွေးမြူရေးကန်များထိန်းသိမ်းခြင်း၊ သဘာဝဘေးအန္တရယ်ကာကွယ်ရေး အစီအမံများဆောင်ရွက်ခြင်း စသည်တို့အပါအဝင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ တာဝန်ပေးထားသည်။ ထို့ပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အိမ်ထောင်စုစာရင်းပြုလုပ်ရေး၊ စိုက်ပျိုးမြေများစီမံရေးနှင့် မြေယာကျူးကျော်မှုများ ပပျောက်ရေးအပါအဝင် အခွင့်အာဏာ အပ်နှင်းပေးထားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ယခင်ကျေးရွာအုပ်ချုပ်ရေးဖွဲ့စည်းပုံအနေဖြင့် သက်ရောက်မှုရှိတော့မည်မဟုတ်ကြောင်း နားလည်သဘောပေါက်သော်လည်း လက်တွေ့တွင် လက်ရှိပြောင်းလဲမှုများကို လိုက်နာအကောင်အထည် ဖော်နိုင်စွမ်းအားနည်းလျက်ရှိကြောင်း QSEM လေ့လာမှုစစ်တမ်းအရတွေ့ရှိရသည်။ ကျေးရွာ

အုပ်ချုပ်မှုဆိုင်ရာလုပ်ထုံး လုပ်နည်းများတွင် စံသတ်မှတ်ချက် နည်းပြီးအများအားဖြင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟူ၍ သာဖွဲ့စည်းပုံသတ်မှတ်ထားခြင်းရှိသည်။ ကျေးရွာအားလုံးသည် ကျေးရွာ အုပ်စုရွာများ မဟုတ်သောကြောင့် တရားဝင်ရွေးချယ်ထားသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ကျေးရွာတိုင်းတွင် မရှိပေ။ ကျေးရွာအများစုသည် ရွာငယ်များသာဖြစ်ရာ ရာအိမ်မှူးတစ်ဦး ထားရှိရုံမျှဖြင့် လုံလောက်ပြီး အဆိုပါ ရာအိမ်မှူးကသာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ကြသည်။

## ပုံ (၉) ကျေးရွာအဖွဲ့အစည်းများ




**အောက်ပါပြစုထားသောစာရင်းသည် ကျေးရွာအဆင့်တွင် တွေ့ရှိရသောအဖွဲ့အစည်း အမျိုးအစားများဖြစ်သည်။** လုပ်ငန်းရပ်တစ်ခုအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ငွေကြေးထောက်ပံ့ရေးအဖွဲ့အစည်းတွင် ပါဝင် သူများတူညီတတ်ကြသည်ကိုတွေ့ရသည်။ ယင်းတို့သည်အများအားဖြင့် ကျေးရွာအကြီးအကဲများ (သို့မဟုတ်) လူငယ်အဖွဲ့ များ အပါအဝင်ကျေးရွာတွင်း လေးစားခံပုဂ္ဂိုလ်များဖြစ်ကြသည်။


## ဇယား ၁၂: ကျေးရွာအဖွဲ့အစည်းများ

| တရားဝင်အဖွဲ့အစည်းများ | တရားဝင်မဟုတ်သောအဖွဲ့ အစည်းများ |
|---|---|
| **ကျေးရွာအုပ်ချုပ်ရေးအဖွဲ့**<br>ငွေကြေးထောက်ပံ့ရေးအဖွဲ့အစည်းများ<br>(ကျေးရွာတစ်ရွာတွင် ၁ ခု သို့မဟုတ် ၂ ခုသာ ရှိသည်။) ဥပမာ-<br>❑ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ<br>❑ အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ<br>❑ ကိုယ့်အားကိုယ်ကိုးအဖွဲ့များ<br><br>**လုပ်ငန်းတစ်ခုအတွက် ဖွဲ့စည်းထားသော ကော်မတီများ**<br>(အဆိုပါကော်မတီများသည်ကျေးရွာတွင် သုံးခုစီရှိတတ်ကြ ပြီး အဖွဲ့ဝင်ထပ်ရှိမှုနှုန်း မြင့်မားသည်။)<br>❑ မိဘဆရာအသင်းများ<br>❑ ကျောင်းကော်မတီများ | **မိရိုးဖလာရိုးရာ အဖွဲ့အစည်းများ**<br>ဥပမာ-<br>❑ ကျေးရွာရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ<br>❑ လူငယ်အဖွဲ့များ |

| တရားဝင်အဖွဲ့အစည်းများ | တရားဝင်မဟုတ်သောအဖွဲ့ အစည်းများ |
|---|---|
| ❑ ရေပေးဝေဆိုင်ရာကော်မတီများ<br>❑ ကျေးရွာမီးလင်းရေးကော်မတီများ<br>❑ လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီများ<br>❑ ဈေးကြီးကြပ်ရေးကော်မတီများ<br>❑ ရေတွင်းရေကန်ပြုပြင်ထိန်းသိမ်းရေးကော်မတီများ<br>❑ ဆေးဝါးထောက်ပံ့ရေးကော်မတီများ<br>❑ နာရေးကူညီမှုအသင်းများ<br>❑ စာကြည့်တိုက်ကော်မတီများ<br>❑ လှေကားထစ်စိုက်ပျိုးရေးကော်မတီများ<br>❑ ကျန်းမာရေးကော်မတီများ<br>**အစိုးရ NGO များ ဥပမာ**<br>❑ မီးသတ်တပ်ဖွဲ့ နှင့် ပြည်သူ့စစ်အဖွဲ့များ<br>**နိုင်ငံရေးပါတီများ** (အချို့သောကျေးရွာများ) | **ဘာသာရေးအသင်းအဖွဲ့များ**<br>❑ ကျေးရွာရပ်မိရပ်ဖများအပါအဝင် ဘုန်းကြီးကျောင်း<br>❑ ဂေါပကအဖွဲ့<br>❑ ဓမ္မစကြာအဖွဲ့များ<br>❑ ခရစ်ယာန်အသင်းတော်များ |

ဒေသခံအဖွဲ့အစည်းများသည် အရေးပါသောအခန်း ကဏ္ဍမှပါဝင်ပြီး အရေးပါမှုအဆင့်အား ကျေးလက်ပြည်သူတို့မှအမြင်အမျိုးမျိုးဖြင့် ခွဲခြားသတ်မှတ်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အရေးပါဆုံးအဖွဲ့အစည်းအဖြစ် ကျေးရွာအများစုမှ ရှုမြင်သည်။ အရေးပါဆုံးဆိုသည်မှာ ကျေးရွာကိစ္စများစီမံခန့်ခွဲရာတွင် ထိရောက်မှုအရှိဆုံး ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကျေးရွာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ဦးဆောင် ပါဝင်ရပြီး ရွာသားများနှင့်မြို့နယ်အဆင့် ဒေသအာဏာပိုင်များ (သို့မဟုတ်) ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့ အစည်းများဖြစ်သည့် အထောက်အပံ့ပေးသော အဖွဲ့အစည်းများအကြား ပါဝင်ဆွေးနွေးရသူများဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကျေးရွာအတွင်းလုပ်ငန်းတစ်ခုအတွက် ဖွဲ့စည်းထားသောကော်မတီများကို စီမံခန့်ခွဲရသောအခန်း ကဏ္ဍတွင် အမြဲတမ်းပါဝင်ဆောင်ရွက်ရခြင်းမရှိဘဲ အခါအားလျော်စွာ သာဆောင်ရွက်ရခြင်းဖြစ်သည်။

### ပုံ (၁၁) ကျေးလက်ပြည်သူများမှ ကျေးရွာအဖွဲ့အစည်းများအပေါ် ရှုမြင်သည့်အရေးပါမှု



**လူငယ်အဖွဲ့များအပါအဝင် ရပ်ရွာမှကြည်ညိုသောပုဂ္ဂိုလ်များ၊ ကျေးရွာရပ်မိရပ်ဖများပါဝင်သည့် ဒေသခံအဖွဲ့အစည်းများသည် အရေးပါသည့်အခန်းကဏ္ဍရှိပြီး လူမှုရေးနှင့်ဘာသာရေးကိစ္စများ စီမံခန့်ခွဲမှုအပေါ် ပိုမို အလေးပေး ဆောင်ရွက်သည်။** ယင်းတို့သည် ကျေးရွာအငြင်းပွားမှုများတွင် အခါအားလျော်စွာ ပါဝင်ဖြေရှင်းပေးရသည်။ ထိုကဲ့သို့ ဖြေရှင်းပေးရာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အကြံပေးအဖြစ်သာ သွယ်ဝိုက်သောနည်းဖြင့် ပါဝင် ဖြေရှင်းပေးသည်။

**ဘာသာရေးအသင်းအဖွဲ့များသည် အများအားဖြင့် ဘာသာရေးကိစ္စများကိုသာ အလေးပေးဆောင်ရွက်သည်။** ဘာသာရေးကိစ္စများဆိုရာတွင် ဘုရားပွဲတော်အတွက် စီမံခန့်ခွဲခြင်း၊ ဘုန်းကြီးကျောင်းများ ပြန်လည် တည်ဆောက်ခြင်း၊ အဆောက်အဦများ ဆောက်လုပ်ရန် အလှူငွေကောက်ခံခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက် အဦများအား ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ မြို့နယ်အဆင့် ဘာသာရေးအာဏာပိုင်အဖွဲ့များနှင့် ဆက်ဆံဆွေးနွေးခြင်း၊ ဘုန်းတော်ကြီးများ၏ အနေအထိုင်အပြုအမူများကို စောင့်ကြည့်ကြီးကြပ်ခြင်းများ ပါဝင်သည်။ ယုံကြည်မှုဖြင့် အခြေခံဖွဲ့စည်း တည်ထောင်ထားသည့် အသင်းအဖွဲ့များသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပတ်သက်လေ့မရှိဘဲ ဘာသာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် ဦးဆောင်ပါဝင်လေ့ ရှိသည်။ ဥပမာအားဖြင့် ဘာသာရေးပွဲတော်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘာသာရေး အသင်း အဖွဲ့များမှ ကလေးများ၏ပညာရေးအတွက် ထောက်ပံ့ပေးခြင်းမျိုးများသည် ကျေးရွာအနည်းစုတွင်သာ ရှိသည်။ ကျေးရွာဘာသာရေး အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများသည် ရပ်မိရပ်ဖများ (သို့မဟုတ်) ကျေးရွာမှ ကြည်ညိုလေးစားသူများသာဖြစ်သည်ကို တွေ့ရ သည်။

ခြွင်းချက်အဖြစ် အချို့သောကျေးရွာများတွင် ကျေးရွာအကြီးအကဲများနှင့် ရပ်မိရပ်ဖများပါဝင်သည့် မိရိုးဖလာ အဖွဲ့အစည်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော တရားဝင်အဖွဲ့အစည်းများထက် အရေးပါပြီး ဩဇာ လွှမ်းမိုးနိုင်မှုရှိကြောင်း သတ်မှတ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်မှုသည် ပင်ယင်းအချက်ပေါ်တွင်မူတည် လျက်ရှိသည်။ ထိုကဲ့သို့သော ကျေးရွာများတွင် ကျေးရွာရပ်မိရပ်ဖများသည် တန်ခိုးအာဏာကြီးထွားပြီး ကျေးရွာ အုပ်ချုပ်ရေးမှူးအနေဖြင့် အမှန်တကယ် စိတ်ဝင်စား၍မဟုတ်ဘဲ ကျေးရွာအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး အခြားလုပ်နိုင်သူ တစ်ဦးပျက်ကွက်မှုကြောင့် နေရာရလာခြင်းမျိုး ဖြစ်သည်။ ဥပမာအားဖြင့် ကျေးရွာအတွင်း ဤနေရာကို တာဝန်ယူဆောင် ရွက်နိုင်သည့် ပညာတတ်ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိပြီး အဆိုပါပုဂ္ဂိုလ်သည် လူမှုရေးအရထိုရာထူးကို ငြင်းဆိုရန်မသင့်သောကြောင့် မတတ်သာဘဲ ဆောင်ရွက်ရခြင်းမျိုးဖြစ်သည်။

**အထောက်အပံ့ပေးသော အဖွဲ့များသည် ကျေးရွာကိစ္စရပ်များတွင်သာမန်အားဖြင့် အရေးပါလေ့မရှိပါ။ ကျေးရွာ အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ အလေးပေးဆောင်ရွက်လေ့ရှိသည်။** မည်သို့ပင်ဖြစ်စေ အချို့ကျေးရွာများရှိ ကျေးလက်ပြည်သူများက ငွေကြေးအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသည် ၎င်းတို့ ကျေးရွာတွင် အရေးပါဆုံး အဖွဲ့အစည်းများဖြစ်ကြောင်း သတ်မှတ်ထားသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်ခြင်းမျိုး မရှိခြင်းကြောင့် အထောက်အပံ့ပေးသော ကော်မတီဝင်ကဲ့သို့သော တာဝန်ယူတတ်သူများအား ဝင်ရောက်ဖြည့်စွက်ရင်းဖြင့် နေရာရလာခြင်းဖြစ်သည်။ ယင်းပျက်ကွက်မှုအား မိဘ ဆရာအသင်းများနှင့် ကျေးလက်မီးလင်းရေးကော်မတီများကဲ့သို့သော လုပ်ငန်းတစ်ခုအတွက် ဖွဲ့စည်းထားသော ကော်မတီများမှာ အဆိုပါ ကိစ္စရပ်အတွက်သာ ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ထိုကော်မတီများ၏ ဆောင်ရွက်ချက်များမှာ ရန်ပုံငွေကောက်ခံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း တို့ဖြစ်ပြီး ဝန်ဆောင်မှု ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍လည်း ယင်းတို့သည် ပြင်ပမှသက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်လည်း ဆက်ဆံ ဆောင်ရွက်ရသည်။

**ကျေးရွာအသက်မွေးဝမ်းကြောင်း ဆိုင်ရာဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် အများဆုံးပါဝင်ဆောင်ရွက်သည့် အဖွဲ့ အစည်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အပံ့ပေးသည့် အဖွဲ့ အစည်းများဖြစ်သည်။** အသက်မွေးဝမ်းကြောင်းဆိုင်ရာ အသင်းအဖွဲ့ များကို အထောက်အပံ့ပေးရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့ စည်းထားခြင်း ဖြစ်သည်။ သုတေသန စစ်တမ်းကောက်သူများသည် ပေါင်းစည်းလယ်ယာကဲ့သို့ သော ဒေသခံတို့ မိမိတို့ အစီအစဉ်ဖြင့် ကနဦးကတည်းက ဖွဲ့ စည်းထားသော မည်သည့် အသက်မွေးဂမ်းကြောင်းဆိုင်ရာအဖွဲ့ ကိုမှ တွေ့ ရှိခဲ့ခြင်းမရှိပါ။


## ကျေးရွာတွင်းခေါင်းဆောင်မှု

**ကျေးရွာများတွင်ရှိသော အဓိကအရေးပါသည့် ခေါင်းဆောင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ သို့မဟုတ် ရပ်မိ ရပ်ဖများဖြစ်သည်။** ကျေးရွာအုပ်ချုပ်ရေးမှူးများ (တရားဝင်ခေါင်းဆောင်များ) သည် ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်သည်။ အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို လူထုရွေးကောက်မှုနည်းစနစ်ဖြင့် ရွေးချယ်တင်မြှောက်လေ့ရှိသော ချင်းပြည်နယ်တွင် ထိုအုပ်ချုပ်ရေးမှူးများသည် ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ပြီး ကျေးလက်ပြည်သူများနှင့် ကျေးရွာ အုပ်ချုပ်သူများအကြားရှိသော ယုံကြည်မှုအတိုင်းအတာသည် မြင့်မားကြောင်း စစ်တမ်းကောက်သူများ လေ့လာတွေ့ ရှိသည်။ ရခိုင်ပြည်နယ်တွင်မူ ကျေးရွာရပ်မိရပ်ဖများ အပါအဝင် ဒေသခံခေါင်းဆောင်များက အရေးပါကြောင်းတွေ့ ရှိရသည်။ ထိုကျေးရွာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးကို ကျေးရွာရပ်မိရပ်ဖများ ထောက်ခံချက်ဖြင့် မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့ များက ရွေးချယ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးသည် နေရာယူလိုမှုကြောင့် မဟုတ်ဘဲ လူမှုရေးတာဝန်သိစိတ်ဖြင့် လက်ခံလေ့ရှိသည်။ ဤစစ်တမ်းကောက်ယူချိန်၌ (အသက်ဝင်မှုမရှိသေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ကြောင့်ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်မှုတွင် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းကိုမတွေ့ ရသေးပါ။)

**ကျေးရွာတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌လည်းကောင်း၊ အငြင်းပွားမှုများဖြေရှင်းရာ၌လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာ၌လည်းကောင်း ခေါင်းဆောင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။** ကျေးရွာအဆင့်ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဦးဆောင်ပါဝင်ပြီး လူမှုရေးကိစ္စများနှင့် ကျေးရွာဖွံ့ ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ ထို့ပြင် ရန်ပုံငွေကောက်ခံရန် နှီးဆော်ဆောင်ရွက်ရေး၊ မြို့ နယ်အုပ်ချုပ်ရေးမှူးများ၊ အခြားဒေသအာဏာပိုင်အဖွဲ့ အစည်းများနှင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရေးနှင့် အငြင်းပွားမှုများ ဖြေရှင်းရေးတို့တွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။ ဒေသခံအဖွဲ့ အစည်းများစွာတွင်လည်း ဦးဆောင်သူ (သို့မဟုတ်) အကြံပေးအဖြစ်ပါဝင်ဆောင်ရွက်၍ ကဏ္ဍများစွာတွင် အဓိကဦးဆောင်လေ့ ရှိသည်။ ကျေးရွာခေါင်းဆောင်များသည် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်ရသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှု မရှိဘဲ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်သည်။ ဒေသတွင်း အသက်မွေးကြောင်းလိုအပ်ချက်များနှင့် ဖွံ့ ဖြိုးတိုးတက်ရေး တာဝန်ယူဆောင်ရွက်သည့်အပြင် အခြားကျေးရွာများ၏ဖွံ့ ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်သည်။


**ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများသည် သာမန်ရွာသားများထက် ပိုမိုချမ်းသာသော်လည်း အချမ်းသာဆုံးသူများမဟုတ်သည်ကို တွေ့ ရှိရသည်။** အောက်ဖော်ပြပါဂရပ်သည် ကျေးရွာခေါင်းဆောင်များအနေဖြင့် ဒေသခံရွာသားများနှင့်နှိုင်းယှဉ်လျှင် အလယ်အလတ် (သို့မဟုတ်) ငွေကြေးပိုမိုပြည့်စုံကြွယ်ဝ သူများဖြစ်ကြောင်း ပြသသည်။

ပုံ (၁၁) အဓိကအရေးပါသောခေါင်းဆောင်များ၏ ဥစ္စာနေပိုင်ဆိုင်မှု




**ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၏ ပညာရေးအဆင့်အတန်းသည် တူညီမှုမရှိသည်ကိုတွေ့ရှိရသည်။** အစိုးရမှသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအရ ကျေးရွာအုပ်ချုပ်ရေးမှူးသည် အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရန် လိုအပ်သည်။ သို့သော် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အများအားဖြင့် အခြေခံပညာအထက်တန်းအဆင့် မပြီးဆုံးခဲ့သော အရပ်သားများဖြစ်သည်။

ပုံ (၁၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအကြီးအကဲများ၏ ပညာရေးအဆင့်




**ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးသည် အများအားဖြင့် လိုလားအပ်သောရာထူး မဟုတ်ဟု ယူဆထားကြသည်။** [၁၇] ရွာသားများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးအား အချိန်ကုန်၍အမှုများသောအလုပ်ဟု ပြောဆိုလေ့ရှိသည်။ အကြောင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အငြင်းပွားမှုများဖြေရှင်းရန် မေတ္တာရပ်ခံရခြင်းနှင့် အစည်းအဝေးတက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ဖိအားပေးတောင်းဆိုခံရခြင်းတို့ကြောင့်ဖြစ်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းတို့အတွက်အခကြေး ငွေမရရှိဘဲ အကျိုးခံစားခွင့်အနည်းငယ်သာ ရရှိသောကြောင့်ဖြစ်သည်။


**လုပ်ပိုင်ခွင့်အာဏာရှိမှုအတိုင်းအတာနှင့် ရွေးချယ်မှုနည်းလမ်းသည် ကျေးရွာအုပ်ချုပ် ရေးမှူးများ၏ အနေအထားကိုလွှမ်းမိုးသက်ရောက်မှုရှိသည်။** ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရွာသားများနှင့်နှိုင်းယှဉ်လျှင် ငွေကြေးပိုမို ပြည့်စုံနေခြင်းမရှိဘဲ ဝင်ငွေအလယ်အလတ်ရရှိသူများဖြစ်သည်။ ယခုကဲ့သို့ဖြစ်ရခြင်းလုပ်ငန်းခွင် အာဏာရှိမှုအတိုင်းအတာနှင့် ရွေးချယ်မှုနည်းလမ်းများနှင့် သက်ဆိုင်သည်ဟုသုတေသနစစ်တမ်းကောက်သူများ ကဆုံးဖြတ်ကြသည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းတွင် ကျေးရွာရံပုံငွေများကို ထိန်းသိမ်း

[၁၇] ထိုအချက်သည်မြန်မာဖွံ့ဖြိုးရေးသုတေသနနှင့် Susanne Kempel တို့ ကျေးရွာခေါင်းဆောင်မှုအပေါ် အသေးစိတ်လေ့လာထားသော "Village Institution and Leadership in Myanmar: A View from Below" မှကောက်နှုတ်ထားခြင်းဖြစ်သည်။

ရသောကြောင့် တာဝန်ယူမှုအတိုင်းအတာ ပိုမိုကျယ်ပြန့်မှုရှိသည်။ သို့သော် လူထုရွေးကောက်ပွဲဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်သော ချင်းပြည်နယ်တွင် ခေါင်းဆောင်များသည် လူလတ်တန်းစားများသာဖြစ်ကြောင်း တွေ့ရသည်။ အကြောင်းမှာ ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ရွေးချယ်ခြင်းကြောင့် သြဇာရှိကြေးရတက် လူတန်းစားမှ အုပ်ချုပ်ရေးအာဏာကို စွဲမြဲစွာ ရယူထားနိုင်သည့် အခြေအနေနည်းသွားကြောင်းတွေ့ရသည်။

ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ နေရာရမှုမှာ ပိုမိုကျဉ်းမြောင်းလျက်ရှိသည်။ ရခိုင်ပြည်နယ်တွင် ကျေးရွာရပ်မိရပ်ဖများ၏ ထောက်ခံမှုဖြင့် ခန့်အပ်ထားသော ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကျေးရွာ၏အချမ်းသာဆုံး ပုဂ္ဂိုလ်များမဟုတ်ပါ။

**ပုံ (၁၃) ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်မှု**




**ကျေးရွာအားလုံးအနက် သုံးပုံတစ်ပုံခန့်သော ကျေးရွာများတွင် ကျေးရွာအကြည်ညိုခံပုဂ္ဂိုလ်များနှင့် ရပ်မိရပ်ဖများသည်ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌အဓိက အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်သည်။ (ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာ ၄ ရွာစီနှင့် မကွေးတိုင်းဒေသကြီးတွင် ၃ ရွာစီတွေ့ရသည်။)** ထိုဒေသများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးကို ရပ်မိရပ်ဖများ၏ ထောက်ခံမှုဖြင့် ရွေးချယ်ပြီး အဆိုပါကျေးရွာရပ်မိရပ်ဖများသည် ကျေးရွာ အုပ်ချုပ်ရေးမှူးများထက် သြဇာအာဏာပို၍ ကြီးမားသည်။

**ရွာသားများနေရာရရှိမှု (ရပ်ရွာနှင့်ပတ်သက်သော အဓိကဆုံးဖြတ်ချက်များပြုရာတွင် ကျေးရွာလူထုအား နေရာပေးမှု) အတိုင်းအတာမှာ အမျိုးမျိုးရှိသည်။** သို့သော် အထက်မှဦးဆောင်ဆုံးဖြတ်မှုပြုသည်ကများပြီး ရပ်ရွာအရေး၌ အမျိုးသမီးပါဝင်မှု အကန့်အသတ်ဖြင့်သာရှိသည်။ ကျေးရွာခေါင်းဆောင်များသည် ပုဂ္ဂိုလ်ရေးအရ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး သဘောတူညီမှုရသည် အထိတိုင်ပင်၍ ဆုံးဖြတ်ချက်ချလေ့ရှိသည်။ ဆုံးဖြတ်ချက်ချပြီးမှပြည်သူကို အသိ ပေးဆောင်ရွက်သည်။ ကျေးရွာအတွက် အဓိကကျသော ဆုံးဖြတ်ချက်များချမှတ်ရာ၌ အမျိုးသမီးများ၊ လူငယ်အဖွဲ့များနှင့် ဆင်းရဲနွမ်းပါးသူများ ပါဝင်မှုနည်းပါးသည်။ ကောက်ပဲသီးနှံ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် အမျိုးသားများအလုပ်များသဖြင့် အမျိုးသမီးများ အစည်းအဝေးတက်ရောက်ချိန်မှအပ အခြားကျေးရွာအဆင့်အစည်းအဝေးများတွင် အမျိုးသမီးပါဝင်မှုနည်းပါးသည်။

**ခေါင်းဆောင်များနှင့် ကျေးလက်ပြည်သူအကြား ဆက်ဆံရေးသည် ဒေသအလိုက်ကွဲပြားမှုရှိသည်။** ချင်းပြည်နယ်တွင် အများအားဖြင့် ဆက်ဆံရေးကောင်းမွန်ကြသည်။ ရခိုင်ပြည်နယ်နှင့် အပူပိုင်းဒေသများတွင် ဆက်ဆံရေးသည် သာမန်မျှသာဖြစ်သည်။ သို့သော် ရခိုင်ပြည်နယ်ရှိ ကျေးရွာ ၃ ရွာတွင် ခေါင်းဆောင်များနှင့် ကျေးလက်ပြည်သူအကြား ဆက်ဆံရေး ပြေလည်မှုမရှိပါ။ ခေါင်းဆောင်အချင်းချင်း မပြေလည်မှုများရှိသကဲ့သို့ ခေါင်းဆောင်

နှင့်ကျေးလက်ပြည်သူအကြား မပြေလည်မှုများလည်းရှိသည်။ သို့သော် လူမှုရေးအရပြောဆိုဆက်ဆံရသောကြောင့် ဆက်ဆံရေးပြေလည်ကောင်းမွန်စေရန် အထောက်အပံ့ဖြစ်သည်။ ခေါင်းဆောင်နှင့် ကျေးလက်ပြည်သူများ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွကမှုများမှာ ၎င်းတို့ကြားမှာ ရင်းနှီးခိုင်မာသောဆက်ဆံရေးကို မြင်နိုင်သည်။ ဥပမာအားဖြင့် အပူပိုင်းဒေသများတွင် ကျေးရွာခေါင်းဆောင်များသည် ကျေးရွာအခြေခံ အဆောက်အဦ စီမံကိန်းများတွင် ရပ်မိရပ်ဖများ၊ လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များနှင့် အတူတကွပူးပေါင်း ဆောင်ရွက်ခြင်း ဖြစ်သည်။

### သာဓက ၁၇: ကျေးလက်လူထုဘဝနှင့် ကျေးရွာဆုံးဖြတ်ချက်များချမှတ်မှုတွင် အမျိုးသမီးများပါဝင်မှု

အမျိုးသမီးအများစုပါဝင်သော အဖွဲ့အစည်းများသည် ရိုးရာဓလေ့အရ အမျိုးသမီးများအတွက်သာ သီးခြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ (သို့မဟုတ်) ထောက်ပံ့ပေးသူများက ဖွဲ့စည်းထားသော ကျေးရွာကော်မတီများ ဖြစ်ကြောင်းဤသုတေသနစစ်တမ်းအရ တွေ့ရှိရသည်။ ဥပမာအားဖြင့် အမျိုးသမီးဘာသာရေးအသင်းများ၊ ဘာသာရေးနှင့် လူမှုရေးရေးရာကိစ္စရပ်များ ဆောင်ရွက်သည့် အမျိုးသမီးအဖွဲ့များ စသည်တို့ဖြစ်သည်။ သို့သော် ယင်းအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်သော်လည်း အဓိကအရေးပါသည့် ဆုံးဖြတ်ချက်များကိုမူ ချမှတ် ခြင်းမရှိဘဲ အကြံပြုခြင်း၊ ဝေဖန်ထောက်ပြခြင်းများကိုသာ ပြုလုပ်ကြသည်။ ဥပမာအားဖြင့်ဆိုသော် ကျေးရွာ ပွဲတော်များတွင် အမျိုးသမီးများက မည်သည့်အစားအစာမျိုး ချက်ပြုတ်သင့်သည့်ဟု အကြံပြုခဲ့သော်လည်း အမျိုးသားများကသာ မည်သည့်ဟင်းချက်မည်၊ လူအရေအတွက်မည်မျှဖြင့် ချက်ပြုတ်မည်ဆိုသည့် အချက် များကို ဆုံးဖြတ်ချက်ချမှတ်ခြင်းမျိုးဖြစ်သည်။ အပူပိုင်းဒေသ ရှိကျေးရွာပေါင်း ၁၈ ရွာတွင် ထောက်ပံ့ရေး အဖွဲ့အစည်းများမှ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရန်လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းပေးခဲ့သော်လည်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ချိန်တွင် အကြံပြုချက်နှင့် အဆိုပြုချက်များပြုရာတွင်အမျိုး သမီးများပါဝင်မှုမှာ အနည်းအကျဉ်းသာရှိသည်။

ဤကဲ့သို့ အမျိုးသမီးပါဝင်မှုနည်းပါးရခြင်းမှာ အမျိုးသမီးများ၏ စိတ်ပါဝင်စားမှု လွှမ်းမိုးသက်ရောက်မှု ရှိ/မရှိ ဆိုသည်မှာ မရှင်းလင်းသေးသောအချက်ဖြစ်သည်။ သို့သော် အမျိုးသမီးများနှင့် အမျိုးသားများ စိတ်ပါ ဝင်စား သည့်ဦးစားပေးအချက်အလက်များမှာ အနည်းငယ်ကွဲပြားမှုရှိသည်။ အမျိုးသမီးများနှင့် အမျိုးသားများသည် ကျေးရွာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စားမှုရှိရာ၌ တူညီမှုရှိသည်။ သို့ရာတွင် အမျိုးသမီးများသည် မိမိတို့ သားသမီးများပညာသင်ကြားရာစာသင်ကျောင်းနှင့် ဆက်သွယ်သောလမ်းများ၊ တံတားများပြုပြင်ခြင်းကဲ့သို့သော မိသားစုအကျိုးစီးပွားနှင့် ဆက်နွယ်သည့် အခြေခံအဆောက်အဦ လိုအပ်ချက်ကို ပိုမိုဦးစားပေး ဖြည့်ဆည်းလိုသည်။

### ကျေးရွာအကျိုးစီးပွားအတွက် အကူအညီထောက်ပံ့ပေးသူများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် အဖွဲ့အစည်း များနှင့် ခေါင်းဆောင်များ၏ အခန်းကဏ္ဍ

**ကျေးရွာအကျိုးစီးပွားအတွက် ကိုယ်စားပြုပံ့ပိုးနိုင်ရန်ရည်ရွယ်၍ ရွာသားများစုစည်း ဆောင်ရွက်ကြသည့် သာဓက များစွာရှိသည်။ ထို့အတွက် ကျေးရွာခေါင်းဆောင်များ၏ ဦးဆောင်ပံ့ပိုးမှုများကို ခံယူကြသည်လည်းရှိသည်။**

## သာဓကာ၁၈: ပြင်ပအထောက်အပံ့ပေးသည့်ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း

လူဦးရေ ၄၀၀ မှ ၅၀၀ ကြားရှိသော ရခိုင်ပြည်နယ်ကျေးရွာတစ်ရွာရှိ လယ်သမားများနှင့် ငါးဖမ်းသမားများ၏ အသက်မွေးဝမ်းကြောင်းမှုအတွက် ထောက်ပံ့ငွေကူညီရန် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု လာရောက်ခဲ့သည်။ အဆိုပါစီမံကိန်းသည် လယ်ယာမြေပိုင်ဆိုင်မှုမရှိသူ ကျပန်းလုပ်သားများကို ထောက်ပံ့ရန် ရည်ရွယ်သည်။ ရွာသားများသည် ငါးဖမ်းသမားများနှင့် လယ်သမားများအတွက် ထောက်ပံ့ငွေပေးအပ်ရန် ပြဿနာမရှိကြောင်း အစီရင်ခံတင်ပြသည်။ သို့ရာတွင် လယ်ယာမြေပိုင်ဆိုင်မှုမရှိသူများအား သတ်မှတ်ရာတွင် ပြဿနာရှိခဲ့သည်။ မူလစီမံကိန်းတွင် တစ်ဦး ၄၀၀၀၀ ကျပ်စီဖြင့် လယ်ယာမြေပိုင်ဆိုင်မှုမရှိသူ ၂၅ ဦးကိုထည့်သွင်း လျာထားခဲ့သော်လည်း အဆိုပါကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု မရှိသူအဖြစ် ၃၄ ဦး ရှိနေရာ ကျန် ၉ ဦးသည် ထောက်ပံ့ငွေ လက်ခံရရှိတော့မည်မဟုတ်ပေ။ ကျေးရွာခေါင်းဆောင်သည် ထို ၉ ဦး အတွက်ပါ ထောက်ပံ့ငွေရရှိနိုင်ရန် အဆိုပါအစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ထိုသတ်မှတ်ငွေပမာဏထက်ပို၍ ထောက်ပံ့နိုင်ခြင်းမရှိပါ။ သို့ဖြစ်၍ခေါင်းဆောင်များသည် လက်ခံရရှိမည့် ငွေပမာဏကို ၃၄ ဦးလုံးအတွက် အညီအမျှခွဲဝေမှု ပြုလုပ်ခဲ့သည်။

အထောက်အပံ့ပေးသူမှ ချို့တဲ့သူများကို ဦးစားပေးအဖြစ် သတ်မှတ်ခဲ့သော်လည်း လက်တွေ့အခြေအနေအရ ရွာသားများသည် လူဦးရေပိုမိုထည့်သွင်း ထောက်ပံ့ပေးနိုင်ရန်နှင့် ပဋိပက္ခများမဖြစ်ပွားစေရန် ရရှိပြီးဖြစ်သော ထောက်ပံ့ငွေကို ပြန်လည်ခွဲဝေရခြင်းများ ပြုလုပ်ရသည်။

နောက်ဆုံးဥပမာတစ်ခုသည် ချင်းပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ခေါင်းလျှော်ရည် တစ်မျိုးထုတ်လုပ်ရန် ကိုယ့်အားကိုယ်ကိုး အဖွဲ့များမှ စတင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းမှ စီစဉ်ခဲ့သည်။ သို့ရာတွင် ထိုအုပ်စုသည် အရည်အသွေးထိန်းသိမ်းမှုအတွက် အာမ မခံနိုင်ခြင်း၊ လုပ်ငန်းရေရှည်ဆောင်ရွက်ရန် ငွေကြေးလိုအပ်လာမည်ဖြစ်ခြင်း စသည်တို့ကြောင့် စီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း ဆုံးဖြတ်ပြီး ထိုအဖွဲ့အစည်းထံ ပါဝင်ဆောင်ရွက်နိုင်တော့မည်မဟုတ်ကြောင်း ပြန်ကြားခဲ့သည်။

ဤအစီရင်ခံစာ၏ အခန်း ၅ မှာ ပြင်ပအထောက်အပံ့များသည် ကျေးလက်လူထုအသက်မွေးမှုများ၊ အသက်မွေး ဝမ်းကြောင်းရွေးချယ်မှုများနှင့် အကျိုးရလဒ်များအပေါ် မည်ကဲ့သို့ လွှမ်းမိုးသက်ရောက်စွမ်းရှိသည်ကို လေ့လာ ဆန်းစစ်ခြင်းဖြစ်သည်။ ချေးငွေရယူမှုနှင့် မြေအသုံးချမှုတိုးတက်ခြင်းမှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး ဆိုင်ရာအထောက်အဦများအပေါ် မည်သည့်နည်းလမ်းများဖြင့် လွှမ်းမိုးသက်ရောက်သည်ကိုလည်း သုတေသနပြု လေ့လာသည်။ ထို့ပြင်ဤအခန်းသည် ပြည်သူများအခက်ခဲရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိမှု၊ ကျေးရွာအဆင့်လူမှုရေး အဖွဲ့အစည်းများ၊ လူမှုဆက်ဆံရေးများအပေါ်ပြင်ပချေးငွေ အထောက်အပံ့များမှ စိတ်ဖြာလေ့လာသည်။

# အခန်း (၅) ပြင်ပအထောက်အပံ့အကူအညီများ

## အနှစ်ချုပ်

QSEM သုတေသနစစ်တမ်းအရ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့မှုသည် ကွင်းဆင်းလေ့လာရေးလုပ်ငန်းမစတင်မီ ၂ နှစ်ခန့်ကထက် သိသိသာသာ တိုးတက်များပြားခဲ့သော် လည်းမဖြည့်စည်း နိုင်သောလိုအပ်ချက်များစွာရှိနေသေးသည်။ ကျေးလက်အခြေခံအဆောက်အဦများ၏ လိုအပ်ချက်ကိုများစွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်းတွေ့ရှိရသည်။ အထူးသဖြင့် ကျေးလက်အခြေခံ အဆောက်အဦများအတွက် ထောက်ပံ့ပေးပြီးလျှင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိက ဦးစားပေးသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖွံ့ ဖြိုးတိုး တက်ရေးရည်ရွယ်သည့် အထောက်ပံ့များမှာ အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ကျေးလက်နေပြည်သူများ ဖော်ထုတ်ပေးသည့် ၎င်းတို့၏ အဓိကဦးစားပေးလိုအပ်ချပ်များမှာ ချေးငွေ၊ သောက်သုံးရေရရှိရေး၊ ပညာရေးနှင့် ကျေးလက်အခြေခံအဆောက်အဦများဖြစ်သည်။

အထောက်အပံ့ပေးရေးအစီအစဉ်များ၏ အကျိုးခံစားခွင့်လျာထားမှုစနစ်သည် အလှူရှင်များ ဦးစားပေးလိုသည်များကို အဓိက ထင်ဟတ်လျှက်ကျေးလက်ပြည်သူများထံမှ ပူးပေါင်းပါဝင်ဖြည့်စွက်မှု အားနည်းလျက်ရှိသည်ကိုတွေ့ရသည်။ အများအားဖြင့် ကျေးလက်ပြည်သူများသည် ကူညီပံ့ပိုးမှုအဖွဲ့မှ အဆိုပြုထားသော အထောက်အပံ့ပေးရေးလျာထားမှုပုံစံကို ကျေနပ်မှုရှိသော်လည်း ၎င်းလျာထားမှုပုံစံများသည် ရပ်ရွာလူထုအတွင်း နားလည်လက်ခံသောထိခိုက်လွယ် နွမ်းပါးသူဆို သည့်အယူအဆနှင့် ကိုက်ညီမှုမရှိပေ။ ထို့ကြောင့် ယင်းအထောက်အပံ့ပေးရေး အစီအစဉ်များအပေါ်တွင် ကျေးရွာခေါင်းဆောင်များမှ ကျေနပ်အားရမှုလျော့နည်းလျှက် ၎င်းရပ်ရွာ၏ လူမှုရေးစည်းရုံးမှုရှိစေနိုင်ကြောင်း ဖော်ပြပြောဆိုကြသည်။

အများအားဖြင့်ထောက်ပံ့ပေးမှုများကို ထောက်ပံ့မှုပံ့ပိုးပေးသောအဖွဲ့များမှ ဖွဲ့စည်းပေးထားသော ကျေးရွာကော်မတီမှတစ်ဆင့် ထောက်ပံ့မှုများကို ခွဲဝေပေးအပ်လေ့ရှိသည်။ အဆိုပါ ကော်မတီများသည် လူမှုရေးစံသတ်မှတ်ချက်များ နှင့်အညီဆုံးဖြတ်ချက်များကိုချမှတ်လေ့ရှိပြီး အထောက်အပံ့ပေးရာ၌ ထင်သာမြင်သာရှိမှုအတိုင်းအတာ တူညီလေ့မရှိပေ။ ဖြေရှင်းဆဲထောက်ပံ့မှုနှင့် သက်ဆိုင်သော မကျေနပ်ချက်များလည်းရှိသည်။ လေ့လာမှုပြုခဲ့သော ကျေးရွာထက်ဝက်ခန့်တွင် တိုင်ကြားချက်များဖြစ်ပေါ်သည်ကို တွေ့ရှိရသော်လည်း တိုင်ကြားမှုနှစ်ခုကိုသာ ကျေနပ်မှုရအောင်ပြေလည်စွာဖြေရှင်း နိုင်ခဲ့သည်ကိုတွေ့ရသည်။

ချေးငွေပေးရာ၌ အသေးစားချေးငွေအစီအစဉ်သည် ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော်လည်း ဆွေးနွေးပံ့ပိုးမှုပုံစံစည်းမျဉ်းစည်းကမ်းများနှင့် အတိုးနှုန်းနည်းပါးမှုတို့သည် ပြဿနာများကို ဖန်တီးလေ့ရှိသည်။ ကျေးလက်ပြည်သူများသည် ချေးငွေ ဆပ်ရန်ပျက်ကွက်ခြင်း (သို့မဟုတ်) အတိုးနှုန်းမြင့်မားစွာဖြင့် ပုဂ္ဂလိကငွေချေးသူများ ထံမှတစ်ဆင့်ငွေပြန်ဆပ်ရန်ငွေပြန်ချေးခြင်းစသည့် ကိစ္စရပ်များကိုတွေ့ရှိရသည်။

## ထောက်ပံ့ကူညီမှုများအပေါ်တွင်သုံးသပ်ရခြင်းအကြောင်း။

**အစိုးရနှင့် အစိုးအမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများမှပေးအပ်သည့် အထောက်အပံ့ကူညီမှုများသည် ကျေးရွာများအတွင်းစီး ဝင်လျှက်ရှိသော ရရှိခံစားနေရသော အရင်းအမြစ် အချိုးအဆတွင် သိသာစွာနေရာယူလျက်ရှိသည်။** ယင်းအချက်သည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများနှင့် အကျိုးအမြတ်များအပေါ်ပုံသဏ္ဍာန်မျိုးစုံဖြင့် အရေးပါသော သက်ရောက်မှုရှိသည်။ ပိုင်ဆိုင်မှုပစ္စည်းများ တိုးပွားလာခြင်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် စီးပွားရေးပုံစံတို့အပေါ် ကျယ်ပြန့်စွာသက်ရောက်ခြင်း၊ တွေ့ကြုံလာရသည့်ပြဿနာနှင့် အခက်အခဲများကို ထိရောက်စွာကိုင်တွယ် ရင်ဆိုင်လာနိုင်ခြင်း၊ စသည်တို့အပေါ်တွင် ပြင်ပထောက်ပံ့ကူညီမှုများမှ တိုက်ရိုက်

အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ အထောက်အပံ့ပေးအပ်သည့်နည်းလမ်းမှ ၎င်း၏အကျိုးသက်ရောက်မှုမှာ မည်သို့ရှိမည်ကို အဆုံးအဖြတ်ပေးတတ်ပါသည်။ ဥပမာအားဖြင့် အထောက်အပံ့ပေးအပ်ရန် နည်းလမ်းကို ဒေသခံများကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်ရမည့် ရပ်ရွာလူထု တွန်းအားပေးဖွံ့ဖြိုး ရေးအစီအစဉ်များအတွက် ဆွေးနွေးပွဲများ ကျေးရွာလူထုအတွင်းအပြင်နီးနှောပွဲများ ကျင်းပခြင်းဖြင့် လက်ရှိဖြစ်ပေါ်နေသော ဆက်ဆံရေး တင်းမာမှုများကို ပြေလျော့စေနိုင်ပါသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် ပြင်ပအထောက်အပံ့များသည် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာများကို ပမာဏများစွာ အလုံးအရင်းထောက်ပံ့ခြင်းသည် လက်ရှိစားသောက်ကုန်ဈေးနှုန်းများ ကျဆင်းစေခြင်း၊ လယ်သမားများအား အလုပ်မဲ့စေခြင်းနှင့် ဒေသခံများအားရင်သန် နေထိုင်ရေးအတွက် ပြင်ပအထောက် အပံ့အပေါ်အဓိက မှီခိုအားထား မှုများဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ QSEM လေ့လာမှု စစ်တမ်းသည် ပြင်ပအထောက်အပံ့များ မည်မျှရရှိသည် ဆိုသည့် အချက်နှင့်အတူ ဖြစ်ပေါ်လာသည့်ပြဿနာများ၊ ကျေးလက်ပြည်သူအကျိုးစီးပွားနှင့် စီးပွားရေးဆိုင်ရာ အကြောင်း အချက်များအပေါ် သက်ရောက်မှုများကိုပါ လေ့လာဆန်းစစ်မှုပြုရခြင်းဖြစ်ပါသည်။

ပြင်ပအထောက်အပံ့များသည် လူမှုရေးဖွဲ့စည်းမှုနှင့် လူမှုဆက်ဆံရေးများအပေါ်တွင်လည်း လွှမ်းမိုးသက်ရောက်မှု ရှိသည်။ လူမှုရေးအရ ဖယ်ကျဉ်ခံရ သူများအား ထောက်ပံ့ခြင်းသည် ယင်းတို့အတွက် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ တိုးပွားစေနိုင်သည်။ တဖက်တွင်လည်း ထိုသို့သီးခြားရွေးချယ်ထောက်ပံ့ခြင်းဖြင့် ၎င်းတို့အား သီးခြားကန့်ထုတ်မှုအသွင်ဆောင်သွားပြီး လက်ရှိ၎င်းတို့ရင်ဆိုင်နေရသော လူမှုရေးအရနေရာမရမှုမှာ ပိုဆိုးသွား နိုင်သည်။ (သို့မဟုတ်) အိမ်နီးနားချင်း အချင်းချင်းမကျေနပ်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ ကျေးလက်အခြေခံ အဆောက်အဦးများ တည်ဆောက်ပေးခြင်းသည် လူမှုရေးချည်နှောင်မှုများကို ပိုမိုခိုင်မာစေကြောင်း တွေ့ရှိရ သကဲ့သို့ ထောက်ပံ့မှုမျှတခြင်း မရှိဟုယူဆခြင်းသည် ဒေသခံများ အပြန်အလှန်ဆက်ဆံရေးကို ပိုမိုတင်းမာမှု များဖြစ်ပေါ်စေကြောင်းလည်း တွေ့ရှိရသည်။ သို့ဖြစ်၍ QSEM သည် အထောက်အပံ့ပေးရေးအစီအစဉ်များ၊ ထင်သာမြင်သာရှိမှုနှင့် တာဝန်ယူမှုတို့ကို လေ့လာဆန်းစစ်သည်။

အထောက်အပံ့ပေးခြင်းသည် အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုအပေါ် လွှမ်းမိုးသက်ရောက်မှုရှိစေသည်။ အထောက်အပံ့များခွဲဝေပေးအပ်ခြင်းသည် ခေါင်းဆောင်အသစ်များ ထပ်မံပေါ်ထွန်းစေပြီး ရှိရင်းစွဲဩဇာ လွှမ်းမိုးမှု အနေအထားကို ပြောင်းလဲမှုဖြစ်စေနိုင်သည်။ သို့သော်လက်ရှိခေါင်းဆောင်များ၏ လုပ်ပိုင်ခွင့်အာဏာကိုပိုမိုခိုင်မာ စေပြီးလုပ်ပိုင်ခွင့်အာဏာများအား လုံးကျေးရွာထိပ်ပိုင်း ဩဇာရှိသူတို့ကသာ သိမ်းကျုံးရယူစေမှုမျိုး ဖြစ်ပေါ်စေနိုင် သည်။ ထို့ကြောင့် QSEM သည် အထောက်အပံ့ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်ကဲ့သို့ချမှတ်သည် ဆိုသည့်အချက်နှင့် အဆိုပါအထောက်အပံ့များသည် အဖွဲ့အစည်းများနှင့် ဒေသတွင်းခေါင်းဆောင်မှုအပေါ် မည်မျှ အထိသက်ရောက်မှု ရှိသည်ကို လေ့လာဆန်းစစ်ပါသည်။

QSEM ၏လေ့လာဆန်းစစ်မှုသည် အောက်ပါအချက်များဖြစ်သည်။

- **ပြင်ပအထောက်အပံ့များ၏ သွင်ပြင်လက္ခဏာရပ်များ**
  - ❑ အထောက်အပံများ လက်ခံရရှိမှု
  - ❑ ပြင်ပအထောက်အပံ့နှင့် ဒေသလိုအပ်ချက်ကိုက်ညီမှု
- **အထောက်အပံပေးသင့်သူများကို ရွေးချယ်သတ်မှတ်ဆောင်ရွက်ပုံ**
  - ❑ အထောက်အပံ့လျာထားသတ်မှတ်မှုပုံစံများ
  - ❑ သင့်လျော်မျှတစွာ လျာထားသတ်မှတ်မှု

- ❖ **အထောက်အပံ့ပေးအပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်**
    - ❑ အထောက်အပံ့ပေးအပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု
    - ❑ ဒေသဆိုင်ရာကျေးရွာဒေသခံအဖွဲ့အစည်းများ၏ အခန်းကဏ္ဍထင်သာမြင်သာရှိမှု
    - ❑ အခက်အခဲပြဿနာများဖြေရှင်းပုံ
- ❖ **ပြင်ပအထောက်အပံ့များအပေါ် လွှမ်းမိုးသက်ရောက်မှု**
    - ❑ ပြင်ပထောက်ပံ့ကူညီမှု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှု အပေါ် လွှမ်းမိုးသက်ရောက်မှုများ

**ခြုံငုံသုံးသပ်မှုပြုရလျှင် ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်းမပြုမီ နှစ်နှစ်ကာလတွင် ပြင်ပအထောက်အပံ့ပေးမှုများ သိသိသာသာများပြားလာသော်လည်း ကျေးရွာလိုအပ်ချက်များ လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်း QSEM မှ လေ့လာတွေ့ရှိသည်။** အထူးသဖြင့် ကျေးလက်အခြေခံ အဆောက်အဦကဲ့သို့သော ကျေးလက်ပြည်သူများ၏ ဦးစားပေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပေ။ ထောက်ပံ့မှုပေးသင့်သူများ ရွေးချယ်သတ်မှတ် ဆောင်ရွက်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားနည်းလျှက်ရှိပြီး အထောက်အပံ့ပေးသူများနှင့် ဒေသခံများအကြား ဦးစားပေးထောက်ပံ့ရန် အစီအစဉ်များသတ်မှတ်မှုတွင် ကွဲလွဲမှုများရှိလာတတ်ပါသည်။ အထောက်အပံ့ပေးသူများ၏ ပံ့ပိုးမှုဖြင့်ဖွဲ့စည်းထားသော ကျေးရွာကော်မတီများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်အတိုင်းအတာရှိသည်ကိုတွေ့ရပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံးပုံသည် လက်ရှိ လူမှုရေးအဖွဲ့အစည်းများနှင့် ဖွဲ့စည်းမှုအနေအထားတို့ကို ထင်ဟပ်စေသည်။ အချုပ်အားဖြင့်ဆိုသော် ပြင်ပ အထောက်အပံ့ပေးခြင်းသည် ကောင်းကျိုး၊ ဆိုးကျိုးရောပြွမ်းလျက်ရှိသည်။ စားနပ်ရိက္ခာဖူလုံပြီး ဒေသခံများ အတွက် အကျိုးကျေးဇူး များစွာဖြစ်ထွန်းစေသော်လည်း ဈေးကွက်ရရှိနိုင်မှု ကန့်သတ်ချက်များကြောင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာကူညီ ထောက်ပံ့မှုများ၏ အကျိုးရလာဒ်များမှာ အပြည့်အဝဦးတည်ချက်ရောက် ပြည့်မြောက်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

## ပြင်ပအထောက်အပံ့များ၏ သွင်ပြင်လက္ခဏာရပ်များ


၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း လေ့လာမှုတွင်ပါဝင်ခဲ့သော ကျေးရွာများ၌ ပြင်ပအထောက်အပံ့ ရရှိမှု အတိုင်းအတာ သိသိသာသာ မြင့်တက်လျက်ရှိသည်။ [၁၈] ထိုသို့ မြင့်တက်လာမှုတွင် ဒေသတစ်ခုနှင့်တစ်ခု မတူညီ မှုများကို တွေ့ရသည်။

ချင်းပြည်နယ်တွင် ငွေကြေးထောက်ပံ့စီးဝင်မှုသည် တဖြည်းဖြည်း မြင့်တက်လာသည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကအားဖြင့် အစိုးရစိုက်ပျိုးရေးဘဏ် ချေးငွေအားဖြင့် အထောက်အပံ့ရရှိ သည်။ သို့သော် ယေဘုယျအားဖြင့် ချင်းပြည်နည်နှင့်နှိုင်းယှဉ်လျှင် ပြင်ပအထောက်အပံ့ရရှိမှု နည်းပါးသည်။ ရခိုင်ပြည်နယ်တွင် ကျေးရွာအနည်းငယ်အတွက် စိုက်ပျိုးရေးချေးငွေရရှိခြင်းမှအပ ၂၀၀၀ ခုနှစ်မှ ၂၀၀၉ ခုနှစ် အတွင်း ပြင်ပ အထောက်အပံ့ ရရှိခြင်းမရှိပါ။ သို့သော် ၂၀၁၀ ခုနှစ် ဂီရိဆိုင်ကလုန်း လေဘေးဒဏ်သင့်ပြီးနောက် ပြင်ပအထောက်အပံ့များ သိသိသာသာ တိုးတက်ရရှိခဲ့သည်။

---


[၁၈] စီမံကိန်းများတွင် ပြင်ပမှထည့်ဝင်ထောက်ပံ့မှုကို ငွေကြေးပမာဏအားဖြင့် တိုင်းတာသိရှိရန်ခက်ခဲပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျေးရွာသားများသည် ထောက်ပံ့မှု၏ ငွေကြေးပမာဏကိုသိရှိထားလေ့မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် စာရင်းကောက်သူများ သည် ပြင်ပထောက်ပံ့မှု ပမာဏကို ခန့်မှန်းရာတွင်ပါဝင်ရောက်သော စီမံကိန်းဆိုင်ရာအရေအတွက်ကိုသာ မှန်းဆမှုတခုအနေနှင့် အသုံးပြုခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအသီးသီး၏ အကောင်အထည်ဖော်သော ငွေကြေးပမာဏများကွဲပြားသော်လည်း ပံ့ပိုးမှုအတိုင်း အတာကိုမှန်းဆရန် စီမံကိန်းအရေအတွက်ကိုကြည့်ခြင်းသည် လက်တွေ့ကျသည်ဖြစ်သောကြောင့် ထိုနည်းအားဖြင့်သာ မှန်းဆမှု ပြုနိုင်ခဲ့ပါသည်။

### ပုံ (၁၄) ဒေသအလိုက် ပြင်ပအထောက်အပံ့ရရှိမှု




ဒေသအားလုံးတွင် LIFT အဖွဲ့မှ ငွေကြေးပံ့ပိုးသည့်စီမံကိန်းများကြောင့် ပံ့ပိုးမှုပမာဏများ တိုးတက်မြင့်မားလာသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် ငွေကြေးထောက်ပံ့မှုများ သိသာစွာ မြင့်တက်လာသည်။

### ပုံ (၁၅) နှစ်အလိုက် LIFT အဖွဲ့မှ ရံပုံငွေထည့်ဝင်ထားသည့် စီမံကိန်းအရေအတွက်




| | ရခိုင် | မကွေး | မန္တလေး | ချင်း |
|---|---|---|---|---|
| ၂၀၀၀ခုနှစ်မတိုင်မီ | ၃ | ၁၀ | ၆ | ၁ |
| ၂၀၀၀မှ၂၀၀၅ | 0 | ၄ | ၆ | ၈ |
| ၂၀၀၆မှ၂၀၀၉ | 0 | ၅ | ၂ | ၁၉ |
| ၂၀၁၀မှ၂၀၁၂ | ၅၄ | ၂၃ | ၂၂ | ၄၄ |

**ဖွံ့ ဖြိုးတိုးတက်ရေးထောက်ပံ့မှု အများစုသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထောက်ပံ့ပေးခဲ့သည်။**

[၁၉] ထောက်ပံ့မှု အများစုသည် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကုလသမဂ္ဂနှင့် အစိုးရတို့မှ ထောက်ပံ့ပေးသည်။ ဤလေ့လာမှုစစ်တမ်းအရ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထောက်ပံ့ပေးမှုသည် ငွေကြေးထောက်ပံ့မှု စီမံကိန်းအားလုံး၏ ၅၅ ရာခိုင်နှုန်း ရှိပြီး အစိုးရထောက်ပံ့မှုသည် ၁၈ ရာခိုင်နှုန်း၊

[၁၉] QSEM လေ့လာမှုမှ မှတ်တမ်းပြုခဲ့သော ထောက်ပံ့မှုပေးသူများဆိုသည်တွင် အလှူရှင်များနှင့် အကောင်အထည်ဖော်သော အဖွဲ့များ နှစ်မျိုးစလုံးပါဝင်သည်။ ၎င်းတို့အကြား ကွဲပြားခြားနားမှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ကျေးရွာသားများသည် မည်သည့်အဖွဲ့က အလှူရှင်၊ မည်သည့်အဖွဲ့က အကောင်အထည်ဖော်သောအဖွဲ့ဆိုသည်ကို ယေဘုယျအားဖြင့် ကွဲပြားစွာသိရှိလေ့မရှိပါ။

ကုလသမဂ္ဂအဖွဲ့အစည်းများမှ ၂၀ ရာခိုင်နှုန်းရှိသည်။ တစ်ဦးချင်းသီးခြားထောက်ပံ့မှုများ၊ ပုဂ္ဂလိကစီးပွားရေး ကဏ္ဍနှင့် ဘာသာရေးအဖွဲ့ အစည်းများ၏ ထောက်ပံ့မှုများလည်းရှိကြောင်းတွေ့ရှိရသည်။

**ပြင်ပအထောက်အပံ့အများစုသည် အသက်မွေးဝမ်းကြောင်းဖွံ့ ဖြိုးရေးကို အဓိကရည်ရွယ်၍ စိုက်ပျိုးရေးကဏ္ဍကို အလေးပေးသည်။** သို့သော်လည်း စားနပ်ရိက္ခာဖူလုံရေး၊ ဒေသတွင်းခေါင်းဆောင်မှုအရည်အသွေးမြှင့်တင်ရေး စသည့် အခြားရည်ရွယ်ချက်များပြည့်မြောက်ရေးအတွက် အသက်မွေးဝမ်းကြောင်း တိုးရေးကိုပံ့ပိုးမှုပေးခြင်း ကိုလည်းတွေ့ရသည်။ ၂၀၁၁ ခုနစ်နှစ်လယ်ခန့်မှစတင်၍ ဒေသအားလုံးတွင် စိုက်ပျိုးရေးချေးငွေရရှိမှု မြင့်တက်ခဲ့သည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ ဖြိုးရေးဘဏ် ချေးငွေပမာဏသည် တစ်ဧကလျှင် ကျပ်နှစ်သိန်းမှ ကျပ်လေးသိန်း အထိနှစ်ဆမြင့်တက်လာသည်။ ထို့ပြင် ဆောင်းသီးနှံအတွက်လည်း ချေးငွေထပ်မံ ထောက်ပံ့ပေးလျက်ရှိပြီး ချေးငွေပေး ဆပ်ရန်ကာလကို တိုးမြှင့်သတ်မှတ်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွက် ထောက်ပံ့မှု ထက်ဝက်ခန့်သည် အစိုးရနှင့် အစိုးရမဟုတ် သောအဖွဲ့အစည်းများမှ ချေးငွေများဖြစ်သည်။ အခြား ထောက်ပံ့မှုများသည် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်သောပစ္စည်းများနှင့် စိုက်ပျိုးရေးနည်းပညာများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများ ပြုပြင်တည်ဆောက်ပေး ခြင်းတို့ဖြစ်သည်။

ဒေသအသီးသီးတွင် ကျေးရွာအခြေခံအဆောက်အဦများ ထောက်ပံ့ပေးခြင်းသည် ဒုတိယအများဆုံး တွေ့ရသည့် ကူညီထောက်ပံ့မှုပေးသည့် ပုံစံဖြစ်သည်။ ၃၉ ရာခိုင်နှုန်းသည် သောက်သုံးရေရရှိရေး၊ ၂၅ ရာခိုင်နှုန်းသည် စာသင်ကျောင်းများတည်ဆောက်ရေးနှင့် ၂၂ ရာခိုင်နှုန်းသည် လမ်းပမ်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် ဖြစ်သည်။ အဆိုပါစီမံကိန်းများကို အများအားဖြင့် မြေယာပိုင်ဆိုင်မှုမရှိသည့် ကျပန်းအလုပ်သမားများ အလုပ်အကိုင်ရရှိရေးရည်မှန်း၍ “အလုပ်ပေးငွေပံ့ပိုးမှုအစီအစဉ်” (cash for work) အားဖြင့် လုပ်အားခပေး အကောင်အထည်ဖော်ဆောင်ရွက်သည်။

**ကျေးလက်ပြည်သူများသည် လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ရေး၊ လယ်ယာသွင်းအားစု လိုအပ်ချက်များ ပိုမိုရရှိရေး၊ ချေးငွေ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ စာသင်ကျောင်းများတည်ဆောက်ရေးတို့ကို ဦးစားပေး လိုအပ်ချက်အဖြစ် ထုတ်ဖော်ပြောဆိုကြသည်။** အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေး တိုင်းဒေသကြီးတို့တွင် မိုးရေများသိုလှောင်ထားရှိရန် ကန်များလိုအပ်ကြောင်း အစီရင်ခံတင်ပြသည်။ ချင်းပြည်နယ်တွင် သဘာဝရေပူစမ်းမျာ းရေများကို နေအိမ်များတွင်သုံးစွဲရန်နှင့် စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်ရေး သိုလှောင်ထားရှိရန် ကွန်ကရစ်ကန်များ လိုအပ်ကြောင်းပြောကြသည်။

**ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိပြည်သူများသည် ယင်းတို့နေထိုင်ရာနေရာနှင့် ဈေးများကို ဆက်သွယ်ထားသောလမ်းများ ပိုမိုကောင်းမွန်ရန်လိုအပ်ကြောင်း အထူးပြုပြောဆိုကြသည်။** ချင်းပြည်နယ်ရှိ ရွာအများစုတွင် အမြဲတမ်း ရေရှည်သွားလာနေသည့် လမ်းပန်းဆက်သွယ်မှုမျိုး မရှိသည့်အပြင် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ဆိုးရွားမှု အဆိုးဆုံးအခြေအနေကို ကြုံတွေ့ရသည်။ ချင်းပြည်နယ်ရှိ ဝေးလံခေါင်ဖျားရွာတစ်ရွာမှ ရွာလူကြီး တစ်ဦးသည် “မိမိတို့အနေဖြင့် စားသုံးရန် ဆန်သာလိုအပ်ကြောင်း၊ ဆန်ရှိလျှင် လမ်းဖောက်မည်ဖြစ်ကြောင်း၊ လမ်းခင်းရန်ငွေမရ ရှိသော်လည်း ဆန်ရှိလျှင်မိမိတို့ကျေးရွာနှင့် မြို့ကိုဆက်သွယ်ရန် လမ်းခင်းနိုင်မည်ဖြစ်ကြောင်း” အစီရင်ခံတင်ပြသည်။ ရခိုင်ပြည်နယ်တွင်လည်း အခြေအနေချင်းများစွာ ကွာခြားမှုမရှိပေ။ လမ်းပန်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ အချိန်များစွာ အသုံးပြုရပြီးလှေဖြင့် အန္တရာယ်ကြီးမားစွာ သွားလာဆက်သွယ်လျက်ရှိသည်။ ရခိုင်ပြည်နယ်ရှိကျေးရွာများသည်ဂီရိ ဆိုင်ကလုန်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရေကာတာများကိုလည်း ပြုပြင်လိုကြောင်း တင်ပြအစီရင်ခံသည်။

**သို့သော်လည်း ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ဖွံ့ ဖြိုးတိုးတက်ရေး သိသာ**

**ထင်ရှားသည့် အထောက်အပံ့ပေးမှုမရှိခဲ့ပေ။** ချင်းပြည်နယ်တွင် လမ်းဆောက်လုပ်ရေး စီမံကိန်းတစ်ခုသာရှိပြီး ရခိုင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ စီမံကိန်းလေးခုသာရှိကြောင်း စာရင်းကောက်သူများမှ ဖော်ပြထားသည်။ အဆိုပါ လမ်းစီမံကိန်း (၄) ခုအနက် (၃) ခုသည် ကျေးရွာတွင်း အသုံးပြုရန်သာဖြစ်ပြီးတစ်ခုသာ အခြားနေရာနှင့်ဆက်သွယ်ရန်ဖြစ်သည်။ ဝေးလံခေါင်ဖျားကျေးရွာများနှင့် မြို့ကြီးများ၊ အထူးသဖြင့် ဈေးများရှိပြီးဒေသထွက် ကုန်များဈေးကွက်ဝင်နိုင်သော မြို့ကြီးများနှင့်ဆက်သွယ်ပေးရန် သင့်တော်ကောင်းမွန်သောလမ်းများမှာ ဖြည့်ဆည်းပေး နိုင်ခြင်းမရှိသေးသောဦးစားပေးလိုအပ်ချက်ဖြစ်လျှက်ရှိသည်။

ကျေးလက်ပြည်သူများသည် ဈေးငွေကဲ့သို့သော အသက်မွေးဝမ်းကျောင်းအတွက် ပံ့ပိုးမှုများကိုလည်းလိုအပ်ချက်အဖြစ်ထုတ်ဖော်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ အများအပြားဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဈေးငွေအများစုရရှိကြသည်။ သို့သော်ရွာသားများ၏ ပြောကြားချက်အရ လယ်သမားများရရှိသော ဈေးငွေပမာဏသည် လုံလောက်မှုမရှိ ကြောင်း လေ့လာသိရှိရသည်။

**ကျေးလက်ပြည်သူများ၏ အစီရင်ခံချက်အရ သောက်သုံးရေရရှိရေးလိုအပ်ချက်သည်လည်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပေ။** သောက်သုံးရေရှိရေး အထောက်အပံ့ပေးသည့် စီမံကိန်းများသည် အပူပိုင်းဒေသတွင် အများဆုံးတည်ရှိသော်လည်း လိုအပ်ချက်များသည် ထောက်ပံ့ပေးမှုအတိုင်းအတာထက်များ နေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်အနီးရှိ ရွာသားအများစုသည် သောက်သုံးရေသာမက စိုက်ပျိုးရေပါ လိုအပ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် ယေဘုယျအားဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေလိုအပ်လျက်ရှိရာ ရေသိုလှောင်မှုပြုနိုင်ရန် ရေကန်များနှင့်တိုင်ကီများ များစွာဖန်တီး ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ သို့ရာတွင် QSEM လေ့လာဆန်းစစ်မှုပြုလုပ်သော ကျေးရွာများတွင် သောက်သုံးရေ သိုလှောင်မှုအတွက်ပိုမိုကောင်းမွန်သော ပံ့ပိုးမှုစီမံကိန်းများကို မတွေ့ရှိခဲ့ရပေ။

**မူလတန်းကျောင်းပညာရေး လိုအပ်ချက်နှင့်ပတ်သက်၍လည်း လိုအပ်ချက်များရှိနေသည်ကို တွေ့ရသည်။** ကွင်းဆင်းလေ့လာမှုပြုလုပ်ရာဒေသများတွင် ကျေးရွာမူလတန်းကျောင်း လိုအပ်ချက်နှင့်ပတ်သက်၍ လိုအပ်ချက်များရှိကြောင်းကျေးရွာအများစုမှ ပြောကြားခဲ့သည်။ စာသင်ကျောင်းများ ဆောက်လုပ်ရန် ရန်ပုံငွေမရှိခြင်း၊ ခန့်အပ်ရန် ဆရာ၊ ဆရာမ မရှိခြင်းနှင့် မူလတန်းကျောင်းတည်ထောင်နိုင်ရေးအတွက် မြို့နယ်ပညာရေးအရာရှိများထံမှ ခွင့်ပြုချက်ရရှိရန် ခက်ခဲခြင်းတို့ဖြစ်သည်။ ရွာသားများသည် လိုအပ်သောခွင့်ပြုချက်များရရှိရန် သက်ဆိုင်ရာအရာရှိများအား လာဘ်ထိုးရလေ့ရှိသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အဓိက ရင်ဆိုင်နေရသည့် အခက်အခဲသည် အစိုးရဝန်ထမ်း ဆရာ၊ ဆရာမ အရေအတွက်လုံလောက်မှုမရှိခြင်းဖြစ်သည်။ ထို့ပြင် မကြာခဏ တွေ့ကြုံရသည့် အခက်အခဲတစ်ခုမှာ ဆရာ၊ ဆရာမများအတွက် သင့်လျော်သောလစာပေးရန် မတတ်နိုင်ခြင်းဖြစ်သည်။

**အထောက်အပံ့ပေးအပ်သင့်သူများကို မည်ကဲ့သို့ရွေးချယ်သတ်မှတ်သနည်း။ တရားမျှတမှုရှိစေရန် မည်ကဲ့သို့ဆောင်ရွက်သနည်း။**

အထောက်အပံ့ပေးအပ်မှုကို လျာထားရာတွင် အလှူရှင်များ၏ ဦးစားပေးအစီအစဉ်အရသာဖြစ်သည်။ ရွာသားများထံမှ ရယူသောအကြံပြုချက်မှာ နည်းပါးသည်။ စီမံချက်အားလုံးတွင် အထောက်အပံ့ပေးအပ်ရန် သတ်မှတ်မည့် လူဦးရေကို အထောက်အပံ့ပေးသူများနှင့် အလှူရှင်များကိုယ်တိုင်ယင်းတို့၏ ကိုယ်ပိုင်စံသတ်မှတ်ချက်များ၊ လေ့လာချက်များနှင့် ဦးစားပေးအစီအစဉ်အပေါ်မူတည်၍ ရွေးချယ်သတ်မှတ်သည်။ ဥပမာအားဖြင့် အထောက်အပံ့ပေးသူများက ထိခိုက်လွယ် ချို့တဲ့သူများဟုမှတ်ယူသည့် မြေယာမဲ့အလုပ်သမားများ၊ အမျိုးသမီးများနှင့် လယ်သမားများကဲ့သို့သော သီးခြားအသက် မွေးဝမ်းကြောင်းပြုသူများကို အခါအားလျော်စွာ ရွေးချယ်

ခေါင်းဆောင်များ၏ အခန်းပါဝင်မှုကလွှာ မရှိမဖြစ်လိုအပ်သည်။ ဥပမာအားဖြင့် ရေကန်တူးဖော်သော ကိစ္စများတွင်ဖြစ်သည်။ အပူပိုင်းဒေသကျေးရွာများတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် ဖွံ့ ဖြိုးရေးဘဏ်မှပံ့ပိုးသော ချေးငွေအားဖြင့်အစိုးရထောက်ပံ့မှု လက်ခံရရှိခြင်းကို အများအားဖြင့်တွေ့ရသည်။

**ကျေးရွာကော်မတီများအတွင်း ဆုံးဖြတ်ချက်ချမှတ်မှုသည် ရှိရင်းစွဲလူမှုရေးစံနှုန်းများကို ထင်ဟတ်လေ့ရှိသည်။** ထောက်ပံ့မှုအများစုသည် စီမံကိန်းအတွက် ထောက်ပံ့သူအဖွဲ့များ ရည်ရွယ်ဖွဲ့စည်းထားသော သီးခြားဖွဲ့စည်းထားသော အဖွဲ့များမှတစ်ဆင့် ခွဲဝေပေးအပ်သည်။ ထိုအဖွဲ့များသည် သတ်မှတ်ထားသော ဆုံးဖြတ်ချက်မချမှတ်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့် အများပါဝင်စေခြင်း စသည်တို့မည်သို့ပင်ရှိစေကာမူ ရှိရင်းစွဲ ရပ်ရွာလက်ခံသော လူမှုရေးနှင့်စံများဖြင့်သာ လှုပ်ရှားလည်ပတ်ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ကျေးရွာရပ်မိရပ်ဖများသည် ကော်မတီဝင်အဖြစ် မည်သူပါဝင်သင့်သည်ဆိုသည့်အပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိပြီး ကော်မတီတွင် အမျိုးသမီးပါဝင်မှုမှာ နည်းပါးသည်ကို တွေ့ရလေ့ရှိသည်။ အထောက်အပံ့ပေးသူများ၏ စည်းမျဉ်းစည်းကမ်းအရ အမျိုးသမီးများသည် ကော်မတီတွင်ပါဝင်ရလျှင်လည်း အမည်ခံပါဝင်မှုမျိုးကိုသာ ပြုလုပ်လေ့ရှိကြောင်း တွေ့ရသည်။[20]

**ပြင်ပအထောက်အပံ့များအပေါ် ထင်သာမြင်သာရှိမှု အတိုင်းအတာကွဲပြားသည်။** ဒေသခံများအား စီမံကိန်းပြုလုပ်မည့်အစီအစဉ်များနှင့်ပတ်သက်၍ အသိပေးသော်လည်း စောင့်ကြည့်လေ့လာသည့်အပိုင်းတွင် ပါဝင်လေ့မရှိပေ။ ရွာသားများသည် ကျေးရွာရပ်မိရပ်ဖများ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် မိမိတို့ကျေးရွာတွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလကို သိရှိရသည်ဟု အစီရင်ခံတင်ပြသည်။ အထောက်အပံ့ ပေးသူများ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာစီမံကိန်းအဖွဲ့များသည် စီမံကိန်းတိုးတက်ဖြစ်ထွန်းမှုအား ရွာသားများကို ပုံမှန်အသိပေးလေ့ရှိပြီး ငွေကြေးစာရင်းဇယားမှတ်တမ်းများကိုမူ ၎င်းတို့အဖွဲ့ဝင်များကိုသာအသိပေးလေ့ရှိသည်။ စီမံကိန်းတိုးတက်မှုအတွက် အကဲဖြတ်စစ်ဆေးသည့် အပိုင်းတွင်မူ ရွာသားများပါဝင်လေ့မရှိကြောင်း ကျေးရွာအားလုံးမှ အစီရင်ခံတင်ပြသည်။ စီမံကိန်းအခြေအနေကောင်းမွန်နေသည်ဟု အကဲဖြတ်၍ရသည့်တိုင် ရွာသားများကိုယ်တိုင်ပါဝင် ကဲဖြတ်ခြင်း မဟုတ်သကဲ့သို့ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ် သို့မဟုတ် အကဲဖြတ်တွေ့ရှိခဲ့သည့်အကြောင်းအရာတို့ကို ရွာသားများအား အသိပေးလေ့မရှိပေ။

**ကျေးရွာထက်ဝက်ခန့်တွင် တိုင်ကြားမှုများဖြစ်ပေါ်လေ့ရှိပြီး တိုင်ကြားချက်အများစုမှာကြေလည်အောင်ဖြေရှင်းပြီးချင်းမရှိသေးပေ။** အထောက်အပံ့ပေးမှု၏ အကြောင်းအရင်းမျိုးစုံနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများဖြစ်ပေါ်ပါသည်။ အကျိုးခံစား သူများရွေးချယ်လျာထားခြင်း၊ ထောက်ပံ့မှုဖြန့်ဝေခြင်း အကောင်အထည်ဖော်ခြင်း စသည့် ကိစ္စရပ်အမျိုးမျိုးနှင့်စပ်လျဉ်းသော တိုင်ကြားချက်များဖြစ်သည်။ ကျေးရွာသားများသည် ဖွဲ့စည်းထားသော ကျေးရွာကော်မတီများကို ချဉ်းကပ်ခြင်း (သို့မဟုတ်) အထောက်အပံ့ပေးသည့်အဖွဲ့များကိုချဉ်းကပ်ခြင်း နည်းများဖြင့်မကျေနပ်မှုများကိုဖြေရှင်းရန် အများဆုံးကြိုး စားဆောင်ရွက်လေ့ရှိသည်။ သို့ရာတွင် ပေါ်ပေါက်ခဲ့သော တိုင်ကြားမှုများအနက်မှ တိုင်ကြားမှုနှစ်ခုသာ ကျေးရွာလူထုစိတ် ကျေနပ်မှုရအောင် ဖြေရှင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။

---

[20] ဤလေ့လာမှုစစ်တမ်းတွင် လေ့လာသူများအနေဖြင့် ဖော်ပြပါကော်မတီများအတွင်းဆင်းရဲ နွမ်းပါးသူများနှင့် လူမှုဖယ်ကျဉ်ခံရသူများ၏ ပါဝင်မှုနှင့်စပ်လျဉ်းပြီး အသေးစိတ်အချက်အလက်ရယူခဲ့ခြင်းမရှိပေ။ တစ်နည်းအားဖြင့် ပိုမိုပြည့် စုံသူများမှ အဆိုပါကော်မတီများတွင်အဓိက သို့ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။ ပြင်ပထောက်ပံ့သူများမှ ဖွဲ့စည်းပေးထားသော ကော်မတီများမှ မြေယာမဲ့ကဲ့သို့သောအခြားသော အသက်မွေးမှုအုပ်စုများကို ကော်မတီတွင်းနေရာပေးမှုကို နေရာအနည်းငယ်တွင်သာ တွေ့ရှိခဲ့ရပါသည်။

**အထောက်အပံ့ပေးမှုတွင်မည်သို့သောသက်ရောက်မှုများရှိခဲ့သနည်း။**

**QSEM သည် ပြင်ပအထောက်အပံ့များ၏ သက်ရောက်မှုများကိုတရားဝင် အကဲဖြတ်သည့်လေ့လာမှုမဟုတ်ပါ။ သို့သော်လည်း ပြင်ပအထောက်အပံ့အပေါ် ရွာသားများအမြင်နှင့် ဖြစ်ပေါ်လာတတ်သော ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကြားသိလေ့လာမှုပြုခဲ့ပါသည်။**

**"အလုပ်ပေးငွေပံ့ပိုးမှုအစီအစဉ်" (cash for work Programs) သည်မြေယာမဲ့များနှင့် ပိုင်ဆိုင်မှုမရှိသူများနှင့် အခြားထိခိုက်လွယ်နွမ်းပါးသူများအတွက် စားနပ်ရိက္ခာလုံလောက်မှုတိုးတက် လာစေပြီး ရွာသားများအတွက် အကျိုးရှိကြောင်းသိရှိခဲ့ရသည်။** ကျေးလက်ပြည်သူများသည် အဆိုပါအစီအစဉ်များမှ ရရှိသောငွေကြေးများကို အကြွေးပြန်ဆပ်ရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များအတွက် အသုံးပြုသည်။ ထို့ပြင် ချို့တဲ့နွမ်းပါး သူများသည် အလုပ်ပေးငွေပံ့ပိုးမှုအစီအစဉ်(cash for work Programs)အားဖြင့်၄င်းတို့၏နေအိမ် ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်သည့် သာဓကများစွာကို လေ့လာတွေ့ရှိရသည်။

**"အလုပ်ပေးငွေပံ့ပိုးမှုအစီအစဉ်"(Cash for work Programs) အားဖြင့်အကောင်အထည်ဖော်သော အသေးစား ရပ်ရွာအဆောက်အဦးများသည် ကန်ထရိုက်တာကဲ့သို့သော ပြင်ပအထောက်အပံ့ ပေးသူများ တည်ဆောက် ပေးသော ဒေသအခြေခံအဆောက်အဦများထက် အရည်အသွေးကောင်းမွန်ခြင်း ရှိ/မရှိ ဆိုသည်မှာ မရှင်းလင်း သေးသောအချက်ဖြစ်ပါသည်။** အဆိုပါအဆောက်အဦများသည် ပြင်ပအထောက်အပံ့ပေးသူများ တည်ဆောက် ပေးသော ဒေသအခြေခံအဆောက်အဦများထက် ပိုမိုကောင်းမွန်သည်ဟု အချို့သောကျေးရွာများမှ တင်ပြ အစီရင်ခံသော်လည်း အလုပ်ပေးငွေချေမှုအစီအစဉ်(Cash for work Programs))များမှ ဖန်တီးပေးနိုင်သော အသေးစား အခြေခံအဆောက်အဦအများစုအား ဆောက်လုပ်ရာတွင် အင်ဂျင်နီယာ သို့မဟုတ် အခြား ပညာရှင်များ ခေါ်ယူခြင်းမရှိကြောင်းနှင့် အဆိုပါအဆောက်အဦများ ဆောက်လုပ်ရန် ရက်အနည်းငယ်သာ ပေးသော အချိန်ကန့်သတ်ချက်ရှိသောကြောင့် တစ်ခါတစ်ရံ အလျင်စလိုဆောက်လုပ်ရခြင်းများရှိကြောင်း စာရင်း ကောက်သူများမှ လေ့လာသိရှိခဲ့ရပါသည်။ ယင်းကိစ္စရပ်သည် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အရေးပါသည်ဖြစ်ရာ QSEM 2 တွင်အသေးစိတ်ပို၍သိရှိရန် ကြိုးစားမည်ဖြစ်ပါသည်။

**ဈေးကွက်လက်လှမ်းမှီရေးသည် အသက်မွေးဂမ်းကြောင်း အထောက်အကူပြုပံ့ပိုးမှုအများသည် ရွာသားများ အတွက် အကန့်အသတ်သဖွယ်ဖြစ်နေသည်။** အသက်မွေးဝမ်းကြောင်း အထောက်အကူ ပြုပံ့ပိုးမှုများသည် ရွာသားများအတွက် အကျိုးရှိစေသော်လည်း ထပ်မံဖြစ်ထွန်းဖွယ်ရာရှိသည့် အကျိုးရလာဒ်များအတွက် ဈေးကွက် လက်လှမ်းမှီမှုနည်းပါးခြင်းက အဟန့်အတားသဖွယ်ဖြစ်နေသည်။ ထုတ်ကုန်များကို ဈေးကွက်သို့တင်ပို့ရန် မစွမ်းဆောင်နိုင်သောကြောင့် ရွာသားများ၏ ကုန်ထုတ်လုပ်မှုသည် အကန့်အသတ်ဖြင့်သာထုတ်လုပ်နိုင်သည်။ မြို့ကြီးများနှင့် ဆက်သွယ်မှုရှိသော ကျေးရွာများတွင်ပင် တိုးမြှင့်ထုတ်လုပ်မှုအတွက် လုံလောက်သောဈေးကွက် ဝယ်လိုအားမရှိပေ။ အချို့သော ဒေသထွက်ကုန်များသည် ခရီးဝေးသယ်ယူပို့ဆောင်ရန် အဆင်ပြေခြင်းမရှိပေ။ ထို့ပြင်အလှမ်းဝေးဒေသများအတွက် ကြီးမြင့်သောသယ်ယူပို့ဆောင်ရေး စရိတ်စကများကြောင့် ၄င်းထွက်ကုန် များကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းစေသည်။

**ပြင်ပအထောက်အပံ့ကိစ္စများ ဆောင်ရွက်သည့် ကျေးရွာကော်မတီများသည် လက်ရှိလူမှုရေးစံ သတ်မှတ် ချက်များကို အခြေခံဆုံးဖြတ်ကြသော်လည်း အဆိုပါကော်မတီအဖွဲ့တွင် ပါဝင်ဆောင်ရွက်မှုများမှ သိသာသော လူမှုရေး သက်ရောက်မှုများရှိသည်။** စာရင်းကောက်သူများသည် ဒေသခံအဖွဲ့အစည်းများနှင့် ခေါင်းဆောင် များကြား တည်ရှိနေသော စွမ်းရည်တိုးတက်မှုကိုလည်း လေ့လာဆန်းစစ်သည်။ ဥပမာအားဖြင့် စာရင်း မှတ်တမ်းထားရှိနိုင်မှုစွမ်းရည်၊ အစိုးရအဖွဲ့များ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များကြား

ဆက်သွယ်ချိတ်ဆက်ရေး ဖန်တီးနိုင်မှုစွမ်းရည်တို့ကို လေ့လာခြင်းဖြစ်သည်။ အမျိုးသမီးအများစုသည် ကျေးရွာ ကော်မတီများတွင်ပါဝင်ဖြင်းဖြင့် ပညာရေးကို ပိုမိုစိတ်ဝင်စားမှုရှိလာပြီး တက်ကြွမှုပိုရှိလာသည်ကိုလည်း လေ့လာ တွေ့ရှိရသည်။ ရခိုင်ပြည်နယ်ဖက်တွင် ကျေးရွာတစ်ရွာတွင် ရွာသောက်ရေကန် အကောင်အထည်ဖော်ရေး အတွက် ကျေးရွာစီမံကိန်းစုငွေကို အသုံးပြုရန် အမျိုးသမီးများ ဦးဆောင်ခဲ့သည်။ ချင်းပြည်နယ်တွင် ပြင်ပ ထောက်ပံ့သူများ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းအချို့သည် ချေးငွေစီမံကိန်းများမှရရှိသော အတိုးငွေ များကို ရန်ပုံငွေ တစ်ရပ်ထူထောင်ခြင်းအားဖြင့် ကျေးရွာရှိ မသန်စွမ်းသူများနှင့် ချို့တဲ့နွမ်းပါးသူများကို ကူညီနိုင်ရန် ကိုယ်ပိုင်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

### သာဓက ၂၀: ချေးငွေများနှင့် အသေးစားငွေချေးလုပ်ငန်းများဆိုင်ရာအကြောင်းအချက်များ

ကျေးရွာသူရွာသား အတော်များများတွင် ငွေပြန်ဆပ်ခြင်းအခက်အခဲများကို တွေ့ရှိရသော်လည်း အသေးစား ချေးငွေ စီမံကိန်းများသည် ကျေးရွာလူထု၏လိုအပ်ချက်ကို ဖြည့်စည်းပေးသည့် ပုံစံဖြင့် တွေ့ရှိရသည်။ ၎င်းအသေးစားချေးငွေစီမံ ကိန်းများတွင် ချေးငွေပံ့ပိုးမှုပုံစံမျိုးစုံပါဝင်သည်။ ကန်းမာရေးချေးငွေ၊ လယ်စရိတ်ချေး ငွေ၊ ကျောင်းစရိတ်ချေးငွေ စသည်ဖြင့် အမျိုးစုံလင်စွာပါဝင်သည်။ အသေးစားချေးငွေပံ့ပိုးသော အဖွဲ့များမှ ရေတိုကာလအတွင်း ပြန်ဆပ်ငွေပေးချေရသည့် ပုံစံများသတ်မှတ်ထားသည်က များသည်။ အချို့သော ချေးငွေအမျိုးအစားများတွင် ၁၅ ရက်အတွင်း ပြန်ဆပ်ရသည့်ပုံ စံများပင်ရှိသည်ကိုတွေ့ရပြီး ယင်းချေးငွေ စီမံကိန်းအများစုမှာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များမှ တိုးချဲ့ဆောင် ရွက်လျှက်ရှိသည်ကိုတွေ့ရသည်။

အချို့သောအသေးစား ချေးငွေအစီအစဉ်များသည် ပြဿနာများနှင့်ရင်ဆိုင်ရလျှက်ရှိသည်။ ဥပမာအားဖြင့်နိုင်ငံ တကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အပူပိုင်းဒေသကျေးရွာတစ်ရွာတွင် အသေးစားချေးငွေ အစီအစဉ်တစ်ခု ချမှတ်ဆောင်ရွက်ရာ ချေးငွေလျှောက် ထားသူများသဖြင့် ချေးငွေလျှောက်ထား သူများကို လုံလောက်စွာ စိစစ်နိုင်ခြင်း မရှိခဲ့ပေ။ နောက်ဆက်တွဲရလဒ်အနေဖြင့် ချေးငွေရယူခွင့်မရှိသူများသည်လည်း အခြားသူများ၏ အမည်ကိုအသုံးပြုကာ ချေးယူခြင်းများဖြစ်ပေါ်ခဲ့သည်။ ရွာသားများအနေဖြင့်ချေးငွေ ပြန်မဆပ် နိုင်သည့်အခါ ပုဂ္ဂလိကငွေချေး သူများထံမှချေးယူခြင်း (သို့မဟုတ်) ဆံပင်တုပြုလုပ် သူများထံယင်းတို့၏ ဆံပင်များရောင်းချခြင်းကဲ့သို့သော ငွေရနိုင်မည့် နည်းလမ်းများဖန်တီး၍ ချေးငွေအပ်ရန်လုံးပန်းခဲ့ကြသည်။ ရွာလူကြီးအချို့မှ အဆိုပါချေးငွေအစီအစဉ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးနှင့်မှန်းဆမရသော အကျိုးဆက်များစွာရှိကြောင်း ပြောကြားခဲ့သည်။

# အခန်း ( ၆ ) အဆုံးသတ်ကောက်ချက် နှင့် QSEM 2 အတွက် အကြံပြုချက်များ

## အဆုံးသတ်ကောက်ချက်

QSEM လေ့လာမှုစစ်တမ်းအား အရည်အသွေးဆိုင်ရာလေ့လာဆန်းစစ်မှု (qualitative lens) ဖြင့် မြန်မာနိုင်ငံ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ သိသာစွာပြောင်းလဲလာမှုကို နားလည် သိရှိစေသည့် နည်းလမ်းတစ်ခုအဖြစ် မျှော်မှန်းထားပါသည်။ အသွင်ခြားနားမှုများစွာရှိသော နိုင်ငံတစ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းပုံစံများပြောင်းလဲမှုများနှင့် ပြောင်းလဲမှုလားရာများကို ဖော်ထုတ်သတ်မှတ်ခြင်း သည်လွယ် ကူသည့်ကြိုးပမ်းမှုအဟုတ်ပါ။ QSEM-1 လေ့လာမှုစစ်တမ်းမှ ထွက်ပေါ်လာသောရလာဒ် များသည် မြန်မာနိုင်ငံပြုပြင် ပြောင်းလဲရေးကာလအတွင်း ကျေးလက်ပြည်သူများ၏ ဘဝကိုရှုမြင်စေနိုင်မည့် ကနဦး ထင်ဟတ်မှုပင်ဖြစ်မည်ဟု မျှော်လင့်ပါသည်။

QSEM လေ့လာမှုစစ်တမ်းနှင့် ခွဲခြားစိတ်ဖြာလေ့လာမှုသည် အကြောင်းအရာ ခေါင်းစဉ်များစွာကို ပုံဖော်ရှုမြင် နိုင်ရန်ရည်ရွယ်ပါသည်။ အဆိုပါခေါင်းစဉ်များတွင်

- (က) ပြည်သူများဆောင်ရွက်လျက်ရှိသည့်အလုပ်အကိုင်များ
- (ခ) ရပ်ပိုင်းဆိုင်ရာနှင့်စီးပွားရေးဖွဲ့စည်းဖြစ်တည်နေမှုများ၊ ကြုံတွေ့နေရသော အခက်အခဲပြဿနာများ နှင့် ရုတ်တရက်ရင် ဆိုင်ရသော ထိခိုက် နစ်နာဆုံးရှုံးမှုများ
- (ဂ) အခက်အခဲပြဿနာများကို ပြည်သူများရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်း
- (ဃ) လူမှုဖွဲ့စည်းပုံ၊ လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှု
- (င) ပြင်ပ အထောက်အပံ့များ ပါဝင်ပါသည်။

အထူးအရေးပါသည်မှာ QSEM သည် ထိုမတူကွဲပြားသောအကြောင်းအရာများ၏ ချိတ်ဆက်မှုကို သုံးသပ် စိတ်ဖြာမှုအမြင် အသိပေးနိုင်ရန်ကြိုးပမ်းခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့်အထောက် အပံ့များသည် ပြည်သူများ ဆောင်ရွက် လုပ်ကိုင်နေသည့်အရာများ၊ ရင်ဆိုင်ဖြေရှင်းမှုများနှင့် ကျေးရွာလူမှုဖွဲ့စည်းပုံအပေါ် မည်ကဲ့သို့ လွှမ်းမိုး သက်ရောက်သည်ကိုလည်းကောင်း၊ ကျေးရွာလူမှုဖွဲ့စည်းပုံများသည် ဒေသတွင်းစီးပွားရေး ပတ်ဝန်းကျင်ကို မည်ကဲ့သို့ပုံဖော်ပေးသည်ကိုလည်းကောင်း၊ လက်ရှိရင်ဆိုင်ဖြေရှင်းနေမှုဖြစ်စဉ်သည် အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုနှင့် အကျိုးအမြတ်များကို မည်ကဲ့သို့လွှမ်းမိုး သက်ရောက်မှုရှိသည်ကိုလည်းကောင်း လေ့လာဆန်း စစ်ပါသည်။ အဆိုပါ မတူကွဲပြားသော အကြောင်းအရာများ မည်ကဲ့သို့ ချိတ်ဆက်မှုရှိသည်ကို နားလည်ခြင်းသည် မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကြောင်းမှုပုံစံကို ပိုမိုအနုစိတ်သိရှိစေနိုင်ပြီး LIFT အဖွဲ့နှင့် အခြားကူညီထောက်ပံ့ရေး အဖွဲ့အစည်းများအနေဖြင့် ကျေးလက်အသက်မွေးဝမ်းကြောင်းမှုအတွက် အကောင်းဆုံးပံ့ပိုးမှုမည်သို့ ပေးရမည် ဆိုသည်ကိုပါ နားလည်သဘောပေါက်စေပါသည်။ ဦးတည်စီမံ ဆောင်ရွက်ဖွယ်ရာများကို ယခုလေ့လာမှုမှ ရရှိစေပါသည်။

**စီးပွားရေးနှင့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများ၊ ပြဿနာများနှင့် ရုတ်တရက်ကြုံတွေ့ရသည့် အခက်အခဲ များသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုနှင့် အကျိုးအမြတ်များအပေါ် သိသာ ရှင်းလင်းစွာ လွှမ်းမိုး သက်ရောက်လျက်ရှိပါသည်။**

- ❑ အထက်ပါအကြောင်းအရာများအနက် အချို့သောအချက်များသည် ဆင်းရဲနွမ်းပါးသော မိသားစုများ သာမက ငွေကြေးပြည့်စုံသော မိသားစုများအပေါ် နည်းအမျိုးမျိုးဖြင့် လွှမ်းမိုးသက်ရောက်မှုရှိပါသည်။

အဆိုပါအကြောင်း အရာများသည် ဆင်းရဲနွမ်းပါးသောမိသားစုများ၏ အသက်မွေးဝမ်းကြောင်း ရွေးချယ်မှုကို ပိုမိုကျဉ်းမြောင်းစေခြင်း၊ ပို၍ထိခိုက်လွယ်စေခြင်း၊ ရာသီဥတုအပေါ် ပိုမိုမှီခိုစေခြင်း၊ အခက်အခဲများဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့စေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအနေဖြင့် လယ်ယာမြေ အနည်းငယ်သာပိုင်ဆိုင်ခြင်း (သို့မဟုတ်) လုံးဝပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် ဝင်ငွေနည်းပါးပြီး လယ်မြေအကျိုး ရှိစွာသုံးစွဲမှုကိုလည်း အကန့်အသတ်ဖြစ်စေသည်။ ထို့ပြင် ချေးငွေရနိုင်မှုအခွင့်အလမ်းမရှိစေခြင်းနှင့် အတိုးနှုန်းမြင့်မားမှုတို့ကိုလည်း ရင်ဆိုင်နေရပါသည်။ ထိုကဲ့သို့ အတိုးနှုန်းမြင့်မားမှုနှင့် ချေးငွေရနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းသည် ငွေစုဆောင်းနိုင်စွမ်း၊ ထုတ်ကုန်ပစ္စည်းများ စျေးကောင်းရရန် ညှိနှိုင်းနိုင်စွမ်းတို့ကို ကျဆင်းစေပြီး ဝင်ငွေတိုးပွားစေသည့် အရင်းအမြစ်များ လက်လှမ်းမှီရေးကိုလည်း အဟန့်အတားပြုပါသည်။ အခက်အခဲများရင်ဆိုင် ဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့စေခြင်း၊ အခြားတစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ရာမှ မိမိနေထိုင်ရာကျေးရွာသို့ ပြန်လာနိုင်မှုနည်းပါးခြင်း၊ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် စားနပ်ရိက္ခာလျှော့ချခြင်း (သို့မဟုတ်) အသုံးစရိတ် လျှော့ချရန် ကလေးများကို ကျောင်းထုတ်ရခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ကလေးများကျောင်းထုတ်ရခြင်းသည် ရေရှည်အသက်မွေးမှု အခွင့်အလမ်းများ ဆုံးရှုံးစေနိုင်ပါသည်။

စျေးကွက်ရရှိနိုင်မှုအကန့်အသတ်နှင့် ချေးငွေမရရှိမှု စသည့် ရပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး အခြေခံအဆောက်အဦများသည်လည်း ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများနှင့် ငွေကြေးပြည့်စုံသောအိမ်ထောင်စုများအပေါ် တူညီ သောလွှမ်းမိုးသက်ရောက်မှုရှိပါသည်။ သို့သော်သက်ရောက်မှုပုံစံတွင် ဒေသအလိုက်ကွဲပြားမှုများလည်းရှိပါသည်။ အိမ်ထောင်စုအားလုံးသည် အကြွေးဆပ်ရန်ငွေကြေးများစွာလိုအပ်မှုနှင့် ရင်ဆိုင် နေရပါသည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ အချို့ကျေးရွာများသည် ထုတ်ကုန်များ စျေးကွက် ရရှိရေးအတွက် ခက်ခဲမှုများနှင့် အကန့်အသတ်များ ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ အဆိုပါကန့်သတ်ချက်များသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ရွေးချယ်မှုဘောင်ကို ကျဉ်းမြောင်းစေပါသည်။ ဥပမာအားဖြင့် အပူပိုင်းဒေသရှိ ကျေးရွာများမှသာ အခြားဒေသစျေးကွက်များသို့ တင်ပို့ရောင်းချရန် စီးပွားဖြစ် သီးနှံများစိုက်ပျိုးနိုင်ပါသည်။ ချင်းပြည်နယ်ရှိ အိမ်ထောင်စုများသည် ကုန်စည်များကို ဆိုင်ကယ် (သို့မဟုတ်) မြင်း (သို့မဟုတ်) ခြေလျင်သာသယ်ယူပို့ဆောင်နိုင်သောကြောင့် ကုန်စည်ထုတ်လုပ်နိုင်စွမ်းမှာ အကန့်အသတ်ဖြင့်သာရှိနေပါသည်။ အဆိုပါကန့်သတ်ချက်များသည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အကျိုးရလာဒ်ကောင်းရရှိရေးတွင် အဟန့်အတားသဖွယ်ဖြစ်ပါသည်။ ချေးငွေရရှိမှုနည်း ပါးခြင်းသည်လည်းအကျိုးအမြတ်ပြန်လည်ရရှိမှုနှုန်း မြင့်မားသည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အခွင့်အလမ်း နည်းပါးစေပါသည်။ စျေးကွက်လက်လှမ်းမှီမှု အားနည်းခြင်းသည် ကုန်စည်များစျေးကောင်းရရန် ညှိနှိုင်းနိုင်စွမ်းကိုပါ လျော့နည်းစေပါသည်။

- **ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သီးနှံစျေးနှုန်းကျဆင်းမှု၊ သီးနှံအဖျက်ပိုးများ ဖျက်ဆီးမှု၊ ရေရှားပါးမှုနှင့် သဘာဝဘေးအန္တရာယ်များအားလုံးသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာအကျိုးရလာဒ်များ အပေါ်လွှမ်းမိုးသက်ရောက်မှုရှိပါသည်။ သို့သော် ဒေသအလိုက် ကွဲပြားမှုများလည်းရှိပါသည်။** အပူပိုင်းဒေသတွင် ရာသီဥတုပုံမှန်မဟုတ်ခြင်း၊ သီးနှံအဖျက်ပိုးကောင် ပြဿနာများကြောင့် သီးနှံဆုံးရှုံးခြင်းစသည်တို့နှင့် သီးနှံစျေးနှုန်းကျဆင်းမှုတို့ ပေါင်းစပ်မိသောအခါ လယ်သမားများ၏ဝင်ငွေများစွာ လျော့နည်းစေပါသည်။ ယင်းအချက်များသည် ချေးငွေရရှိခြင်း၏ အကျိုးသက်ရောက်မှုအတိုင်းအတာကို လျော့နည်း ပျက်စီးစေပါသည်။ ချမ်းသာသော လယ်သမားများ၏ ဝင်ငွေ

လျော့နည်းလာမှုနှင့် ငွေချေးယူသူများ၏ ပျက်ကွက်မှုတို့ကို ပေါင်းစပ်လိုက်သောအခါ ယင်းချမ်းသာသော လယ်သမားများမှ အခြားသူများသို့ပြန်လည် ချေးငှားနိုင်မှုပမာဏ လျော့ကျသွားစေပါသည်။ ရခိုင်ပြည်နယ်ရှိအချို့ကျေးရွာများသည် သဘာဝဘေး အန္တရာယ်ကျရောက်မှုမှ ပြန်လည်နလံထူရန် ကြိုးပမ်းရာတွင်အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ အဆိုပါပြဿနာများကို နည်းလမ်းမျိုးစုံသုံး အိမ်ထောင်စုများအနေဖြင့် ဖြေရှင်လျှက်ရှိပါသည်။ ဤနည်းဖြင့်ရင်ဆိုင်ခြင်းသည် လတ်တလော အသက်မွေးမှုရလာဒ်များ အပေါ်သက်ရောက်မှုရှိပြီး ရေရှည်အသက် မွေးဝမ်းကြောင်းရွေးချယ်မှု အပေါ်တွင်လည်း သက်ရောက်မှုရှိသည်ကို တွေ့ရသည်။ ထိုရင်ဆိုင်ဖြေရှင်းနည်းများတွင် ဝင်ငွေတိုးပွားစေသောနည်းဗျူဟာများပါဝင်ပါသည်။

ဥပမာအားဖြင့်အလုပ်အကိုင်ရရှိရန် အခြားဒေသတစ်ခုသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် အရေးပေါ်ကိစ္စများ အတွက်ငွေလွှဲပို့ငွေများအပေါ် များစွာမှီခိုအားခြင်း၊ ပစ္စည်းများရောင်းချပေါင်နှံခြင်းစသည့် နည်းများပါဂင်သည်။ ထို့ပြင် စားသုံးမှုစရိတ်နှင့် ပညာရေးစရိတ်ကဲ့သို့သော ကုန်ကျစရိတ်များကို လျှော့ချနိုင်သည့် နည်းဗျူဟာများလည်းပါရှိပါသည်။ အဆိုပါ နည်းဗျူဟာများသည် ငွေကြေးအသုံးအစွဲလွယ်ကူစေပြီး ရေတိုအသက်မွေးဝမ်းကြောင်းဆိုင်ရာ အကျိုးအမြတ်များကို အထောက်အပံ့ဖြစ်စေသော်လည်းအချို့သော နည်းဗျူဟာများသည် ဥပမာအားဖြင့် ကလေးများကျောင်းထုတ်၍ မြို့ပြများသို့ လုပ်ငန်းခွင်ဝင်ရောက်ရန် သွားရောက်စေခြင်းသည် ရေရှည်တွင် အသက်မွေးဝမ်းကြောင်းအလုပ်အကိုင်အခွင့်အလမ်းများအတွက် အဟန့်အတားဖြစ်စေနိုင်ပါသည်။

**အိမ်ထောင်စုများ လက်ရှိရင်ဆိုင်ဖြေရှင်းပုံ နည်းဗျူဟာများအပေါ် လူမှုဖွဲ့စည်းပုံနှင့် ဆက်ဆံရေးများက လွှမ်းမိုးသက်ရောက်လျက်ရှိပါသည်။** ကျေးရွာများတွင် လူမှုရိုင်းပင်းကူညီစိတ်သည် သိသိသာသာခိုင်မာလျက်ရှိပါသည်။ အိမ်ထောင်စုများအနေဖြင့် နေ့စဉ်လူမှုဘဝရင်ဆိုင်ဖြေရှင်းရာတွင် ထိုကဲ့သို့သော ယုံကြည်မှုခိုင်မြဲခြင်းနှင့် လူမှုရေးရင်းနှီးမှုတို့မှ များစွာအထောက်အကူပြုပါသည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာရှားပါးချိန်တွင် ကျေးလက်ပြည်သူများ တစ်ဦးနှင့်တစ်ဦး ချေးငှားသုံးစွဲကြခြင်းဖြစ်ပါသည်။ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရင်ဆိုင်ဖြေရှင်းရာတွင် အမျိုးသား၊ အမျိုးသမီးများအကြား မတူညီမှုများရှိပါသည်။ ငွေကြေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် မည်သည့်အပိုင်း၌ အသုံးစရိတ် လျှော့ချရမည်ဆိုသည်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရန်သည် အမျိုးသမီးများ၏ တာဝန်ဖြစ်လေ့ရှိသည်။ ထို့ကြောင့် မိသားစုအကျိုးစီးပွားအတွက် အမျိုးသမီးများသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်လေ့ရှိပါသည်။ အမျိုးသမီးနှင့် အမျိုးသားသည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ရာတွင်လည်း ပုံသဏ္ဍာန်အမျိုးမျိုးကွဲပြားပါသည်။

**အသုံးပြုနေသောနည်းဗျူဟာများအပေါ် ပြင်ပထောက်ပံ့မှုအကူအညီများကလည်း လွှမ်းမိုးသက်ရောက်လျက်ရှိပါသည်။** အချို့ကျေးရွာများတွင် အစားအစာစားသုံးမှု လျှော့ချရန်လိုအပ်နေမှုကို အလုပ်ပေးငွေပံ့ပိုးမှု အစီအစဉ် (cash for work Programs) မှ လျော့ကျစေပါသည်။ နေရာဒေသများစွာတွင် ဆင်းရဲနွမ်းပါးသူများ အထူးသဖြင့် မြေယာမဲ့များအတွက် စားနပ်ရိက္ခာ လုံလောက်မှုတိုးပွားစေပါသည်။

**လူမှုဖွဲ့စည်းပုံနှင့် လူမှုဆက်ဆံရေးများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦများ၊ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများအပေါ် သက်ရောက်မှုရှိသည်။** ယင်းအချက်သည် ကျေးလက်ပြည်သူများကို ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေပြီး ကျေးလက်အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများနှင့် ချေးငွေရရှိမှုများ တိုးပွားလာစေသော်လည်း တစ်ခါတစ်ရံ အသက်မွေးဝမ်းကြောင်းလုပ်ငန်းရွေးချယ်မှုနှင့် အကျိုးအမြတ်ရရှိမှုအပေါ် အကန့်အသတ်များ ဖြစ်ပေါ်စေပါသည်။ ဒေသအများစုတွင် ယုံကြည်မှုနှင့် လူမှုရေးရင်းနှီးမှုအတိုင်းအတာသည်

ကျေးရွာအလိုက် ခိုင်မာမြဲမြံမှုရှိပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ကျေးရွာခေါင်းဆောင်များက စည်းရုံးစုစည်းပေးပါသည်။ ဥပမာအားဖြင့် ထိုကဲ့သို့သော ဆက်ဆံရေးများသည် ရွာသားအချင်းချင်း ချေးငွေထောက်ပံ့ပေးခြင်း၊ ကျေးရွာရေရရှိရေးအရင်းအမြစ် ဖွံ့ ဖြိုးတိုးတက်ခြင်း၊ ဈေးရှိရာမြို့များနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ဆောက်လုပ်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းများ တည်ထောင်ရေး ခွင့်ပြုချက်ရရှိရန် ကျေးလက်ပြည်သူများကိုယ်တိုင် ပေါင်းစည်းကြိုးပမ်းမှုများကိုလည်း ဖြစ်ပေါ်လာစေပါသည်။ မြေယာသိမ်းယူသည့် ကိစ္စတစ်ခုကို ဆန့်ကျင်ရန် ပူးပေါင်းဆောင်ရွက်မှုကိုလည်း တွေ့ရှိရပါသည်။ ပဋိပက္ခအနည်းငယ်သာရှိ၍ ရာဇဝတ်မှု (သို့မဟုတ်) လူမှုဖယ်ကျဉ်ခံရမှုများမရှိကြောင်း လေ့လာတွေ့ရှိပါသည်။

**ပြင်ပအကူအညီ အထောက်အပံ့များသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အကျိုးအမြတ်များနှင့် ရလဒ်များသာမက ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးအခြေခံအဆောက်အဦများအပေါ်တွင်လည်း လွှမ်းမိုးသက်ရောက်မှုရှိပါသည်။** အလုပ်ပေးငွေပံ့ပိုးမှုအစီအစဉ် (cash for work Programs) များသည် မြေယာပိုင်ဆိုင်မှုမရှိသော ကျေးလက်ဆင်းရဲ နွမ်းပါးသူများ၏ စားနပ်ရိက္ခာဖူလုံမှုကို မြင့်မားစေပါသည်။ အချို့သောစံပြကျေးရွာများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့် တစ်နိုင်တစ်ပိုင် ချေးငွေပမာဏများ တိုးပွားလာပါသည်။ အဆိုပါချေးငွေများ၏ ဆိုးကျိုးအဖြစ် အခက်အခဲများကိုလည်းတွေ့ရှိရသည်။ အချို့သော ငွေချေးငှားသူများသည် ပြန်လည်ပေးဆပ်နိုင်ရန် ရည်ရွယ်၍ တရားဝင်မဟုတ်သောငွေချေးသူများအား အတိုးနှုန်းမြင့်မားစွာဖြင့် တစ်ဆင့်ချေးခဲ့ရာမှ ပြန်လည်ပေးဆပ်ခြင်း မရှိတော့သည့်အခက်အခဲများ ကြုံတွေ့ရပါသည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အပံ့များသည် ကျေးရွာ လယ်သမားများအား အကျိုးဖြစ်ထွန်းစေသော်လည်း အထောက်အပံ့များဖြင့် တိုးတက်ရရှိ သောဒေသထွက်ကုန်များသည် အခြေခံအဆောက်အဦလိုအပ်ချက်ကြောင့် ဈေးကွက်ရရှိရန်အကန့်အသတ် ရှိနေဆဲဖြစ်ပါသည်။ ယေဘုယျအားဖြင့်ဆိုသော် ကျေးရွာများတွင် လိုအပ်ချက်များစွာ ရှိနေဆဲပင်ဖြစ်ပါသည်။ အထောက်အပံ့ပေးရန် အဓိကလိုအပ်ချက်များ အဖြစ် ကျေးရွာနှင့် ဈေးများ (သို့မဟုတ်) ကျေးရွာနှင့် စာသင်ကျောင်းများအား ချိတ်ဆက်ပေးသည့် ဒေသတွင်းအခြေခံအဆောက်အဦးများ ကောင်းမွန်စေရေးဖြစ်ကြောင်း ရွာသားများမှ ပြောကြားပါသည်။

**ပြင်ပအကူအညီထောက်အပံ့များသည် လူမှုဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှုကို ပဓာနကျကျ လွှမ်းမိုးသက်ရောက်မှုရှိမရှိဆိုသည်မှာ သဲကွဲစွာမသိရသေးသော အချက်ဖြစ်ပါသည်။** ကျေးရွာထောက်ပံ့ရေးကော်မတီဝင်များသည်လက်ရှိလူမှု ရေးစံသတ်မှတ်ချက်များအပေါ် ပြောင်းလဲမှုထက်ကော်မတီများအတွင်း ပါဝင်ဆောင်ရွက်မှုကိုသာ အဓိကထားလျှက် ရှိပါသည်။ သို့သော်လည်း အချို့ကျေးရွာများတွင် ပြင်ပထောက်ပံ့မှုနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ချရာတွင်ပါဝင်မှုသည် ကာလတိုအတွက် လူမှုရေးပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်ဟု သုတေသနစာရင်းကောက်သူများ အနေဖြင့်လေ့လာ သိရှိရသည်။ ဥပမာအားဖြင့်ကျေးရွာ၏ အခြားသောလိုအပ်ချက်ရှိနေသည့် ကဏ္ဍများဖွံ့ ဖြိုးမှုအတွက် အမျိုးသမီးအဖွဲ့များ ကိုယ်တိုင်ကမကထ ပြုလုပ်ဆောင်ရွက်လာခြင်းများ တွေ့ရှိရပါသည်။

## QSEM 2 အတွက်အကြံပြုချက်များ

**QSEM သုတေသနစစ်တမ်း၏ တစ်စိတ်တစ်ဒေသသည် ဆောင်ရွက်ပုံနည်းလမ်းများ ဆီလျော်မှုရှိစေရန် အဆက်မပြတ် ညှိနိုင်းပြင်ဆင်၍ တိုးတက်အောင် ပြုလုပ်နေရမည်ဖြစ်ပါသည်။** ဤ QSEM ကွင်းဆင်းလေ့လာမှုကာလအတွင်း ဒေသအချို့တွင် သုတေသနပြုလုပ်ရန်ကွင်းဆင်းဆောင်ရွက်ခွင့်နှင့် ဖျားနာမှုပြဿနာများမှအပ ချောမွေ့သည်ကို တွေ့ရှိရပါသည်။ ကိန်းဂဏန်းအချက်အလက်များ စာရင်းသွင်းမှုနှင့် ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရာတွင်စိန်ခေါ်မှုများနှင့် ပိုမိုကြုံတွေ့ခဲ့ရပါသည်။ ကွင်းဆင်းလေ့လာရေးအဖွဲ့နှင့် အခြားပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ ကြားဆွေးနွေးတုံ့ပြန်မှုများကို အခြေခံ၍ ရှေ့တွင်ပြုလုပ်မည့် QSEM လေ့လာဆန်းစစ်မှုတွင်

လိုအပ်သော ပြုပြင်ဖြည့်စွက်မှု ပြုလုပ်မည့်ကိစ္စရပ် များမှာ-

- ကျေးရွာအဆင့်တွင်အချက်အလက်များကို အရေအတွက်အရ(quantitative data) စုဆောင်းရရှိရေး အပေါ်အာရုံစိုက်ရမှု လျှော့နည်းစေရန် အချက်အလက်ထည့်သွင်းရန်ပုံစံ (data formats) များကို လွယ်ကူရှင်းလင်းအောင်ပြုလုပ်ရန် ဖြစ်ပါသည်။ အဆိုပါအချက်အလက်များ စုဆောင်းခြင်းနှင့် စာရင်းသွင်းခြင်းသည်အချိန်အတော် ကြာယူလေ့ရှိပါသည်။ QSEM-1 လေ့လာမှုအပြီးတွင် ကွင်းဆင်းလေ့လာရေးအဖွဲ့အနေဖြင့် မည့်သည့်အချက်အလက်များအား ဦးစားပေးရမည်ဆိုသည်ကို ပိုမိုသဘောပေါက်နားလည်လာပါသည်။
- အချက်အလက်များ စာရင်းသွင်းရာတွင် ပိုမိုမြန်ဆန်သွက်လက်စေရေး Database ကို လိုအပ်သလို အသုံးချနိုင်ရန်နှင့် လွယ်ကူရှင်းလင်းစေရန် လိုအပ်ပါသည်။ ကွင်းဆင်းလေ့လာရေးအဖွဲ့တွင် ယခုအခါ ကျယ်ပြန့်သော Database ရှိနေပြီဖြစ်ပြီးကျေးရွာ တစ်ရွာချင်း စီအတွက်လေ့လာမှုအစီရင်ခံစာနှင့်အတူ LIFT database ဖြင့် ပေါင်းစပ်အသုံးပြုသင့်ပါသည်။
- အောက်ပါအချက်အလက်များအပေါ် ပိုမိုနားလည်သဘောပေါက်၍ ဂရုစိုက်မှုတိုးတက်လာစေရန် အတွက် စာရင်းကောက်သူများအတွက် ပံ့ပိုးသောသင်တန်းလိုအပ်ပါသည်။

အသက်မွေးဝမ်းကြောင်းမှုနှင့် ဈေးကွက် ကြားချိတ်ဆက်မှု(အကြောင်းအရာအလိုက် တတ်နိုင်သမျှ လေ့လာရန် ဖြစ်ပါသည်။)

- လိင်ခွဲခြားမှု
- လူမှုဖယ်ကျဉ်ခြင်းခံရမှု
- ကျေးရွာအုပ်စုအတွင်း ရွာအချင်းချင်းဆက်ဆံရေး နှင့် ကျေးရွာအုပ်စုများကြား ချိတ်ဆက်မှု
- ကျေးရွာအဆင့် တရားဝင် ခန့်အပ်ထားသောခေါင်းဆောင်များနှင့် ကျေးရွာရပ်မိရပ်ဖများကြား ဆက်ဆံမှု၊ ကျေးရွာနှင့် မြို့နယ်ကြားချိတ်ဆက်မှု
- ပြင်ပအထောက်အပံ့ပေးမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့တွင် ဒေသခံများတက်ကြွစွာပါဝင်မှု အထူးသဖြင့် ပြင်ပပံ့ပိုးမှုပေးသောအဖွဲ့၏အကူအညီဖြင့် ဖွဲ့စည်းထားသောကျေးရွာကော်မတီများတွင် ရွာသားများ ပါဝင်ဆောင်ရွက်မှု
- လေ့ကျင့်သင်တန်းပေးသည့်အဖွဲ့များအား ရှင်းလင်းပြောကြားခြင်းနည်းလမ်းထက် အချက်အလက်များ ခွဲခြားစိတ်ဖြာခြင်းကို ပို၍အလေးပေးဆောင်ရွက်စေရန်ဖြစ်ပါသည်။
- ရှေ့တွင်ပြုလုပ်မည့် QSEM လေ့လာဆန်းစစ်မှုများသည် နေရာဒေသကွဲပြားမှုနှင့် အချိန်ကာလ မတူညီမှုများအပေါ် ဖြန့်ကျက်သုံးသပ်သည့်ပုံစံဖြင့်ပြောင်းလဲမှုကို နေရာဒေသကွဲပြားမှုနှင့် အချိန်ကာလ မတူညီမှုများအပေါ် ဖြန့်ကျက်သုံးသပ်သည့်ပုံစံဖြင့် ပြောင်းလဲမှုကို အချိန်ကာလအလိုက်မည်ကဲ့သို့ ပြုပြင်ပြောင်းလဲနေသည် လိုက်လျောညီထွေဖြစ်ရန် မည်သို့လုပ်ဆောင်သည်နှင့် ပြောင်းလဲမှုဖြစ်စေသော အကြောင်းတို့ကိုနားလည် သဘောပေါက်စေပါသည်။ နောက်တစ်ကြိမ်ပြုလုပ်မည့် QSEM လေ့လာဆန်းစစ်မှုများသည် ဒေသတစ်ခုချင်းထက် ကျေးရွာတစ်ခုချင်းအကြား ပိုမိုနက်နဲစွာ ခွဲခြားစိတ်ဖြာနိုင်စေရန် ကျေးရွာတစ်ခုနှင့်တစ်ခု ကွဲပြားမှုများအပေါ်အခြေခံ၍ ကျေးရွာများကို ခွဲခြားသတ်မှတ်လေ့လာဆန်းစစ်သင့်ပါသည်။

အကြောင်းအရာအလိုက် လေ့လာမှုအရ (သို့မဟုတ်) ကာလတိုလေ့လာထားချက်အရ နောက်ထပ် စူးစမ်းလေ့လာမည့် အဓိကအကြောင်းအရာများမှာ

- ❖ ကြွေးမြီနှင့်ချေးငွေ (Debt and credit) အထူးသဖြင့်သက်သာသောချေးငွေများပိုမိုရရှိ သုံးစွဲလာမှုနှင့် ၄င်းတို့၏ ထိရောက်မှု
- ❖ သက်မွေးမှုမျိုးစုံ၏ ဈေးကွက်ကွင်းဆက်များအတွင်း ဈေးကွက်တင်ခြင်းနှင့် ကုန်စည်ဖလှယ်ခြင်း (ဥပမာ - ဆန် စပါးဈေးကွက်ကွင်းဆက်)
- ❖ မြေယာသိမ်းယူမှုနှင့် မြေယာရယူသုံးစွဲနိုင်ရေးပြောင်းလဲမှုများ
- ❖ ငါးဖမ်းကွက်များအပါအဝင် သဘာဝအရင်းအမြစ်များ ရယူခွင့်ရှိမှုနှင့် လက်လှမ်းမီစေမှု
- ❖ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် အသက်မွေးဝမ်းကြောင်းခြင်းအပေါ် သက်ရောက်မှု

လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

အစီရင်ခံစာ အပိုင်း(၁)

MDR

LIFT

THE WORLD BANK